www.burmeseclassic.com



BURMESE CLASSIC .com

# လမင်းဝိုဝို

ပျော်ပါရစေ

www.burmeseclassic.com

www.burmeseclassic.com

# လယင်းမိုမို

## မျှော်ပါရစေ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၁၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၉၀၅၀၈

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - [illegible]၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ ခလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်း၊မြို့နယ်၊ ရန်ကုန်တိုင်း။


ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို



## ပျော်ပါရစေ




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

ကိုယ့်အိမ်ရဲ့ရှေ့ ပေါ်တီကိုအောက် ကွန်ကရစ်အခင်းပေါ် ခြေတစ်ဖက် ချလိုက်ရတာကပင် အရသာရှိကာ "ပီတိ"ကို ကြည်နူးသွားစေပါသည်။

"သမီးလေး ... မဆင်းနဲ့ ... မဆင်းနဲ့ ... ဖေဖေ လာချီမယ်"

ဦးထင်ကျော်က ရှေ့ခန်း ဒရိုင်ဘာဘေး နေရာမှ အမြေးဆင်းလာကာ ပျာပျာသလဲ ဆိုလိုက်၍ နောက်ခန်း ကားတံခါးကို လာဆွဲဖွင့်ပေးကြသော အိမ်ကအလုပ်သမားများ ခြေလှမ်းရှဲကာ နောက်ဆုတ် ရို့ပေးလိုက်ကြပါသည်။

ဦးထင်ကျော်က နောက်ခန်းတံခါးဝကို ကုန်းငုံ့ကာ ...

www.burmeseclassic.com



"သမီး ... ဟိုဘက်ခြေထောက်ပါ အပြင်ချလိုက်၊ ဖေဖေ မွေ့ချီသွားမယ်"

"ရပါတယ် ဖေဖေရဲ့။ ပီတိ လမ်းလျှောက်နိုင်ပါတယ်"

"မလျှောက်နဲ့ ... မလျှောက်နဲ့ ... သမီးလေး မောမယ်"

ပီတိသည် ဖေဖေ့ကို ကရုဏာသက်စွာ ကြည့်ကာ ချစ်မြတ်နိုး အားကိုးစွာနှင့် ဖေဖေ့ လည်ပင်းကို လက်နှစ်ဖက်နှင့် ယှဉ်းလေးခိုဖက်ကာ အားယူထ,ရပ်လိုက်သည်။ ကားအပြင်ဘက် ရောက်လာသော ပီတိရဲ့ ခန္ဓာကိုယ်သေးသေးသွယ်သွယ် ပေါ့ပေါ့ ပါးပါးကလေးကို ဦးထင်ကျော်က ဇွေ့ခနဲ ချီပွေ့လိုက်ပါသည်။

ကားတံခါးပိတ်တဲ့သူကပိတ်၊ အိမ်တံခါး တွန်းဟတဲ့ သူကဟ၊ ဘေးကနေ လမ်းရှင်းကာ တစ်ပြုံတစ်မကြီး ရုံးစုရုံးစုပါ လာကာ ...

"ဖေဖေ ... အိပ်ခန်းထဲ တစ်ခါတည်းပို့မလား၊ အခန်း အသင့်ပြင်ထားပြီးပြီ"

ပီတိရဲ့မမ "ကြည်နူး"က ဆိုလျှင် ...

"ပီတိ ဧည့်ခန်းထဲမှာပဲ ခဏထိုင်ချင်သေးတယ်၊ ခုတင် ပေါ်မသွားချင်သေးဘူး၊ တစ်ချိန်လုံး ခုတင်ပေါ်မှာချည်းပဲ"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်၊ သမီးလေး ဧည့်ခန်း ဆိုဖာမှာပဲ ခဏထိုင်နား၊ ခုတင်ပေါ် မသွားနဲ့ဦး"





ဖေဖေက ပြောပြောဆိုဆို ဧည့်ခန်းနံရံတစ်ဖက်ကို အပ်ထားတဲ့ ဗေဒါလျှော်ဖြင့် ပြုလုပ်ထားသော ညောင်စောင်းသလွန် သို့ ခပ်ရှည်လျားလျား ကွေးကော့နေတဲ့ ဆက်တီကြီးပေါ် ပီတိကို ဖြည်းဖြည်းသက်သာ ချပေးလိုက်ပါသည်။

မိုနိုင်ဖို့ အိပ်ခန်းထဲပြေးကာ ခေါင်းအုံးကြီးနှစ်လုံး ယူတဲ့လူက ယူလာတာမို့ ကျောနောက်မှာ ခေါင်းအုံးကြီးနှစ်လုံး ခုကာ ပီတိက သက်သောင့်သက်သာ ပုံသဏ္ဍာန်နှင့် ခပ်လျော့လျော့ မှီထိုင်လိုက်ပါသည်။

"ကမ္ဘလာရည်လေး ဖျော်ထားတယ် ဆရာ"

"ယူခဲ့ ဒေါ်စီ ... ယူခဲ့"

ပီတိသည် ဧည့်ခန်းကို လှည့်ပတ်ကြည့်နေလိုက်မိ သည်။ ကိုယ်တစ်သက်လုံး နေလာတဲ့အိမ် ဖြစ်ပေမဲ့ ဆေးရုံမှာ တစ်လကျော် နေလာရတော့ အိမ်ပြန်ရောက်တာကိုပင် အသစ် အဆန်း အထူးအဆန်းသဖွယ် ဖြစ်နေရပါသည်။

ကြည်နူးက ပီတိကို ကိုင်းပါတဲ့ ဖန်ခွက်ရှည်လေး ထဲမှ ကမ္ဘလာရည်ကို နှုတ်ခမ်းနားထိ တေ့ကာတိုက်သည်။

"ရတယ် မမရဲ့၊ ပီတိ ဘာသာ ကိုင်မယ်"

"အင်း ... အင်း ... ရော့ .."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပီတီ အနား ခုံတစ်ခုံဆွဲတိုးကာ လာထိုင်သည်။ အသက်ငါးဆယ့်နှစ်နှစ်သာ ရှိသေးတဲ့ ဦးထင်ကျော်ဟာ ကျန်းမာရေးနှင့်လည်းပြည့်စုံကာ ခေါင်ခေါင်မြည်တဲ့သူဖြစ်၍ နုပျိုအရွယ်တင်လှပါသည်။ လူကြီးပေမဲ့ ကိုယ့်ကျန်းမာရေးအတွက် ကိုယ်မပူပင်ရဘဲ သမီးအငယ်လေးရဲ့ ကျန်းမာရေးအတွက်သာ ထာဝစဉ် ပူပန်ညှိုးချုံးပြီး ရင်နင့်အောင် ခံစားနေရတဲ့သူလည်း ဖြစ်ပါသည်။

သူ့မှာ အောင်မြင်ငွေဝင်လှသော လုပ်ငန်းကြီးတွေနှင့် ဒီသမီးနှစ်ယောက် သုံးလေးသက် စားသောက်သုံးဖြုန်းဦး၊ မပူပင်ရလောက်တဲ့ စီးပွားဉစ္စာကို ပိုင်ဆိုင်ကြွယ်ဝပေမဲ့ သမီးငယ်က ကျန်းမာရေးချို့တဲ့လေတဲ့အခါ ဒီငွေတွေဟာ ကိုယ်လိုအပ်တဲ့ အရာကို အလွယ်တကူ ဝယ်ယူလို့မရနိုင်တာ သဘောပေါက်ရပြီး တရားသံဝေဂရလို့ မဆုံးပေ။

"ဖေဖေ ... ရုံးမသွားတော့ဘူးလား"

"မသွားပါဘူး သမီးလေးရယ်၊ ဖေဖေ့သမီးလေး အနားမှာနေဖို့က ဖေဖေ့အတွက် ပိုအရေးကြီးပါတယ်"

"ပီတီ အခု နေလို့ကောင်းနေပါတယ် ဖေဖေရဲ့"

"ဒါပေမဲ့ သမီးလေး ဆေးရုံကဆင်းတဲ့ရက် ဖေဖေအိမ်မှာ ရှိနေချင်တာကွ"





ပီတီက ချစ်စဖွယ်ပြုံးရင်း ...

"မမကရော၊ ဒီနေ့ ကိုကိုလတ်နဲ့ ပွဲရုံလိုက်မသွားဘူးလား"

ပီတီရဲ့ မမကြည်နူးသည် အိမ်ထောင်ကျတာ တစ်နှစ်ခွဲလောက်ရှိပြီဖြစ်ကာ ကလေးတော့ မရှိသေးပါ။ သူ့အမျိုးသား ကိုဇော်လတ်နှင့် သီးသန့်အိမ်ခွဲနေတဲ့သူ ဖြစ်ပါသည်။

"မလိုက်ဘူး ညီမလေးရဲ့၊ ဒီနေ့ ညီမလေး ဆေးရုံကဆင်းမယ်ဆိုတော့ မနက်ကတည်းက ဒီကိုလာပြီး ညီမလေးအခန်းကို မွှေးပျံ့အေးသန့်နေအောင် လုပ်ပေးနေတာ၊ ကိုလတ်လည်း ခဏနေရင် ရောက်လာလိမ့်မယ်၊ သူ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ အဲဒီကို သွားနေတယ်"

"ကိစ္စ အရေးကြီးတာရှိရင် မမကလည်း အဖော်လိုက်မသွားဘူးလား"

"ဟင့်အင်း ... မလိုက်တော့ပါဘူးကွယ်"

"အလုပ်ကိစ္စလား သမီးကြီး၊ မောင်လတ် လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေရဲ့လား၊ ဖေဖေလည်း ဘာအလုပ်မှ စိတ်မရောက်နိုင်ဘဲ ဖြစ်နေတာ၊ သမီးတို့ ပွဲရုံအခြေအနေတောင် မမေးမိတာကြာပြီ"

"ပွဲရုံက အခြေအနေ သိပ်ကောင်းပါတယ် ဖေဖေ၊ အခုကလည်း အလုပ်ကိစ္စ မဟုတ်ပါဘူး၊ တခြားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘာခြားကိစ္စဆို၍ ဦးထင်ကျော်က ဆက်မမေးတော့ [redacted] သူ့အတွက် လာချပေးတဲ့ ကမ္ဘလာသီးဖျော်ရည်ကို အမော [redacted] သောက်နေလိုက်ပါသည်။ သမီးငယ်ရဲ့ ကျန်းမာရေးအတွက် ငွေကုန်တာကို သူ နည်းနည်းမှ မမှု။ လူပင်ပန်း စိတ်ပင်ပန်းရတဲ့ ဒဏ်ကတော့ သူ့ကို ရိုက်ခတ်လှသည်။

ရိုးသားမှန်ကန်စွာ စီးပွားရှာကာ ထိုက်သင့်တဲ့ အလှူအတန်းတွေလည်း လုပ်ခဲ့ပါလျက်၊ ဤကုသိုလ်တွေက သူ့ မိသားစုအပေါ် အဘယ်ကြောင့် အရာမရောက်ပါလိမ့်။ လွန်ခဲ့တဲ့ ဆယ့်တစ်နှစ် ပီတိ ဆယ်နှစ်သမီးအရွယ်၊ ကြည်နူး ဆယ့်လေးနှစ်သမီး အရွယ်တုန်းကလည်း ဇနီးသည်ရဲ့အသက်ကို သူ ငွေနှင့်ဆက်၍ မကယ်နိုင်လိုက်။

အဲဒီတုန်းက ဆေးပညာကလည်း အခုဆယ်နှစ်ခြား တဲ့ ကာလလောက်တော့ အလွန်ခေတ်မမီသေးတာရော၊ ကိုယ်တိုင် တွေလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့ စစ်ဆေးနေဖို့ ဗဟုသုတ မရှိ ပေါ့လျော့တာရော၊ သူ့ဇနီးသည်ကို ရောဂါရှိတာလည်း ကြို မသိ၊ သိတဲ့အချိန်မှာတော့ ဇနီးသည်ရဲ့ ပျက်စီးဆုံးရှုံးနေတဲ့ ကျောက်ကပ်တို့မှ အဆိပ်ရည်သင့်မှုဟာ တစ်ကိုယ်လုံးကို ပျံ့နှံ့ နေပြီး၊ တစ်ခဏမျှ တရှောင်ရှောင် ဖြစ်ရုံနှင့် မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ရတာ။





ကွယ်လွန်သွားပြီးမှပဲ ရောဂါကို အတိအကျ သိလိုက် ရတဲ့ အဖြစ်ပါ။ (Hereditary) မျိုးရိုးလိုက် လက်ဆင့်ကမ်း၍ ဆက်ပါလာနိုင်တဲ့ ရောဂါဆိုတာ သိရ၍ သမီးနှစ်ယောက်ကိုတော့ ~~ ဂရုစိုက် စောင့်ကြည့်ခဲ့သည်။

သမီးကြီးမှာတော့ ဘာမှဖြစ်မလာ။ သမီးငယ်လေး မှာသာ အသက်ဆယ့်ကိုးနှစ်လောက်ရောက်မှ ကျောက်ကပ်ရောဂါ ကို ပြင်းထန်စွာ ခံစားလာခဲ့ရတော့တာ။ ပီတိလေးဟာ အပင်ပန်း မခံနိုင် အမြဲမောပန်းနေတတ်ကာ မူးခြင်း၊ အန်ခြင်း၊ ယားယံ ခြင်း၊ ဆီးချုပ်ခြင်း ဝေဒနာတွေကို အမြဲလို ခံစားနေရတာဖြစ်ပါ သည်။

အခုလို ဆေးရုံတစ်ကြိမ်တက်ကာ ကျောက်ကပ်ဆေး ခြင်းလို့လည်း ခေါ်တဲ့ သွေးအညစ်အကြေးများကို သန့်စင်ခြင်း (Haemodylysis) လုပ်လိုက်မှပင် ခေတ္တခဏ သက်သာရာရသွား သည့် အနေအထား ဖြစ်ပါသည်။

ဆရာဝန်ကြီးရဲ့ အကြံပြုချက်အရ အခုလို ကျောက် ကပ်ဆေးပြီး သွေးကိုသန့်စင်စေခြင်းမှာ ရောဂါကိုပျောက်ကင်း စေနိုင်မှာ မဟုတ်ဘဲ သက်သာရာရရုံသာဖြစ်၍ အမြဲတမ်း တစ် သက်လုံး အကြိမ်ကြိမ် အထပ်ထပ်ပြုလုပ် အသက်ဆက်သွားဖို့ အစား၊ ပီတိလေးဟာ ငယ်ရွယ်သေးသူလည်း ဖြစ်တာမို့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်တစ်လုံး အစားထိုးကုသလိုက်မှ အသက်ရှည်ရှည် နေထိုင်ခွင့် ရမည် ဆိုပါသည်။

ပီတိရဲ့ ကျောက်ကပ်နှစ်ဖက်လုံးဟာ မျိုးရိုးလိုက် ဖြစ်ပွားတတ်တဲ့ ကျောက်ကပ်ရောဂါတစ်မျိုးကြောင့် အမည်းစက် အမည်းကွက်များ ဖြစ်ရာကတစ်ဆင့် ကျောက်ကပ်မျက်နှာပြင်မှာ မှိုပွင့်သဏ္ဍာန်များ ကြီးထွားကာ ကျောက်ကပ်ကို ဖုံးအုပ်လာခြင်းအတွက် (End Stage Renal Failure) ကျောက်ကပ်ပျက်စီးသည့် အဆင့်ထိ ရောက်လုတဲ့ခါ ရောက်စပျိုး အခြေအနေ ဖြစ်ပါသည်။

သမီးလေးရဲ့ အသက်ကိုတော့ ဇနီးသည်တုန်းကလို အလွယ်တကူ ထပ်မံအဆုံးရှုံး မခံနိုင်၍ ကျောက်ကပ်အစားထိုးဖို့ စဉ်းစားခဲ့ကြပါသည်။ ခက်နေသည်မှာ မိသားစုတွင် ပီတိနှင့် သူ့အမေက သွေးအုပ်စုတူ၊ ကြည်နူးနှင့် ဦးထင်ကျော်က သွေးအုပ်စုတူ။

အခုလောလောဆယ် မိသားစုတွင်းက လှူမယ်ဆို လှူဖို့ရှိတဲ့ အဖေဖြစ်သူရော အစ်မဖြစ်သူပါ ပီတိနှင့် သွေးမတူပါ။ ဒီတော့ ကိုယ့်မိသားစုရင်းချာနှစ်ဦးက လှူလို့မရ။ လှူမည့် အလှူရှင်ရှိဖို့ လိုပါသည်။ အနည်းဆုံး သွေးအုပ်စုတူသည့် အလှူရှင် တွေ့လိမ့်နိုးနိုးနှင့် စုံစမ်းမျှော်လင့်နေကြသော်လည်း ခုချိန်ထိ မတွေ့ခဲ့ရ။





ဦးထင်ကျော်အဖို့ကတော့ ဤသို့ ပီတိကို ကျောက်ကပ်တစ်ဖက်လှူမည့်သူကို စည်းစိမ်ပဲ ခွဲဝေပေးရပေးရ၊ ပေးနိုင်ပါသည်။ ခက်တာက အလှူရှင် မတွေ့ရသေးတာပဲ ဖြစ်သည်။

ဆရာဝန်ကြီးရဲ့ ရှင်းပြချက်အရ အလှူရှင်သုံးမျိုး သုံးစားရှိပြီး ပထမတစ်မျိုးက သက်ရှိထင်ရှား သွေးသားတော်စပ်သည့် ဆွေမျိုးသားချင်း။ ဒုတိယတစ်မျိုးက သက်ရှိထင်ရှားသွေးသားမတော်စပ်သည့် ဇနီး၊ ခင်ပွန်း၊ မိတ်ဆွေသူငယ်ချင်း။ တတိယတစ်မျိုးက သေဆုံးကွယ်လွန်သွားပြီး မကွယ်လွန်မီက သူ့ဆန္ဒအလျောက် ကျန်းမာသော ကျောက်ကပ်ကို လှူရစ်ခဲ့သူ။

ခုချိန်ထိတော့ ဘယ်ထဲကမှ မတွေ့ကြုံရသေး။

ဒီတစ်ကြိမ် တစ်လကျော် ဆေးရုံတက်ရာမှာ ဆေးရုံပေါ်မှာ ပီတိခမျာ အကြိမ်နှစ်ဆယ်ကျော်မျှ ကျောက်ကပ်ဆေးခဲ့ရပါသည်။ တစ်ခါဆေးတိုင်းလည်း ရောဂါရှင်မှာ ဝေဒနာခံစားရသည်သာ။ သွေးတိုးလာတာ မူးဝေအော့အန်တာ၊ အကြောတွေကပ်တာ၊ ကြွက်တက်တာ စသဖြင့် ဒဏ်မျိုးစုံ ခံရပါသည်။

တစ်ကြိမ် ဆေးရုံက ဆင်းလာလျှင်တော့ တစ်ခဏ သက်သာသွားသယောင် ရှိတတ်သည်။ သို့ပေမဲ့ တစ်သက်တာလုံး ဤနည်းဖြင့် အသက်ဆက်သွားဖို့က မဖြစ်နိုင်သည့်အခါ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကပ်အစားထိုးကုနိုင်ဖို့သာ ဦးထင်ကျော် ကြိုးပမ်းနေရသည်။ ဆွေမျိုးမိတ်ဆွေများအကြား အလှူရှင်ထွက်ပေါ်လာနိုး သမီးရဲ့ အခြေအနေကို ကြုံတိုင်း တွေ့တိုင်း တွေ့တဲ့သူကို ချပြောမိသည်။

လှူမည့်သူက သူ့စိတ်ဆန္ဒ စေတနာနှင့်သူ လှူချင်မှဖြစ်တဲ့ကိစ္စ မဟုတ်လား။ ကိုယ်က လှူပါလားဟင်လို့ တောင်းဆိုကောင်းသည့်ကိစ္စ မဟုတ်။ ဤအတွက် ဦးထင်ကျော်ရော ကြည်နူးပါ တစ်ရက်မှ ရတက်မအေးကြရပါ။ အမြဲပင် သောကဝေဒနာ ဖိစီးနေကြရသည့် အခြေအနေ ဖြစ်ပါသည်။

"ဖေဖေ ... ပီတိ နောက်တစ်ခါ ဆေးရုံဘယ်တော့ပြန်တက်ရမှာလဲဟင်"

ပီတိ အမေးက ဦးထင်ကျော် ရင်ကို နင့်စေသည်။

"အတိအကျတော့ မသိဘူးပေါ့ သမီးရယ်၊ ဘာဖြစ်လို့လဲ"

"ပီတိ အိမ်မှာပဲ ကြာကြာနေချင်သေးတယ် ဖေဖေရယ်၊ ဆေးရုံမှာနေရတာ မကြိုက်ဘူး"

"အေးပါ သမီးရယ်၊ ဖေဖေ သိပါတယ်"

"အခု ပီတိ တော်တော်နေလို့ကောင်းပါတယ် ဖေဖေ"

"အေး ... အေး ...၊ သမီးလေး နေကောင်းမှ ဖေဖေ စိတ်ချမ်းသာတာ သမီးရဲ့"





ဦးထင်ကျော်မှာ မျက်ရည်ပင် လည်ချင်လာသည်။ ပီတိဟာ အိမ်မှာ ကလေးလိုနေရသည် ဆိုပေမဲ့ အသိပညာဗဟုသုတရှိတဲ့သူပီပီ သူ့အခြေအနေကို သူ သိရှာသည်။ ဤအတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ညှိုးမှိုင်မပြရှာ။ အဖေနှင့် အစ်မကို ဆေးရုံပေါ်မှာတောင်မှ အမြဲပြုံးပြဖို့သာ ကြိုးစားနေတတ်သော မိန်းကလေးတည်း။

"ပီတိ အခု နေလို့ကောင်းနေတယ် သိလား၊ ဖေဖေရော၊ မမရော၊ ကိုကိုလတ်ကြီးရော သိပ်စိတ်မပူနေကြနဲ့တော့လို့ ပြောချင်တာ၊ ပီတိကြောင့် အလုပ်တွေလည်း သိပ်ပျက်ကြလှပြီ"

"အလုပ်မပျက်ပါဘူး ညီမလေးရယ်၊ ပွဲရုံကလည်း ခဏတဖြုတ်သွားပြီး မန်နေဂျာကို လွှဲထားတာ ရနေတာပဲ၊ ဖေဖေ့အလုပ်မှာဆိုလည်း တပည့်တပန်းတွေ စိတ်ချရတဲ့ လက်ရင်းလူယုံတွေ တော်တဲ့သူတွေ အများကြီးပါ"

အဲဒီတုန်း ခြံထဲကို ကားဝင်လာသံ ကြားရလျှင် ...

"ရွှေကျော့ရေ ... ဘယ်သူလာလဲ ပြေးကြည့်ပါဦး"

"ဟုတ်ကဲ့"

အိမ်က ကောင်မလေးတစ်ယောက်က အိမ်တံခါးကို ပြေးကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလတ် လာတာပါ မမကြီး"

"ဟင် ... ကိုလတ်"

ကြည်နူးက ထိုင်ရာမှ ရုတ်ခနဲထ,ကာ ပြေးလျှင် ပီတိက ရယ်မောရင်း ...

"အမယ်လေး ... မမကလည်း၊ ကိုကိုလတ်ကြီးကို ခုဖြ ကြိုရတာ ပျာနေတာပဲ"

ကြည်နူးက ဘာမှပြန်မချေပအား။ မသေချာသေးတဲ့ ကိစ္စဖြစ်၍ ကိုလတ်က "ဖေဖေတို့ကို မပြောနဲ့ဦး၊ တော်ကြာဖြစ် မလာရင် စိတ်ဓာတ်ကျနေရဦးမယ်"ဆို၍ ဘာမှပြောမထား။ သို့သော် အခြေအနေ ဘယ်လိုလဲ စိတ်စောရင်မော သိလိုလှ၍ ပြေးကြိုရတာပင်။

ကားရပ်ပြီး ကားပေါ်က ဝုန်းဒိုင်းကြီ ဆင်းလာတဲ့ ကိုလတ်ကို ကြည်နူးက မျက်လုံးဝိုင်းနှင့် အကဲခတ်ရင်း ...

"ကိုလတ်"

"ဖေဖေတို့ ပီတိတို့ ရောက်ကြပြီလား ကြည်နူး"

"ဟုတ်ကဲ့ ... ရောက်ပြီ"

ကိုလတ်က တံခါးဝမှ ကြည်နူးကို ပခုံးဖက်ကာ အိမ်ထဲ ပြန်ဆွဲခေါ်လာရင်း စိတ်လှုပ်ရှား ဝမ်းမြောက်ဂုဏ်ယူသော အသံနှင့် ...





"ဖေဖေ ... ပီတိ ...၊ ပီတိအတွက် Donar တွေ့လာပြီ ဖေဖေ"

"ဘာ ..."

"ဟုတ်တယ်၊ ပီတိအတွက် ကျောက်ကပ်လှူမဲ့ အလှူရှင် ရပြီ"

ஃ ஃ ஃ



www.burmeseclassic.com

www.burmeseclassic.com







## ၂

တိုက်ခန်းရဲ့တံခါးကို ဝိရ ခေါက်လိုက်လျှင် ကိုယ်ခေါက်လိုက်တဲ့ ကိုယ့်တံခါးက မပွင့်လာခင် ကျောဘက်က မျက်နှာချင်းဆိုင်အခန်းရဲ့ တံခါးပွင့်လာသံ အရင်ကြားလိုက်ရပါသည်။

"ဝိရ"

ဝိရက လှည့်ကြည့်လိုက်လျှင် မြတ်မျိုးသည် တံခါးကို ဖွင့်ဟထွက်လာကာ ...

"ဝိရ ... ငါ ဘာထူးခြားလဲ"

ခေါင်းကိုမော့၍ ခပ်ပြုံးပြုံး မေးလိုက်ပါသည်။ ဝိရနှင့်အတူပါလာသော ဝိရ သူငယ်ချင်း စိုးပိုင်သည် တစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ နှာခေါင်းကို ရှုံ့ပစ်ပါသည်။ အဲဒီမြတ်မျိုးကို စိုးပိုင် ကြည့်လို့ကို မရ။ တကယ်ကို ကြည့်မရ။ လောကကြီးမှာ ဘာမှ အရေးမပါတဲ့ အဓိပ္ပာယ်ရှိရှိမဟုတ်တဲ့ မိန်းမတစ်ယောက်လို့ပဲ သဘောရသည်။

ဤမြတ်မျိုးလို မိန်းမမျိုးဟာ သူ့သူငယ်ချင်း ဝိရှုနှင့် ဘယ်လိုရေစက်မှားလို့များ သမီးရည်းစား လာဖြစ်နေရသနည်း။

"ဟင် ... ငါ ဘာထူးခြားလဲ၊ ကြည့်စမ်းပါ"

ဝိရက ခပ်နွမ်းနွမ်းလေသံနှင့် ...

"ငါ မသိဘူးဟ"

"ဟာ ... နင်ကလဲ၊ သိပ်ပိန်းတာပဲ၊ သိအောင်ကြည့်"

စိုးပိုင်သည် တံခါးကို ထပ်ခေါက်ရင်း မနေနိုင် မထိုင်နိုင် လှည့်ကြည့်မိကာ ...

"သိစေချင်ရင်လည်း၊ တစ်ခွန်းတည်း ပြောပြလိုက်ပေါ့ ပေကိုရှည်တယ်"

မြတ်မျိုးသည် စိုးပိုင်ကို မျက်လုံးကျဉ်း၍ ခပ်စင်းစင်း ကြည့်ရင်း ...

"နင်နဲ့ ဘာဆိုင်လို့လဲ၊ နင့်ကိုကော ထည့်မေးမိလို့လား"

ဝိရရဲ့ အခန်းတံခါး ပွင့်လာပါသည်။ ဝိရရဲ့အသံ သည် သော့ကို မျက်စိဝါးဝါးနှင့် မနည်းကြည့်ကာဖွင့်ရင်း ...





"ခေါက်နေတာ ကြာပြီလား၊ အမေ မီးဖိုထဲရောက်နေတာ ကွယ့်"

"မကြာသေးပါဘူး အမေ"

စိုးပိုင်က ပြေရင်း အခန်းထဲ အရင်ဝင်သွားလိုက်ပါသည်။ ဝိရမှာတော့ ဝင့်ရှိတဲ့အလျှောက် မြတ်မျိုးကို အဖြေတွေ့အောင် စေ့စေ့စပ်စပ် ကြည့်နေရပါသည်။

"မသိဘူးလား"

"မသိဘူးဟ"

မြတ်မျိုးက သူ့ပါ ဝိရတို့အခန်းထဲ လိုက်ဝင်လာလိုက်၍ ဝိရပါ ခုမှ အခန်းထဲ ဝင်ရတော့သည်။

"ဒီမှာလေ ... ဆွဲကြိုးလေး"

မြတ်မျိုးက အိမ်ထဲကလူအားလုံး မြင်အောင် သူ့ လည်ပင်းက ဖြူလက်လက် ဆွဲကြိုးလေးကို မ,၍လှုပ်ပြသည်။

"သမီးတို့ရုံးက ဘိုးနပ်စ်တွေရလို့ ဝယ်လိုက်တာလေ ဒေါ်ဒေါ်ရဲ့ ... အဟင်းဟင်း"

စိုးပိုင်ကတော့ အဲပေါ်ရုပ်အင်္ကျီချွတ်ရင်း နှုတ်ခမ်းကို မဲ့ကာ၊ ဝိရကတော့ လောကဝတ် ကျေပွန်စွာ ...

"ဟုတ်သားပဲ၊ ခုမှတွေ့တယ်၊ လှတယ်၊ မြတ်မျိုးနဲ့လိုက် တယ်၊ ဒါကြောင့် မြတ်မျိုး လိုချင်နေတာကိုး၊ လှတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း"

ဝီရ မေမေ ဒေါ်နှင်းသွယ်ကတော့ သူ့ရဲ့တိမ်တစ်ဖက် စွဲနေသော မျက်လုံးကြောင့် သိပ်သဲသဲကွဲကွဲ မြင်ပုံမပေါ်ပါ။ သို့သော် မြတ်မျိုး ကျေနပ်အောင်ဖြင့် ပြုံးကာ ...

"လှတယ် ... လှတယ်"

စိုးပိုင် တစ်ယောက်သာ မျက်နှာပြင်မရအောင် မြတ်မျိုးကို အမြင်တွေ ကတ်နေပါသည်။ ကိုယ့်ဟာကိုယ် ဝယ်တာလည်းဝယ်ပေါ့၊ သဘောကျတာလည်း ကျပေါ့။ ဒါပေမဲ့ ဝီရတို့သားအမိရဲ့ ပူဆွေးကြေကွဲမှုတွေ သေသေချာချာမှ မပျက်ပျောက်နိုင်သေးခင် ဒီဘာမဟုတ်တဲ့ အရေးမပါတဲ့ ပလက်တီနမ်ဆွဲကြိုးကို လာကြွားနေတာကို မုန်းတီးနေပါသည်။

ချစ်သူရည်းစားတစ်ယောက်အနေနှင့် ကိုယ့်ချစ်သူရဲ့ ပူဆွေးဆင်းရဲမှုကို ထပ်တူဇော်မျှ ဖေးမနှစ်သိမ့်နေသင့်သေးတဲ့ အချိန်။ ဝီရရဲ့ အဖေဟာ လွန်ခဲ့တဲ့ ရက်နှစ်ဆယ်လောက်ကမှ ကွယ်လွန်ဆုံးပါးထားတဲ့ အချိန်ကာလ။

အဖေအတွက် ပိုက်ဆံတွေကုန် လူတွေလည်းပင်ပန်းကာ နောက်ဆုံး အသက်ကိုပါ လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ အတွက် ဝီရတို့သားအမိဟာ ညှိုးချုံးနွမ်းကြေပြီး ကျန်ရစ်ခဲ့သလို





အဖြစ်ပါ။ အမေက သားကို ဖေးမ၊ သားက အမေကို ဖေးမနှင့် အပြန်အလှန် ဆောက်တည်ရာ ရှာပေးနေရသေးတဲ့ အချိန်ကာလ။

ရှိသမျှ ငွေကြေး ရွှေထည်တို့လည်း အားလုံးကုန်ကာ ချွတ်ခြုံကျ ကျန်ရစ်ပြီး အတော်ကျပ်တည်းနေတဲ့ ချစ်သူကို ဒီလိုအချိန်မှာ သူ့ဆန္ဒတစ်ခုပဲ သူကြည့်ပြီး ဝယ်လိုက်တဲ့ဆွဲကြိုး လာကြွားနေတာကတော့ အတော့်ကို အလိုက်မသိ အရေးအရာမသိတဲ့ သဘော။

ဝီရဟာ အလုပ်ပြန်ဆင်းတာတောင် မကြာလှသေးပါ။ သုံးလေးရက်သာ ရှိပါသေးသည်။ ရက်လည်ပြီးပေမဲ့ အားငယ်နေတဲ့ အမေအနား ဆက်နေပေးနေကာ အလုပ်မဆင်းဖြစ်ခဲ့။ ဝီရတို့ရဲ့ အလုပ်ရှင်ဟာလည်း စာနာနားလည်မှုရှိတဲ့ လူငယ်ပိုင်းပဲဖြစ်ကာ လူလူချင်း စာနာထောက်ထားတတ်တဲ့သူမို့၊ ဝီရကို လခမထိခိုက်ဘဲ အဆင်ပြေမှ အလုပ်ပြန်ဆင်းဖို့ ခွင့်ပြုထားခဲ့ပါသည်။

"အမေ ... နေကောင်းတယ်နော်"

"ကောင်းတယ်သား၊ ကောင်းတယ်၊ သားရော အလုပ်မှာ အဆင်ပြေရဲ့လား၊ ကိုယ်က ရက်ပျက်ထားတာတွေများတော့ လိုအပ်ရင် အချိန်ပိုလေး ဘာလေး ဆင်းပေးပေါ့သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုသေးလို့ပါ အမေ၊ အဆင်ပြေပါတယ်၊ ကိုဦးက အမေ့ကိုတောင် သတင်းမေးနေသေးတယ်"

"အေး ... အေး၊ နေကောင်းတယ် ပြောပြပါ သားရဲ့"

"ဟုတ်ကဲ့"

ဝီရသည် ညာဘက်မျက်စိတစ်ဖက် တိမ်ကြောင့် အတော်မှုန်ဝါးကာ အမြင်မပီပြင်တော့သည့် အမေ့ကို ကြင်နာစွာ ကြည့်လိုက်မိပါသည်။ ဘယ်ဘက်ကိုပါ နည်းနည်းအစပျိုးချင်နေပြီ။ အမေ့မျက်စိကိုလည်း သူ အမြန်ဆုံး ခွဲစိတ်ပေးချင်လှသည်။ လောလောဆယ်တော့ သူ မတတ်နိုင်သေးပါ။

လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက အမေ့ကို မျက်စိခွဲဖို့ သူ စိတ်ကူးခဲ့သည်။ ရှိတဲ့ ငွေလေး ရောင်းချကာ ခွဲမည်လို့ပင်။ သို့သော် အဲဒီအချိန်မှာ ရုတ်တရက် အဖေက အရေးပေါ် ရောဂါဖောက်လာတဲ့အတွက် အဖေ့ကို ဦးစားပေးကုသ လိုက်ရပါသည်။

တရှောင်ရှောင် ဖြစ်လာတဲ့ အဖေ့ကို ဟိုရောဂါလိုလို ဒီရောဂါလိုလို ကုနေရင်း ကုနေရင်းက နောက်ဆုံးတော့ အဖေ ဟာ ကျောက်ကပ်ရောဂါ ဖြစ်နေတာ ဆိုတာ စစ်ဆေးသိရှိလိုက်ရသည်။ အဖေ့ကျောက်ကပ်ဟာ ဆိုးဆိုးဝါးဝါး ပျက်စီးလှအခြေအနေ ရှိနေခဲ့ပြီ။





ဆေးရုံတက်ပြီး ကျောက်ကပ်ဆေးရင်ဆေး၊ ကျောက်ကပ်အစားထိုးကုရင်ကုဖို့ ဆရာဝန်ကြီးက လမ်းညွှန်တဲ့အခါ အမေ့ကို ဝီရရဲ့ကျောက်ကပ်တစ်လုံးလှူဖို့ ဆုံးဖြတ်ခဲ့ပါသည်။ အမေ့ကို စစ်ဆေးတဲ့အခါ အဖေသည် နှလုံးသိပ်မကောင်းလှဘဲ အားနည်းနေသဖြင့် လောလောဆယ် ကျောက်ကပ်အစားမထိုးသေးဘဲ Neck Line သွင်း၍ ကျောက်ကပ်ဆေးခြင်းကို အရင်ဆုံး လုပ်ခဲ့ပါသည်။ ဆေးရုံအတန်ကြာတက်ရပြီး ပြန်ဆင်းလာရတဲ့အခါ အိမ်မှာပဲ နှလုံးအတွက် ဆေးသောက် အားမွေးနေရင်း ဝီရရဲ့ ကျောက်ကပ်တစ်လုံး အစားထိုးပေးဖို့ကို ခေတ္တဆိုင်းငံ့ထားခဲ့ရပါသည်။ အဲဒီကြားထဲကမှ အဖေဟာ အခြေအနေ ပြန်ဆိုးလာပြီး ချမ်းတုန် သတိလစ်ရာက မမျှော်လင့်ဘဲ အသက်ဆုံးရှုံးကွယ်လွန်ခဲ့ရတာပင်။

ဝီရရဲ့ ကျောက်ကပ်ကို အဖေ့ကိုပေးဖို့ ဆုံးဖြတ်ထားပြီးမှ ပေးခွင့်မသာခဲ့။ ဝီရ ယူကျုံးမရပါ။ ကျောက်ကပ်ရောဂါရဲ့ ဆိုးဆိုးဝါးဝါး အန္တရာယ်ကြီးမားပုံကိုလည်း အဖေခံစားရတာတွေ ကြည့်၍ နားလည်ခဲ့ရသည်။ ခုတော့ အဖေဆုံးတာ ရက်နှစ်ဆယ် ကျော်မျှ ရှိပါသေးသည်။ အမေ့ကို မျက်စိခွဲစိတ်ဖို့ကို သူ ဦးတည် ကြိုးပမ်းရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"သား … အဝတ်လဲဦးလေ ဝီရ၊ သမီးကော … ကော်ဖီသောက်ဦးမလား၊ ဒေါ်ဒေါ် ဖျော်လိုက်မယ်"

"မသောက်တော့ဘူး ဒေါ်ဒေါ်၊ မြတ်မျိုး ထမင်းမစားရသေးဘူး"

ဒေါ်နှင်းသွယ်သည် အိမ်နီးနားချင်းလည်းဖြစ်၊ သားရဲ့သူငယ်ချင်းလည်းဖြစ်တဲ့ မြတ်မျိုးကို နှစ်အတော်ကြာ ရင်းနှီးခဲ့ပြီးဖြစ်တဲ့အပြင်၊ ခုတော့ ချစ်သူတွေပါ ဖြစ်သွားကြပြီဆိုတဲ့အခါ ဘာပဲဖြစ်ဖြစ် သားမျက်နှာနှင့် အရေးပေးပေး ဆက်ဆံပေသည်။ အေးဆေးငြိမ်းချမ်းသူဖြစ်၍လည်း အဆိုးကိုဖယ်၍ အကောင်းကိုသာ ရွေးချယ်ကြည့်မြင်ကျင့် ဒေါ်နှင်းသွယ်မှာ ရှိပါသည်။

စိုးပိုင်ကတော့ …

"အဲဒီ မြတ်မျိုးက သိပ်စီးတာပဲ၊ ကျွန်တော်တော့ လုံးပသဘောမကျဘူး၊ ဝီရက တော်တော်ရယ်၊ သူ့ကြောင့်ပဲ ရည်းစားဘဝ ရောက်ရတာ၊ သူပဲ လှုပ်ခတ်နေတာ တွေ့တယ်မဟုတ်လား၊ ဝီရ ဆိုတဲ့ကောင်က ခပ်အေးအေး သဘောကောင်းကောင်းနဲ့တော့ မလွယ်ပါဘူး"

ဤသို့ မှတ်ချက်ချသည်။ စိုးပိုင် ပြောသလိုပင် သားဖြစ်သူက အသဲအသန် အသေအလဲ ချစ်ကြိုက်တယ် ဆိုတာမျိုး မဟုတ်လှဘဲ ကောင်မလေးရဲ့ အတိမ်းအညွတ် အယိမ်းအနွဲ့





အပြောအဆိုတွေ ချည်တာတုပ်တာတွေနှင့် သားမှာ အားနာပါးနာ မလှုံးလွန့်သာနှင့် ရည်းစားဖြစ်သွားကြလေသလားလို့ ဒေါ်နှင်းသွယ်လည်း မြင်တာပါပင်။

ဒါပေမဲ့ သူမက ဝင်မစွက်ပါ။ ဘယ်လိုပင်ဖြစ်စေ သားဖြစ်သူ စိတ်ဆန္ဒအတိုင်း ရှိပါစေ။ သားက ရိုးသည်၊ အေးသည်။ မိန်းကလေးက သွက်သည် ထက်သည်၊ ကြိုးကိုင်သည်။ မြတ်မျိုးလို လိုအင်ဆန္ဒတွေ များပြားလှသည့် မိန်းကလေးမျိုးက သူ့သားလို မပြည့်မစုံ ချို့ချို့ငဲ့ငဲ့ကို ဘာကြောင့် လာကြိုက်သလဲ ဒေါ်နှင်းသွယ် စဉ်းစားမရပါ။

ရုပ်ကလေးတစ်ခုကြောင့် ဖြစ်ချင်ဖြစ်မှာပင်။ ဝီရရဲ့ ရုပ်ရည်သည် ဖြူစင်ကြည်လင်၍ သန့်ပြန့်သန့်စင်နေသည်။ ငြိမ်းချမ်းမှုဟာ သူ့မျက်နှာ မျက်လုံးများမှာ ထာဝစဉ်ပေါ်လွင်ထင်ဟပ်နေသည်။ လှပသော မျက်ခုံး မျက်လုံး နက်မှောင်မှောင်တို့က စိမ်းညို့နေကာ တည်ငြိမ်ကျက်သရေရှိလှတာ အမှန်ပင်။

ကိုယ့်သားမို့ ကိုယ်ပြောတာ မဟုတ်။ ဝီရ ရုပ်က သန့်ပြန့်ကြည့်ကောင်းလှပါသည်။ ဒါကြောင့်လည်း စိုးပိုင်က ဝီရကို မြတ်မျိုးနှင့် မတန်ဘူးလို့ တဖျစ်တောက်တောက် ဆိုလေ့ရှိသည်။ စိုးပိုင်သည် ဝီရတို့အဖေ နယ်မှာ တာဝန်ထမ်းဆောင်စဉ် မိသားစုပါ ထိုနယ်မြို့လေးတွင် လိုက်နေကြစဉ်ကတည်းက ငယ်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ဖြစ်သည်။ ဝီရကို ညီအစ်ကိုလို ချစ်ခင်သည်။ ဝီရတို့ ရန်ကုန်ပြန်ပြောင်းလာပြီးတော့လည်း အဆက်အသွယ်မပြတ်ခဲ့။ အခုမှ သူလည်း ရန်ကုန်မှာ အလုပ်ရှာဖွေ လုပ်ချင်သည်ဟု ရန်ကုန် ရောက်လာတာ လေး,ငါးလ ရှိပါသေးသည်။

ရောက်လာစဉ်က စိုးပိုင်က အဆောင်မှာနေမည် ရည်ရွယ်ခဲ့ပေမဲ့ ဝီရတို့ သားအမိက အတင်းပဲ အိမ်မှာပဲ နေစေခဲ့တာ ဖြစ်သည်။ အတူတူနေကာ ဒေါ်နှင်းသွယ်ကို အမေတစ်ယောက်လို သဘောထားတဲ့သူလေးဖြစ်၍ ဒေါ်နှင်းသွယ်ကလည်း ချစ်ခင်သံယောဇဉ်တွယ်သည်။

"ဝီရ ... သား ဘာတွေ ငိုင်နေတာလဲ၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ် အမေ၊ အမေ့ကိုတောင် ပြောပြစရာ တစ်ခု ရှိသေးတယ်"

"ဘာများလဲ သား"

"ကျွန်တော် အမေ့ကို မတိုင်ပင်ရသေးဘဲ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လက်ခံလာခဲ့တဲ့ ကိစ္စတစ်ခု ပြောပြရဦးမယ်၊ ကျွန်တော့် ရည်ရွယ်ချက်ကတော့ အဖေ့ကို ကျွန်တော် အသက်မကယ်လိုက်ရပေမဲ့ တခြားအဖေ့လို ဝေဒနာသည် တစ်ယောက်ကို အသက်ကယ်လိုက်ခြင်းအားဖြင့် ရမဲ့ကုသိုလ်ကို အဖေ့အတွက် ရည်ရွယ်ပြီး အမှုပေးချင်တာ"





ဒေါ်နှင်းသွယ်ရော မြတ်မျိုးပါ ဝီရစကားကို စိတ်ဝင်တစား နားစွင့်နေကြပါသည်။

"အလှူဒါနထဲမှာ အမြတ်ဆုံးပါပဲ အမေ။ မိမိရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းကို လှူဒါန်းဖို့ဆိုတာ ကြုံရခဲပါတယ်"

"ဟယ် ... ဝီရ၊ နင် ဘာပြောနေတာလဲ"

"အဖေ့ကို မပေးလိုက်ရတဲ့ ငါ့ရဲ့ကျောက်ကပ်တစ်လုံးကို ကျောက်ကပ်ရောဂါဝေဒနာသည်တစ်ဦးကို လှူဖို့ဆုံးဖြတ်ခဲ့တယ်"

"ဟင်"

"ဟယ်"

အမေ့ထံမှရော မြတ်မျိုး ထံကပါ အံ့အားတသင့် အသံတွေ ထွက်လာပါသည်။

"ကျောက်ကပ်တစ်ခုကိုထုတ်ပြီး သူများကို လှူမယ် !!"

"ဟုတ်တယ် မြတ်မျိုး"

"ဘယ်သူ့ကိုလဲ သား"

"စ,ပြီး သတင်းကြားတာတော့ ကျွန်တော် အလုပ်ပြန်ဆင်းတဲ့နေ့မှာပဲ ကိုဦးက ပြောတာ၊ သူ့မိတ်ဆွေ မိသားစုထဲမှာလည်း ကျောက်ကပ်ဝေဒနာရှင် တစ်ယောက်ရှိကြောင်းပေါ့၊ အဖေ့အတွက် စိတ်မကောင်းစကားပြောရင်း စကားစပ်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်တာ၊ အတော် အခြေအနေ ဆိုးဝါးကြောင်း ကိုဦး ပြောတာ ကြားရတယ် ...

ဒီနေ့ကျတော့ အဲဒီရောဂါသည်လေးရဲ့ အစ်ကို၊ ခဲအိုပေါ့၊ သူနဲ့တွေ့ပြီး စကားပြောခဲ့ရတာ၊ ကိုလတ်တဲ့၊ ကိုလတ်ကလည်း ကျွန်တော့်အလုပ်ရှင် ကိုဦးရဲ့ စာအုပ်ဆိုင်နဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းထဲမှာ ရှယ်ယာသုံးပုံ တစ်ပုံလောက် ပါတယ်၊ ဒါပေမဲ့ အလုပ်ရှင်အနေနဲ့ ဆိုင်ကိုလာလေ့ အုပ်ချုပ်လေ့ မရှိပါဘူး ...

ဒီနေ့တော့ ဆိုင်ကို သူ ရောက်လာပြီး စကားစပ်ဖြစ် ပြောဖြစ်ကြရင်းနဲ့ သူ့ခယ်မလေး အခြေအနေ ပြောပြရင်း သူတို့လည်း ကျောက်ကပ်ပေးလှူနိုင်မဲ့ အလှူရှင် Donar ရှာဖွေနေရကြောင်း ပြောပြတဲ့စကား ကြားတော့ ကျွန်တော့် စိတ်ထဲမှာ ကိုယ်ချင်းစာပြီး တော်တော်ခံစားလိုက်ရပြီးတော့ ကျွန်တော် လှူမယ်လို့ ပြောခဲ့လိုက်တယ် အမေ ...

အစကတည်းက အဖေ့ကိုပေးဖို့ ဆုံးဖြတ်ပြီးသားပဲ၊ အဖေ မရှိတော့ပေမဲ့ လိုအပ်တဲ့သူ တစ်ယောက်ယောက်ကို ပေးလိုက်နိုင်ရင် ရတဲ့သူမှာလည်း တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိတယ်၊ ကျွန်တော်လည်း သန့်ရှင်းတဲ့ စေတနာနဲ့





မွန်မြတ်တဲ့ကုသိုလ် ရမယ်၊ စိတ်ထဲက နှစ်နှစ်ကာကာ ဆန္ဒဖြစ်လာပြီး ကျွန်တော်ကတိပေးခဲ့မိတာ အမေ"

ဒေါ်နှင်းသွယ်သည် ငြိမ်သက်နေရာမှ တုန်ယင်လှိုက်လှဲသော လေသံနှင့် ...

"သာဓု ... သာဓု ... သာဓုသားရယ်၊ သားအတွက် အမေ ဂုဏ်ယူပါတယ်၊ အင်မတန် မွန်မြတ်ပါတယ်ကွယ်"

"ဟာ ... ဝိရကလည်း ဘယ်လိုကြီးလဲ၊ အရင်က ကိုယ့်အဖေမို့လို့ ကိုယ့်ဗိုက်ထဲကဟာ ကိုယ်ထုတ်ပေးရမှာပဲဟာ၊ ခုဟာက ဘာဆိုင်လို့လဲ၊ သူ့မိသားစုတွေ ပေးပေါ့"

"သူ့မိသားစုထဲမှာ သူနဲ့ သွေးအုပ်စုတူတာက မရှိဘူး မြတ်မျိုးရဲ့၊ လှူချင်တိုင်း လှူလို့မရဘူး"

"ဝိရနဲ့ကော တူလို့လား"

"တူတယ်၊ အိုသွေးပဲ"

"အိုသွေးတွေများ ပေါလွန်းလို့၊ တခြားလှူမဲ့သူ အများကြီး ရှိနိုင်တာပဲ၊ နင်ကလည်း ..."

"လှူမဲ့သူ မတွေ့သေးလို့ သူတို့မိသားစု စိတ်သောကခံစားနေရတာပေါ့ မြတ်မျိုးရဲ့၊ သူတို့စကားတွေ ကြားရတာ ရင်ကို ထိခိုက်တယ်ဟ၊ ကိုယ့်အဖေအတွက် ကိုယ်ခံစားခဲ့ရ ပူလောင်ခဲ့ရတာတွေပဲကိုး၊ ဒါတောင် သူ့ခဲအိုပဲ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဖေလုပ်တဲ့သူခမျာ ယောက်ျားကြီးတန်မဲ့ သူ့သမီး လေး အသက်အန္တရာယ်ရှိမှာ စိုးရိမ်လွန်းလို့ မျက်ရည်တောင် ကျရှာတာတဲ့"

"ရောဂါသည်က ကောင်မလေးပေါ့"

"အင်း"

"ရှုပ်ရှုပ်ယှက်ယှက် ဝီရရာ၊ ကိုယ့်ထဲက ကျောက်ကပ်ကြီး တစ်ခုလုံး မဆီမဆိုင် ထုတ်ပေးရမှာ၊ စဉ်းစားစမ်းပါဦး၊ ကယ်နိုင်တဲ့သူက ကိုယ်တစ်ယောက်တည်းရှိတာ ကျနေတာ ပဲ၊ တခြား အိုသွေးထဲက အလှူရှင်တွေ အများကြီး ရှိနိုင် သေးတာပဲ"

"ဒါပေမဲ့ ငါနဲ့ လာဆုံစည်းတယ်လေ မြတ်မိုးရဲ့။ အစက တည်းက အဖေ့အတွက် ခွဲထုတ်ပေးဖို့ စိတ်ကူးပြီးသားပဲ"

"ဒါက အဖေလေ ... ခုက သူစိမ်းကြီး"

"ဒါပေမဲ့ အဖေ့လို ဝေဒနာသည်မျိုးလေ"

"နင်က အမျိုးမတော်ဘဲ သူစိမ်းကြီးကို ဒီလိုပေးလို့ကော ရလို့လား၊ ခာတ်မတည့်တာတွေ ဘာတွေ မရှိဘူးလား"

"ဖြစ်ရင်လည်း ဖြစ်တတ်တယ်၊ အထဲက လက်မခံဘဲ ရီဂျက် လုပ်တာမျိုးကို ဆေးသောက်ပြီး ထိန်းသွားနိုင်တဲ့ နည်းစနစ်ရှိတော့ ဘာမှမဖြစ်နိုင်ပါဘူး"





"ကိုယ်နဲ့လည်း ဘယ်တုန်းကမှ မသိဘဲနဲ့"

"ဒါပေမဲ့ မမျှော်လင့်ဘဲ အသက်အန္တရာယ် ရှိသွားနိုင်တဲ့ ဝေဒနာသည်တစ်ယောက်ကွာ၊ ကိုယ့်ကိုယ်ကိုယ် အဲသလို လှူမယ်လို့ ဆုံးဖြတ်လိုက်မိတဲ့အတွက် အရမ်းစိတ်ချမ်းသာ ကြည်နူးမိတယ်"

"တော်ကြာ ကိုယ်က ကျောက်ကပ်တစ်လုံးမရှိဘဲ နေထိုင် မကောင်း ဖြစ်လာမှဖြင့် ဘယ်လိုလုပ်မလဲ၊ ကိုယ့်မှာလည်း ဘာအကျိုးကျေးဇူး တစ်ခုမှ ရတာမဟုတ်ဘဲနဲ့"

"ကျောက်ကပ်တစ်လုံးနဲ့ပဲ ကျန်းကျန်းမာမာ နေသွားနိုင် ပါတယ်၊ ဒီကိစ္စက ဆရာဝန်ကြီးတွေနဲ့ သေချာမေးမြန်း ဆွေးနွေးဖူးပြီးသားပါ"

"ငါတော့ သဘောမကျပါဘူး၊ နင်က ကျောက်ကပ်လှူ ပေးမယ် ဆိုတော့ သူတို့ကကော နင့်ကို ဘာပေးမယ်တဲ့ ပြောလဲ"

ဝီရ မျက်နှာမှာ ပျက်သွားရကာ ...

"ငါ ... လှူတာ မြတ်မိုး၊ ရောင်းစားတာ မဟုတ်ဘူး"

"အမယ်လေး ... ဖြစ်သွားလိုက်တာ၊ ဒါလေးပြောမိတာနဲ့ ပဲ၊ ငါက နင့်ဘက်က နင့်အတွက်ကြည့်ပြီး ပြောရတာ၊ ဟုတ်တယ်လေ၊ ကိုယ့်ကိုယ်ထဲက အစိတ်အပိုင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တောင် လိုးထုတ်ပြီး ပေးရမှာ၊ သူတို့ ကျေးဇူးဆပ်သင့်တာပေါ့”

စိုးပိုင်သည် ဝိရနှင့် တစ်ဆိုင်တည်း လုပ်သူမို့ အကြောင်းစုံ သိရပြီးသူပီပီ ...

“သူတို့က အရမ်းချမ်းသာတဲ့ သူဌေးတွေ၊ နာမည်ကြီး လုပ်ငန်းရှင်ကြီးရဲ့သမီး၊ ကိုယ့်ဘက်က ဘယ်လောက်ပေး ပါဆိုရင်လဲ ကျေကျေနပ်နပ် ပေးမဲ့သူတွေဟ၊ ဒါပေမဲ့ ဝိရ က သူ့အဖေအတွက် ရည်စူးအလှူလုပ်တာ၊ အဲဒါကို သဘောပေါက်ဦး၊ အရာရာကို တန်ဖိုးသင့်မနေနဲ့ မြတ်မျိုး”

“ငါ့ဟာငါ တန်ဖိုးသင့်တော့ရော နင့်အပူလား၊ နင့် ဝိရ ကရော အလကားပေးရအောင် ဘယ်လောက်ချမ်းသာနေ လို့လဲ”

“ကျွတ် ... တော်ပြီကွာ၊ နင်ဟာ အလှူပေးခြင်းဆိုတဲ့ စကားတစ်လုံးရဲ့ အဓိပ္ပာယ်ကိုတောင် နားမလည်တဲ့သူပဲ”

“နားလည်တယ်ဟဲ့ နားလည်တယ်၊ နင်တို့သူငယ်ချင်းနှစ် ယောက်လုံး အလကားနေ ဘဝင်မြင့်နေတတ်လို့ ပြောနေ ရတာ၊ သူလိုတာ ကိုယ်ပေး၊ ကိုယ်လိုတာ သူပေးဆိုရင် မျှတတာပဲဟာ၊ ဒီသဘောကို ငါကပြောနေတာ”

“အဲဒီသဘောကို နင် ဈေးထဲမှာ သွားပြော မြတ်မျိုး”





“တောက်”

မြတ်မျိုးက ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပါသည်။ မြတ်မျိုးနှင့် စိုးပိုင်ဟာ အမြဲတမ်း ဒီလိုပဲ တစ်ယောက်ကိုတစ် ယောက် ပိဿာလေးနဲ့ဘေးပစ်သလို အနိုင်မခံ စကားနိုင်လုမြဲ ဇတ်ခတ်မြဲမို့ ရိုးနေပေပြီ။ ဝိရလည်း ကြားထဲကနေ ဘယ်လိုမှ မနေတော့။

မြတ်မျိုး ပြန်သွားတာကို စိတ်ရှုပ်ရှုပ်နှင့်သာ ကြည့် နေလိုက်ပြီးမှ ...

“ကောင်မလေးက အသက်နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ် တဲ့ အမေ၊ ငယ်ငယ်လေး ရှိသေးတယ်၊ ဒီနေ့ပဲ ဆေးရုံက တစ်ကြိမ်ဆင်းတာတဲ့။ အကြိမ်ပေါင်းများစွာ ကျောက်ကပ် ဆေးပြီး သွေးသန့်နေရတဲ့သူပေါ့၊ ကြားတာနဲ့တင် ရင်ထဲ မှာ စိတ်မကောင်းဘူး၊ တတ်နိုင်တဲ့သူတွေမို့ တော်ပါသေး တယ်၊ ဝေဒနာ ခံစားရတာတော့ တစ်ပိုင်းပေါ့လေ”

“ကောင်းပါတယ် သားရယ်၊ အမေလည်း ပီတိဖြစ်ပါတယ်၊ သာဓုလည်း ခေါ်ပါတယ်၊ ခမျာလေး ကျန်းမာချမ်းသာပါ စေ၊ သားလည်း ကုသိုလ်တွေ အများကြီးရပါတယ်ကွယ်၊ ကလေးမလေး မိဘတွေနဲ့တော့ မတွေ့ရသေးဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေက သူ ဆယ်နှစ်သမီးကပဲ ကျောက်ကပ်နဲ့ဲ ဆုံးသွားပြီ၊ သူ့ ကျောက်ကပ်ရောဂါက Hereditary Nephritis မျိုးရိုးလိုက်ပြီး ပါလာတာ"

"ဩော် ... ကျွတ် ... ကျွတ်"

"သူ့အဖေနဲ့အစ်မ ရှိတယ်၊ သူတို့လည်း လှူလို့မရဘူး အဲဒါကြောင့် သူတို့လည်း ဘယ်လိုများ အလှူရှင်ပေါ်လာ မလဲဆိုပြီး လက်လှမ်းမီရာ စုံစမ်းမေးမြန်းနေကြတာပဲ။ ကျွန်တော်က အဖေ့ကိုပေးဖို့ စိစဉ်နေတုန်း တန်းလန်း အဖေ ဆုံးသွားတယ်ဆိုတာ ကိုဦးဆီကတစ်ဆင့် အဲ ကိုလတ်က သိထား ကြားထားပုံရတယ်၊ တိုက်ဆိုင်တာ ကျွန်တော်လည်း အိုသွေးဖြစ်နေတာပဲ၊ ကျွန်တော် လှူမယ် လို့လည်း ပြောလိုက်ရော၊ အဲဒီ ကိုလတ် ဆိုတဲ့သူမျက်နှာ ဆိုတာ ဝင်းထိန်ပြီး ငိုမလို ရယ်မလိုကို ဖြစ်သွားတာ ကျွန်တော့်ကို ကျေးဇူးတွေ အထပ်ထပ်တင်ပြီး အိမ်ကိုပြန် သတင်းပေးဖို့ ပြေးတော့တာပဲ"

ဒေါ်နှင်းသွယ်က ခေါင်းတညိတ်ညိတ်နှင့် သားကို ပြုံးကာ ကြည့်နေပါသည်။ ဝီရက သူ့အမေကို ကြင်ကြင်နာနာ ပြန်ကြည့်ရင်း ...





"သူတစ်ပါး ကျန်းမာရေးကိစ္စမှာ ခုလို အလှူပြုရတဲ့အတွက် ကျွန်တော်တို့အပေါ်လည်း တူသောအကျိုး ပေးပါစေလို့ ဆုတောင်းနော် အမေ"

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com







# ၃

နောက်တစ်နေ့ နံနက်စောစောကြီးမှာပဲ ဝီရတို့အိမ်ခန်းလေးသို့ ဦးထင်ကျော်နှင့် ကိုလတ်တို့ ရောက်လာကြပါသည်။

“ဒါ အစ်ကို့ယောက္ခမပါ ညီလေး၊ မနေ့ကပြောတဲ့ ကိုယ့်ခယ်မလေးရဲ့ အဖေပေါ့၊ ဖေဖေ ... ဝီရိ ဆိုတာ သူပါပဲ”

ခြောက်လှာအမြင့်ကို တက်လာရ၍ အသက်ပြင်းပြင်းရှူနေရသော ဦးထင်ကျော်သည် ထိုင်နေရာခုံမှ ကိုင်းထ၍ ဝီရလက်ကို အုပ်၍ဆုပ်ကိုင်ကာ ...

“သတင်း ကြားရတာနဲ့ ဘယ်လိုအံ့ဩဝမ်းသာပြီး ကျေးဇူးတင်မှန်း မသိတော့ပါဘူးကွယ်၊ ကျေးဇူးတင်တဲ့စကားကို ဘယ်လိုပြောရမယ်ဆိုတာလဲ မပြောတတ်တော့ပါဘူး သားရယ်”

www.burmeseclassic.com

www.burmeseclassic.com



လိုက်လှဲတုန်ယင်တဲ့ လေသံနှင့် မျက်ရည်လည်မလို ပုံစံကြီးနှင့် ပြောနေတဲ့ ဦးထင်ကျော်ကို ဝီရက ပြုံးကြည့်ကာ ...

"ကျွန်တော့်အဖို့လည်း ဒီကျောက်ကပ်တစ်လုံးက ထုတ်ပေးဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေတဲ့အတွက်ပါ၊ အဖေ့အသက်ကိုတော့ ကံအကျိုးမပေးလို့ မကယ်လိုက်နိုင်ဘူးပေါ့ ဦး။ ရယ်၊ ဒါပေမဲ့ အဖေ့လိုပဲ ဝေဒနာရှင်တစ်ယောက်ကို ကျွန်တော် ခုလို လှူခွင့်ရမယ်ဆိုတာ ပီတိဖြစ်မိပါတယ်"

"သားရဲ့အလှူဒါနက ဦးတို့အတွက်တော့ ဘယ်လိုမှ အဖိုးမဖြတ်နိုင်တော့ပါဘူးကွယ်၊ ခုမှပဲ ကျန်းမာရေးသုခဆိုတာ ငွေနဲ့ဝယ်ယူလို့ မရနိုင်ဘူးဆိုတဲ့စကားကို သေချာပိုသဘောပေါက်မိတော့တယ်၊ ငွေနဲ့သာ စက်လို့ ရရင် ဦးရဲ့သမီးလေးကို ငွေဘယ်လောက်စက်ပြီးတော့ ဖြစ်ဖြစ် အသက်ကယ်နိုင်တဲ့အင်အား ဦးမှာရှိပါတယ်၊ အလှူရှင်မှာလည်း မွန်မြတ်တဲ့ အလှူဆန္ဒက ရှိဦးမှ၊ တော့တော့ဆိုင်ဆိုင်လည်း ကြုံကြိုက်ဆုံစည်းဦးမှ၊ လှူလို့ရတဲ့ သွေးအုပ်စုတူကလည်း ဖြစ်ဦးမှ၊ အများကြီး အကြောင်းတိုက်ဆိုင်မှ ဖြစ်နိုင်တဲ့ ဒါနမျိုးပါ၊ မနေ့ညက တစ်ညလုံးလည်း စိတ်တွေ လှုပ်ရှားဝမ်းသာပြီး အိပ်လို့တောင် မပျော်ပါဘူး သားရယ်"





"ကျွန်တော်လည်း လှူဖြစ်တာကို ဝမ်းသာပီတိ ဖြစ်ပါတယ်"

"သားရဲ့အမေကကော"

"အမေလည်း သဘောတူပါတယ် ဦး"

ဒေါ်နှင်းသွယ်က ကော်ဖီနှစ်ခွက် ထည့်ထားသော ဗန်းနှင့် ရောက်လာပါသည်။

"ကော်ဖီ သောက်ကြပါဦးရှင့်"

"မလိုပါဘူး အစ်မကြီး၊ ခုကျွရှာလို့ဗျာ၊ ကျွန်တော်တို့က အကူအညီ ယူရမဲ့သူတွေပါ"

"ဒီလိုလည်း မဟုတ်ပါဘူးရှင်၊ သားက သူ့အဖေ အသက် မကယ်လိုက်နိုင်ပေမဲ့ သူ့အဖေလို ဝေဒနာသည်တစ်ယောက်ရဲ့ အသက်ကယ်ခွင့်ရတော့မယ် ဆိုတာကိုပဲ ကျေနပ်ပီတိဖြစ်နေတာပါ၊ သမီးလေးက ဝေဒနာဖြစ်တာ ကြာပြီလား"

"ဆယ့်ကိုးနှစ်သမီးလောက်မှာ စ,ခံစားလာရတာပါပဲ၊ ဆေးရုံအကြိမ်ကြိမ် တက်ပေါ့လေ၊ မနေ့ကပဲ ဆေးရုံက တစ်ကြိမ် ဆင်းလာပါတယ်၊ တစ်ခါတစ်ခါ ဖြစ်ရင်လည်း အတော်ခံစားရပါတယ် အစ်မကြီး၊ ကိုယ့်မျက်စိရှေ့မှာ ကိုယ့်သမီးလေး ဒီလိုခံစားနေရတာကို အရှင်းပျောက်ကင်းအောင် လုပ်မပေးနိုင်သေးတာကို နေ့စဉ်နှင့်အမျှ စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖြစ်ခဲ့မိပါတယ်၊ ကိုယ်သာခံလို့ရရင် ပြောင်းယူလိုက်ချင်ပါတယ်၊ ကျွန်တော်တို့ ဆိုတာက တတိယအရွယ်ဝင်လာပါပြီ၊ သမီးလေးမှာက ဘဝမှာနေမယ်ဆို အချိန်တွေအများကြီးနေဖို့ ကျန်သေးတာပါ"

"ဟုတ်တာပေါ့ရှင်"

"အစ်မကြီးတော့ ကျန်းမာရေးကောင်းကောင်းပဲလား"

"ဟုတ်ကဲ့ ... ကျန်းမာရေး ကောင်းပါတယ်၊ ဟောဒီမျက်စိပဲ တိမ်ကိုခွဲဖို့ ရှိနေတယ်၊ သူ့အဖေကိစ္စ ဖြစ်လာတော့၊ ကိုယ့်ကိစ္စက အသက်ဘေး မနီးဘူးဆိုတော့ နောက်ရွှေ့ထားလိုက်ပါတယ်၊ နောက်မှ အေးအေးဆေးဆေး ခွဲရပါမယ်"

"ဟို ... ဘယ်လိုမှ တစ်မျိုးမထင်ပါနဲ့၊ ဒီကသားက သမီးအတွက် ခန္ဓာကိုယ် အစိတ်အပိုင်းကို ရက်ရက်ရောရော လှူဒါန်းတာမျိုးနဲ့တော့ မနှိုင်းယှဉ်အပ်ဘူးပေါ့ ခင်ဗျာ၊ ကျွန်တော်တို့လည်း အလှူဒါနပြုတဲ့အနေနဲ့ အစ်မကြီးမျက်စိကို ခွဲစိတ်ကုသပေးပါရစေလား"

"ဟာ ... ဦး"

"မငြင်းပါနဲ့လား သား၊ ဦးမှာလည်း မျက်စိခွဲစိတ်ဆရာဝန်ကြီး အသိရှိနေလို့ပါ"





ဒေါ်နှင်းသွယ်မှာ အံ့အားသင့်ပြီး ဘာမှ မပြောနိုင်ဘဲ အမ်းတမီးတမ်း ဖြစ်နေပါသည်။

"ဘယ်လိုသဘောအတွက်မှ မဟုတ်ပါဘူး၊ ဒီသားကို ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ဖို့ကတော့ ခေါင်းထဲရည်စူးထားပြီးသားပါ၊ ခုဟာကတော့ ကျေးဇူးဆပ်တဲ့သဘောကို မဟုတ်သေးပါဘူး၊ ကျွန်တော်လည်း အလှူဒါနလေးပြုတဲ့ သဘောပါပဲ၊ ဟိုတလောကပဲ ကျွန်တော်ကုမ္ပဏီအလုပ်ထဲက လူတစ်ယောက်ကို မျက်စိခွဲစိတ်ပေးပြီး အလှူပြုဖူးပါသေးတယ်၊ ဓနီးသည် ရှိကတည်းက ကျန်းမာရေးကမကောင်း၊ စောစောစီးစီး ကွယ်လွန်ခဲ့တော့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး နီးစပ်ရာလေးတွေမှာ အမြဲ အလှူဒါနပြုနေကျလည်း ဖြစ်ပါတယ် ခင်ဗျာ"

"ဒါပေမဲ့ ... ဦး ... ကျွန်တော် ကျောက်ကပ်လှူမဲ့ကိစ္စမှာတော့ ဘာမျှော်မှန်းချက်မှ မထားဘဲ ..."

"ဦး နားလည်တာပေါ့ သား၊ သိးသန့်စီပါ၊ ဒါအတွက် ဒီလို ဆိုတဲ့သဘော မဟုတ်ပါဘူး၊ သတ်သတ်စီ အလှူတစ်မျိုးစီပါ၊ ဒါပေမဲ့ သားကိုတော့ ကျေးဇူးဆပ်ကိုဆပ်ရပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မလိုပါဘူး ဦးရယ်"

"သားစိတ်ထဲမှာ မလိုအပ်တာကို နားလည်ပါတယ်၊ ဒါပေမဲ့ ဦးတို့ဘက်ကိုလည်း စဉ်းစားကြည့်ပေးပါဦး၊ အခုကိုပဲ သမီးလေးက သူ့ရဲ့အလှူရှင်ကို ခဏခေါ်ခဲ့ပေးပါလို့ တောင်းပန်လိုက်ဖါတယ်၊ သူ ကျေးဇူးတင်လွန်းလို့ ဂါရဝ ပြုချင်လို့ပါ၊ အပြင်ကိုတော့ သူ သိပ်မထွက်သေးဘူးမို့လို့ သားကိုပဲ အိမ်ခဏခေါ်သွားပါရစေလို့"

"အေး ... လိုက်တွေ့လိုက်ပါ သားရယ်၊ ခမျာ ဝမ်းသာ ကျေးဇူးတင်လွန်းလို့ နေမှာ၊ တွေ့ချင်ရှာမှာပေါ့"

"ကျွန်တော်တို့ ဆိုင်ကိုသွားဖို့တော့ ရှိသေးတယ်ခင်ဗျာ"

"ကိုဦးဆီ ကိုယ် ဖုန်းဆက်ခွင့်တောင်းထားလိုက်မယ် ညီလေး၊ ခဏပါပဲ၊ ညီလေးတို့ နှစ်ယောက်လုံး အတူလိုက်လာပေါ့၊ အိမ်ကပြီးရင် မြို့ထဲကဆိုင်အထိ ကိုယ်ပြန်ပို့ပေးပါမယ်"

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကို ဖုန်းဆက်ထားပေးရင်တော့ အဆင်ပြေပါတယ်"

ကိုလတ်သည် သူငယ်ချင်း ကိုဦးရဲ့ဆိုင်ထဲ သုံးပုံတစ်ပုံ ရှယ်ယာထည့်ဝင်ထားသည် ဆိုပေမဲ့ ဆိုင်ကိုမသွားပါ။ လုပ်ငန်းထဲ ဝင်မပါပါ။ ဆိုင်ကို ရောက်ခဲလှပါသည်။ ကိုဦးက





ဒီစာအုပ်ဆိုင်နှင့် ထုတ်ဝေရေးလုပ်ငန်း စတင်ခါနီး ငွေလိုတယ် ဆိုလို့သား ကူညီထည့်ဝင်ပေးထားရုံ သက်သက်ပင်။

ဟိုးတလောကတည်းကတော့ စကားစပ်ပြီး ကိုဦးထံမှ ဝီရတို့ သားအဖ သတင်းကြားရပါသည်။ ကိုလတ်တို့က လှူကြဲတိုင်း အလှူရှင် တွေ့လိုတွေ့ငြားရယ်လို့ ပီတိရဲ့အဖြစ်အပျက် အခြေအနေကို ချပြောဖြစ်စမြဲမို့ ကိုဦးကိုလည်း ပြောဖြစ်နေရင်း ကိုဦးက စကားစပ်ကာ ...

"အဲဒီကျောက်ကပ်ရောဂါက အတော်ဆိုးတာပဲကွ နော်၊ ဖြစ်မိရင်လည်း ဝေဒနာရှင်လည်း သေကောင်ပေါင်းလဲ၊ ငွေလည်း သောက်သောက်လဲ သွန်ချသလို ကုန်တာပဲဆို၊ ငါ့ဆိုင်က ဆိုင်တာဝန်ခံ ခန့်ထားတဲ့ ကောင်လေးအဖေလည်း ကျောက်ကပ်အခြေအနေ ဆိုးနေလို့တဲ့၊ သူတို့လည်း ကျောက်ကပ်အစားထိုးမယ် ပြောတယ်"

"Donar ဘယ်ကရလဲ"

"သားက အဖေကို ပေးမှာလေ"

"သြော်"

ဤမျှ သိထားရာက ဟိုတစ်ရက်ကတော့ တစ်ကြိမ် စကားစပ်မိပြန်သည်မှာ ဝီရရဲ့အဖေ ဆုံးသွားကြောင်း၊ ဝီရ ကျောက်ကပ်တောင် အစားမထိုးဖြစ်လိုက်ကြောင်း ကိုဦးက ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုဦးလည်း သတင်းမေးသွားထားတဲ့သူမို့ ဝီရတို့သားအဖ "အိုး"သွေး တူညီလို့ ကျောက်ကပ်ပေးရဲ့ ရထာကုံ့ သိနေပါသည်။

ဤတွင် ကိုလတ်၌ မျှော်လင့်ချက်များ ရှင်သန်တက်ကြွလာခဲ့တာဖြစ်သည်။ ကျောက်ကပ်တစ်လုံးပေးဖို့ ဆုံးဖြတ်ထားမှုပြီးသားလူလည်းဖြစ်၊ အိုးသွေးပိုင်ရှင်လည်းဖြစ်၊ ပေးဖို့ရည်ရွယ်ထားတဲ့ အဖေကလည်း ဆုံးပါးသွားဆိုတော့၊ သူ့ဘက်မှာ တစ်ဦးတစ်ယောက်ကို ဆက်လက်ပေးလှူလိုတဲ့ဆန္ဒများ ရှိနေဦးမလားဆိုတဲ့ မျှော်လင့်ချက်ရေးရေးနှင့်ပင်။

လှူနိုင်မလား လို့တော့ ဖွင့်ဟတောင်းခံဖို့ မသင့်၍ မနေ့က ကိုဦးဆိုင်ကိုသွားပြီး ဝီရကိုတွေ့လျှင် ကိုယ့်လူနာရဲ့ အခြေအနေ၊ အနေအထားကို အဖြစ်မှန်အတိုင်း ပြောပြဖြစ်သည်။ အကြိမ်ကြိမ် ကျောက်ကပ်ဆေး သွေးသန့်စင်နေရ၍ ကျောက်ကပ်အစားမထိုးနိုင်လျှင် အသက်ရှည်ဖို့ မလွယ်တဲ့ အကြောင်းတွေ။

ဤတွင် ဝီရဘက်ကကိုက လိုလိုချင်ချင်နှင့်ပင် သူ့ကျောက်ကပ်ကို ပေးလှူမည်ဖြစ်ကြောင်း ပြောလာခဲ့တာပင်။

"ကဲ ... လိုက်သွားမယ်ဆိုရင် သားတို့ မြန်မြန်အဝတ်အစားလဲ၊ အမေ ထမင်းဘူးတွေ တစ်ခါတည်း အသင့်ယူသွားနိုင်အောင် ထည့်လိုက်မယ်"





ဤသို့ဖြင့် ဝီရနှင့် စိုးပိုင်တို့၊ ဦးထင်ကျော်၊ ကိုလတ်တို့ကားနှင့် အတူပါလာကြပါသည်။ အိမ်ကိုရောက်လို့ ခြံဂိတ်တံခါး ရွှေရောင်ကြီးကို တံခါးစောင့်တဲ့ ဒရဝမ်က ပြေးဖွင့်တာနှင့် တစ်ပြိုင်နက် ကုန်းမော့မော့ကို ခပ်ဝိုက်ဝိုက် ပတ်တက်သွားတဲ့ ကားအတက်လမ်းကို စ,တွေ့လိုက်ရပါသည်။

ခြံရဲ့ ကားအတက်လမ်းကို အပွင့်ပုံ အုတ်ခဲမဲမဲတွေ ဆက်စပ်၍ ဂျစ်ဆောပပ်ဇယ်လ် ဆက်သလို ဆက်ခင်းတာတာမျိုး ဖြစ်၍ ဘေးမှလမ်းတစ်လျှောက်အတိုင်း မြက်ခင်းလမ်းပါယှဉ်၍ တက်သွားသည်။ သူ့နေရာနှင့်သူ ပန်းခင်းလေးများ ကျဲကျဲစိုက်ထား၍ စိတ်ကို အေးမြရှင်းသန့်သွားစေအောင် ရင်သပ်ရှုမောလှပတဲ့ ခြံကြီးဟာ မာလီနှင့် အသေအချာ ပြုပြင်ထားစေတာမှန်း သိသာလှသည်။

ပန်းကလေးတွေကို မြင်ရသည်မှာ ရန်ကုန်မြို့နှင့်တောင် မတူဘဲ ပြင်ဦးလွင် ရောက်နေရသလို ထင်ရစေသည်။ ခြံဝနှင့် ခပ်ဝေးဝေး ဟိုးနောက်ဘက်ကျကျမှာ ဆောက်ထားတဲ့ နှစ်ထပ်ခွဲတိုက်အိမ်ကြီးကတော့ ဆင်ဝင်အမြင့်ကြီးနှင့် မုံစံမရိုးမဆန်း ခမ်းနားထည်ဝါလှပါသည်။

"လာ ... ဝီရ ... ဆင်း၊ စိုးပိုင် ... လာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က ကားကိုရပ်ပြီးသည်နှင့် ခရီးဦးကြို စကားဆိုသည်၊ နံနက်ရှစ်နာရီအချိန်လောက်ဖြစ်၍ နေရောင်ခြည် နုနုနှင့် ခြံကြီးတစ်ခြံလုံးက နွေးထွေးတိတ်ဆိတ်နေပါသည်။ ကျွန်းရောင် အိမ်တံခါးမကြီးနှစ်ချပ်က အကြီးကြီးတွေပင်။ ထို တံခါးနှစ်ချပ် အတွင်းခြင်ဆန့်ခါ တံခါးတို့ကို အသင့်ဖွင့်ဟပေးကာ မိန်းမကြီးတစ်ယောက်က ကြိုဆိုနေသည်။

"သမီးလေး နိုးပြီလား ဒေါ်စီ"

"နိုးပါပြီ ဆရာ၊ ဆရာတို့ သွားကတည်းကပဲ"

"မောင်ဝီရ ... ထိုင်ပါ၊ မောင်စိုးပိုင် ... ထိုင်ပါကွာ"

"ဟုတ်ကဲ့ ဦး"

လိမ္မော်ရောင်ဖျော့ဖျော့ လည်သာဆိုဖာဆက်တီကြီး တွေပေါ် ဝီရတို့နှစ်ယောက် ဝင်ထိုင်လိုက်ကြပါသည်။ သူတို့ရဲ့ ကြွယ်ဝချမ်းသာမှုဟာ ဧည့်ခန်းထဲ ဝင်ထိုင်လိုက်သည်နှင့် ပြီးပြည့် စုံအောင် ခန့်မှန်းလို့ရပါသည်။ ဝီရသည် ဧည့်ခန်းကြီးရဲ့ တခြား တစ်ဖက်က အခန်းတစ်ခုနှင့် ခြားထားသော အဖြူနှင့် လိမ္မော်နု အပွင့်အဆင် ခန်းဆီးကြီးဆီ မျက်လုံးအလိုလို ဖျတ်ခနဲ ရောက် သွားသည်။

အခန်းကူး အပေါက်အကျယ်ကြီးမှာ ခန်းဆီးစကို အလယ်မှခွဲပြီး ဘေးနှစ်ဖက်သို့သိမ်းကာ ခပ်အိုင့်အိုင့် ချည်ထား





ပါသည်။ ထိုခန်းဆီးစတစ်စရဲ့ နောက်ကွယ်မှာ မကွယ့်တကွယ် လေး ရပ်နေတဲ့ မိန်းကလေးငယ် တစ်ယောက်ကို သူ တန်းခနဲ မြင်လိုက်ရသည်။

ကောင်မလေးသည် မရဲတရဲ မပြုံးတပြုံးလေးနှင့် ခန်းဆီးစမှ မျက်နှာတစ်ခြမ်းထုတ်ကာ ကြည့်လိုက်၊ နည်းနည်းပြန် ကွယ်သွားလိုက်။

"သမီးလေးရေ ... ပီတိ၊ ဘယ်မှာလဲ ဒေါ်စီ"

"ခုနကတော့ ထမင်းစားပွဲမှာပဲ ဆရာ"

ဒေါ်စီက ခုနအခန်းကူးပေါက်မှပဲ ဝင်သွားမည်ပြု ရင်း ပီတိကို ဖျတ်ခနဲ မြင်သွားသည်နှင့် ပြုံးကာ ချစ်စနိုးနှင့် ...

"သမီးလေး ... ဆရာ ခေါ်နေတယ်၊ လာလေ"

ပီတိက ဒေါ်စီ့ လက်မောင်းကို ချိတ်လိုက်ရင်း ... "အဟင်း"ဟု တိုးတိုးရယ်မောလိုက်ပါသည်။ ကိုယ့်အသက်ကို ဘယ်မဲ့၊ ကိုယ့်အတွက် သူ့ကိုယ်ထဲက ကျောက်ကပ်တစ်ခုကို ဖြတ်ပေးမည်ဆိုတဲ့ လူတစ်ယောက်ကို တွက်တွေ့ဖို့ရာ ပီတိ တအားပင် ရင်ခုန်စိတ်လှုပ်ရှားနေပါသည်။

မနက် အိပ်ရာက နိုးကတည်းက အဲဒီလူဟာ ဘယ်လိုလူဖြစ်မလဲ ဆိုတာကိုသာ ခေါင်းထဲ တောက်လျှောက် တွေးစား စိတ်ကူးယဉ်ကြည့်နေခဲ့မိပါသည်။ အခုတော့ တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ကြုံရပြီ။ လူနှစ်ယောက် ဝင်လာတဲ့အနက် ရုပ်အကျီလက် ရှည် မီးပြာနုနုနှင့် ပုဆိုးခပ်မှောင်မှောင် ကွက်စိပ်လေး ဝတ်ထား တဲ့သူပဲ ဖြစ်မှာလို့ အလိုလို ထင်မြင်ယုံကြည်မိရခြင်း အကြောင်း ရင်းကတော့ အဲဒီလူရဲ့ မျက်နှာမှာ နူးညံ့ငြိမ်းချမ်း၍ စိတ်စေတနာ ပြည့်ဝကောင်းမွန်ခြင်း အထင်းသား လင်းပပေါ်ထင်နေလို့ပင်

"လာ ... သမီး ... လာ ... သွားထိုင်ရအောင်"

ပီတိသည် ဒေါ်စီ လက်မောင်းကိုချိတ်ကာ ဒေါ်စီ ဆွဲခေါ်ရာကို ပါလာရင်း မျက်လွှာလေး ချထားမိသည်။

"ဟော ... သမီးလေး၊ လာ ... လာ ... ဖေဖေ့အနားလာ"

ဦးထင်ကျော်သည် သူ့သမီးကို ချစ်မြတ်နိုး ကြင်နာ တာ သိသာလှစွာ ပခုံးကလေးမှ ဖက်ထွေး ခေါ်ယူလိုက် သည်။

"ဒါ ... ဦး သမီးလေး ပီတိပါပဲ မောင်ဝီရ"

"ဟုတ်ကဲ့ ခင်ဗျ"

ဝီရသည် ဖြောင့်စင်းသော ဆံပင်တိုကလေး တစ်ဖက်တစ်ချက်မှာ ချိုင်ယဲကလေးနှစ်ချောင်း ထွက်နေသလို နည်းနည်းစီ ယူစည်းထားလျက် ဂါဝန်ဝါဝါနှင့် ဖြူဖြူနုနု သေး သေးသွယ်သွယ် ကောင်မလေးကို ပြုံးကာကြည့်ရင်း ခေါင်းညိတ် ရသည်။





နှစ်ဆယ့်တစ်နှစ်သာ ဆိုပေမဲ့ ပုံစံလေးက ဆယ့် ခြောက်နှစ် ဆယ့်ခုနစ်လောက် မှန်းဆလည်း မှန်းသူ အလွန်မရှိ နိုင်။ ဘဝကို ပူပင်သောကကင်းကင်း၊ စိတ်နှလုံးဖြူဖြူစင်စင် ဖြတ်သန်းခဲ့ရတဲ့ အပြစ်မဲ့အသွင်သဏ္ဌာန်လေးက သူမကို နုနယ် လှစေသည်။

စိုးပိုင်သည်လည်း အပြစ်ကင်းစင်လှတဲ့ အသွင်နှင့် ဤမိန်းကလေးကို ငေးမောကြည့်နေမိပါသည်။ ဤမျှပြည့်စုံကြွယ်ဝ တဲ့ အဆင့်အတန်း၌ တည်ရှိနေရသော်လည်း မျက်နှာပေါ်တွင် မာန်မာနကင်းစင်ကာ ဟင်းလင်းကလေး အေးချမ်းငြိမ်းချမ်းနေပုံ ကို သတိပြုမိလျက် အလိုလို ခင်မင်ကြင်နာစိတ် ဝင်မိသည်။

"သမီး ...၊ ဒါလေ ... သမီးလေးကို ကျောက်ကပ်လှူမယ် ဆိုတဲ့ မောင်ဝီရ၊ ဒါက မောင်ဝီရ သူငယ်ချင်း မောင်စိုးပိုင် တဲ့"

ပီတိသည် ဝီရကို မျက်လွှာကလေး ပင့်ကြည့်ကာ ကြည်နူးလှိုက်လှဲသော ကျေးဇူးတင်စိတ်နှင့် နှုတ်ခမ်းကလေးတွေ ဆုန်လာပါသည်။ ကိုယ့်ခန္ဓာကိုယ်ထဲ လိုအပ်နေတဲ့ အစိတ်အပိုင်း တစ်ခုကို သူ့ခန္ဓာကိုယ်ထဲက လှီးဖြတ်ထုတ်ယူ လှူဒါန်းမဲ့သူ။

တော်ရုံစိတ်စေတနာ တော်ရုံမြင့်မြတ်သော သဘော အားမျိုးမျှနှင့် ဤအပြုအမူမျိုး ပြုနိုင်စွမ်းမည် မဟုတ်ပါ။ ပီတိသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အံ့လည်းသြသည်။ ကျေးဇူးလည်း အလွန်တင်သည်။ စိတ်ထဲကလည်း ကြည်ညိုမြတ်နိုးစိတ်တွေ တဖွားဖွား လှိုက်လှဲ လာပါသည်။

"ဟုတ်ကဲ့ ... တွေ့ရတာ အရမ်းဝမ်းသာတာပဲ ကိုကိုဝီရ မယုံနိုင်လောက်အောင်လည်း ဖြစ်နေပါတယ်၊ ပြောမပြနိုင် အောင် ကျေးဇူးတင်ပါတယ် ကိုကိုဝီရရယ်"

ပီတိရဲ့ လှိုက်လှဲတုန်ယင်တဲ့ အသွင်သဏ္ဌာန်ကြောင့် ဝီရမှာ နေရထိုင်ရပင် ခက်မိပါသည်။ ကျေးဇူးတင်လောက်တဲ့ ကိစ္စမှန်ပေမဲ့ အဲသလောက် ကတုန်ကယင်နဲ့ ကျေးဇူးစကား ဆို နေတော့ မျက်နှာမထားတတ်အောင် ဖြစ်ရသည်။

"ရပါတယ် ညီမ၊ နားနားနေနေ ထိုင်နေပါ"

"ဖေဖေ ... ပီတိ ကိုကိုဝီရကို ကန်တော့လိုက်မယ်နော်"

သူ့အဖေကို မေ့မေးတဲ့ ဟန်ကလေးက ပကတိ မသိနားမလည်တဲ့ ကလေးငယ်လေး တစ်ယောက်ဟန်နှယ်။

"ဒါပေါ့ ... ဒါပေါ့၊ ကန်တော့ရမှာပေါ့ သမီးရဲ့"

ပီတိသည် စားပွဲခြားနေသော နေရာမှပင် ဝီရဘက် လှည့်ကာ ကော်ဇောကြီးပေါ် ကျုံ့ကျုံ့ထိုင်ချလိုက်ရင်း လက် ကလေးနှစ်ဖက်ကို ရင်ဘတ်မှာ ထိကပ်ချီမိုးလိုက်ပါသည်။

"အသက်သခင် ကျေးဇူးရှင်ကို ပီတိ ကန်တော့ပါတယ်





နှာသီးဖျားလေး နီမြန်းကာ မျက်ရည်လည်လျက် ပြောအပြီး ပျပ်ဝပ်စွာ ဦးချလိုက်တဲ့အခါ ဝီရ ရင်ထဲတွင် ဘယ် လို ဖြစ်သွားမှန်း မသိပါ။ ကြည်နူးခြင်း၊ နှစ်သိမ့်ခြင်း၊ ပီတိဖြစ် ခြင်းတို့နှင့် တစ်ပြိုင်နက် ဝမ်းနည်းဝမ်းသာကြီးနှင့် ဆို့နင့်၍ သွားပါသည်။ အဖေ့ကိုလည်း ဖြုန်းခနဲ သတိလှမ်းရလိုက်မိကာ သူပါ ဝမ်းနည်းသလို ဖြစ်လာရလျက် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ရပါတယ် ညီမလေးရယ်၊ အပေါ် မှာထိုင်ပါ"

ပီတိက သူ့အဖေဘေး ပြန်ထိုင်လိုက်ပါသည်။

"ညီမလေးက ငယ်ငယ်လေး ရှိသေးတာပဲနော်"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီရောဂါဆိုးကြီး ခံစားနေရတာ ဦး တစ်ရက်မှ စိတ်မချမ်းသာနိုင်ပါဘူး မောင်ဝီရရယ်၊ အချိန် တိုင်း မိနစ်စက္ကန့်တိုင်း အလှူရှင်ကို မျှော်လင့်တောင့်တ မိခဲ့တယ်၊ ဒီနေ့ဟာ ဦးအဖို့ မမေ့နိုင်လောက်အောင် ဆန္ဒ တွေ ပြီးပြည့်စုံရတဲ့ နေ့ပဲ၊ မောင်ဝီရဟာ ဦးတို့မိသားစု အတွက် တစ်သက်လုံး တသီးတသန့် ကျေးဇူးဆပ်သွားဖို့ ကျေးဇူးရှင်တစ်ယောက်ပါကွယ်"

"မလိုပါဘူး ဦး၊ ဦးတို့မိသားစု ဒီလောက် စိတ်ချမ်းသာ ပျော်ရွှင်ကြည်နူးသွားကြတာကို မျက်ဝါးထင်ထင် မြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တင် ကျွန်တော် ခုလို လူဖြစ်တဲ့ကိစ္စအတွက် ပီတိတွေ ဖြစ်လှပြီ၊ လူ့ရကျိုးလည်း နပ်လှပါပြီ"

ပီတိသည် ဖေဖေ့သား ထိုင်ရင်း ဝီရကို မျက်တောင်မခတ် စိုက်ကြည့်နေမိပါသည်။ ချောမောသန့်စင်ပြီး ငြိမ်းချမ်းလှတဲ့ ရုပ်သွင်ကို တစ်ထိုင်တည်းပင် ချစ်ခင်ကြည်ညိုစိတ် ပွားနေမိပါသည်။

စေ့စေ့တွေးကြည့်ရင် အံ့သြစရာ ဆန်းကြယ်လှသည် ဆိုရမည်။ ဘဝမှာ တစ်ကြိမ်တစ်ခါမှ မတွေ့မြင် မဆုံစည်းခဲ့ဘူးတဲ့၊ ခုမှစသိ, စတွေ့ရတဲ့ သူတစ်ဦးရဲ့ ကျောက်ကပ်အစိတ်အပိုင်းတစ်ခုဟာ မကြာခင် ပီတိရဲ့ခန္ဓာကိုယ်ထဲ ရောက်ရှိလာရတော့မည်။

အရင့်အရင် ဘဝဘဝတို့က ရေစက်ပါသည် ဆိုခြင်းဟာ ဒါမျိုးကို ဆိုလိုတာ ဖြစ်မှာပါပဲ။

"မောင်ဝီရ အနေနဲ့ ဘယ်တော့လောက် အဆင်သင့် ဖြစ်မလဲဆိုတာ ဦး သိပါရစေ"

"ကျွန်တော် အဆင်သင့် ဖြစ်ပါတယ် ဦး၊ ဒီညီမလေးရဲ့ ကျန်းမာရေး အခြေအနေအရ သင့်တော်တဲ့အချိန်ဖြစ်ရင် ဒီနေ့ပဲဖြစ်ဖြစ် နက်ဖြန်ပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က အဆင်သင့်ပါပဲ"





"ဒီလိုကွယ့် ... ဦးက (Transplantation) ထရန်စ်ပလန့်တေးရှင်းကို အိန္ဒိယမှာလုပ်ဖို့ ရည်ရွယ်ထားတယ်၊ အလှူရှင်မရှိသေးခင်ကတည်းက နိုင်ငံခြားက မိတ်ဆွေတွေကိုလည်း ဆက်သွယ်စုံစမ်း မေးမြန်းထားတော့ တစ်ဦးက စင်ကာပူကို လာဖို့ခေါ်တယ်၊ တစ်ဦးကတော့ အိန္ဒိယကို အကြံပြုတယ်၊ ဦးရဲ့မိတ်ဆွေတစ်ယောက်ရဲ့ တစ်ဆင့်မိတ်ဆွေတစ်ဦးရဲ့ သားတစ်ယောက် ဒီကျောက်ကပ်အစားထိုးမှုကို ပြီးခဲ့တဲ့လကပဲ အိန္ဒိယမှာ လုပ်ခဲ့တယ်၊ သူကတော့ သူ့ညီဆီက ကျောက်ကပ်တစ်လုံး ယူတယ်ပေါ့၊ သူတို့ပြောပြချက်အရ အားရကျေနပ်စရာတွေ ကြားရ၊ သိရ၊ မြင်ထားရတော့ ဦးက သူတို့လုပ်ခဲ့တဲ့ ဆရာဝန်ကြီးဆီမှာပဲ လုပ်မလားလို့ ရည်ရွယ်ထားတာပဲ၊ မဒရပ်က ဆေးရုံကြီးတစ်ခုပဲ ...

အသေးစိတ်ကိုတော့ အဲဒီဆေးရုံကြီးဆီ အီးမေးလ်နဲ့ စုံစမ်းမေးမြန်းထားကြည့်ပြီးပါပြီ၊ မနေ့ကပဲ ဆရာဝန်ကြီးဆီကို အီးမေးလ်ထပ်ပို့ပြီး ဦးထပ်သိချင်တာလေးတွေ ထပ်မေးထားသေးတယ်"

"ဪ ... ဟုတ်ကဲ့ပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ... မောင်ဝီရ အဆင်သင့်ပဲဆိုရင် ဦးက ဆေးကုသဖို့ ပတ်စ်ပို့ထ်ကို မောင်ဝီရ အတွက် အမြန်ဆုံးလျှောက်လိုက်တော့မယ်လို့၊ သက်ဆိုင်ရာ ဆောက်ခံချက်တွေနဲ့ဆိုတော့ ဆေးကုသဖို့ ပတ်စ်ပို့ထ်က မြန်မြန်ကျတတ်ပါတယ်၊ ဦးနဲ့ သမီးလေးကတော့ ပါ့စ်ပို့ထ် ရှိပြီးသားပါ၊ ရိုနယူးလုပ်ပြီး ဆေးကုခွင့် တင်ရုံပါပဲ"

"ဦး ကောင်းမယ်ထင်သလို စီစဉ်ပါ၊ ကျွန်တော့်အနေနဲ့ ဟိုမှာ ဘယ်လောက်ကြာကြာ နေရမလဲ မသိဘူး ဦး၊ ဒီကအလုပ်မှာ ခွင့်ယူပြီး သွားရမယ်ဆိုတော့ ..."

ကိုလတ်က ဝင်ကာ ...

"ဒီအတွက်တော့ စိတ်မပူနဲ့ ဝီရ၊ ဝီရရဲ့ အလုပ်ခွင်မှာ ခွင့်ရဖို့ အနှောင့်အယှက် ပြဿနာမရှိဖို့ ကိုယ်တာဝန်ယူပါတယ်၊ ကိုဦးကိုလည်း အနည်းအကျဉ်းတော့ ကြိုပြောထားပြီးသားပါ၊ ကိုဦးကလည်း အဆင်ပြေသလို ဆောင်ရွက်ဖို့ ခွင့်ပြုပြီးသားပါ"

"ဒါဆိုရင်တော့ ကျွန်တော့်ဘက်က ဘာမှ ပြောစရာမရှိပါဘူး အစ်ကို၊ ဘာပဲဖြစ်ဖြစ် ကိုဦးဆီမှာလည်း အလုပ်လုပ်တာ နှစ်နှစ်ကျော် ကြာပြီ၊ အဆင်လည်း ပြေနေတော့ အလုပ်ခွင် မထိခိုက်စေချင်တာ တစ်ခုပါပဲ"





"ဒါတော့ စိတ်ချပါ ဝီရ၊ စိတ်မပူနဲ့"

"ဒါဖြင့်ရင် အားလုံးကို ဦးစ,ပြီး စီစဉ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ ဦး"

"ဦးရယ်၊ သမီးရယ်၊ မောင်ဝီရရယ်ပေါ့"

"ဟုတ်ကဲ့"

"အခု စုံစမ်းသိရှိထားသလောက် သမီးရဲ့ကျောက်ကပ်ယောင်းကို အရင်ခွဲစိတ် ဖယ်ထုတ်ထားနှင့်ရမဲ့ အခြေအနေမျိုးလည်း ဖြစ်နိုင်တယ်၊ သမီး ကျောက်ကပ်နှစ်ဖက်လုံးက သိပ်အခြေအနေ ဆိုးနေတာကိုး၊ ဒီတော့ မောင်ဝီရအတွက် အချိန်တွေ အများကြီးမပုပ်အောင် ဦးနဲ့သမီးက အရင်သွားနှင့်၊ ကျောက်ကပ်ကို ဖယ်ထားနှင့်၊ အစားထိုးဖို့ အသင့်ဖြစ်ပြီဆိုမှ မောင်ဝီရ တစ်ယောက်တည်း လိုက်လာခဲ့တာမျိုးလည်း ဖြစ်ကောင်းဖြစ်မယ်"

"ဟုတ်ကဲ့ ... ဦးတို့ အဆင်ပြေသလို စီစဉ်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com







## ၄

"အဲဒီကောင်မလေးက ချောလား"

"သိပ်ချောတာပဲ၊ ရုပ်ကလေးက ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်ပြီး နုနုထွေးထွေးလေးနဲ့ ကိုရီးယားမင်းသမီးလေးတွေလိုမျိုး ချောတာ"

မြတ်မျိုးသည် မနေနိုင် မထိုင်နိုင် ဝင်ဖြေသော စိုးပိုင်ကို မျက်စောင်းတစ်ချက် လှမ်းထိုးကာ ...

"နင့်ကို မေးတာမဟုတ်ပါဘူး စိုးပိုင်ရဲ့၊ ငါ ဝီရကိုမေးနေတာပါ"

"ဘယ်သူဖြေဖြေ တူတူပေါ့"

"မတူဘူး၊ သူဖြေမှ မျက်နှာထားကို ငါက မြင်ချင်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



စိုးပိုင်က မဲ့ပါသည်။

“ကဲ ... ဝိရ ... ဖြေလေ”

“ဘာလဲ မြတ်မျိုးရဲ့၊ စိုးပိုင်လည်း ဖြေပြီးသားပဲ၊ ချော တယ်လေ၊ ချစ်စရာလေးပါ”

“ဘာ ... ချစ်စရာလေး ! ... ဟုတ်လား”

“အင်းလေ ... ဟိုလေ ... ကလေးလိုပဲလို့ ဆိုလိုတာ”

“ဝိရတို့က သူ့ဌေးသမီး နုနုထွတ်ထွတ် ချောချောလှလှလေး ကို ကျောက်ကပ်ပေးလှူရတော့မယ်ဆိုပြီး မျက်နှာကိုကြည် လင်ရွှင်ပျနေတာပဲ”

“ဘာဆိုင်လဲ၊ ငါ့ဟာငါ ငါ့အလှူအတွက် ကိုယ့်ဘာသာ ပီတိဖြစ်နေတာပါ မြတ်မျိုးရာ”

“နိုင်ငံခြားကိုတောင် ပါသွားရဦးမယ်”

“အိန္ဒိယ ပါပဲဟာ”

“အိန္ဒိယလည်း နိုင်ငံခြားပဲလေ”

“အေးပါ၊ ငါ့မှာ ဆေးရုံတက်ပြီး ကျောက်ကပ်ခွဲထုတ်ယူ ပြီး အနာကျက် ချုပ်ရိုးဖြေပြီးရင် ပြန်လာရမှာပါ၊ ခလ ယာဉ်ပေါ်ကဆင်း၊ ဆေးရုံတန်းတက်၊ ဆေးရုံကဆင်း၊ လေယာဉ်ပေါ်တက်ပြီးပြန်၊ ဒါပဲ၊ နိုင်ငံခြား သွားရတယ် ဆိုတဲ့ အရသာလည်း သိလိုက်မှာ မဟုတ်ပါဘူး”





“နင်ကလည်း ဆေးရုံက ဆင်းပြီးရင် ချက်ချင်းမပြန်နဲ့ဦး ပေါ့၊ ရောက်တုန်း ရောက်ခိုက် လည်ပတ်ဦးပေါ့”

“မလည်ပတ်ချင်တော့ပါဘူးဟာ၊ ကိုယ်လည်း ခွဲစိတ်ထား ရတာနဲ့”

“အိန္ဒိယမှာ ဖိနပ်တွေလှပြီး ဈေးပေါတယ် ဝိရရဲ့”

“ဖိနပ်တွေ ! ... နင့်ကို ဘယ်သူပြောလဲ”

“ငါတို့ ဂျီအမ်မ် အပျိုကြီး ပြောဖူးတယ်၊ သူ ဟိုတစ်ခေါက် နိုင်ငံခြားသွားတာ၊ အပြန် အိန္ဒိယဘက်ပါ ပတ်ဝင်လာသေး တာ၊ ဖိနပ်လေးတွေများ သိပ်ဆန်းတာပဲ၊ ဘော်ကြယ်တွေ ဖန်စေ့တွေ တပ်ထားတာ ပုံဆန်းအမျိုးမျိုးပဲ”

“ဒီမှာလည်း ရှိမှာပါဟာ”

“ရှိတော့ ရှိတာပေါ့ဟဲ့၊ ဟိုမှာက ဈေးသက်သာတာပေါ့၊ နင် ငါ့ဖို့ဝယ်မလာချင်တိုင်း ပတ်ရှောင်နေတယ်”

“ဩော် ... နင်က ဖိနပ်မှာမလို့ ဟုတ်လား”

“ဟုတ်တယ် ... ဟုတ်တယ်၊ ဖိနပ်နှစ်ရန်လောက်တော့ ကိုယ့်ရည်းစားဖို့ လက်ဆောင်ပါခဲ့ဦးပေါ့”

စိုးပိုင် မျက်နှာမှာ ဟန်မဆောင်နိုင်အောင် ရှုံ့မဲ့လာ ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ကျောက်ကပ်တစ်လုံး ခွဲစိတ်ထုတ်ပေးရမဲ့ ကိုယ့်ရည်းစားကို ကျန်းမာရေး ဂရုစိုက်ဖို့ စသဖြင့် ပူပူပန်ပန် စကားမျိုးတော့ တစ်ခွန်းမှ မကြားရပါလား၊ ခွဲစိတ်ထားရမဲ့သူကို ဖိနပ်ရှာဝယ်ခိုင်းတဲ့ ရည်းစားမျိုးတော့ နင်ပဲရှိမယ်ထင်တယ် မြတ်မျိုး၊ ငါတော့ နင့်ကို ဆလံပဲ"

မြတ်မျိုး မျက်နှာက တင်းသွားရကာ ...

"ငါ ပြောနေတာ ဝိရကိုပါ၊ နင့်ကို မဟုတ်ပါဘူး၊ နင် မဆိုမဆိုင်နဲ့ ဘာဖြစ်လို့ ဝင်ဝင်ပါနေရတာလဲ စိုးပိုင်၊ ဟင် ..."

"နားကြားပြင်းကတ်လို့ပေါ့၊ နားရာဇဝတ်သင့်လွန်းလို့"

"ဒါဖြင့်လည်း တော်ရာမှာ သွားနေချည်၊ သူများသမီးရည်းစားနှစ်ယောက် စကားပြောနေတာကို လာပါမနေနဲ့ပေါ့"

"ဟာ ... ငါဟာငါ ဒီမှာထိုင်နေတာ အစောကြီးကတည်းကနှင်သာ ငါတို့သူငယ်ချင်းနှစ်ယောက် ထိုင်နေတဲ့ဝိုင်းထဲ ဝင်လာတာ၊ ငါ တခြားလည်း သွားစရာနေရာ မရှိဘူး၊ ဒီမှာပဲ ထိုင်နေရမှာပဲ"

စိုးပိုင်နှင့် မြတ်မျိုးရဲ့ တစ်ယောက်ကိုတစ်ယောက် အကြည့်မှာ ချဉ်တူးလန်နေကြပါသည်။ အပြန်အလှန် အမြင်ကတ်မုန်းတီးခြင်းဟာ ဖုံးဖိမရ။ ဝိရသည် သူငယ်ချင်းနှင့် ရည်းစား





စကားအခြေအတင် ဖြစ်ကြလျှင် စိတ်တော့ ရှုပ်ပေမဲ့ ဝင်ပါလေ့မရှိ။ ဘယ်ဘက်ကမှဝင်မပြော။ တကယ်တော့ သူသည် မြတ်မျိုးရဲ့ အမူအကျင့် ဓလေ့စရိုက် အပြောအဆိုတို့ကို ကိုယ်တိုင်ပင်သဘောမကျပါ။

ခုမှ သဘောမကျလာတာလား ဆိုတော့လည်း မဟုတ်ပေ။ ဟိုအရင်ကတည်းက နှစ်သက်ခြင်း မရှိ။ ဒါနဲ့တောင် ဘာကြောင့်များ ရည်းစားဖြစ်သွားရပါသလဲ။ ပြောရရင်တော့ သူ ပျော့ညံ့လို့ပါပဲ။

သူတို့လိုပဲ မချောင်လည်လှတဲ့ ချို့ချို့ငဲ့ငဲ့ တိုင်းထွာ စိစစ်သုံးစွဲရတဲ့ လူတန်းစားမျှသာဖြစ်သော မြတ်မျိုးကို သူငယ်ချင်းဘဝကလာခဲ့တာမို့ သူ ခင်တော့ ခင်ပါသည်။ ခင်မင်မှုကြောင့်ပင် သူ့မှာရှိတာထက်ပို၍ ဝတ်ချင်လှချင် သုံးစွဲချင်ပြီး မဝတ်နိုင်မလှနိုင် မသုံးနိုင်တဲ့အပေါ် စိတ်အလိုမကျ ဖြစ်နေတဲ့ သူငယ်ချင်းမအပေါ် (စိတ်သဘော နူးညံ့ကြင်နာတတ်သူပီပီ) သူသနားကရုဏာသက်ခဲ့သည်။

မောင်နှမများတဲ့ မြတ်မျိုးတို့ အိမ်ထောင်စုမှာ မြတ်မျိုးဟာလည်း ကုမ္ပဏီဝန်ထမ်း အလုပ်တစ်ခု ရထားပေမဲ့ အိမ်ကို ပြန်ပေးရသည်။ ကိုယ့်လခကိုယ် အကုန်သုံးခွင့် ရှိတာမျိုးမဟုတ်။ မြတ်မျိုးမှာ လေနေသော အစ်ကိုနှင့် မောင်က ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေရော အမေရော၊ သားအကြီးဆုံးရော၊ တတိယသမီး မြတ်မျိုးရော အလုပ် လုပ်ကြတာတောင် သူတို့အိမ်ထောင်စရိတ်က ခြိုးခြံစွာ အလျှဉ်မီရုံရှိသည်။

အဖေရှိစဉ်က အဖေက လခကောင်းတဲ့ စာရင်းကိုင်တစ်ဦး ဖြစ်တာမို့ ဝီရတို့ကမှ ငွေစုနိုင်ပါသေးသည်။ လိုချင်တာတွေကို မတတ်နိုင်ဘဲ မကျေမချမ်း ဖြစ်နေတတ်တဲ့ မြတ်မျိုးကို ဝီရက သူ့လခထဲမှ တချို့တလေ ဝယ်ခြမ်းပေးခဲ့မိတဲ့ စေတနာက စ,တာဖြစ်ပါသည်။

ဝီရဟာ သူ့ကို ကရုဏာသက်မှန်း သူ့အပေါ်ကျမှန်း သိလာတဲ့ မြတ်မျိုးဟာ နောက်ပိုင်းတော့ ဝီရ ဝယ်မပေးမိရင်တောင် ချွဲနွဲ့ကာပူဆာတတ်လာသည်။ “ဟင့်အင်း ... မြတ်မျိုးလိုချင်လို့ပါ ဝီရရယ် ... နော် ... နော် ...၊ ဝယ်ပေးနော်”လို့ အတင်းပင် ပခုံးကို ခေါင်းခွေ့ပူဆာ၊ လက်မောင်းကို ဖက်ပိုက်လှုပ်ယမ်းပူဆာနှင့် ဝီရမှာ မြတ်မျိုး အလိုကို အားနာပါးနာနှင့် လိုက်မှန်းမသိ လိုက်မိလျက်သား။

သူတို့ဟာ အလိုအလျောက် ပတ်သက် သက်ဆိုင်သူတွေလို အများတကာ အထင်ရောက်စရာ အဖြစ်သို့ ရောက်ခဲ့သည်။ မြတ်မျိုးဟာ လမ်းအတူသွားရင် လက်ကို လိုက်တွဲထားတတ်တာကို မလျှော့။ အင်း ... နောက်တော့ ...။ တဖြည်းဖြည်းနှင့် သူ





လိုချင်တာလေး ဝီရက ဝယ်ပေးလိုက်သည့် အခါမျိုးမှာ ကျေနပ်အရည်လဲ့တဲ့ မျက်ဝန်းများနှင့် စိုက်စိုက်လေးကြည့်ကာ ဝီရနဖူးပြင်ကို “ရွတ်ခနဲ” အနမ်းဆုချွေတတ်လာတဲ့အခါ ...။

အင်မတန်မှ အားနာတတ်တဲ့ ဝီရဟာ သူ့နဖူးကို သူ့ပါးကို နမ်းရှိုက်ဖူးတဲ့ ဤမိန်းကလေးကို မပတ်သက်သလို ...ည်းခြားရှောင်ရှားရမှာ အားနာရင်း အားနာရင်း ...။ ကိုယ်အလို ...ိုက်သင့်တဲ့ ဝယ်ခြမ်းပေးသင့်တဲ့ မပြည့်စုံရှာသူလေးလို့ ထင်လာ ...င်း ထင်လာရင်း ...။

“နင့်ကို ငါ ချစ်နေမိပြီ၊ ငါ့ကို အဖြေပေးပါတော့”

...တဲ့ စကားမျိုး သူတို့ကြားမှာ တစ်ခွန်းမှ မရှိခဲ့ဘဲ၊ သူတို့နှစ်...ာက်ဟာ အလိုအလျောက် သမီးရည်းစားတွေဘ၀ ရောက်ခဲ့ကြ...ာ ထူးဆန်းလွန်း၍များ နေမလားပင်။ နောက်တဖြည်းဖြည်း...တော့ သူတို့နှစ်ယောက် တွဲသွားရာလမ်းမှာ ကြုံဆုံတဲ့ သူ့သူငယ်...း မိတ်ဆွေတို့ကို မြတ်မျိုးက ...

“အဟဲ ... သူက ဝီရတဲ့၊ ငါ့ ချစ်ချစ်ပေါ့ ... အဟင်းဟင်း”

လို့ မိတ်ဆက်ပေးလာတတ်တော့တဲ့အခါ ဝီရ...လည်း သွားရင်းလာရင်း ကိုယ့်အပေါင်းအသင်းနဲ့ ရပ်တန့်...ဆက်ရတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလေ မြတ်မျိုးတဲ့၊ အဟင်း ... အဲ ... ဟိုဟာလေ_ မြတ်မျိုးတဲ့ ... ဟဲ ဟဲ ..."

လို့ အူတိကြောင်ကျား အားနာပါးနာ ပြောဆိုရတော့ တာပေါ့။ သူကမပြောဘဲ "မြတ်မျိုးတဲ့ ..." ဆိုပြီး ရပ်ထားရင် လည်း အပေါင်းအသင်းတို့က မြတ်မျိုးရဲ့ အတင်းဖက်ချိတ်ထား တဲ့လက်ကို မကြည့်ချင်ယောင်ဆောင်၍ ပြုံးကြည့်ကာ ...

"ဘာတော်လဲ၊ ရှင်းရှင်းပြော" စသဖြင့် ရိသဲ့ကြတော့ တာပဲဖြစ်ရာ "ဘာမှမပတ်သက်ပါဘူး" လို့ သူ့မှာ ဘယ်လို ရှင်းမရနိုင်ပါ။ ဘယ်လိုဆို ဘယ်လိုမှ ရှင်းမရနိုင်တော့ဘဲနှင့် သူ နှင့် မြတ်မျိုးဟာ ချစ်သူတွေ ဖြစ်ခဲ့ရကာ သူကတော့ "မြတ်မျိုး ကို ချစ်လိုက်တာ" လို့ ခုချိန်ထိ တစ်ခွန်းမှ မဆိုခဲ့ဖူးသည်က အမှန်တရား။

မြတ်မျိုးကတော့ သူလိုချင်တာ၊ သူပူဆာတာရလျှ "အဲဒါကြောင့် နင့်ကို ချစ်ရတာ" ဆိုပြီး ရွတ်ခနဲ။ အင်း _ မြတ်မျိုးကတော့ သူ့ကို ချစ်ရှာလှသည် ထင်ပါရဲ့ဟု သူ အားနာသနားလှသည်။

ဤအဖြစ်အပျက် အခြေအနေတို့ကို စိုးပိုင် နယ် ရောက်လာကတည်းက ဝီရက လုံးစေ့ပတ်စေ့ အပိုအလိုမရှိ





ဖွင့် ပြောပြထားတာမို့ စိုးပိုင် တစ်ယောက်မှာ "မင်း ... ငတုံးပဲ" လို့ ဝီရကို လက်သီးတဆုပ်ဆုပ်၊ အံတကြိတ်ကြိတ်။

"လောလောဆယ် သူ့ကို ဝယ်ခြမ်းပေးမဲ့သူက မင်းတစ် ယောက်ပဲရှိလို့ မင်းကို ရည်းစားလုပ်နေတာလို့ မှတ်ထား ပေါ့ကောင်၊ မြတ်မျိုး ခများတော့ ငါ့ကို ချစ်နေရှာမှာပဲလို့ အားနာမနေ သနားမနေနဲ့၊ မင်းထက် ပိုဝယ်ပေးနိုင်တဲ့၊ ပိုဖြည့်ဆည်းပေးနိုင်တဲ့လူကို အခုတွေ့ရင် အခု အဲဒီလူကို ပြောင်းရည်းစားထားလိုက်လိမ့်မယ်၊ မယုံကြည့်နေ"

ဒါက စိုးပိုင်ရဲ့ မညှာတာသော မှတ်ချက်ဖြစ်သည်။ စိုးပိုင် စကားဟာ မဖြစ်နိုင်ဘူးလို့ သူ လုံးလုံးမထင်ပါ။ ဖြစ်နိုင် သည်။ ဒါပေမဲ့ မြတ်မျိုး အပေါ် ဤသို့ ထင်မြင်ရတာကိုပင် သူ အားနာနေပါသည်။

"နင် ဟိုမှာ အော်ပရေးရှင်း လုပ်ရမှာမို့လို့၊ ကိုယ့်ကျန်းမာ ရေး အခြေအနေ ကိုယ်ဂရုစိုက်ဖို့ကိုတော့ ငါ ထူးပြီးပြော နေစရာတောင် မလိုပါဘူးနော် ဝီရ"

"အင်းပါ ... အေးပေါ့"

ဝီရက ပြီးလွယ်စီးလွယ် ခေါင်းပဲ ညိတ်လိုက် သည်။

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တာ အရင်ပြီးမှ ငါ့အတွက် ဖိနပ်ကိစ္စပေါ့၊ နော် ... ဝိရ"

"နင့်အတွက် ဝယ်လာပေးချင်ပါတယ် မြတ်မျိုးရယ်၊ ဒါပေမဲ့ ငါ အဲသလို ဈေးဝယ်ထွက်တဲ့ ကိစ္စမျိုး အပြင်ထွက်ဖြစ်ချင်မှ ထွက်ဖြစ်မှာလေ၊ ဆေးရုံက ဆင်းတာနဲ့ လေယာဉ်ပေါ်တက်ရဖို့ များတယ်"

"အိုး ... ကျောက်ကပ်အလှူခံတွေကလည်း၊ အလှူရှင်ကို တစ်ရက် နှစ်ရက်လောက်တော့ ဟိုတယ်မှာထားပြီး လည်ပတ်ခွင့် ပေးဦးမှပေါ့၊ သူတို့ကို ကျောက်ကပ်ကြီးတစ်လုံး လုံးပေးပြီး လိုတာရပြီးကာမှ တန်းပြီးပြန်တော့လို့ လွှတ်ရ မလား"

"ဒါက သူတို့အင်ပေါ် မူတည်တယ်လေ"

"နင် တောင်းဆိုကြည့်ပေါ့ဟဲ့ ဝိရရဲ့"

"သူတို့ကို တောင်းဆိုရင် ငွေရေးကြေးရေးအရရော၊ ငါ့ဆ ကို လိုက်လျောလိုတဲ့ သဘောကြောင့်ရော၊ သူတို့ကလ ခံမှာပါ၊ ဒါပေမဲ့ နင် စဉ်းစားကြည့်စမ်း မြတ်မျိုး၊ ငါက ချုပ်ရိုးဖြေပြီးရင် ပြန်လာလို့ရပေမဲ့ ကောင်မလေးက ထ ပြီးတာနဲ့ မပြီးသေးဘူး"





"ဘာဖြစ်လို့လဲ"

"ငါတို့က သွေးအုပ်စုတူပေမဲ့ ဆွေမျိုးမဟုတ်ဘူး၊ သူ့စိမ်းတွေဆိုတော့ တစ်ခါတစ်ရံမှာ အသစ်ဝင်လာတဲ့ ကျောက်ကပ်ကို လူ့ခန္ဓာကိုယ်က Reject လုပ်တတ်တယ်၊ အဲဒါကို ဆက်ပြီး စောင့်ရှောက်ကုသရဦးမယ်၊ သူ့အနေအထားက ပိုပြီးစောင့်ကြည့်ဂရုစိုက်ရဦးမဲ့ အနေအထား၊ သူ့အဖေမှာ သူ့သမီးအတွက် စိတ်ဒုံးဒုံးမချရသေးခင် ငါကတစ်မှောင့်နဲ့ ဟိုတောင်းဆို ဒီတောင်းဆို လုပ်နေလို့ ဘယ်သင့်မလဲ"

"ဘာဖြစ်လဲ၊ နင်လည်း ဘာမှတတ်နိုင်တာမှ မဟုတ်တာ၊ သူ့သမီး အခြေအနေကောင်းဖို့ ဆရာဝန်ပဲ တတ်နိုင်မှာပေါ့၊ သူတို့တွေ သူတို့ဟာသူတို့ ဆက်ကုသ၊ နင်လည်း နင့်ဟာနင် လျှောက်လည်ပေါ့၊ ဘာဖြစ်လဲ၊ သူ့အားနာပြီး ထိုင်နေရရင် ဘယ်မှ နင်ရောက်ဖူးလိုက်မှာ မဟုတ်ဘူး"

"ငါ အခြေအနေ ကြည့်လိုက်ဦးမယ်လေ"

"လူနာငယ်ငယ်ချောချောလေးနားချည်းပဲလည်း သိပ်ကပ်မနေနဲ့ဦး"

"အာ ... နင်ကလဲဟာ"

"ဟုတ်တယ်လေ၊ နင်က သနားတတ်ပါဘိသနဲ့ ဝိရရယ်၊ ဟိုကလည်း ကျေးဇူးရှင်ဆိုပြီး အရေးလုပ်နေမှာ မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



သေး၊ နင်ပဲ ချစ်စရာလေးဆို၊ ချစ်စရာမို့ ချစ်ပါသည်ဖြစ်နေဦးမယ်"

"ဘာဆိုင်လို့လဲဟာ၊ ဘာမှမဆိုင်ဘူး"

"အင်း ... မကြာခင် နင့်ကိုယ်ထဲက ကိုယ့်အင်္ဂါအစိတ်အပိုင်းတစ်ခုဟာ တခြားကောင်မလေးတစ်ယောက်ရဲ့ ကိုယ်ထဲကို ရောက်ရတော့မယ်နော်၊ သဝန်တိုစရာတော့ ကောင်းသား၊ မနာလိုတောင် ဖြစ်လာပြီ၊ စဉ်းစားကြည့်လိုက်ရင် အရမ်းကို ဆန်းကြယ်တဲ့ ပတ်သက်နေမှုတစ်ခုပဲ၊ သူစိမ်းလူသားတစ်ယောက်ရဲ့ ကိုယ်ထဲမှာ ကိုယ့်ရဲ့အစိတ်အပိုင်းပစ္စည်းတစ်ခုက တစ်သက်လုံး ရှိသွားတော့မှာနော်"

ဝိရလည်း ဒါကိုပဲစဉ်းစားကာ ဖန်တီးကြဲ့ဆုံလာတဲ့ ကံကြမ္မာကို ဆန်းကြယ်အံ့ဩနေမိတာပါ။ ဖြစ်တောင့်ဖြစ်ခဲ အဖြစ်မျိုးပဲ မဟုတ်လား။

"ဝိရ"

"အင်း"

"ငါ အဲဒီကောင်မလေးနဲ့ တွေ့ချင်သေးတယ်"

"ဟာ ... ဘာလုပ်ဖို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ ဒီလိုပဲ တွေ့ချင်တာ၊ ငါ့ကို သူ့အိမ်ခေါ်သွားပါလား"





ဝိရသည် မြတ်မျိုးကို စိတ်ညစ်ညစ်ကြည့်ကာ ...

"ဟာ ... ဘယ်ကောင်းပါ့မလဲဟာ၊ နေရင်း ထိုင်ရင်း သူ့အိမ်ကို နင့်ကို ခေါ်သွားပြီးတော့၊ အလုပ်မဟုတ်တာ"

"ဟဲ့ ... ဒီရက်ပိုင်း နင်လည်း ပါ့စ်ပို့ထ်ကိစ္စနဲ့ ဘာနဲ့ ဟိုကိုရောက်တဲ့အခါ ရောက်သွားနေတာပဲ မဟုတ်လား"

"အာ ... ဒါက ... သူ့အဖေ ဦးထင်ကျော်တို့ ကိုလတ်တို့နဲ့ပဲ လုပ်စရာရှိတာလုပ်၊ ပြောစရာရှိတာ ပြောနေတာပါ၊ ခဏခဏ ရောက်နေတာလည်း မဟုတ်ဘူး၊ ပထမတစ်ခါ သူ့ကိုခေါ်ပြတဲ့ တစ်ခေါက်ပြီးရင် နောက်တစ်ကြိမ်ပဲ ရောက်သေးတာပါ၊ ဒါလည်း ခဏလေးပဲ၊ ကိုလတ်တို့ ဦးထင်ကျော်တို့နဲ့ အပြင်မှာတွေ့တာပဲ များတယ်"

"တော်သေးတာပေါ့"

"ဘာတော်သေးတာလဲ"

"နင်တို့ချင်း သိပ်မနီးစပ်လို့ပေါ့"

ဝိရက ပြုံးကာ ခေါင်းယမ်းလိုက်ရင်း ...

"နီးစပ်စရာ ဘာအကြောင်းမှ မရှိဘူး၊ အဝေးကြီး၊ နင်က သူတို့ကို ဘယ်လိုအဆင့်များ ထင်နေသလဲ၊ ဟိုးအပေါ် အဝေးကြီးမှာ၊ သတ်သတ်စီပါ မြတ်မျိုးရာ"

"အမယ် ... ဒါကို နင်က ကြွေနေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဆိုင်လို့လဲဟ"

"မသိဘူး၊ ငါ့စိတ်ထဲမှာ မနာလိုသလိုပဲ ဖြစ်နေတယ်၊ နင့်ပါးစပ်ကနေ ပီတိ ဆိုတဲ့ နာမည်ကို စ,ကြားလိုက်ရကတည်းကစပြီး စိတ်ထဲမှာ ထင့်တင့်တင့် ခုတုတုနဲ့၊ ဒီနာမည်ဟာ တစ်နေ့သောအခါ အရေးပါပါ ဖြစ်လာမယ်လို့ချည်း ထင်နေတယ် ...

နင့်ကို ကြည့်ရတာလည်း ဒီရက်ပိုင်းမှာ မျက်နှာအမူအရာ ပြောင်းနေတယ်၊ အေးလေ ...၊ အခု နင်ခေါ်သွားချင်ရင်လည်း ထားပါ၊ ပြန်လာပြီးရင်တော့ တွေ့ဖြစ်အောင်ကို တွေ့မယ်"

"ဘာလုပ်ဖို့လဲ"

ဝီရက တကယ်ပဲ နားမလည်စွာ မေးမိသည်။

"နင့်မှာ နင့်ရည်းစား ငါရှိကြောင်း သူ သိထားဖို့ပေါ့"

စိုးပိုင်သည် နားကြားပြင်း ကတ်လာကာ ...

"နင် ဝီရကို သိပ်စိတ်ပူမနေနဲ့၊ ဟိုက ဂရိတ်တွေ၊ ဂရိတ်တာမှ ဒီမှာခွင့်မပြုလို့သာ၊ ခွင့်ပြုရင် ကိုယ်ပိုင်လေယာဉ်ဝယ်စီးနိုင်မဲ့ လူတန်းစားမျိုးတွေ၊ နားလည်ပြီလား၊ နင်တို့ငါတို့နဲ့ မတိမ်းမယိမ်းလေးသာတဲ့ အဆင့်လောက် ထင်နေနဲ့"





"အောင်မာ ... ကြီးကျယ်လိုက်တာ"

"ပြီးတော့ ဟိုက ... အေးအေးလေး၊ ကလေးလိုလေး"

"အေးပါ ... နင်တို့ရဲ့ ချစ်စရာကလေးလေးကို ငါ မြင်ဖူးအောင်ကို ကြည့်ထားပါဦးမယ်၊ ဟင်း ..."

www.burmeseclassic.com







ထိုမှ . . .

အချိန်ကာလ (၃)လကျော် . . .

ဖြတ်သန်းလွန်မြောက်တဲ့အခါ . . .။

www.burmeseclassic.com

www.burmeseclassic.com







## ၅

ဝီရသည် သူ့ခုတင်ဘေးက မီးအုပ်ဆောင်း နီနီလေးကို ခပ်မှိန်မှိန် ထ,ထွန်းလိုက်ပြီး ခုတင်ပေါ်မှ ဘေးတစ်ဖက်သို့ ခြေချ၍ ထိုင်နေလိုက်ပါသည်။ တံတောင်ဆစ်နှစ်ဖက် ဒူးပေါ် ထောက်၊ လက်နှစ်ဖက်ကိုယှက်ကာ မေးစေ့တင်၍ ထောက်ထားတဲ့ပုံစံနှင့်။

သူ့မျက်လုံးတို့က စာရေးစားပွဲငယ်ပေါ်မှ စားပွဲတင်ပြက္ခဒိန်ကလေးကို လှမ်းကာကြည့်နေသည်။ ညသန်းခေါင်ကျော်ပြီဆိုတော့ နောက်တစ်နေ့ထဲကို ကူးဝင်ရောက်ပြီ။ ထိုနေ့ကို ပြက္ခဒိန်ထဲမှာ သူ မင်နီနှင့် ဝိုင်း၍မှတ်သားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝီရ"

"ဟာ ... စိုးပိုင်၊ မအိပ်သေးဘူးလား၊ ငါ မီးဖွင့်လိုက်လို့ နိုးသွားတာလား"

"အိပ်မပျော်သေးတာပါ၊ မင်း အိပ်မပျော်တာလည်း သိနေတာကိုး၊ ဟိုဘက်ကနေ လှိမ့်လိုက် လှည့်လိုက် ဆောင်းလိုက် မှောက်လိုက် လူးပျံနေတာကိုး"

"အေး ... ငါ စိတ်တွေလှုပ်ရှားနေလို့ကွ၊ လျှောက်တွေးနေမိတယ်"

"အင်း ...၊ မင်း ဘာမှတွေးမနေနဲ့ ဝီရ၊ မင်း လုပ်ချင်တာကို လုပ်လိုက်စမ်းပါ၊ ငါ တိုက်တွန်းတယ်"

"ငါ ဘာလုပ်ချင်နေလို့လဲ"

"မင်း နက်ဖြန် ပီတိကို လေဆိပ်မှာ သွားကြိုချင်တယ်၊ တွေ့ချင်တယ် မဟုတ်လား"

ဝီရသည် စိုးပိုင် ရိပ်မိနေတာကို အံ့သြစွာ ရှက်တက်တက်နှင့် ပြုံးရယ်လိုက်ပါသည်။

"အဲဒါ သွားကြိုပေါ့ကွ၊ ဘာဖြစ်လဲ"

"ငါက ကြိုခွင့်ရှိလို့လား"





"ဘာလို့ မရှိရမှာလဲ၊ မင်းမှာ ပီတိနဲ့ ပတ်သက်ရင် သူ့အတွက် မထိခိုက်တာ ဘာမဆိုလုပ်ခွင့်ရှိတာပဲ၊ မင်းရဲ့ကျောက်ကပ်တစ်လုံးလုံးကို သူ့ဗိုက်ထဲ ထည့်ပေးထားတာပဲ၊ သူ့ကို သတင်းမေးတာ မဟုတ်တောင် မင်းရဲ့ကျောက်ကပ်လေးကို သတင်းသွားမေးလို့ ရတယ်"

ဝီရက ရယ်မောလိုက်ပါသည်။

စိုးပိုင်နှင့် စကားပြောလိုက်ရတဲ့အတွက် စိတ်နည်းနည်း ပေါ့ပါးချမ်းသာလာသလိုပင်။ အမှန်ကို ဝန်ခံရရင် သူ့ရင်တွေ ခုန်ပေါက်လှုပ်ရှားနေပါသည်။ ပီတိရဲ့မျက်နှာကလေးကို သူ မြင်ယောင်လွမ်းဆွတ်နေခဲ့သည်။

သူက တစ်လကျော်စောပြီး အိမ်ပြန်လာခဲ့ရပါသည်။ သူ့ကျောက်ကပ်ကို ခွဲစိတ်ထုတ်ယူပြီး အနာကျက် ချုပ်ရိုးဖြေပြီးတဲ့အခါ သူ့အခြေအနေလည်း အိုကေမို့ ဆေးရုံက ဆင်းခွင့်ရခဲ့သည်။ မြန်မာပြည်လေဆိပ်မှာ ကိုလတ်နှင့် စိုးပိုင် လာကြိုဆိုနေပါသည်။

သူ့အခြေအနေဟာ ထုံးစံအတိုင်း ခြောက်လအလေးအပင် မ,မရ။ စိတ်ပင်ပန်း လူပင်ပန်း မခံရ။ ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားသွားလာရမှာမျိုးတွေကို ခြောက်လ ဆင်ခြင်ရှောင်ကျဉ်နေပြီးရင် သာမန်လူတစ်ယောက်လိုပဲ ဖြစ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခြောက်လအတွင်း ရိုးရိုးတန်းတန်း သွားလာလှုပ်ရှားတာမျိုး နေ့စဉ်ပြုမူဆောင်ရွက်စရာတွေ ဆောင်ရွက်တာမျိုး အားလုံး လုပ်ကိုင်လို့ ရပါသည်။ ပြန်ရောက်တဲ့နေ့မှာပင် ကိုလတ် ကြိုခေါ်သွားတဲ့ အိမ်ခန်းတစ်ခုကို သူ အူကြောင်ကြောင်နှင့် ပါလာရသည်။

မြေညီထပ် မဟုတ်ပေမဲ့ ပထမထပ် တိုက်ခန်းကလေးဟာ လှေကားဆယ့်နှစ်ထစ်ပဲ နင်းတက် ကျော်ဖြတ်ရပါသည်။ အရင်က သူတို့ငှားရမ်းနေထိုင်ခဲ့တဲ့ ခြောက်လွှာတိုက်ခန်းလိုတော့ အမောဆို့အောင် အမြင့်မတက်ရ။

သူ့ခွဲစိတ်ထားတဲ့ အခြေအနေနှင့် ခြောက်ထပ်ထိတက်ဖို့ မ[illegible]င့်တာမို့ ယာယီနေဖို့ ထင်မိကာ ...

"ဒါ ... ဘယ်သူ့အခန်းလဲ ကိုလတ်"

"ဒါ မင်းအခန်း ဝိရ"

ဝိရသည် နှုတ်ပိတ်ပြီး ရင်ထဲ၌ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ချက်ချင်း သဘောပေါက်လိုက်ကာ ဝမ်းနည်းသလိုလို ငိုချင်သလိုလို ဖြစ်သွားပါသည်။ တကယ့်ကို (မမြင်ဖူးသေးခဲ့တဲ့ လူတစ်ယောက်ကို) စေတနာသန့်သန့်နဲ့ လှူဖို့ဆုံးဖြတ်ခဲ့တဲ့ သူ့ရဲ့ကျောက်ကပ်တစ်လုံးဟာ သိန်းရာကျော်ချီပြီး တန်ဖိုးရှိတယ်လို့ သူ မတွေးမိပါ။





သူ့မျက်နှာ တစ်မျိုးညှိုးသွားတာကို ကြည့်ပြီး ...

"ဘာမှ တွေးမနေနဲ့ ညီလေး၊ ဒီအိမ်ခန်းက တန်ဖိုးဖြတ်လို့ ရပါတယ်၊ မင်းကျောက်ကပ်ကသာ ပီတီအသက်ကို ဆက်လက်ရှင်သန်စေခဲ့တဲ့အတွက် ဘယ်လိုမှ တန်ဖိုးဖြတ်မရပါဘူး"

ပေနှစ်ဆယ်လောက်တောင် ကျယ်ဝန်းတဲ့ တိုက်ခန်းဟာ အရင်ငှားနေခဲ့တဲ့ အခန်းထက် နှစ်ဆလောက် ကျယ်နေသည်။ အိမ်ခန်းထဲမှာ အိပ်ခန်း၊ ထမင်းစားခန်းတို့ ဖွဲ့ထားသည်။ သပ်ရပ်ခန်းနားတဲ့ ဤတိုက်ခန်းထဲမှာ မျက်စိခွဲစိတ်ထားပြီး မျက်မှန်ကြည်ကြည် လှလှလေးနှင့် နုပျိုရွှင်ပျ ဖျတ်လတ်နေသော အမေ့ကို တွေ့ရတဲ့အခါ သူ မျက်ရည်လည်အောင် ကြည်နူးချမ်းမြေ့ပါသည်။

ရောက်ရောက်ချင်း သူ အလုပ်လည်းမဆင်းရသေး။ ရက်နှစ်ဆယ်တိတိ ဆိုင်ကိုမလာဘဲ အနားယူနေဖို့ ကိုဦး ကိုယ်တိုင် ဖုန်းဆက်ပြောပါသည်။ ကိုလတ်ရဲ့ အစီအစဉ်တွေပဲ ဖြစ်လိမ့်မည်။

ကိုယ့်ရဲ့စေတနာနှင့် ကိုယ့်ရဲ့အလှူဒါနက မွန်မြတ်သန့်စင်ပြီးသားပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မျှော်မှန်းထားတာ မဟုတ်။ သို့ပေမဲ့ တစ်ဖက်က တာဝန်ကျေတာထက် လွန်အောင်ပင် ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်လာတဲ့အခါ ကိုယ့်အပေါ်မှာ ဝန်တစ်ရပ် ပြန်ပိသလို ခံစားရပါသည်။

ဝီရသည် ပီတိရဲ့အဖေ လက်ဆောင်ပေးအပ်တဲ့ တိုက်ခန်းကလေးထဲမှာနေရင်း ပီတိကို သတိရနေသည်။ သတိရရင် ပီတိရဲ့ဓာတ်ပုံကို ထုတ်ကြည့်မိသည်။ ဓာတ်ပုံဆိုပေမဲ့ အလှအပ ရိုက်ထားတဲ့ပုံတော့ မဟုတ်။ ဆေးရုံပေါ်မှာ ရိုက်ထားတာ ဖြစ်ပါသည်။

ဆေးရုံကလည်း မှတ်တမ်းအဖြစ် ရိုက်တဲ့ပုံတွေ ရှိသည်။ သူတို့ဘာသာ ရိုက်တာတွေလည်း ပါပါသည်။

တစ်ပုံမှာတော့ သူနှင့် ပီတိ တွဲရက်။ ဘေးမှာ ဦးထင်ကျော်လည်း ပါသည်။ ဆရာဝန်ကြီးလည်း ပါပါသေးသည်။ သူရော ပီတိရောဟာ ဆေးရုံဝတ်စုံ အပြာနုနုတွေနှင့်။ ဆေးရုံ ခုတင်ပေါ် ပီတိ လဲလျောင်းရက်သားပုံလည်း သူ့မှာရှိသည်။ ဤ ဓာတ်ပုံလေးတွေသာ သူ့အတွက် သတိရစရာ မှတ်တမ်းလေးတွေ။

နိုင်ငံရပ်ခြားက ဆေးရုံကြီး တစ်ရုံပေါ်မှာ သူနှင့် ပီတိတို့ ခင်မင်ခဲ့ကြပါသည်။ မခင်မင်ဘဲလည်း မနေနိုင်။ တိုင်





ပင်ဆွေးနွေးစရာ၊ ပြောဆိုရင်ဖွင့်စရာ၊ သူတို့ ဒီသုံးယောက်ကလေးပဲ ရှိတာ။ ဘေးပတ်လည်မှာက လူမျိုးခြားတွေချည်းသာ။

ဦးထင်ကျော်ကလည်း သူ့ကို ခင်ခင်မင်မင်နှင့် အစစအရာရာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး တိုင်ပင်သည်။ ပီတိကလည်း ဝီရကို သံယောဇဉ်ကြီးစွာ ခင်မင်အားကိုးလှပါသည်။

သူက ခွဲစိတ်ဒဏ်ရာကျက်ပြီး ချုပ်ရိုးဖြေပြီး ပြန်နှင့်ရတော့မည် ဆိုတဲ့အခါ ပီတိမှာ မျက်ရည်လေးပင် လည်လာသေးသည်။

"ရန်ကုန် ပြန်ရောက်မှ ပြန်တွေ့မယ်နော် ကိုကိုဝီရ၊ ပီတိ နေမြန်မြန်ကောင်းပြီး ဆေးရုံက မြန်မြန်ဆင်းရဖို့လည်း ဆုတောင်းဦးနော် ကိုကိုဝီရ"

"ဆုတောင်းနေမှာပေါ့ ပီတိရယ်၊ ပီတိလည်း သိပ်မကြာခင် ပြန်ရမှာပါ၊ ဆရာဝန်တွေစကား နားထောင်ပြီး နေကောင်းအောင်နေနော်"

"ပီတိက အခုတောင် တစ်ခါတည်း ပြန်ချင်နေပြီ"

"ပီတိကို ပိုနေကောင်းအောင် စောင့်ကြည့်ရဦးမှာလေ"

"ကိုကိုဝီရ ရှိနေတာ ပိုအပျင်းပြေတယ်၊ နော် ဖေဖေ၊ ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့၊ ဝီရရှိတော့ သမီးက အဖော်ရနေတာကိုး ဒီမှာ သူငယ်ချင်း ရှိသလို သမီးက ဖြစ်နေတာ၊ ဖေဖေချည်းပဲ ကျန်မယ်ဆိုတော့ ငါ့သမီးက ပျင်းပြီပေါ့ ... ဟား ဟား"

"ကိုကိုဝီရကို မပြန်ခိုင်းပါနဲ့ဦးလား ဖေဖေ"

"ဩော် ... သမီးကလည်း၊ ဝီရက ဟိုမှာ သူ့အမေလည်း ရှိသေးတယ်၊ သူ့အလုပ်ကလည်း ရှိသေးတယ်၊ ဒီမှာကြာလေ ဟိုမှာ လစ်ဟင်းတာများလေပေါ့ သမီးရဲ့၊ သမီး ပျင်းတာတစ်ခုတည်း ကြည့်လို့ဘယ်ရပါ့မလဲကွယ်"

ပီတိမှာ ဝမ်းပန်းတနည်းလေးလို ဖြစ်နေသည်။

ဆေးရုံမှာလည်း နေ့စဉ်နဲ့အမျှ အချိန်နဲ့အမျှ တွေ့နေရတာတော့ မဟုတ်ပါ။ အော်ပရေးရှင်းအသီးသီး လုပ်ထားတဲ့ ရက်ပွေတုန်းက မတွေ့ကြရ။ ဝီရ လမ်းလျှောက်လို့ရမှ ပီတိ တွန်းလှည်းနဲ့ သွားလာလို့ရမှ ဆေးရုံဝင်းထဲ လျှောက်ပတ်နေပြီး ကြတာပင်။

အမြဲတမ်း သူနာပြုဆရာမ ဘေးမှာ ပါပေမဲ့ ဝီရတို့ စကားတွေ သူက နားလည်တာမဟုတ်။ ဦးထင်ကျော်က တစ်ခါ တစ်ရံ အနားမှာပါသည်။ တစ်ခါတစ်ရံ မပါ။ ဤအချိန်တာကလေး





တွေမှာ တစ်ရက်ထက်တစ်ရက် တစ်ယောက်ကိုတစ်ယောက် ခင်မင်သံယောဇဉ်တွယ်လာကြတာပင်။

ပီတိဟာ ကလေးလေးလိုပင်။

သူ့စိတ်ထဲရှိတာကို ဘွင်းဘွင်းနှင့် မချွင်းမချန် ပြောတတ်သည်။ သူ သိချင်တာကိုလည်း ကလေးတစ်ယောက်နှယ် မေးတတ်ပါသည်။ သူ့အကြောင်းကိုလည်း သူ စကားစပ်မိသလောက် လျှောက်ပြောနေတတ်ကာ ဝီရအကြောင်းကိုလည်း ဟိုမေးဒီမေး လုပ်တတ်၍ အချိန်တိုအတွင်းမှာပင် ဝီရနှင့် ပီတိမှာ တစ်ယောက်အကြောင်း တစ်ယောက် အတော်အသင့် သိခဲ့ကြပြီ။

အားထားစရာ ရင်းနှီးစရာ အဖော်သဟဲပြုစရာ ဒါပဲရှိ၍ အချိန်နှင့် မတန်တဆ သူတို့ ခပ်မြန်မြန် သံယောဇဉ်တွယ်ခဲ့ကြတာပင်။ ငယ်ငယ်ကတည်းက ချူချာသူလေးတစ်ယောက် ဖြစ်ခဲ့တဲ့ ပီတိဟာ သနားစဖွယ်ပင်။

သူ ပြန်မဲ့နေ့က ငိုမဲ့မဲ့ဖြစ်ကျန်ရစ်ခဲ့ပုံကိုလည်း သူ့ မျက်လုံးထဲက ဖျောက်မရနိုင်ပါ။ အဲဒါကြောင့်လည်း တစ်နေ့ ပြေတ် သတိရမိသည်။ ဖုန်းလေးဘာလေးများ ပြောခွင့်ရလျှင် ပြောချင်ပေမဲ့ အဆင်မပြေနိုင်တာမို့ ဆန္ဒကို မေ့မေ့ပျောက်ပျောက် ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အလုပ် စ,ဆင်းတဲ့ ရက်ပိုင်းတစ်ရက်မှာတော့ ဆိုင်ကို ကိုလတ် ရောက်လာသေးကာ ...

"မနေ့ကတောင် ဖေဖေနဲ့ ပီတီ ဖုန်းဆက်ကြတယ်ကွ၊ ပီတီက မင်း နေကောင်းရဲ့လား မေးတယ်၊ သူ မေးတာကို လည်း ပြောဖြစ်အောင် ပြောလိုက်ပါဦးတဲ့ကွာ"

"ဒီတစ်ခါဆက်ရင် ကျွန်တော်ကလည်း သတင်းမေးတယ်လို့ ပြောလိုက်ပါဦး ကိုလတ်၊ သူကော နေကောင်းရဲ့လား"

"ပီတီက နေကောင်းပါတယ်၊ ဆေးရုံကသာ မဆင်းရသေးတာ"

"ဘယ်နေ့လောက် ဆင်းရမယ်တဲ့လဲ ကိုလတ်"

"သိပ်မလိုတော့ပါဘူး၊ သူ့အခြေအနေ ကောင်းနေတာပဲ ဆင်းရတော့မှာပါ"

ကိုလတ်ထံမှ သူ့ကို သတင်းမေးတယ်ဆိုတာကလေး ကြားရရုံမျှနှင့်လည်း သူ ကျေနပ်စိတ်ချမ်းသာနေမိခဲ့သည်။ ပီတီ အခြေအနေကောင်းတယ် နေကောင်းတယ်ဆို၍လည်း စိတ်အေး ရသည်။

ပီတီကို လွမ်းသလိုရှိတိုင်း စိုးပိုင်ကို ပီတီအကြောင်း တွေ ပြောပြမိသည်။ သူ သိထားရသမျှ ပီတီရဲ့အကြောင်းတွေ





ကော၊ ဟိုဆေးရုံမှာ ဖြစ်ပျက်ပြောဆိုခဲ့သမျှတွေကော စိုးပိုင်ပါ အလုံးစုံ သိနေပြီးဖြစ်တော့သည်။ မြတ်မျိုးကို လုံးဝ ကြည့်မရဘဲ မြတ်မျိုးအကြောင်း စကားစပ်မိရင် မဲ့ကာရွဲ့ကာ ရှိတတ်တဲ့ စိုးပိုင်ဟာ ပီတီအကြောင်း စကားစပ်မိရင်တော့ တပြုံးပြုံးနှင့် စိတ်ဝင်တစား ဟိုမေးဒီမေး ရှိတတ်သည်။

ပီတီအပေါ် သူ သံယောဇဉ်ရှိတာကိုလည်း စိုးပိုင် သိနေပါပြီ။ ဒါကြောင့်သာ ဒီစကားမျိုး ပြောတာ။

"မင်းလည်း သူ့ကို သံယောဇဉ်ရှိတယ်၊ သူလည်း မင်းကို သံယောဇဉ်ရှိတယ်၊ မင်းတို့နှစ်ယောက်ကြားထဲမှာ ဒီလောက် ထူးခြားတဲ့ ဆက်သွယ်မှုကြီးရှိနေတာ၊ မင်း သူ့ကို လေဆိပ် မှာ သွားကြိုချင်တာ အပြစ်မဟုတ်ပါဘူးကွာ"

ဝီရ ငိုင်နေမိပါသည်။ မနက်ဖြန်ဟာ သူတို့ရဲ့ အလုပ်နားရက်လည်းဖြစ်၍ သူ အားလပ်နေပါသည်။ နောက်မှ အိမ်သွားလည်တာ၊ သတင်းမေးတာကတစ်မျိုး။ လေယာဉ်ပေါ်က ဆင်းလာပြီး မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်း ပီတီရဲ့ မျက် နှာကလေး ဘယ်လိုရှိမလဲ သိချင်သည်။ အဲဒီမျက်နှာလေး နွမ်းနယ် နေလား၊ ဝေဒနာခံစားနေရလား၊ ပြုံးပျော်နေလား တစ်ဆင့်စကား နှင့်မဟုတ်ဘဲ သူ ကိုယ်တိုင်ကိုယ်ကျ အရင်ဦးဆုံးတွေ့ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤခံစားချက်မျိုး သူ့မှာ ဖြစ်နေတာကို သူ့ကိုယ်သူ အပြစ်မကင်းသလိုလည်း ခံစားနေရပါသည်။ သူဟာ မြတ်မျိုးဆိုတဲ့ ချစ်သူတစ်ယောက် ရှိနေတဲ့ ယောကျာ်းတစ်ယောက်။ အင်း... သူနဲ့ မြတ်မျိုးဟာ ...။ ဗီရက ခေါင်းတစ်ချက် ဖြည်းဖြည်း ယမ်းလိုက်မိပါသည်။

"ဘာလဲ ဗီရ၊ မင်း မြတ်မျိုးကို တွေးလိုက်တယ် မဟုတ်လား"

"စိုးပိုင် ... မင်း သိနေတာတွေကလည်း လွန်လွန်းအားကြီးပြီကွာ"

"မင်းနဲ့ငါက တစ်ယောက်ကိစ္စ တစ်ယောက် မချွင်းမချန် ပြောပြီး အတူနေ၊ အတူအလုပ်လုပ်၊ တစ်ခန်းတည်း အိပ်နေတဲ့ သူတွေပဲကွာ၊ မင်းက ရိုးဖြောင့်လွန်းတော့ မင်းကို ငါ နှစ်ကိုယ့်တစ်စိတ်လို အရှင်းသားကြီး မြင်နေရတယ်"

"ပီတိနဲ့ ငါက ရေ့လျှောက် ဘာဇာတ်လမ်းမှ ဆက်စရာမလိုတော့ဘူးထင်တယ် စိုးပိုင်"

"မင်းက တကူးတက ဆက်နေစရာမလိုဘဲ သူ့ရေစက်နဲ့သူ ပါလာပြီးသားဆိုရင် ဇာတ်လမ်းက အလိုအလျောက်





ဆက်သွားနေမှာပါ၊ မနက်ဖြန် မင်း သူ့ဆီ မသွားလည်းဘဲ ပီတိက ဒီကို ရောက်ပြီးတဲ့နောက် မင်းကို မဆက်သွယ်ဘဲ ငြိမ်ငြိမ်ကလေး ပြီးသွားမယ်ထင်လို့လား"

မထင်ပါ။ ပီတိ သူ့ကို ဆက်သွယ်မှာပဲ ဆိုတာကို သူ သိနေပါသည်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## ၆

လေဆိပ်ကြိုဆိုခန်းမထဲ ရောက်တော့ ကိုလတ်တို့ လင်မယားနှင့် တွေ့သည်။ ပီတိရဲ့အစ်မ 'မကြည်နူး'က သူ့ကို အလေးတယူပင် ...

"ကိုဝီရ နေကောင်းတယ်နော်"

"ဟုတ်ကဲ့၊ ကောင်းပါတယ် မကြည်နူး"

"နားနားနေနေတော့ နေဦးနော်၊ ပီတိက ဖုန်းဆက်တိုင်း အမြဲပြောတယ်၊ ကိုဝီရက ခြောက်လလောက် ဘာမှ ပြင်းပြင်းထန်ထန် မလုပ်ရဘူးနော်၊ သတိပေးဦးနဲ့၊ ကျွန်မက ပြောရတယ်၊ သူလည်း သူ့ကိုယ်သူ သိပါတယ်ဟယ်လို့၊ သူ့ကိုလည်း ဆရာဝန်တွေက မှာလိုက်တာပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် ဆရာဝန်တွေ မှာလိုက်တာတွေ အမြဲ သတိထားလိုက်နာပါတယ်၊ ဆေးလည်း မှန်မှန် သောက်ပါတယ်၊ ဟိုးအရင် နဂိုနေအတိုင်းပဲ အပြည့်အဝ နေကောင်းပါတယ် မကြည်နူး"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်ရှင်"

"ကျွန်တော် ပီတီ အခြေအနေလည်း မြင်ချင်လို့ လာတာပါ မကြည်နူး"

ဝီရက မလုံမလဲနှင့် ဘယ်သူမှ ရိုက်မစစ်နေပါဘဲ ပြောနေတာကို စိုးပိုင်က ရယ်ချင်သလို ကြည့်ပါသည်။

"အင်းပေါ့၊ ကိုဝီရကလည်း ကျောက်ကပ်ပေးထားတဲ့သူပဲ၊ ပီတီ အခြေအနေကို သိချင်မှာပေါ့၊ ကျွန်မတို့လည်း အခြေအနေ ကောင်းပါတယ်ဆိုတာတောင် စိတ်လှုပ်ရှားနေကြသေးတာပဲ၊ ကိုဝီရလည်း ကျန်းမာပြီး ခုလို သူ့ကို လာကြိုနိုင်တာတွေ့ရင် ပီတီလည်း စိတ်ချမ်းသာမှာ"

သူ လာတဲ့အတွက် ပီတီရဲ့ အစ်မလင်မယားမှာ စိတ်အနှောင့်အယှက် ဖြစ်ပုံမရတဲ့အတွက် ဝီရ စိတ်အေးရသည်။

မကြာခင် သူတို့ စောင့်မျှော်နေတဲ့ လေယာဉ်ကြီးက ဝင်လာခဲ့ပါပြီ။ လေယာဉ် ဆိုက်တာ သိရပြီး အတော်နှင့် ထွက်





မလာသေးတဲ့အတွက် ကြည်နူးက စိတ်စောစွာ မှန်ချပ်ကြီးကို မျက်နှာအပ်ရင်း အတွင်းဘက်က ခရီးသည်တွေဆီ လှမ်းကြည့် ရှာဖွေနေသည်။

ဝီရလည်း ခပ်လှမ်းလှမ်းက တစ်နေရာကို သွားကာ မှန်ချပ်မှတစ်ဆင့် အတွင်းဘက်ကို လှမ်းရှာဖွေနေမိပါသည်။ ခပ်ဝေးဝေးက ခရီးသည်တွေဟာ ကောင်တာတွေကို ဖြတ်သန်းကာ ရောထွေးရှုပ်ယှက်ခတ်နေ၍ ဘယ်သူဟာ ဘယ်ဝါရယ်လို့ ကွဲကွဲပြားပြား မသိနိုင်။

"စိုးပိုင်"

"အေး ..."

"ဟိုးက ဂါဝန်ဖြူတူတူလေးနဲ့က ပီတီထင်တယ်"

"ဘယ်ဟာလဲ ..."

"ဘယ်ဘက်ခြမ်းမှာ၊ ဟိုးချောင်ကလေးမှာ တွေ့လား၊ လပ်ဂေ့ဂျ်တွေနားမှာ ရပ်နေတာလေ၊ အဲဒါ ပီတီ ဖြစ်မယ်နော်"

"ငါ မသဲကွဲဘူးကွ၊ ငါက နှစ်ကြိမ်လောက်ပဲ မြင်ဖူးတာပဲဥစ္စာ၊ မင်း ပြောတဲ့သူကိုတော့ တွေ့တယ်၊ ပီတီ ဟုတ်မဟုတ် မကွဲပြားဘူးကွ"

"တွေ့လားဟင် ကိုဝီရ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရ လက်ညှိုးညွှန်ပြနေတာတွေ့၍ ကြည်နူးက သူတို့အနား ရောက်လာသည်။

"သေတော့မသေချာဘူး၊ ဟိုထောင့်က ဂါဝန်ဖြူလေးလား လို့"

"ပန်းစည်းတွေနား ရပ်နေတာ"

"ဟုတ်ကဲ့"

"ဟယ် ... ညီမလေးက ဒီထက်ပိန်တယ်ထင်တယ်၊ အဲဒါ လေးက ပြည့်ပြည့်ဖြိုးဖြိုးလေးလိုပဲ၊ အဲဒါ ပီတိ မဟုတ်ဘူး ထင်တယ်"

"ကျွန်တော်က ပီတိများလားလို့"

မကြာခင် မထွက်မနေ ထွက်လာမှာဖြစ်လျက် အဝေးကြီးကနေ မမြင်မကမ်း မသဲမကွဲနှင့် မှန်းဆငြင်းခုန်နေကြ ရသည်မှာ ရယ်စရာတော့ ကောင်းပါသည်။

နိုင်ငံခြားသားတွေက အရင်စောစွာ ထွက်လာကြကာ တဖွဲဖွဲနှင့် လူအတော်ကလေးရှင်းတော့မှ ခပ်လှမ်းလှမ်းမှ သားအဖ နှစ်ယောက်သား လပ်ဂေ့ဂျ်လှည်းကို တွန်း၍ လျှောက်လာတာမြင် သည်။

"ဟိုမှာ ... ဟိုမှာ ... ဖေဖေ၊ ဟုတ်တယ်၊ ကိုဝီရ ပြောတာ မှန်တယ်တော့၊ အဲဒီ ဂါဝန်ဖြူလေးနဲ့ဟာ ပီတိကိုး"





ကြည်နူးသည် ဝမ်းပန်းတသာ တဆွေ့ဆွေ့လေး ခုန်နေကာ ကြိုဆိုသူတွေ အနီးမကပ်ရအောင် ကာရံထားတဲ့ နေရာအစပ်က အပေါက်ဝအထိ ပြေးကာ ကြိုနေပါသည်။

"ဟုတ်တယ် လာပြီ၊ ကိုဝီရက မျက်စိတော်တော်ကောင်း တာပဲ"

အဲဒါဟာ အဝေးမြင်ကွင်းကို မျက်စိကောင်းလွန်း၊ ပြတ်သားလွန်းလို့ မဟုတ်ပါဘူး မကြည်နူးရေ။ မေးထောက်ပုံလေး၊ ခေါင်းငဲ့ပုံလေး၊ လှုပ်ရှားပုံလေးတွေကို တရင်းတနှီး အလွတ်ရသလို သေချာမှတ်မိနေတာပါ။ အဝေးကြီးကပေမဲ့ မတ်တတ်ရပ်နေပုံ ကလေးကိုက ဒါပီတိပဲလို့ သေချာနေတာဟာ မျက်စိရဲ့ အစွမ်း မဟုတ်ပါဘူး။

ဦးနှောက်မှတ်ဉာဏ်ရဲ့ အစွမ်းလို့လည်း သူက မဆိုချင်ဘဲ အတိအကျ အသေအချာ ခုန်ပေါက်လှုပ်ရှားလာတဲ့ သူ့နှလုံးသားရဲ့အစွမ်းလို့သာ ဆိုချင်ပါတော့သည်။ လူတွေက တော့ ပိုတယ်ဆိုကြမှာပေါ့။ ဆိုချင်ဆိုပါတော့၊ မသဲကွဲဘဲနှင့်ကို ဒါ ပီတိပဲလို့ ဒီတစ်ယောက်တည်းကိုပဲ သေချာနေခဲ့တာပါ။

"ပီတိ ... ပီတိရေ ... ညီမလေး၊ ဖေဖေရေ ... သမီး ဒီမှာ"

သူတို့ ထွက်လာမဲ့ အပေါက်ဝတည့်တည့်မှာပဲ ရပ်နေပေမဲ့ ကြည်နူးက သူ့ကို မတွေ့မှာစိုးသလို တခုန်ခုန် အော်



www.burmeseclassic.com

www.burmeseclassic.com



နေပုံကို ကိုလတ်က ပြုံးနေပါသည်။ ဝီရက နောက်နားလေး ဆုတ်ပြီး အနည်းငယ် ခွာခွာလေး လျှိုနေလိုက်သည်။

သူ့ကို တွေ့တဲ့အခါ ဟိုမှာ ဆေးရုံတက်နေကြတုန်းကလို ပီတိ ဟက်ဟက်ပက်ပက် ခင်ခင်မင်မင် ရှိပါဦးမလားဆိုတာကို မယုံကြည်ရဲကာ အကယ်၍များ ပီတိဘက်က စိမ်းတိမ်း ဖြစ်နေရင် သူ ဟိုလိုလို ဒီလိုလိုနှင့် နောက်ဆုတ်ပြန်ဖို့ လွယ်ကူအောင်လို့ပါ။

သူ့ကျောကို စိုးပိုင်က နောက်က လက်နှင့် တွန်းနေ၍ ဝီရက တောင့်ခံထားသည်။

"မမ ... ကိုကိုလတ်"

"ညီမလေး ... နေကောင်းတယ်နော်"

"ကောင်းတယ် မမ၊ နေလို့ အရမ်းကောင်းတယ်"

"ခရီးပန်းသေးလား၊ မောသေးလား"

"မမောဘူး မမ"

ပီတိသည် မမကို နှုတ်ဆက်စကားပြောရင်း မျက်လုံးကလေးက ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေနေမိပါသည်။ ဒီနေ့ ပြန်လာမှာ ဝီရကိုလည်း ပြောဦးလို့တော့ ကိုကိုလတ်ကို မှာထားပါသည်။ ကြိုပါလို့တော့ မကောင်းတတ်၍ မမှာရပါ။

ဝီရကို ပီတိ လွမ်းဆွတ်နေပါသည်။





ဆေးရုံကနေ အိမ်ကို ဖုန်းဆက်နေတုန်းကလည်း တစ်ရက်မှာ မမကို ပီတိမှာမိသည်။ နောက်တစ်ကြိမ် ပီတိ ဖုန်းဆက်မဲ့နေ့ကျ ကိုကိုဝီရကို အိမ်ကို ခေါ်ပြီး ဖုန်းစောင့်ခိုင်းထားပါလားလို့ တောင်းဆိုမိသည်။

"ဟယ် ... ဘယ်ကောင်းပါ့မလဲ ပီတိရယ်၊ အဲလောက် အရေးတကြီးလည်း ပြောစရာမရှိဘဲနဲ့၊ သူက ကိုယ့်ကို တစ်မျိုးထင်နေမှာပေါ့၊ နောင် ညီမလေး ပြန်ရောက်လာတော့လည်း သူ့ကို တွေ့လို့ စကားပြောလို့ ရတာပဲဟာ"

မမ စကားကလည်း ဟုတ်နေတာပဲမို့ ဝီရနှင့် အောက်မေ့ပြေလေး စကားပြောဖို့ အစီအစဉ် မအောင်မြင်ခဲ့ပါ။ ခုလည်းပဲ လေယာဉ်ပေါ်မှာ တစ်ချိန်လုံး ဝီရအကြောင်း စဉ်းစားလာခဲ့သည်။ သူ့ကို ဘယ်လိုအကြောင်းပြုနှင့် ဆုံတွေ့စကားပြောဆိုခွင့်ရမလဲလို့။

လာကြိုနေမလားလို့လည်း တထင့်ထင့် မျှော်လင့်မိခဲ့သည်။ ထို့ကြောင့်ပင် မျက်လုံးဝေ့ဝဲကာ ရှာကြည့်မိတာပင်။ ထိုမျက်လုံးလေးကို ကြည်နူးကလည်း သတိပြုမိသွားရကာ သံမှန်လေးနှင့်ပင် ...

"ဟိုမှာ ကိုဝီရလည်း လာကြိုတယ် ပီတိ"



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူး လက်ညှိုးညွှန်လိုက်ရာကို ခါးလေးကိုင်းခေါင်းလေးစောင်းကြည့်ကာ ပီတိ မျက်နှာက ဝင်းလက်ရွှန်းစက်သွားရင်း ...

"ကိုကိုဝီရ"

ဒီတော့မှ ဝီရ ရှေ့ကို တိုးလာခဲ့ပါသည်။ ခုနကတည်းက နောက်ကွယ်ကနေ ပီတိရဲ့ တစ်စုံတစ်ဦးကို ရှာဖွေသောမျက်လုံးများကို တွေ့နေခဲ့ပါသည်။ အဲဒီ သူ ရှာနေတဲ့ တစ်စုံတစ်ဦးဟာ ကိုယ်ပဲဆိုတာကိုလည်း ရင်ထဲက အလိုလို ယုံကြည်သိရှိနေပါသည်။ အဲဒီအသိကြောင့်လည်း ရင်တွေ ပူနွေးလှုပ်ရှားခဲ့ရသည်။

"ပီတိ နေကောင်းတယ်နော်"

"ကောင်းတာပေါ့၊ နေကောင်းအောင် ကိုကိုဝီရက လုပ်ပေးထားပြီပဲ၊ ကိုကိုဝီရကော နေကောင်းလား"

"ကျွန်တော် နေကောင်းပါတယ်၊ ကျွန်တော်က ဘာမှဖြစ်တဲ့ သူမှ မဟုတ်ဘဲ ပီတိရဲ့"

"ကျောက်ကပ်တစ်ခု ဖြုတ်ပေးထားရတယ်လေ"

"အနာကျက်ကတည်းက နေကောင်းနေပါပြီ ပီတိရဲ့"

"အင် ... ဒီလို ဘယ်ဟုတ်မလဲ၊ အချိန်နဲ့အမျှ ဂရုစိုက်နေရ ဒေါက်တာကြီးရော ပီတိရော မှာလိုက်တယ်လေ"

"ဂရုတစိုက်နေပါတယ် ပီတိရဲ့"





"ကိုကိုဝီရ နည်းနည်းပိန်သွားတယ်၊ ပီတိတောင်မှ ပေါင်ချိန်တက်လာတာ၊ ကိုကိုဝီရက ဘာဖြစ်လို့ ပိန်ရတာလဲ၊ နော် ဖေဖေနော်၊ သူ ပိန်သွားတယ် မဟုတ်လား"

ဦးထင်ကျော်က သူ့သမီးသူ လက်ပိုက်ပြုံးကြည့်နေတာ ...

"ပိန်တာတော့ မဟုတ်ပါဘူး သမီးရဲ့၊ ကိုယ်ရည် နည်းနည်းလေးစစ်သွားသလိုတော့ ထင်ရသား"

"ဟင် ... ဖေဖေကလည်း အတူတူပဲပေါ့ဥစ္စာ"

"နေကောင်းတယ် မဟုတ်လား ဝီရ၊ Fitပဲ မဟုတ်လား"

"ဟုတ်ကဲ့ ဦး၊ ခိမ်နဲ့ တော်တော်ကြာကြာ အနားယူနေရာက အလုပ်ပြန်ဆင်းတော့ ကိုယ်လက် လှုပ်ရှားနဲ့ ကိုယ်ရည်ပြန်စစ်တာပေါ့၊ ပီတိ တွေ့တာက ဆေးရုံမှာ ခိမ်နဲ့ အိပ်၊ စား၊ အားဆေးတွေ သောက်နေတုန်းကို"

"သြော် ... အင်း ... အဲဒီလို ဖြစ်ပါလိမ့်မယ်၊ အလှူခံထားရတဲ့ သူလိုပဲ အလှူရှင်ဟာလည်း တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက် စောင့်ရှောက်သွားရမှာပဲတဲ့၊ ဒေါက်တာကြီးက ပြောလိုက်တယ်လေ၊ သတိရတယ် မဟုတ်လား"

"သတိရပါတယ် ပီတိရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပီတီသည် ဝီရ မျက်နှာကို ခပ်မော့မော့ကလေးနှင့် စေ့စေ့စပ်စပ် တမေ့တမော ပြုံးကြည့်နေပါသည်။ ဝီရသည်လည်း ဟန်ဆောင်ဣန္ဒြေရရနေသည့်ကြားက ပီတီမျက်နှာကို အလွတ်ကျက်သလို စေ့စေ့ကြီးကို နစ်မျောစိုက်ကြည့်နေမိပါသည်။

နောက် တွေ့ရ မတွေ့ရ မသေချာဘူး မဟုတ်လား သူ့စိတ်ထဲမှာ ဝမ်းလည်းနည်းလို့နေမိသည်။ ဘာကိုမှန်းမသိ နင့်နင့်သည်းသည်း ဝမ်းနည်းအားငယ်လာပါသည်။

"ကိုကိုဝီရက အရင် အလုပ်လုပ်တဲ့ဆီမှာပဲလားဟင်"

"ဟုတ်တယ် ပီတီ"

"နေတာကကော"

ပီတီရဲ့ အကြည့်လေးတွေ၊ အရေးတယူ စိတ်ဝင်တစား မေးနေပုံလေးတွေကို ဦးထင်ကျော်ကတော့ ဘယ်လိုမှ မနေပေ။ လက်ပိုက်ကာ ခပ်အေးအေး ရပ်စောင့်နေသည်။ ဆေးရုံပေါ်တုန်းက သူများတွေကြားမှာ ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင် ရှိခဲ့တဲ့အထဲ သူကိုယ်တိုင်လည်း ပါခဲ့တာပဲ မဟုတ်လား။

ကြည်နူးကတော့ နည်းနည်းကလေး တစ်မျိုးဖြစ်လာတာကို ဝီရ ရိပ်မိသည်။ ဒါကြောင့် ပီတီရဲ့ အမေးကို ...

"ကျွန်တော့်လိပ်စာ ကိုလတ် သိပါတယ် ပီတီရဲ့"

"ဖုန်းတော့ မရှိဘူးနော်"





"ဟုတ်ကဲ့၊ ဖုန်း မရှိဘူး"

"ဒါဖြင့် ကိုကိုဝီရကဖဲ ပီတီဆီဆက်ပေါ့"

"ကဲ ... ကဲ ... သွားကြပါစို့လား ပီတီရဲ့၊ မတ်တတ်ကြီး ကြာနေပြီ၊ အိမ်ရောက်တော့ အနားလေးဘာလေး ယူပါဦး၊ သိပ်မကြာပေမဲ့ လေယာဉ်စီးလာရတာ၊ ခရီးသွားရတဲ့ ဒဏ်တော့ ရှိတာပဲ၊ ပြန်ကြစို့လေ"

ပီတီက နှာခေါင်းလေး ရှုံ့ကာ မချိုမချဉ်ရုပ်နှင့် ...

"ဘယ်အချိန်ထိများ အနားတွေချည်း ယူနေရမှာလဲနော်"

ဝီရက နောက်တစ်လှမ်းလောက် ဆုတ်လိုက်ရင်း ...

"ကျွန်တော်တို့လည်း ပြန်ဦးမယ်၊ ပီတီလည်း ပြန်နားပေါ့၊ မကြည်နူး ပြောတာ ဟုတ်တယ်၊ ခရီးပန်းမယ်၊ ကျွန်တော် ပြန်ဦးမယ် ဦး"

"အေး ... အေး ... လာကြိုတာ ကျေးဇူးပဲကွာ"

"ဟုတ်ကဲ့၊ အခု ပီတီ အခြေအနေလည်း မြင်ရတော့ စိတ်အေးသွားပြီ ဦး"

"အေးပေါ့၊ ကဲ ... နောက်မှ တွေ့ကြမယ်"

"ကိုလတ် ကျွန်တော်တို့ ပြန်မယ်၊ မကြည်နူး"

ဝီရက လှစ်ခနဲအောင် နှုတ်ဆက်စဉ် ...

"ကိုကိုဝီရက ဘာနဲ့ ပြန်မှာလဲ၊ ကားပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကားပါလားတဲ့။ ကားပိုင်တဲ့ လူတန်းစားမှ မဟုတ်တာ ပီတိလေးရယ်။ ဘယ်က ကားက ပါလာနိုင်ပါ့မလဲ။

"ရတယ် ပီတိရဲ့၊ အလာတုန်းကလိုပဲ ပြန်လိုက်မှာပေါ့"

"ကိုလတ်မှာ ကားပါတာပဲဟာ"

ကြည်နူးသည် စိတ်ရှုပ်ရှုပ်ကလေး ဝင်၍ ...

"ကိုလတ်လည်း ငါနဲ့ နှစ်ယောက်တည်း လာကြိုတာ၊ တစ်စီးတည်း မောင်းလာတာပေါ့ ပီတိရဲ့၊ အခုက လူက လေးယောက် လပ်ဂေ့ဂျ်နဲ့ဆိုတော့"

စိုးပိုင်က ဝင်ကာ ...

"ကျွန်တော်တို့ ပစ္စည်းတွေ တင်ပေးဦးမယ်လေ ကိုလတ်"

"နေ ... နေ ... စိုးပိုင်၊ အလုပ်သမားတွေပဲ သယ်နိုင်းလိုက်တော့မယ်၊ သူတို့လည်း သယ်ချင်နေကြတာ၊ ကဲ ... ဖေဖေတို့ စောင့်ဦး၊ ကျွန်တော် ကားသွားယူခဲ့ဦးမယ်"

ဝီရနှင့် စိုးပိုင်က အားလုံးကို နှုတ်ဆက်ပြီးတော့ လမ်းလျှောက်ထွက်လာကြပါသည်။ ဟိုးထိပ်ရောက်အောင် လမ်းလျှောက်ထွက်ရတာမနည်း။ ဝင်အလာတုန်းကလည်း ဒီလိုပင်။ သူတို့ အခြေအနေနှင့် အငှားကားကိုလည်း စိတ်လိုလက်ရ ငှားစီးမနေနိုင်ပါ။





ဒီတော့ နှစ်ယောက်သား ဟိုးထိပ်အထိ ရောက်အောင် လမ်းသာ လျှောက်လာခဲ့ကြသည်။ ခဏအကြာမှာတော့ သူတို့ လျှောက်နေတဲ့ ပလက်ဖောင်းဘေးက ကိုလတ်ရဲ့ကားက ဝေါခနဲ ဖြတ်မောင်းသွားပါတော့သည်။

လည်ပင်းလေးလိမ်ပြီး စိတ်မကောင်းသလို လှည့်ကြည့်သွားတဲ့ ပီတိကိုလည်း သူ လှမ်းမြင်လိုက်ရပါသည်။ သံယောဇဉ်ဆိုတာဟာ ရင့်သန်လာတိုင်းလည်း ကောင်းတဲ့အရာ မဟုတ်နိုင်။ ပွားများရင့်သန်လာတဲ့ သံယောဇဉ်နဲ့ အလိုက်သင့် ကိုယ့်မှာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးမျိုး မရှိဘူးဆိုရင် ဘာဖြစ်လို့များ ပွားများရင့်သန်စေနေဦးမည်နည်း။

ჯ ჯ ჯ

ခံစားချက် တနင့်တပိုးနှင့် ပြန်လာသော ဝီရသည် အိမ်ပြန်ရောက်ရောက်ချင်း မြတ်မျိုးကို ရင်ဆိုင်တွေ့လိုက်ရပါသည်။ အိမ်ပြောင်းရွှေ့လာကြတဲ့အတွက် မျက်နှာချင်းဆိုင် အခန်းမှာ တစ်တိုက်တည်းနေကြတဲ့ မြတ်မျိုးနှင့် နေရပ်ချင်း ဝေးသွားသော



www.burmeseclassic.com

www.burmeseclassic.com



လည်း တိုက်ဆိုင်စွာပင် ကိုလတ် ဝယ်ပေးခဲ့တဲ့အခန်းက မြို့ထဲပိုင်းမို့ မြတ်မျိုးတို့ ကုမ္ပဏီရုံးနှင့် တစ်လမ်းသာ ခြားကာ အနီးကလေး။

အိမ်ကို မြတ်မျိုး အမြဲလို ရောက်ပါသည်။

အိမ်ထဲ ဝင်လိုက်သည်နှင့် ကျယ်ပြန့်သပ်ရပ်သော ဧည့်ခန်းထဲ မြတ်မျိုးကို ဧည့်ခံစကားပြောနေသော အမေ့ကို တွေ့ရသည်။

"ဟော … လာကြပြီ"

အမေက တံခါး ထ,ဖွင့်ပေးရင်း …

"ဘယ်လိုလဲ သား၊ ဟိုသမီးလေး အခြေအနေ နေကောင်းရဲ့လား"

"ကောင်းတယ် အမေ၊ လန်းလန်းဆန်းဆန်းပဲ"

အမေကတော့ ရိုးရိုးသားသားပင်မို့ ဝိရ ဘယ်ကိုသွားကြောင်း မြတ်မျိုးကိုလည်း ပြောပြပြီး ဖြစ်လိမ့်မည်။ အမေ့အပြစ်မရှိသော်လည်း ဝိရ စိတ်ကျဉ်းကျပ် ညစ်ညူးသွားရသည်။ စိတ်ညစ်လောက်အောင်လည်း မြတ်မျိုး မျက်နှာက မဲ့ခွက်ခွက် ဖြစ်နေတော့တာပင်။

"ဘယ်လိုလဲ ဝိရရဲ့၊ ကျောက်ကပ်ကြီး တစ်လုံးလုံး ပေးလိုက်ပြီးသွားတာတောင် မပြီးသေးဘူးလား၊ ဘာဆွေ့ ဓာတ်လမ်းတွေက ပေရှည်နေတာလဲ"





"သြော် … မြတ်မျိုးကလည်းကွာ၊ ဒီနေ့ သူ ပြန်ရောက်လာတယ်ဆိုလို့ သွားကြိုတာလေ"

"ဘာလုပ်ဖို့ သွားကြိုတာလဲ"

"သြော် … သူ့အခြေအနေလည်း သိချင်လို့ပေါ့"

"အခြေအနေလည်း သိချင်လို့ဆိုတော့ တခြားဘာလည်း ရှိသေးလဲ"

"ကျွတ် … မြတ်မျိုးကလည်းကွာ"

"မကျွတ်နဲ့လေ၊ မြတ်မျိုးကလည်း မကွာနဲ့လေ၊ သူ့ကို ဝိရ ဘာသွားကြိုစရာအကြောင်းရှိလဲ"

"ဟာ … သူတို့က ကိုယ့်အပေါ် ဒီလောက်ထိ ကောင်းထားကြတာလေ"

"သြော် … သြော်၊ အင်းပေါ့၊ တိုက်ခန်းကြီးတစ်ခန်းလုံးတောင် ကြည်ဖြူသဒ္ဓါတဲ့ သူအပေါ် ဖားရဦးမယ်ပေါ့"

"ဟ … မြတ်မျိုး အဲဒီလို မပြောနဲ့လေ၊ ငါတို့ ကြားထဲမှာ အပြန်အလှန်တွေ အားလုံးဟာ စေတနာအလျောက်ပဲ၊ ဖြူစင်တဲ့ စေတနာတွေအလျောက်ပဲ"

"သြော် … ဒီလိုလား၊ အဲဒီစေတနာတွေ ရေစီးကမ်းပြို လိုက်ကုန်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ မြတ်မျိုးရာ၊ ဒီလို စကားမျိုးတွေ မပြောစမ်းပါနဲ့၊ ပြောနေရတာ ဖြေရှင်းနေရတာကိုက သိက္ခာမဲ့နေတယ်ကွာ၊ မြတ်မျိုးနားလည်သင့်တာက ပီတိဟာ ငါက ကျောက်ကပ်ပေးထားတဲ့ မိန်းကလေး၊ သူ့မိသားစုက ငါ့ကို နေစရာနေရာထိုင်ခင်းတစ်ခု ကျေးဇူးတုံ့ပြန်ထားတဲ့သူတွေ၊ ငါတို့ချင်းက ပတ်သက်မှု ရှိကို ရှိနေဦးမှာပဲ၊ သူ့ခန္ဓာကိုယ်ထဲမှာ ငါ့ကျောက်ကပ်၊ သူတို့ပေးတဲ့အိမ်မှာ ငါ နေနေတယ်"

"မပတ်သက်ရပါဘူး၊ ဒါတွေက ပြီးသွားပြီလေ၊ သူလည်း သူလိုတာ ရပြီးပြီ၊ ဝီရလည်း တုံ့ပြန်မှုတစ်ခုကို ရပြီးပြီ၊ ဒါပဲ ပြီးပြီ၊ ဒါကို မပြီးလိုက်ဘဲ ပတ်သက်နေစရာ ဘာမှ မရှိတော့ဘူး"

"ဟာ ... တွေ့ရင်တော့ ခေါ်ပြော နှုတ်ဆက်ရမှာပဲလေ"

"ဒါပေါ့၊ တွေ့ရင်တော့ ခေါ်ပြောနှုတ်ဆက်ပေါ့၊ ဒါပေမဲ့ တကူးတက မတွေ့တွေ့အောင် သွားတွေ့နေစရာတော့ မလိုဘူး"

မြတ်မျိုး မျက်နှာကလေးသည် မခံချင်မှုနှင့် တင်းမာကာ မျက်လုံးကလေးတွေက တောက်ပြောင်စူးရဲနေပါသည်။





"ပေးတော့မယ် ဆိုကတည်းက ဟိုးအစကတည်းက စိတ်ထဲမှာ ထင့်နေပြီးသား၊ ယောကျ်ားချင်းဖြစ်နေရင် ဘာမှ ပြောနေစရာမလိုဘူး၊ ခုဟာက မိန်းကလေးမှ လှလှပပ ချမ်းချမ်းသာသာ မိန်းကလေး"

"သူ့ဟာသူ လှနေနေ ချမ်းသာနေနေ၊ ဒါကို ငါ ဘာမှ ထည့်မတွေးမိဘူး"

"တွေးနေဖို့မှ မလိုဘဲ၊ မျက်စိနဲ့ မြင်နေ သိနေတာပဲဟာ၊ မနေ့ကလည်း နင်နဲ့ငါ တွေ့သွားပဲ ဝီရ၊ ဒါပေမဲ့ နင် ဒီနေ့ လေဆိပ် သွားကြိုမဲ့အကြောင်း ငါ့ကို ဘာမှ မပြောပါလား"

"သွားဖို့ ကြိုတင်ပြီးလည်း မရည်ရွယ်ထားဘူး၊ ဒီမနက်မှ ဆုံးဖြတ်ချက်ကျတာ"

"ကြိုပြီး ရည်ရွယ်ရွယ်၊ မရွယ်ရွယ်ပါ၊ ပီတိ ပြန်ရောက်လာတော့မယ်ဆိုတာကိုတောင် စကားစပ်ပြီး မပြောခဲ့ဘူး၊ ပြန်လာပြီးကတည်းကလည်း သူနဲ့ ပတ်သက်တာ ဘာတစ်ခုမှ ပွင့်ပွင့်လင်းလင်း ပြောမပြဖူးဘူး၊ ဒါဟာ မပြောမိအောင် တမင်ကို လျှို့ပြီး နှုတ်ကို ပိတ်ထားတာ၊ နင် လုံးဝ မရိုးသားဘူးနော် ဝီရ၊ နင် ဒီလောက် သံယောဇဉ်တွေထားပြီး ပတ်သက်ချင်နေတာ ရိုးရိုးသားသားဆိုရင် ဒါကို

www.burmeseclassic.com



စကားစပ်ပြီး ဖွင့်ပြောနေဖြစ်မှာပဲ၊ ခုတော့ ဘာတစ်လုံးမှ စကားစပ်မပြောဘဲနဲ့၊ လေဆိပ်ကျတော့ တိတ်တိတ်ကလေး သွားကြိုတယ်”

“တိတ်တိတ်လေးလို့ မပြောပါနဲ့ မြတ်မျိုး”

“တိတ်တိတ်လေးပေါ့၊ ပြောမှမပြောဘဲ၊ ရိုးသားရင်ပြောပေါ့၊ ရည်းစားမသိအောင် လေဆိပ် သွားကြိုဖို့ မလိုဘူး”

“ကျွတ် ... နင် ဘာဖြစ်နေတာလဲ မြတ်မျိုးရာ”

ဝိရ စိတ်ညစ်လက်ညစ် ညည်းညူမိသည်။ စိုးပိုင်ကတော့ အခန်းထဲ တန်းဝင်သွားကာ အမေကတော့ သူ့ အသိပေးလိုက်မိတဲ့ အကြောင်းကိစ္စတစ်ခုအတွက် တင်းမာနေကြတာကို နောင်တရသလို မျက်နှာမျိုးနှင့် ညိုးငယ်ကာ ဟိုလူ့ကြည့်လိုက် ဒီလူ့ကြည့်လိုက် ဖြစ်နေပါသည်။

“ငါ ဘာဖြစ်နေတာလဲ၊ ဟုတ်လား၊ သဝန်တိုတာပေါ့၊ နင့်ကို သဝန်တိုနေတာပေါ့”

“ငါက ဘာလုပ်နေလို့လဲ”

“လုပ်ဖို့ ပျိုးနေတယ်လေ၊ နင့်အချိုးတွေ ပြောင်းလဲလာတာ ငါ သိပါတယ် ဝိရရယ်”

ဝိရက ခေါင်းယမ်းရင်း ...

“ငါ ဘာအချိုးတွေ ပြောင်းလဲ”





“ဒါတွေလေ၊ ဒါတွေပေါ့၊ အရင်က နင် ဒီလိုမှ မဟုတ်ဘဲ၊ ခုတော့ နင်က ... နင်က ... ဒီလို သားသားနားနား အိမ်ခန်းမျိုးကိုလည်း ပိုင်ဆိုင်နေပြီကိုး”

“ဟာ ... ဘာဆိုင်လို့လဲ ... ကျွတ်”

“အရင်ကလို အခန်းကျဉ်းကျဉ်း စုတ်စုတ်လေးကို ငှားနေရတဲ့ ဝိရ မဟုတ်တော့ဘူးလေ”

ဝိရ မျက်နှာ တင်းသွားရင်း ...

“တော်တော့ မြတ်မျိုး၊ တော်ပြီ၊ ဒီကိစ္စ ရပ်မယ်”

“မရပ်ပါဘူး၊ ဟုတ်တာတွေ ပြောနေတာ၊ ဘေးက ကြည့်နေတဲ့သူမို့ အားလုံး မြင်နေရတယ်၊ နင့်အတွေးတွေထဲမှာ မြတ်မျိုးဆိုတဲ့ မိန်းမ ချောင်ထဲ ရောက်သွားပြီလေ၊ နင့်အာရုံထဲမှာ ပီတိပဲ၊ ပီတိဆိုတာ ဟိုးအမြင့်ကဟာကိုး”

“တော်တော့ မြတ်မျိုး၊ ငါ့ကို အဲဒီစကားမျိုး မပြောနဲ့”

“ဒါဖြင့် နင် ပြောစမ်းပါ ဝိရ၊ အဲဒီ ပီတိအပေါ် နင် ရိုးသားသလား”

“ရိုးသားတယ်”

ဝိရက ဖွတ်မိတ် ပြောလိုက်ပါသည်။

“တကယ်လား”

“တကယ်”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်၊ အဲဒီ ပီတိကို နင် ကြိုက်မနေဘူးနော်"

"ဩော် ... ကျွတ် ... တကယ်လို့ ငါ ပြောနေပြီပဲ"

"အေး ... ပြီးရော၊ နင် သွားကြိုက်လို့လဲ မရဘူး သိရဲ့လား၊ ဟောဒီ မြတ်မျိုးတစ်ယောက်လုံး ရှိသေးတယ်၊ နင် ရှိးသားတယ်ဆိုရင် နောက်ကို ပီတိနဲ့ ဆက်သွယ်သမျှ ငါ့ကို အသိပေးရမယ်၊ သူ့ဆီ သွားတယ်၊ သို့မဟုတ် သူက လာတယ်၊ သို့မဟုတ် သူနဲ့ တွေ့တယ်၊ ဒါတွေအားလုံး နင် ငါ့ကို အမြဲကြိုပြောရမယ်"

"အစစတော့ ကြိုပြောလို့ ဘယ်ရမလဲ၊ ကြိုတင်ရည်ရွယ်ချက်မရှိဘဲ တွေ့ဖြစ်တာမျိုးဆိုရင် ငါက ဘယ်လိုလုပ်ပြီး ကြိုပြောမလဲ"

"အေးလေ ... ဒီနေ့လိုသာ ကြိုတင်မရည်ရွယ်လို့ မပြောတာ ဆိုတာမျိုး နောက်ကို မလိမ့်တပတ် မလုပ်ရင် ပြီးတာပဲ၊ နင် လူတစ်ယောက်ရဲ့ ကျန်းမာရေးအတွက် ကူညီတယ်၊ လှူဒါန်းလိုက်တယ်၊ သူကလည်း နင့်ကို ကျေးဇူးဆပ်တယ်၊ အဲဒါဆိုရင် နှစ်ဦးနှစ်ဖက် ကိစ္စဟာ ပြီးဆုံးသွားဖို့ပဲ ရှိတယ်၊ ဘာမှ ရှေ့ဆက်ဇာတ်လမ်းရှည်ပြီး ပတ်သက်နေစရာအကြောင်း မရှိတော့ပါဘူး ဝီရရဲ့"





ဝီရသည် စိတ်ပျက်ပျက်နှင့် မျက်မှောင်ကို ကုတ်၍ မြတ်မျိုးကို မကြည့်ဘဲ ထိုင်နေသည်။ ဝီရက ဖုန်း မရှိတာမို့ ဝီရဘက်ကပဲ သူ့ဆီ ဆက်ဖို့အထိ သူ့မိသားစုရှေ့မှာပင် ပြောသွားခဲ့တဲ့ ပီတိရဲ့ စကားက နားထဲ တရစ်ရစ် ဝဲနေသည်။

သူတို့ရဲ့ အောက်ထပ်မြေညီမှာပင် တယ်လီဖုန်းကို အပြင်စားပွဲနှင့် ထုတ်ထားသည့် တယ်လီဖုန်းသုံးလို့ရသော ဆိုင်တစ်ဆိုင်ရှိသည်။ အဲဒီ နံပါတ်ကိုလည်း ပီတိကို ပေးထားလို့ရသည်။ တစ်ဖက်က ခေါ်လို့ လာခေါ်ပေးရရင်လည်း ပိုက်ဆံပေးရသော ဆိုင်ဖုန်းဖြစ်၍ အားနာစရာလည်း မလို။ ကိုလတ်ကိုတောင် အဲဒီဖုန်းနံပါတ် ပေးထားပါသည်။

အဲဒီနေ့က ပီတိကို ဆက်ဖို့၊ အဲဒီ ဖုန်းနံပါတ်ကိုလည်း အရေးကြီးရင် ကိစ္စရှိရင် ခေါ်ဖို့ ပီတိကို ပေးထားဖို့ သူ ရည်ရွယ်ထားသည်။ ဒီလို အစစအရာရာကို မြတ်မျိုးကို ဖွင့်ပြောထားဖို့ လိုပါသလား။ အမှန်တော့ သူဟာ တကယ်ရိုးရိုးသားသား ဆိုရင် မြတ်မျိုးအပေါ်လည်း သူဟာ တန်ဖိုးထားထား မြတ်မြတ်နိုးနိုး ချစ်ရိုးမှန်ရင် ဒါတွေ ပြောပြထားဖို့သင့်တာ အမှန်ပင်။

ဒါပေမဲ့ ...။

ဒါပေမဲ့ သူ မပြောချင်ပါ။ ဘာကြောင့်ပါနည်း။ မရိုးသားလို့ပေါ့။ ဒီလိုပဲ ယူဆစရာ ဖြစ်တော့တာပေါ့ ပီတိရေး

www.burmeseclassic.com



ရယ်။ ဝန်ခံရရင် ဘုမသိ ဘမသိ ပျော့တိပျော့ညံ့နှင့် ရေလိုက်ငါးလိုက် ရည်းစားတစ်ယောက် ကောက်ရထားမိသော ဝီရအဖို့ 'ချစ်မြတ်နိုးခြင်း'ဆိုတာရဲ့ အဓိပ္ပာယ်ကို အခုမှပဲ ရင်နှင့်မဆန့် ခံစားမှုတော့တာပါ။

ပီတိကို သူ ချစ်သည်။ ဆေးရုံခုတင်ပေါ် နွမ်းနွမ်းကလေးပြုံးရင်း လှဲနေသည့် ကောင်မလေးတစ်ယောက်ကို သနားကြင်နာခြင်းနှင့် သူ လိုက်လိုက်လှဲလှဲ နင့်နင့်သည်းသည်း တိတ်တခိုး ချစ်ခဲ့မိပါသည်။ တကယ်တမ်း ချစ်မိတော့မှ အချစ်ဆိုတာဒါကို ခေါ်တာပဲဆိုတာကိုလည်း သူ ရင်နဲ့အမျှ နားလည်သဘောပေါက်နိုင်ခဲ့ပါသည်။

သို့သော် မြတ်မျိုးကို သူ ဘယ်လို ရင်ဆိုင်ရပါမည်နည်း။ ဒီလို အမှန်တိုင်း ပြောပြဖို့ မြတ်မျိုးကို သူ အင်မတန်အားနာလှပါသည်။ မြတ်မျိုးဘက်က ကြည့်ရင် ကိုယ့်ချစ်သူဟာနောက်ထပ် ကောင်မလေးတစ်ယောက်ကို သူ့ထက် ပိုချစ်သွားတာ၊ တကယ်ချစ်သွားတာ။ ဘယ်လောက် ရင်နာဖို့ကောင်းသလဲ။

ဖွင့်ပြောခြင်းဟာ မိန်းကလေးတစ်ယောက်အပေါ်မညှာမတာ ရက်ရက်စက်စက် စော်ကားရာပင်ကျမှာ သေချာသည်။ အဲဒါအပြင် မပြေးသော်ကန်ရာရှိ ဇွပ်စွဲချင်စရာ အခြေအနေတွေက တန်းစီနေသည်။





ဘာပဲပြောပြော သူဟာ အိမ်ငှားနေရတဲ့ ဘဝမျိုးတုန်းက ထားခဲ့တဲ့ အိမ်ငှားနေရတဲ့ ချစ်သူမိန်းကလေးမျိုးကိုသပ်သပ်ရပ်ရပ် အိမ်ခန်းတစ်ခန်း ပိုင်ဆိုင်ပြီးတဲ့အခါ ပစ်ပယ်ကန်ထုတ်ချင်ပြီး ထိုမိန်းကလေးထက် အစစ အဘက်ဘက်ကအဆများစွာ သာလွန်မြင့်မားတဲ့ အနေအထားမျိုးက နောက်ထပ်မိန်းကလေးတစ်ယောက်ကို ပြောင်းလဲ စွဲလမ်း စိတ်ကူးယဉ်နေတာ။

ယေဘုယျသဘောတွက်လိုက်ရင် သူ့အပြုအမူ အဖြစ်အပျက်ဟာ ယောကျ်ားတစ်ယောက်အနေနဲ့ အင်မတန် ရှက်စရာကောင်းနေသည်။ သူ့ကိုယ်သူ မျှော်မှန်းမက်မောခြင်းတွေ ဘာမှမပါတာ သူ တစ်ယောက်ပဲ သေချာသိနိုင်သည်။

တကယ်မှာတော့ ပီတိသာ သူ့ကျောက်ကပ်တစ်လုံးကို ပေးလှူလိုက်ဖြစ်တဲ့ ချို့ချို့ငဲ့ငဲ့ ဆင်းဆင်းရဲရဲ မိန်းကလေးငယ်ကလေးတစ်ယောက် ဖြစ်မည်ဆိုလျှင် သူ ဒီ့ထက်တောင်ကြင်နာကရုဏာသက်မိမှာ ဖြစ်ကာ ဒီထက် ပွင့်ပွင့်လင်းလင်းရဲရဲဝံ့ဝံ့ ချစ်ကြောင်း ဝန်ခံရဲမှာ အမှန်ပင်။

ခုတော့ သူ့ဘက်က ဘယ်လိုပဲ ရိုးသားသား သူဝန်ခံမရဲ။ ကိုယ့်ဘက်မှာလည်း ဝန်မခံရဲသလို ပီတိဘက်ကအသိုင်းအဝိုင်းကိုလည်း အသိမခံရဲပါ။ ဤသို့ဆိုလျှင် သူနှင့်

www.burmeseclassic.com



ပီတိက ရှေ့ဆက်ဖို့ အလားအလာ ဘာများရှိသေးလို့လဲ။ မျှော်လင့်ချက်ပန်းတိုင် မရှိတဲ့ တောကြီးမျက်မည်းထဲ ရောက်မှ ခရီးလမ်းကို စမ်းတဝါးဝါးနှင့် ဘာကြောင့်များ ဇွတ်ဆက်လျှောက်လှမ်းနေဖို့ လိုသလဲ။

"ဟင်း ..."

ဝီရိက သက်ပြင်းတစ်ချက်ကို ရင်နင့်နင့်နှင့် မှုတ်ထုတ်ပစ်လိုက်မိပါသည်။ စိတ်ထဲ ရှိသလိုသာ လုပ်ခွင့်ရှိမည်၊ ဘာကိုမှ ထောက်ထားဖို့မလို ဆိုရင်တော့ ...

"နင့်ကို ငါ တကယ်မချစ်ခဲ့ဘူး မြတ်မျိုးရဲ့၊ တကယ်ပါ၊ နင့်ကို ငါ မချစ်ဘူး၊ ငါ ချစ်တာ ပီတိ၊ အဲဒါကြောင့် နင်နဲ့ ငါ ကျေးဇူးပြုပြီး လမ်းခွဲလိုက်ကြပါစို့လား"

အဲသလိုသာ ပြောချလိုက်ချင်သည်။

တစ်နာရီတိုးလေ ပိုသေချာလေ၊ တစ်ရက်တိုးလေ ပိုသေချာလေ၊ တစ်ပတ်တိုးလေ ပိုသေချာလေ၊ တစ်လတိုးလေ ပိုသေချာလေနှင့် သူ မြတ်နိုးကို ချစ်ကိုမချစ်ခဲ့တာ ခုမှ သေသေချာချာကြီးကို နားလည်သိရှိသဘောပေါက်နေပါပြီ။ ဘယ်သူမပြု မိမိမှု။ ကိုယ်ညံ့လို့။ ကိုယ် အားနာနေလို့။ ပျော့ပျော့ညံ့ညံ့နှင့် မိန်းကလေးတစ်ယောက် ရှက်သွားမလား၊ နစ်နာသွားမလားဆိုတဲ့ စိတ်ကောင်းမွေးပေးခဲ့သမျှ ဇလိုက်ဇလျော နေပေးခဲ့သမျှတို့ဟာ တစ်နေ့မှာ





ခုလို ရှေ့မတိုးသာ နောက်မဆုတ်သာ မရှုနိုင် မကယ်နိုင် ရင်ဆိုင် ခံစားရလိမ့်မည် ဆိုတာသာ ကြိုသိခဲ့ရင် သူ ဆင်ခြင်ခဲ့မိမှာပင်။

"ဝီရ ... နင် ငါ့ကို ချစ်ရဲ့လားဟင်"

မြတ်မျိုးက ဝီရအမေ နောက်ခန်းထဲ ဝင်သွားတုန်း တိုးတိုးမေးပါသည်။ ဝီရမှာ ခေါင်းကို တအားယမ်းခါပစ်လိုက်ချင်စိတ်ကို ချုပ်တီးကာ မျက်နှာပျက်ပျက်နှင့် ...

"အာ ... ဘာတွေ လျှောက်မေးနေတာလဲဟာ"

"မေးရတယ်ဟဲ့၊ မိန်းကလေးကပဲ မေးနေရတယ်၊ နင်ကမှ မမေးဘဲ။ မပြောဘဲ။ ရှက်တတ်သလိုလို၊ လူအကြီးလိုလိုနဲ့ တုံဏှိဘာဝေကြီး နေနေတာချည်းပဲ၊ ငါက သိပ်လိုက်ချစ်နေရတယ် ဆိုပြီးများ ရောင့်တက်မယ် မကြံနဲ့၊ ငါ့အကြောင်း သိသွားမယ်၊ နားလည်လား"

ဝီရမှာ စိတ်ညစ်ညစ်နှင့် ခေါင်းကို ကုတ်ဖွနေမိသည်။

"ငါ့ကိုတော့ မလိမ့်တပတ်လုပ်မယ် မကြံနဲ့ သိလား"

"အေးပါဟာ၊ တော်ပါတော့ဟာ၊ ငါ တကယ် ခေါင်းတွေ ပူ ခေါင်းတွေ ရှုပ်လာလို့ပါဟာ"

"ငါ နင့်ရည်းစားနော်၊ ငါကလွဲပြီး နောက်တစ်ယောက် ချစ်မယ် ရှုပ်မယ်ကြံရင် ငါက ရေဆုံးမြေဆုံး လိုက်ပြဿနာရှာမှာ ... ဟင်း ဟင်း၊ ယုံလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်၊ နင့်ပုံက တကယ်လုပ်မဲ့ပုံကြီးပါ"

မြတ်မျိုးက မဲ့လိုက်ရင်း ...

"အင်းပေါ့လေ၊ ခုတော့ ပုံကြီးပေါ့၊ လေသံအသုံးအနှုန်းကအစ တစ်မျိုးတစ်မည် ဖြစ်လာပြီပေါ့၊ အရင်တုန်းကတော့ နင်နဲ့ ဒီအကျီလေးက သိပ်လိုက်တာပဲ မြတ်မျိုးရယ်တို့၊ ဆံပင်လေး တစ်ဝက်စည်းထားတာ နင် ပိုလှတယ်တို့ ဆိုတဲ့ လေသံတွေလေ၊ အခုတော့ နင့်ပုံကြီးပေါ့၊ ဟုတ်လား ဝီရ"

ထိုစကားကြောင့် ဝီရမှာ မြတ်မျိုးကို အလွန်အားနာသနားသွားမိပြန်ကာ ...

"မဟုတ်ပါဘူးဟာ၊ ငါက ဒီလိုပဲ ပြောလိုက်တာပါ"

"အေးပါ၊ ပြီးရော၊ ကဲ ... ထ, လာ"

"ဘယ်လဲ"

"နင်လည်း အားနေတာပဲဟာ၊ ငါလည်း အခု ရုံးဆင်းလာပြီ၊ အိုဗာတိုင်မ် နေ့တစ်ဝက်ပဲ၊ ဟိုးဘက်ထိပ်က စတိုး ဆိုင်ကြီး ခဏသွားရအောင်ပါ၊ အဲဒီမှာ ဆံပင်တစ်ဝက်စည်းတဲ့ ခရစ်စ်တယ်လ် ကလစ်လေးတွေ သိပ်လှတာပဲဟာ၊ တစ်ခု ဝယ်ပေး ... ဒါပဲ"





မြတ်မျိုးက သူ့နံဘေး ရွှေ့ထိုင်ကာ သူ့ပခုံးကို ပခုံးချင်း တိုက်လိုက်ပါသေးသည်။

"လာပါဆို၊ နင်ပဲ ဆံပင်တစ်ဝက်စည်းတာ လှတယ်ဆို"

"ကလစ်က အဟဲ ... ဘယ်လောက်လဲဟင်"

သူ တကယ်ပဲ စိတ်ရှုပ်ရှုပ်နှင့် (စိတ်ဆိုးမှာလည်း စိုး၍ ရယ်ကျဲကျဲ) မေးရတာပါ။ သူ့မှာ ပိုက်ဆံသိပ်ဖောသီတာ မဟုတ်။

"အရမ်းဈေးကြီးတာ မယူဘူး၊ သုံးထောင်ကျော်လောက်ဟာပဲ ယူမယ်၊ လာ, ထ"

ဝီရ လေးကန်ကန် ထရပ်လိုက်ရပါသည်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com







## ၇

"ကိုဝီရ ဖုန်းလာတယ်"

တစ်နေ့သော ညဘက်၊ ထမင်းစားပြီးကာစအချိန် ရှစ်နာရီ ထိုးလုကာနီးလောက်မှာ အောက်ထပ်က ခေါင်းလောင်းဆွဲကာ ကောင်လေးတစ်ယောက်က လှမ်းအော်ပါသည်။

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ လာပြီ"

ဝီရ ကမန်းကတန်း ဖိနပ်စီးကာ အောက်ထပ်ဆင်းလာသည်။ ဒီဖုန်းနံပါတ်ကို သူ ပေးထားတာ အလုပ်ရှင် ကိုဦးရယ်၊ ကိုလတ်ရယ်၊ အမေ့အစ်ကို ကြီးတစ်ယောက်ရယ်၊ မြတ်မျိုးရယ် လေးယောက်တည်းကိုသာပင်။ ကိုလတ် တစ်ကြိမ်ဆက်ဖူးတာ ကိုဦးကတော့ သုံးကြိမ်လောက် လှမ်းဆက်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ကိုဦးလို့ပဲ စိတ်က ထင်သည်။ ဖုန်းကို ကိုင်ကာ ...

"ဟဲလို ... အမိန့်ရှိပါ ခင်ဗျာ"

"အဟင်း ... ပီတိ အမိန့်ရှိနေတယ်၊ သေချာနားထောင်နော်၊ အဟင်း ဟင်း"

ချစ်စဖွယ် ရယ်သံပါပါလေးသည် သူ့တစ်ကိုယ်လုံးကို ကြက်သီးမွေးညင်းထကာ ပူနွေးသွားစေခဲ့သည်။

"ပီတိ"

သူ တိုးတိတ် လှိုက်လှဲစွာ ရေရွတ်လိုက်မိလေသည်။

"ဟုတ်တယ်၊ ပီတိလေ၊ ဘာလဲ သရဲ ခြောက်တယ်ထင်လို့လား၊ သေပြီထင်ပြီး မဆက်သွယ်ဘဲနေတာ၊ ခုတော့ မသေဘဲ ဖုန်းဆက်လာတော့ ..."

"ဘာတွေ လျှောက်ပြောနေတာလဲ ညီမရယ်၊ အဲလို မပြောရဘူးလေ၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ အမြဲ လူမမာပဲ ဖြစ်နေမယ်ထင်မနေနဲ့၊ ဖေဖေကျနေတာပဲ၊ ပီတိက အခု လူမာ လူမာ"

"အဟင်း ဟင်း"





"ရယ်မနေပါနဲ့၊ ဘာလို့ ဖုန်းမဆက်တာလဲ၊ ဖုန်းဆက်မလားလို့ စောင့်စောင့်နေတာ၊ ဒီနေ့ဆိုရင် ဟိုက ပြန်ရောက်လာတာ နှစ်ဆယ့်သုံးရက် ရှိပြီ၊ အဲဒါ တဖြည်းဖြည်း စိတ်ကတိုလာရော၊ ဖေဖေ့ကိုတောင်မှ ကိုကိုဝီရအိမ် သွားလည်မယ်ပြောနေတာ၊ ဖေဖေက အပြင်မသွားနဲ့ဦး၊ နားဦး နားဦးနဲ့ပဲ၊ အိမ်ထဲ အောင်းနေရတာ၊ သိပ်ပျင်းလာပြီ"

"ဦး ပြောတာ နားထောင်ပါ ပီတိရဲ့၊ နားပါဦး"

"အဲဒီ ကိုလတ်ကလည်း ဒီဖုန်းနံပါတ် သိရဲ့သားနဲ့ မပေးဘူး၊ အဲဒါနဲ့ ပီတိက ဆိုင်မှာတော့ ဖုန်းရှိမှာပဲဆိုပြီး ကိုကို အလုပ်ဆင်းတဲ့ စာအုပ်ဆိုင်ရဲ့ ဖုန်းနံပါတ်ကိုပဲ တောင်းလိုက်တာ၊ အဲဒီတော့မှ အလုပ်ထဲကိုတော့ မဆက်နဲ့တဲ့၊ ဟိုမှာရှိတဲ့ အချိန်က အလုပ်ချိန်ဆိုတော့ လိုရင်း တိုရှင်းပဲ ပြောလို့ကောင်းတာတဲ့၊ သူတို့ အောက်ထပ်က ဖုန်းကို ဆက်ဆိုပြီး ညနေကမှ ဒီနံပါတ်ကို ပေးတာ"

"ကိုလတ်ကလည်း အရေးတကြီးကိစ္စ မရှိဘူးဆိုတော့ ဖုန်းနံပါတ် မပေးမိဘူးဖြစ်မှာပေါ့ ပီတိရဲ့၊ ဒါလည်း သူများအိမ်က ဖုန်းဆိုတော့"

"သူများအိမ်က ဖုန်းဆိုပေမဲ့ ဆိုင်ဖွင့်ထားပြီး ဖုန်းကို ဆိုင်ရှေ့မှာ လူအများဆက်ဖို့ ထုတ်ထားတဲ့ဖုန်း မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူတို့လည်း ဖုန်းငှားပြီး စီးပွားရေးလုပ်စားတာပဲဟာ၊ အခု ကိုကို ဆင်းပြောတော့လည်း ဖုန်းခေါ်ပေးခ ပေးရမှာပဲ မဟုတ်လား"

"အင်း ..."

"ဒါ ဘာအားနာစရာရှိလဲ၊ သူတို့ စီးပွားရေးကိုတောင် ကူညီပေးရာကျသေးတယ်လေ"

"အဟင်း ဟင်း၊ ဟုတ်ပါတယ်၊ အားမနာရပါဘူး ပီတိရဲ့၊ ကဲ ... ပီတိပြောချင်တာတွေ ပြော"

"ပြောချင်တာတွေက အများကြီးပေါ့၊ ဘယ်ကစပြီး ပြောရမှန်းလဲတောင် မသိတော့ဘူး၊ လူက အိမ်ထဲချည်း ကုပ်နေရတာ၊ စကားပြောဖော် သိပ်လိုချင်တာ၊ ပီတိ သူငယ်ချင်း နှစ်ယောက် ရှိတာလည်း အမြဲမအားကြဘူး၊ အလုပ်ဝင်လုပ်နေကြတယ်၊ ညအိမ်ပြန်ရောက်မှ ဖုန်းဆက်လို့ရတယ်၊ ပီတိနဲ့လည်း နည်းနည်းတော့ အလှမ်းဝေးနေတာပေါ့၊ ပီတိက မနှစ်ကတည်းက ဗိုင်နယ်လ်ယီးယားကို ထွက်ထားပြီး မဖြေဖြစ်တာကိုး၊ အဲဒီကတည်းက သူတို့နဲ့လည်း ကြိုကြား ကြိုကြားပဲတွေ့တာ ကိုကိုရဲ့"

"နောက်တော့-ပီတိ နေလည်းကောင်း အားလည်းပြည့်ရင် အပြင်လေးဘာလေး ထွက်လို့ရလာမှာပေါ့"





"ကိုကိုဟာလေ၊ ဖေဖေကျနေတာပဲ၊ ဖေဖေနဲ့ တစ်လေတည်း၊ ခုလည်းပဲ ပီတိ နေကောင်းတာပဲ၊ အပြင်လေးဘာလေး သွားချင်တာပေါ့၊ ဖေဖေက တစ်လပြည့်ပြီးမှ သွားရမှာတဲ့၊ ဆေးရုံမှာလည်း တစ်လလောက် နားခဲ့ပြီးသားကို၊ ရပါတယ်လေ၊ ပီတိက သဘောတူထားလိုက်ပါတယ်၊ ဒီနေ့ပဲ နှစ်ဆယ့်သုံးရက်ရှိပြီ၊ တစ်ပတ်ပဲ လိုတော့တယ်"

ဝီရသည် ပီတိ ပြောဆိုပုံကလေးကို ချစ်စနိုးနှင့် သာ ရယ်နေမိပါသည်။ သူ့ရင်တွေခုန်ပြီး ဝမ်းသာနေပါသည်။ သူ့ဘက်က အောင့်အည်းပြီး မဆက်သွယ်ဘဲ နေလို့ရအောင် နေနေပေမဲ့ ပီတိက နေမှာမဟုတ်ဘူးလို့တော့ သူ ထင်ထားပြီးသားပင်တည်း။

"နေနိုင်လိုက်တာ ကိုကိုရာ၊ ပီတိဆီ ဖုန်းဆက်ရင် ရသားနဲ့၊ ဆက်ပါလို့လည်း ပြောလိုက်ရက်သားနဲ့၊ ဖုန်းလေးတောင် တစ်ချက်ဆက်ဖော်မရဘူး"

"ကျွန်တော်လည်း အလုပ်မအားတာနဲ့ ပီတိရယ်"

"အမယ် ... သိပ်မပိုပါနဲ့၊ အလုပ်ချိန်ပြင်ပတွေရော၊ အားရက်တွေရော၊ ဘယ်လောက်ပဲ အလုပ်တွေ ရှုပ်ကျပ်နေပါစေ၊ လူဆိုတာ ကိုယ်လုပ်ချင်တာ ကိုယ်ဦးစားပေးချင်တာအတွက် မရမက အချိန်ဖဲ့ယူသုံးစမြဲပါ၊ မအားဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာဟာ အဲဒါကို လုပ်ဖို့ အချိန်မပေးချင်ဘူးဆိုတဲ့ သဘောပါ၊ ကိုယ် လုပ်ချင်တာအတွက် ကိုယ် အားကြပါတယ်"

"ကျွန်တော် ပီတီဆီ ဖုန်းဆက်ချင်ပါတယ် ပီတိရယ်"

ဝီရ အသံက စိတ်မကောင်းခြင်းကြောင့် တိမ်ရျပင်သွားပါသည်။

"မဆက်ချင်လို့ မဆက်တာလို့ ပီတိလည်း မထင်ပါဘူး၊ ဒါဖြင့် ကိုကို ဘာဖြစ်လို့ ပီတီဆီ ဖုန်းမဆက်တာလဲဟင်"

ဝီရက ခဏတိတ်နေမိပြီးမှ တိုးတိမ်သော အသံနှင့်...

"မဆက်တာက ကောင်းမယ်ထင်လို့ပါ ညီမရယ်"

"မဆက်တာ ဘာဖြစ်လို့ကောင်းရမလဲ၊ တခြားတစ်ဖက်က ပြောရင် ဆက်ရင် မကောင်းဘူးပေါ့၊ ဘာတွေ မကောင်းဘူးလဲ ပြောပြ"

"ပီတိမှာ အဖေတို့ အစ်မတို့ ရှိသေးတယ်လေ၊ ပီတိ တစ်ယောက်တည်းက သဘောကျပေမဲ့ ကျန်တဲ့လူကြီးတွေ သဘောမကျမှာမျိုးကို လုပ်မိရင် မကောင်းဘူးလေ"

"ကိုကို ဖုန်းဆက်မှာကို သူတို့က ဘာဖြစ်လို့ သဘောမကျစရာရှိလဲ"

ဖြေရခက်လိုက်တာ ပီတိရယ်။ လူကြီးတွေဆိုတာ ရှေ့ကို တမျှော်တခေါ် ကြိုတွေးထားကြပြီးသားပါ။





"ဖေဖေကလည်း သဘောကျမှာပါ၊ ဖေဖေ့ကိုတောင်မှ ကိုကိုဝီရက ဖုန်းဆက်ဖော်တောင် မရဘူးလို့ ပြောသေးတယ်၊ ဒီနေ့ အခု ဆက်တာကိုလည်း မေမေ သိသားပဲ၊ ဘာမှ မပြောပါဘူး"

"ဦးက ပီတိကို သိပ်ချစ်တော့ ပီတိကို ဘာမှ ပြောမှာမဟုတ်ဘူးလေ၊ သဘောမကျရင် ကျွန်တော့်ကိုပဲ သဘောမကျမှာပေါ့"

"မဆိုင်ပါဘူး"

"ပီတိ အစ်မဆိုရင်လည်း သိပ်ကြိုက်မယ် မထင်ဘူး၊ ပီတိအစ်မ မကြည်ဖြူက ပီတိထက် အများကြီး လူကြီးဆန်တယ်"

"လူကြီးဆန်တာနဲ့ ဘာဆိုင်လဲ"

"လူကြီးလို တွေးရင် သူစိမ်းယောက်ျားလေးတစ်ယောက်နဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ဟာ အကြောင်းပြချက်လည်း မယ်မယ်ရရ မရှိဘဲ အလကား အားအားယားယား ပတ်သက်နေကြ၊ ဆက်သွယ်နေကြဖို့ မလိုဘူးလို့ပဲ မြင်မှာပဲ"

"သူစိမ်းဖြစ်ရင်နဲ့ပဲ မဆက်သွယ် မဆက်ဆံရတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပီတိက မိန်းကလေးလေ၊ ကျွန်တော်က ဘာအရေးလဲ ပီတိရယ်၊ နာမည်ဆိုး ထွက်စရာရှိလို့လဲ ကျွန်တော်က ဘာမှ မဖြစ်ဘူး၊ ဝီရဆိုတဲ့ကောင်ကို ဘယ်သူမှလဲ မသိဘူး၊ ကမ္ဘာမြေကြီးပေါ် အသက်ရှိနေတာတောင် လူတွေက အမှတ်တမဲ့ပါ၊ ပီတိကိုတော့ လူတော်တော်များများ သိတယ် ...

ဦးရဲ့ အောင်မြင်ကြွယ်ဝမှုကြောင့် ဦးရဲ့ သမီးအဖြစ်နဲ့ လည်း သိကြတယ်၊ အသိုင်းအဝိုင်းကလည်း ကျယ်ပြန့် တယ်လေ၊ အတင်းပြောခံရစရာရှိရင် ပီတိဘက်က နစ်နာ ပါတယ် ညီမရယ်"

"အိုး ..."

ပီတိက မကျေနပ်သလို ခပ်ဆတ်ဆတ် အော်လိုက် ပြီး ...

"ဂရုမစိုက်ပါဘူး၊ ဘာအတင်းပြောစရာရှိလဲ၊ ပြောရင်လည်း ပြောကြပေါ့၊ ပြောစရာလည်း အကြောင်းမရှိဘူး"

"ဒီမှာ ပီတိ၊ ကျွန်တော်က အညတြ၊ မထင်မရှား၊ မပြည့် မစုံ၊ ချို့ချို့ငဲ့ငဲ့ သာမန်လူငယ်လေးတစ်ယောက်ပါ၊ ပီတိ က နာမည်ကျော် ဂရိတ်သူဌေးကြီး လုပ်ငန်းရှင်ကြီးရဲ့





သမီး၊ အလှမ်းအဝေးကြီး မဟုတ်လား ပီတိရယ်၊ လူတွေက ပီတိကို ဘာပြောကြမလဲ၊ ခင်မင်စရာ ရှားသလား၊ သံယောဇဉ် ဖြစ်စရာရှားသလား၊ ဒီလို စုတ်စုတ်ပြတ်ပြတ် လူတစ်ယောက်နဲ့"

"ဒီလို မပြောပါနဲ့ ကိုကိုဝီရိရယ်"

ပီတိ အသံသည် ဆွေးလျှ၍ ရှိုက်သံစွက်လာပါသည်။ စိတ်ထိခိုက်သွားပုံလည်း ပေါ်ပါသည်။ ဝီရ ကိုယ်တိုင်လည်း စိတ်ထိခိုက်လှ၍ စကားဆက်မပြောနိုင်ဘဲ နှုတ်ခမ်းကို တင်းတင်း ကိုက်ကာ ငြိမ်နေမိသည်။

"ဒါတွေ မဆိုင်ပါဘူး ကိုကိုဝီရရယ်"

ပီတိအသံ ငိုသံပါလာသည်။ ဒီတော့ ဝီရသည် ပျာပျာသလဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရပါသည်။

"ပီတိ ညီမလေး၊ ငိုနေတာလား၊ မငိုနဲ့နော်၊ စိတ်မကောင်း မဖြစ်နဲ့၊ အဲဒါ အမှန်တရားပဲ ပီတိရဲ့"

"အမှန်တရားဖြစ်တော့ ဘာလုပ်ရမှာလဲ"

"ကျွတ် ... ညီမလေးကလည်းကွာ၊ ငိုနေပြီ၊ ကျွန်တော်နဲ့ ဖုန်းပြောလို့ ပီတိ ငိုရတယ်ဆိုတာ အိမ်ကသိရင် ဘယ် သဘောကျမလဲ ပီတိရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... ဘာဖြစ်လို့ သူများတွေ သဘောကျ မကျကိုပဲ တွေးနေတာလဲဟင်၊ သူများတွေ သဘောမကျမှာကိုပဲ ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်နေရတာလဲ၊ သူလည်း လူ ကိုယ်လည်းလူ၊ အားလုံး ကိုယ့်အခွင့်အရေးနဲ့ ကိုယ်ပဲ၊ သူများကိုပဲ လိုက်တွေးပေးမနေပါနဲ့၊ သူများတွေ သဘောမကျမှာ စိုးလို့ ဘာမှလဲ အပြစ်မဟုတ်တဲ့ ကိုယ် လုပ်ချင်တာတစ်ခုကို မလုပ်ဝံ့ရဘူးဆိုတာ အဓိပ္ပာယ် ရှိပါ့မလားဟင်"

"အပြစ်ဟုတ်တယ် မဟုတ်ဘူးကို ဝေဖန်ဖို့က သိပ်ကျယ်ပြန့်လွန်းပါတယ် ပီတိရယ်၊ ပီတိက အပြစ်မရှိဘူး ထင်တဲ့ အရာတစ်ခုကို သူများက အပြစ်လို့ မြင်ရင် မြင်နေ တတ်ပါတယ်၊ ကဲပါ ထားပါတော့၊ ကျွန်တော် ဒါတွေ မပြောတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ညီမလေး ခုလို ဖုန်းဆက်လာတာ ကျွန်တော် အရမ်းဝမ်းသာပါတယ်"

"ဒါဖြင့် ပီတိဆီကိုလည်း ဖုန်းဆက်ရမယ်"

"ဦး ခွင့်ပြုမပြု မေးကြည့်ပါဦး"

"နေဦး၊ ဖေဖေရေ ကိုကိုဝီရ သမီးဆီ ဖုန်းဆက်ရင် ဖေဖေ ခွင့်ပြုမှာလား မပြုဘူးလား"





ပီတိက မလှမ်းမကမ်း တစ်နေရာကို ချက်ချင်း လက်ငင်းကြီး လှည့်အော်မေးလိုက်တာမို့ ဝီရ ခေါင်းကြီးသွားရပါသည်။

"ဪ ... ဆက်ပါ၊ ဆက်ပါစေ သမီးရဲ့၊ ဖေဖေ ခွင့်ပြုပါတယ်"

နောက်ဘက်က ဦးထင်ကျော် လှမ်းဖြေတဲ့ အသံကိုပါ သူ တကယ်ကြားလိုက်ရပါသည်။

"ဖေဖေက ခွင့်ပြုတယ်တဲ့ ကိုကို"

ပီတိရယ်။ သူ့ အသံတိတ်ညည်းကာ သက်ပြင်း တစ်ချက် ခိုးပြီး ရှိုက်မိသည်။ စွတ်စွတ်ရွှတ်ရွှတ် သံယောဇဉ်ကြီးနေရှာတဲ့ ကောင်မလေး။ ကိုယ်ဟာ မွေးကတည်းက ပြည့်ပြည့်စုံစုံ ထယ်ထယ်ဝါဝါ မဟုတ်ခဲ့ရတဲ့ဘဝကို ပထမဆုံးအကြိမ်အဖြစ် ပီတိအတွက် စိတ်မကောင်းဖြစ်လိုက်မိပါသည်။ ဘဝတူ အခြေအနေတူမျိုး ဘာကြောင့် မဖြစ်ခဲ့သလဲ။

"ကြားလား ကိုကိုဝီရ"

"ကျွန်တော် ကြားပါတယ် ပီတိရယ်"

"ဒါဖြင့် ဖုန်းဆက်ဦးနော်၊ ပီတိလည်း ဆက်မှာ"

"ဟုတ်ကဲ့ ဆက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ပီတိ အပြင်တွေဘာတွေ ထွက်ခွင့်ရရင်လည်း ကိုကိုဝီရကို ခေါ်ဦးမှာ၊ ကိုကို အလုပ်မပျက်စေရပါဘူး အားနိုင်မဲ့အချိန်မှ ခေါ်မှာပါ၊ ပြီးတော့ ကိုကို့အမေကို ပီတိ မမြင်ဖူးသေးဘူး၊ အိမ်လာလည်ပြီး လာကြည့်ဦးမှာ မိတ်ဆက်ဦးမှာ"

ဝီရသည် ဝမ်းသာကြည်နူးခြင်းနှင့်ပင် မောပန်းရသော ရင်မောခြင်းမျိုးနှင့် သက်ပြင်းကြီးကြီး ရှိုက်မိပါသည်။





# ၈

ပီတိ ပထမဆုံး အပြင်ပြန်ထွက်သည့်နေ့မှာ ပထမဦးဆုံး ရွှေတိဂုံဘုရားကို သွားပါသည်။ ပီတိအတွက် ကားတစ်စီး ဒရိုင်ဘာသီးသန့် တစ်ယောက်က နဂိုကပင် ရှိပြီးသား။ ဖေဖေက တော့ ဆေးရုံကဆင်းခဲ့ပြီးကာ ဒီကို ပြန်ရောက်ကတည်းက သူ့ရဲ့ များပြားလှတဲ့ လုပ်ငန်းတာဝန်တွေကြား ပြန်ဝင်သွားခဲ့ပြီ။

ပီတိအတွက် ပထမဆုံး အပြင်ထွက်မည့်ရက်ဖြစ်၍ မကြည်နူးက ထိုနေ့မှာ ပီတိနှင့်အတူလိုက်သည်။ ကိုလတ်က မွဲရုံသွားရပြီး မမက ဒဂုံစင်တာမှာ ပိုးထည်နှင့် ဖက်ရှင်ဝတ်စုံဆိုင် တစ်ဆိုင် ဖွင့်ထားတဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့အဖို့ မမက သူ့ယောက်မကို ဆိုင်သွားဖွင့်ထားစေပြီး သူကတော့ ပီတိရဲ့ သွားတဲ့ လာတဲ့ကိစ္စ ပြီးဆုံးမှ ဆိုင်ကို သွားမည်။

"မမကလည်း မမဘာသာ ဆိုင်ကိုပဲ သွားတာ မဟုတ်ဘူး၊ ပီတိနဲ့ အတူတူ ဦးဖြိုးလည်း ပါတာပဲဟာ"

ဒရိုင်ဘာ ဦးဖြိုးဟာ ပီတိ ငယ်ငယ်ကတည်းက ကျူရှင်ဝိုင်းတွေ ပတ်ပြီးတက်ဖို့ ပီတိအတွက် သီးသန့် ဒရိုင်ဘာကြီးပင်။ ခဲဆွေလိုမျိုးလိုပင် ဖြစ်နေပါသည်။

"ဦးဖြိုးပါပေမဲ့ ငါလည်း လိုက်ဦးမှာပဲ၊ စိတ်မချမ်ဘူး တော်ကြာ မောတာ ဗိုက်အောင့်တာ စသဖြင့် ဖြစ်လာမှာ စိုးလို့"

"ဘာမှ မဖြစ်ပါဘူး"

"မဖြစ်တော့လည်း ပြီးရောပေါ့"

"ပီတိဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လေး သွားချင်တာကို"

"ငါပါလည်း လွတ်လပ်တာပဲဟာ၊ ဘာမလွတ်လပ်စရာရှိလဲ၊ နင်က ဘာတွေ လုပ်ချင်နေတာမို့လို့လဲ"

"ဘာမှတော့ မဟုတ်ဘူးပေါ့၊ ပီတိက အများကြီး လျှောက်သွားချင်တာ၊ မမလည်း အလုပ်ပျက်တယ်"





"ပျက်ပစေ၊ ငါက စိတ်ပူလို့ အချိန်ကုန်ခံပြီး လိုက်တာဟဲ့၊ တစ်နေကုန်ကြီးတော့ ပတ်မနေရဘူးနော်၊ နင် ပင်ပန်းတယ်၊ ခြေကုန်လက်ပန်းကျပြီး အိပ်ရာထဲ ဖလက်ပြသွားမယ်၊ နောင်လည်း သွားရလာရ ထွက်ရမှာပဲဟာ၊ နည်းနည်းစီပဲ သွား"

ပီတိသည် မမကြည်နူး ပါလာတာကို မကြိုက်ပေ။ မမဟာ ပီတိကို ချစ်လည်း အလွန်ချစ်ကာ ငယ်ငယ်ကတည်းက ချူချာသမျှကို အရိပ်တကြည့်ကြည့် ဂရုစိုက် ယုယခဲ့ရတာလည်း အကျင့်ပါနေ၍ ခုထိ အရိပ်တကြည့်ကြည့်ပင်။

ပီတိအတွက် စိုးရိမ်ပူပန်တတ်တာလည်း အလွန်ပင်။ ဟိုဟာမစားရ၊ ဟိုလမ်းမသွားရ။ ဒီလို မလုပ်ရ၊ ဒီလူနှင့် မပေါင်းရ ဆိုတာမျိုးတွေ များလှသည်။ သူ့ထက် လေးနှစ်ပဲ ငယ်တဲ့ ပီတိကို ကလေးငယ်တစ်ယောက်နှယ် ဆက်ဆံတတ်မြဲဖြစ်သည်။

ရွှေတိဂုံဘုရားမှ ပန်းရေချမ်း ဆီမီးတွေရော၊ ထီးတံခွန် ကုက္ကားတွေရော စောင်းတန်းမှာ ရောင်းသမျှ ကပ်လှူလို့ရသမျှ အကုန်ဝယ်၍ ပူဇော်သည်။

အားရပါးရ ဘုရားရှိခိုး အာရုံပြုပြီးသော် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခုဘယ်လဲ"

"အခု ယူအက်ဖ်အယ်လ်ကို၊ ကျောင်းပြန်အပ်ဖို့ သွားစုံစမ်းမယ်"

"အမယ်လေး ပီတိရယ်၊ ဒီလို ကိစ္စမျိုး ကိုလစ်ဗ်ာပည့် တစ်ယောက်ယောက် လွှတ်စုံစမ်းမေးမြန်းခိုင်းလည်း ရတယ်၊ ဦးဖြိုးချည်းပဲ လွှတ်လိုက်လည်း ရတယ်၊ ဒါကိုများ နင် ကိုယ်တိုင် အပင်ပန်းခံ စုံစမ်းနေဦးမယ် ညီမလေးရယ်"

"မမကလည်း ပီတိက အပြင်ကို သွားချင်တာ၊ အခု အိန္ဒိယမှာ ဆေးရုံတက်နေတဲ့ သုံးလ၊ ပြန်ရောက်ပြီးတစ်လ လေးလကတော့ အပြင်ကို လုံးဝကို မသွားရတော့တာ၊ အဲဒီ အရင်ကလည်း ဒီမှာပဲ ဆေးရုံတက်လိုက်ဆင်းလိုက်၊ အိမ်နဲ့ ဆေးရုံကလွဲရင် ဘယ်မှ မသွားရတာ လေးလေငါးလ၊ ဘယ်ကိုပဲဖြစ်ဖြစ် ပီတိ သွားချင်နေတာပဲ၊ အကြောင်းရပ်တွေကိစ္စတွေက အဓိက မဟုတ်ဘူး၊ အပြင်ကို သွားလာနေရဖို့က အဓိက ..."

ကိုယ့်စိတ်ကူးလေးနဲ့ကိုယ်၊ ဟိုငေးဒီငေးနဲ့ အရေးပါပါ မပါပါ၊ ပြင်ပလောကထဲ သွားလာ ရွှေ့လျားနေချင်တာ၊ အဲဒါကြောင့် မမကို မလိုက်နဲ့လို့ ပြောသားပဲ"





"အေးပါဟယ်၊ အေးပါ၊ အေးပါ၊ လာ ... သွားစုံစမ်းကြတာပေါ့၊ ငါက နင့်ကို မလိုအပ်ဘဲ ပင်ပန်းမှာ စိုးရိမ်လို့ပါ ညီမလေးရယ်"

"လိုအပ်တယ်၊ သွားဖို့ကို လိုအပ်တယ်"

ပီတိ မျက်နှာ စူပုပ်ပုပ်လေးကို ကြည်နူးက ကြည့်ရင်း ...

"အေးပါ ... အေးပါ"

နိုင်ငံခြားဘာသာ တက္ကသိုလ်က ပီတိ တက်တဲ့ အင်္ဂလိပ်ဘာသာဌာနမှာ ခင်မင်တဲ့ ဆရာမတစ်ယောက်နှင့် တွေ့ပြီး ပီတိ ကျောင်းပြန်အပ်ဖို့ ဆက်တက်ဖို့ ဘယ်လို စီစဉ်ရကောင်းလဲ စုံစမ်းပါသည်။ ခုမှ ကျောင်းစာသင်နှစ် တစ်နှစ်ပြန်စဖွင့်ကာစမို့ ပီတိက ခွင့်ပြုလျှင် အမီအပ်ပြီး ချက်ချင်း လိုက်တက်ချင်သည်။

ပီတိုနှင့် ကြည်နူးတို့ ဆရာမနှင့် မေးမြန်းတိုင်ပင်ဆွေးနွေးပြီး ပြန်ခဲ့ကြလျှင် ...

"ကဲ ... ပြန်တော့မလား"

"မပြန်ပါဘူး"

"ငါ့ဆိုင် လိုက်ခဲ့မလား၊ ဒဂုံစင်တာထဲက အေးတော့ နင်လည်း အပန်းပြေတယ်၊ မမောဘူး၊ ထိုင်နားနေလို့ရတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



“ထိုင်မနားနေချင်လို့ အပြင်ထွက်တဲ့ကိစ္စကို၊ မမဆိုင်ကို သွားချင်ပြီဆိုရင် ဝင်ချခဲ့မယ်လေ”

“နင်က ဘယ်ဆက်သွားမလို့လဲ”

“ပီတိ ကိုကိုလတ် သူငယ်ချင်း ကိုဦးတို့ စာအုပ်ဆိုင် သွားဦးမယ်”

“ဘယ်ကို ! ...”

“ကိုဦးတို့ စာအုပ်ဆိုင်လေ”

“ဘာလုပ်ဖို့လဲ”

“စာအုပ်တွေလည်း ဖတ်ဖို့ ဝယ်မယ်၊ အဲဒီမှာ ကိုဝီ အလုပ်လုပ်တယ်လေ”

“စာအုပ်ပဲ၊ ဘယ်ကဝယ်ဝယ် ဒီစာအုပ်ပဲဟာ၊ အဲဒီဆိုင်လည်း ဘယ်မှာလဲ ငါ မသိဘူး၊ ဒီနားမှာ မြေနီကုန်းတစ်ဝိုက် စာအုပ်ဆိုင်တွေ ရှိတယ်၊ အဲဒီကပဲ ဝယ်လိုက်”

ပီတိသည် စိတ်ညစ်လာကာ ...

“မမကလည်း တခြားစာအုပ်ဆိုင်တွေက ကိုကိုဝီရှမှ မရှိတာ”

“ပီတိနော်၊ ကိုကိုဝီရ၊ ကိုကိုဝီရနဲ့ လိုအပ်တာထက် ပိုပြီး ခင်မင်မနေနဲ့ ညီမလေး၊ သူ ရှိဖို့က အဓိကလား၊ နင် စာအုပ်ဝယ်ဖို့က အဓိကလားဟင်”





“သူ ရှိဖို့က အဓိက”

“ပီတိနော်၊ ငယ်ငယ်ကလို ငါ ခေါင်းခေါက်ပစ်ရ”

“ဟုတ်တာပြောတာပဲ မမကလည်း၊ ဒုက္ခပါပဲ၊ သူ့ကို ပီတိ ခင်တာ ဘာဖြစ်သေးလဲ၊ ဖေဖေက အိုကေပြောပြီး သား”

“ဖေဖေကလည်း ခေါင်းထဲ စီးပွားရေးနဲ့ နင့်ကျန်းမာရေးက လွဲရင် ဘာမှ ထည့်တွေးတာ မဟုတ်ဘူး၊ ဒီလို သေးသေး မွှမွှ ကိစ္စလေးတွေကို သူ အရှည်မတွေးတော့ဘူး၊ ဒါကြောင့် နင့်ကို ဘာမှ မပြောနိုင်ဘူး”

“ဒါဖြင့် မမကကျတော့ ဘာပြောချင်လို့လဲ”

ကြည်နူးက သက်ပြင်းကို ရှိုက်ပြီး စကားလျှောချ ကာ ...

“အလကား နင်လည်း ပင်ပန်းတယ်၊ မြို့ထဲပိုင်း ပြန်သွားရဦး မယ်”

“ဘာဖြစ်လဲ၊ အဲကွန်းကားလေးနဲ့ သွားနေတာ၊ မပင်ပန်းပါ ဘူး”

“ငါလည်း ကိုဦးဆိုင် ဘယ်မလဲ မသိဘူး”

“ပီတိ သိပါတယ် မမရဲ့၊ ဦးဖြိုး ပန်းဆိုးတန်းဘက်ကို မောင်းပါ၊ မမက ကိုကိုလတ်လည်း ရှယ်ယာပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုကို နေရာတောင် သိမထားဘူးပေါ့၊ ဟုတ်လား၊ တစ်ခုခုများဆိုရင် ကိုယ့်ပိုင်ထိုက်တောင် ဘယ်လိုပြန်ရအောင် ယူမလဲ"

"မလိုပါဘူး၊ ကိုဦးအိမ် သိသားပဲဟာ"

ကြည်နူးက စိတ်တိုတိုနှင့်ဆိုသည်။ တကယ်တော့ ထိုစာအုပ်ဆိုင်ကိုလည်း ကြည်နူး မသိဘဲ မရှိပါ။ သိပါသည်။ တမင်ကို မသွားစေချင်လို့ မသိဘူး ပြောတာ။ ကြည်နူး စိတ်တွင် မလိုလားအပ်သော အခြေအနေတွေ ရှေ့ဆက် အရှည်ဖြစ်ပွားနေမည်ကို မလိုလားတာပင်။

ဝိရကို ညီမငယ်ရဲ့ အသက်သခင် ကျေးဇူးရှင်အဖြစ် ကြည်နူးသတ်မှတ်ကာ ကျေးဇူးလည်း မေ့မှာ မဟုတ်ပါ။ ကိုယ်တိုင် ဆက်ဆံစရာရှိလျှင် အလေးပေးကာ နေရာထားဆက်ဆံသွားမှာပင်။ ပီတိနှင့်ကျတော့ သံယောဇဉ်ကြီးမားပိုလျှံနေတာ သိသာလွန်းတဲ့ ပီတိရဲ့ အနေအထားကြောင့် လိုတာထက် ပိုကျွမ်းဝင်မသွားရစေချင်တာ။

အခြေအနေ အဆင့်အတန်းချင်းက အဓေးကြီးပဲ မဟုတ်လား။ စိတ်ထဲမှာ မလိုက်ဖက် မအပ်စပ်ဘူးလို့ပဲ သတ်မှတ်ပြီးသား။ နီးစပ်ရမဲ့သူချင်း မဟုတ်ဘူးလို့ပဲ သဘောပေါက်ပြီးသား။ ဒါကြောင့် သွားပတ်သက်မနေစေချင်တာ။





ခုတော့ ကားက ပန်းဆိုးတန်းက ကိုဦးရဲ့ စာအုပ်ဆိုင်ကြီးကိုပဲ ဦးတည်သွားနေပြီ။ ပီတိကိုပဲ ကြည်နူး စိတ်တွေတိုနေမိသည်။

"နင်က နေရာအတိအကျ သိလို့လား"

"အလယ်ဘလောက်လေ၊ အဲဒီရောက်တော့ ဆိုင် ဆိုင်းဘုတ်ကြီး တွေ့မှာပေါ့"

"သူလည်း အဲဒီမှာ အလုပ်လုပ်နေတဲ့ဟာ၊ နင် ဘာဖြစ်လို့သွားရမှာလဲ ပီတိရယ်၊ သူ့အလုပ်နဲ့သူ ရှုပ်နေမှာ"

"လုပ်ပစေပေါ့၊ ပီတိ သူ့ကို နှုတ်ဆက်ပြီး စာအုပ်ပဲ ဝယ်မှာပါ၊ ကိုကိုဝိရက ပီတိ အသက်ရှင်နေတဲ့ ဘဝအတွက် အရေးပါတဲ့ လူတစ်ယောက်လေ၊ သူ ဘယ်လိုနေထိုင်သလဲ၊ ဘာအလုပ်တွေ လုပ်နေလဲ၊ သူ့ရဲ့ ဘဝကို ပီတိ သိချင်မြင်ချင်တယ်"

"သိရတော့ မြင်ရတော့ ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး၊ ရင်းနှီးတဲ့ သူချင်းဟာ ဒီလိုပဲ တစ်ယောက်အကြောင်း တစ်ယောက်ဘဝ အပြန်အလှန် သိထားကြသင့်တာပေါ့၊ သိထားတော့ နားလည်စာနာနိုင်တာပေါ့"

"ကျွတ် ..."

ကြည်နူးက စိတ်ရှုပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမက ဘာဖြစ်လို့ ကိုကိုဝီရကို မုန်းနေတာလဲ"

"ဟဲ့ ... မုန်းစရာလား၊ ဘယ်မှာ မုန်းလို့လဲ၊ သူက နင့်အသက်သခင် ကျေးဇူးရှင်ပါ၊ ကျေးဇူးတွေသာ တင်နေရတာ၊ မုန်းစရာအစိတ်အပိုင်းရယ်လို့ကို မရှိဘူး၊ ဒါပေမဲ့ လိုအပ်တာထက်တော့ မပိုသင့်ဘူး ညီမလေး၊ လိုသလောက်ပဲ ဆက်ဆံပေါ့"

အဲဒီလိုသလောက်ဆိုတာကို မမ သတ်မှတ်တာနဲ့ ပီတိ သတ်မှတ်တာ ဘယ်တူညီနိုင်ပါ့မလဲ မမရယ်လို့ ပီတိက တိတ်တိတ်ကလေး စောဒက တက်နေမိသည်။ ကိုကိုဝီရဟာ ပီတိရဲ့ဘဝ၊ ပီတိရဲ့ အသည်းအသက် နှလုံးသားတို့အတွက် အရေးအပါဆုံး လူတစ်ယောက် ဖြစ်နေတယ်ဆိုတာ မမမှ မသိတာ။

ပီတိအတွက် ဖေဖေတို့ မမတို့ အရေးပါလှသလိုပဲ ကိုကိုဝီရဟာလည်း အရေးပါနေပါတယ်။ ကိုယ့်ကို ကျောက်ကပ်ပေးမဲ့သူလို့ သိပြီး ပထမဆုံးတစ်ကြိမ် အိမ်ဧည့်ခန်းထဲမှာ စ,တွေ့ဖူးလိုက်ကတည်းက ဒီလူဟာ ပီတိ ဘဝမှာ အရေးပါလာတော့မဲ့သူဆိုတာ ပီတိ သိခဲ့တယ်။

တစ်ထိုင်တည်းပဲ သူ့ကို ရင်းနှီးနှစ်လိုချစ်ခင်သွားမှုကို ပီတိ ဖွင့်ပြောပြရင် မမကတော့ ခေါင်းကို ခေါက်ချင်ပေလိမ့်





မယ်။ ဒါပေမဲ့ ပီတိက သူနဲ့ ရှေ့ဆက် တစ်သက်လုံး ပတ်သက်သွားဖို့ကို မလိုလားအပ်တဲ့ အခြေအနေတစ်ခုလို့ မထင်မိဘူး။

"သမီး ... ဘယ်နားရပ်ရမလဲ"

"သြော် ... ဟော ... ဟောဟိုမှာ ဦးဖြိုးကြီးရေ၊ ဆိုင်းဘုတ် အကြီးကြီးပဲ၊ ဥသျှောင်စာပေတိုက်ဆိုတာကြီး၊ အဲဒါနဲ့ နီးအောင် ရပ်လို့ရတဲ့နေရာသာ ရပ်တော့"

ပီတိသည် စာအုပ်တိုက် ဆိုင်းဘုတ်တွေ့တာကိုပင် အလွန်ပျော်ရွှင် ဆွေ့ဆွေ့ခုန်နေပါသည်။ မမြင်ဖူးတဲ့အထူးအဆန်းအရာကြီးတစ်ခုကို မြင်ဖူးရတဲ့အလား စိတ်တွေ လှုပ်ရှားတက်ကြွနေသည်။

"မမ လိုက်မှာလား"

"လိုက်မှာပေါ့ဟဲ့၊ မလိုက်လို့ရမလား"

"မလိုက်ချင်ရင်လည်း ရပါတယ်လို့၊ မမ ပျင်းနေမှာစိုးလို့"

"ပျင်းရလောက်အောင် နင်က အချိန်ဖြုန်းနေစရာ မလိုပါဘူး၊ အတူရောက်မှတော့ လိုက်မှာပေါ့၊ နို့မို့ရင် နင် အတော်နဲ့ ပြန်ထွက်မလာဘဲနေမယ်၊ ခဏပဲနော် ပီတိ၊ သူများတကာလည်း အလုပ်ချိန် အလုပ်လုပ်နေမှာ"

"အင်းပါ မမရာ"



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ယောက်သား စာအုပ်ဆိုင်ကြီးထဲ ဝင်လာပါသည်။ စာအုပ်အရောင်းဆိုင်ကြီးလည်းဖြစ်၊ စာအုပ်တွေထုတ်ဝေနေတဲ့ တိုက်လည်းဖြစ်၍ ဆိုင်မှာ အလုပ်သမားတွေရော၊ ဝယ်သူတွေပါ လူရှုပ်နေသည်။ ဆိုင်ရှေ့နားမှာ စာအုပ်လာဖြန့်ရေတဲ့ ကားတစ်စီး ရပ်ထားကာ စာအုပ်တွေကို ဆိုင်ထဲ သယ်ပို့နေပါသည်။

ပီတိ ဆိုင်ထဲ လှမ်းဝင်ဝင်ချင်းပင် တွေ့လိုက်ရသည်မှာ အထဲ သယ်ပို့ထားတဲ့ စာအုပ်ထုပ်တစ်စည်းကို ဆွဲကိုင်မ၍ တစ်နေရာကို ထားဖို့ ပြင်လိုက်တဲ့ ဝီရကိုပင်။

"ဟယ် ... ကိုကိုဝီရ၊ မမ,နဲ့လေ၊ မမ,နဲ့ စာအုပ်ထုပ် မမ,နဲ့"

ပီတိသည် ပြေးကာ ဝီရ လက်မှ စာအုပ်ထုပ်ကို ဖမ်းကိုင်ထားလိုက်ပါသည်။

"ဟဲ့ ... ပီတိ ... ပီတိ၊ နင်လည်း မသယ်နဲ့လေ"

ကြည်နူးကလည်း အပြေးအလွှားပင် ပီတိနောက်ကို ပြေးကာ ပီတိလက်ကို ဆွဲကိုင်ထားလိုက်ရပါသည်။

"မသယ်ပါဘူး၊ မမကလည်း"

ဝီရသည် ရုတ်တရက် လျင်မြန်စွာ အပြေးအလွှားဖြစ်သွားတဲ့ ညီအစ်မနှစ်ယောက်ကို တအံ့တဩကြည့်ရင်း ...





"ဟင် ... ပီတိ၊ ညီမလေး"

ရှေ့ရွတ်လိုက်တဲ့ အသံထဲက အံ့အားသင့်ခြင်း၊ ဝမ်းသာရွှင်လန်းသွားခြင်းများကို ပီတိရော ကြည်နူးပါ အတိုင်းသားမြင်တွေ့လိုက်ရပါသည်။

"ဘယ်က ရောက်လာတာလဲ၊ အပြင်တွေ လျှောက်သွားနေတယ်၊ ဟုတ်လား"

ကြည်နူးသည် မျက်ခုံးတွန့်တွန့်နှင့် ...

"ပြောလို့ကို မရဘူး ကိုဝီရရေ၊ ဒီနေ့ စထွက်တာ၊ တစ်နေရာပြီး တစ်နေရာပဲ"

"ခဏလေး ... ခဏနော် ပီတိ၊ ဟိုမှာ ဘောက်ချာရေးပေးလိုက်ဦးမယ်"

"အင်း ... ဒီစာအုပ်ထုပ်ကြီး မသယ်နဲ့၊ ချလိုက်"

"ဒါပေါ့ပေါ့လေးပါ ပီတိရဲ့၊ ဝတ္ထုစာအုပ် အုပ်သုံးဆယ်ထဲ"

"အဲဒါနည်းလား၊ စာအုပ်သုံးဆယ်ဆိုတာ"

စိုးပိုင်သည် ပြုံးစိစိနှင့် ဝီရလက်မှ စာအုပ်ထုပ်ကို လာဆွဲယူသွားပါသည်။ ဝီရီ ကမန်းကတန်း ကောင်တာစားပွဲဆီသွားကာ ငွေတချို့ ရှင်းပေး၊ ဘောက်ချာရေးပေးနှင့် ကိစ္စပြတ်အောင် လုပ်ပေးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ညီမ၊ ဒီကုလားထိုင်မှာ ထိုင်လေ၊ ဟိုသွားဒီသွား နဲ့ ပင်ကပင်ပန်းနဲ့ ပီတိရယ်"

ကြည်နူးသည် ဝီရရဲ့ ကြင်နာပူနွှမ်းတဲ့ မျက်လုံးများ ကို ကြည့်ရင်း သက်ပြင်းရှိုက်၍ မျက်မှောင်ကုတ် မျက်နှာလွှဲကာ စာအုပ်ဆိုင်ထဲပဲ လှည့်ပတ်ကြည့်နေလိုက်သည်။

"ဒါ ... အခု ဘယ်ကိုလာတာလဲ"

ပီတိသည် ပြုံးပြုံးကလေးနှင့်မော့၍ ...

"ဒီကိုပဲ"

"ဒီကို ဘာလာလုပ်တာလဲ၊ ကိုဦးဆီလား"

"ဟင့်အင်း ... ကိုကို့ဆီပါ"

"ဪ ... ပီတိရယ်၊ ကိစ္စရှိရင်လည်း ခေါ်လိုက်ပေါ့၊ ကျွန်တော် လာခဲ့လိုက်မှာပေါ့"

ပီတိက ပြုံးနေသည်။ ကိုကိုဝီရကကော ဘာကြောင့် သူများစိတ်တွေ ချမ်းမြငြိမ်းအေးရလောက်အောင် ကြင်ကြင်နာနာ ရှိလှသလဲ၊ ဒီတော့ ပီတိ သံယောဇဉ် တွယ်လွန်းတာ လွန်မိပါ သလား။

"ကိစ္စမှ မရှိတာ၊ ဒီလိုပဲ အလစ်လာလိုက်တာ၊ လာလိုက် တာနဲ့ အလေးအပင်တွေ ခိုးပြီးမ,နေတာနဲ့ ကြုံတာပဲ"





"ခိုးပြီးမ,နေတာ မဟုတ်ရပါဘူး ပီတိရယ်၊ ဒီစာအုပ်တစ် ထုပ်ဆိုတာ တကယ့်ကို ပေါ့ပေါ့လေးပါ"

"မပေါ့ပါဘူး၊ ပီတိတောင် မနိုင်ဘူး"

"ပီတိကတော့ ဘယ်နိုင်မလဲ၊ ကျွန်တော်ကတော့ အုပ် ရာချီတဲ့ ဆာလာအိတ်တို့ ပုံးတို့တောင် နိုင်ပါတယ်"

"အို ... နိုင်တိုင်း မမ,ရပါဘူး၊ ဆရာဝန်ကြီး ဘာမှာလိုက် လဲ၊ ခြောက်လ ဘာမှ မမ,ရဘူး ပြောထားတာ"

ဝီရက ရယ်မောလိုက်မိရင်း ...

"ဘာမှ မမ,ရတာတော့ မဟုတ်ပါဘူး ညီမရယ်၊ လေးတာ သာ မမ,ရမှာပါ"

"ဒါလည်း လေးတယ်၊ သာမန်လူအတွက် မလေးတောင် အော်ပရေးရှင်း လုပ်ထားတဲ့ ကျောက်ကပ်ထုတ်ထားရတဲ့ ကိုကိုဝီရ အတွက်တော့ လေးတယ်၊ မမ,နဲ့ဆိုရင် မမ,နဲ့ပေါ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ မမ,တော့ဘူး"

ဝီရက ရယ်မောကာ ပြောပေမဲ့ ပီတိ မျက်နှာကလေး က ရှုရှုပုပ်ပုပ်လေး ဖြစ်နေပါသည်။ ဘေးပတ်လည်တွေမှာ စာအုပ်စင်တွေ စာအုပ်ထုပ် စာအုပ်စည်းတွေ၊ အပုံလိုက် အထပ် လိုက်။ ဒီဆိုင်မှာ ထိုင်နေမှတော့ ဒါမျိုးတွေကို ကြုံရင်ကြုံသလို အမှတ်တမဲ့ ဝင်မ,နေ သယ်နေဖြစ်မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဝီရက ကောင်တာမှာ ထိုင်ရတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဆိုင်တာဝန်ခံပါ၊ ဘာစာအုပ် လာဖြန့်ရင် ဘယ်လောက်ယူမယ် ဆုံးဖြတ်၊ ဘောက်ချာရေး ငွေရှင်း၊ ဝယ်သူငွေရှင်းတာ လက်ခံ၊ ယေဘုယျကတော့ ဒါပဲပေါ့၊ ဒါပေမဲ့ အလုပ်များရင် များသလို ဆိုင်လူကျ နေရင် ကျသလို၊ ဒီနားက ဒီနားလေး ဝင်မ,သယ်လိုက် တာတော့ ရံဖန်ရံခါ ရှိတာပေါ့၊ တစ်ခါတလေမှပါ ပီတိ ရယ်"

"တစ်ခါတလေလည်း တစ်ခါတလေပဲလေ၊ ကိုကိုက သာမန်လူဆိုရင် ဘယ်လိုသယ်သယ် မမ, ဘာအရေး လဲ"

"ကျွန်တော်က သာမန်လူ မဟုတ်ဘဲ အတောင်ပေါက်နေ လို့လား"

"မရယ်ရပါဘူး ... ကိုကိုဝီရက အင်္ဂါချို့ယွင်းနေတဲ့သူ လေ"

"ဗျာ"

"ဟုတ်တယ်လေ၊ ပုံမှန်ရှိရမဲ့ဟာထဲက ချို့ယွင်းပြီး ကျောက် ကပ်တစ်လုံးပဲ ရှိတော့တဲ့သူ၊ အဲလို တစ်လုံးပဲ ရှိတော့တာ





ဟာ ပီတိကြောင့်၊ အဲဒီချို့ယွင်းချက်ကြောင့် ကိုကိုဝီရ တစ်ခုခုလုပ်ရင်း အမှားအယွင်း မကျန်းမမာ ဖြစ်မယ်၊ ထိခိုက်မယ်ဆိုရင် ပီတိ ဘယ်စိတ်ကောင်းမလဲ"

ပီတိရဲ့ **အပြောတွင်** ဝီရသည် တဖျပ်ဖျပ် ခံစားလိုက် ရကာ ဘာစကားမှ ပြန်မဆိုဘဲ ပီတိကို ခေါင်းတညိတ်ညိတ်နှင့် ကြည့်နေတာမို့ အနားက ကြားနေရတဲ့ စိုးပိုင်က ဝင်ကာ ...

"နောင်ကို ဒီကောင် အလေးအပင်တွေ မမ,မိစေအောင် ကျွန်တော် သတိထားကြည့်ပြီး သတိပေးနေပါ့မယ်၊ စိတ်ချ မပီတိ၊ ဟိုတစ်နေ့ကတောင် ကျွန်တော် တစ်ခါပြောပါ တယ်"

"တွေ့လား၊ ဟိုတစ်နေ့က တစ်ခါမ,ပြန်လို့ပေါ့၊ အမြင် မတော်တဲ့သူတွေက ဝင်သတိပေးနေရတယ်"

ဆိုင်ရဲ့အတွင်းဘက် တစ်နေရာတွင် ကြည်နူးသည် ကိုဦးနှင့်တွေ့ကာ စကားပြောနေပါသည်။ ပီတိ အပြင်စထွက်တဲ့ နေ့မှာ စာအုပ်ဝယ်ချင်လို့ လာတာဖြစ်ကြောင်း အာလာပသလ္လာပ ပြောဆိုကာ ဆိုင်ရှေ့ဘက် ပြန်ထွက်အလာ ပီတိတို့ရဲ့ စကားတွေကို ကိုဦးလည်း နားစွန်နားဖျား ကြားသွားပါသည်။

"အဲဒါလေ ... ကြည်နူး ညီမ ပီတိပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ညီမရဲ့အကြောင်းတော့ ကိုလတ် စကားတွေထဲ ကြားကြားနေတော့ သိနေရတယ်၊ ခုမှပဲ ဆုံဖူးတော့တယ်၊ အခု ကောင်းကောင်း နေကောင်းသွားပြီနော် ညီမ"

"ဟုတ်ကဲ့၊ ပီတိက ဆရာဝန်တွေ စကားအတိုင်းလည်း လိုက်နာပြီး နေပါတယ် ကိုကိုဦး၊ မနေလို့လည်း မရဘူး၊ ဖေဖေရော မမရောက လိုတာထက်တောင် ပိုပြီးဂရုစိုက် စောင့်ကြည့်နေတာ၊ ဟောဒီ ကိုကိုဝိရပဲ ဆရာဝန်ကခြောက် လ လုံးဝအလေးအပင် မမ,ရဘူးဆိုတာ လစ်သလို ကြုံသလို မ,နေလို့ ပြောနေရတယ်"

"ဟုတ်တယ်၊ ဝိရက မျက်စိရှေ့ မြင်နေရင် မနေတတ်ဘူး၊ တကယ်တမ်း သူ့တာဝန်က ဆိုင်တာဝန်ခံ၊ ဆိုင်မန်နေဂျာ သဘောဆိုတော့ စားပွဲမှာတင် နေလို့ရပါတယ်၊ မျက်စိနဲ့ တင် ကြည့်ရှုစစ်ဆေးလို့ ပြီးပါတယ်၊ ဒါပေမဲ့ ဝိရကိုက ဖင်ပေါ့တာ၊ လှစ်ခနဲဆို သူ ဝင်ပါလိုက်ပြီ"

"အဲဒါ ဆူထားပါဦး ကိုကိုဦးရဲ့"

ပီတိရဲ့ ကလေးဆန်ဆန် အပြောကြောင့် အားလုံး ပြုံးသွားပါသည်။ ကြည်နူး တစ်ယောက်သာ စိတ်တွေညစ်နေလျက် ...





"ကဲ ... ကဲ ... ပီတိ၊ လိုချင်တဲ့စာအုပ်တွေ မြန်မြန်ရွေး၊ သူများတွေလည်း အလုပ်တွေ တစ်ဖက်နဲ့"

ပီတိက စာအုပ်စင်တွေအကြားဝင်ကာ သူဖတ်ချင်တဲ့ လိုချင်တဲ့ ဝတ္ထု၊ မဂ္ဂဇင်းတွေ၊ စာအုပ်တွေ ရွေးချယ်နေပါတော့သည်။ ကြည်နူးနှင့် ကိုဦးတို့က စကားလေး တစ်ခွန်းလောက် စပ်လိုက်၊ စာအုပ်တွေ ကြည့်နေလိုက်၊ ပြောစရာလည်း မရှိလှ၍ ကြည်နူးက ပြန်ချင်လှပြီ။

"ရှတ် ... ဝိရ"

လူတွေရှုပ်ရှုပ်ကြားမှ စကားသံ အမျိုးမျိုးကြားကပင် ဆိုင်ပြင်ဘက်က ထွက်လာတဲ့ ခေါ်သံတစ်ခုကြောင့် ဝိရ လှမ်းကြည့်လိုက်သလို ကြည်နူးလည်း လှမ်းကြည့်လိုက်သည်။

ဝိရသည် မြတ်မျိုးကို မြင်လျှင် ရင်ကြီးလေးကာ စိတ်တွေ နှောက်သွားပါသည်။ မြတ်မျိုးက စိတ်မထင်လျှင် ဝူးဝါးဝူးဝါးမို့ ပီတိတို့ ရှိနေတုန်း ရောက်လာတာကို စိတ်ရှုပ်သွားတာပင်။

"အားလား"

"သိပ်မအားဘူးဟ"

"လာဦး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့ ပိုင်စိုးပိုင်နင်း လက်ယပ်ခေါ်ပုံကို ကြည်နူးက သိသိသာသာပင် လှမ်းကြည့်နေမိပါသည်။

"ဘာလဲဟ၊ ဝယ်သူတွေ ကျနေတယ်"

"လာပါဦးဆိုမှ"

မျက်စောင်းကြီး တစ်ချက် ထိုးလိုက်သေးတာမို့ ကြည်နူးက ကောင်မလေးကို ကြည့်ရာမှ ဝီရကိုပါ လှမ်းကြည့်လိုက်မိသည်။ ဝီရသည် ကြည်လင်ရွှင်လန်းနေရာမှ တစ်မုဟုတ်ချင်း မျက်နှာညှိုမှိုင်း ညစ်နောက်သွားတာ တွေ့ရကာ နဖူးစပ်၌ပင် ချွေးတွေ ချက်ချင်းစို့လာသည်။

ဝီရက ပီတိဘာက် တစ်ချက်လှမ်းကြည့်ကာ ဆိုင်အပေါက်ဝနား ရပ်နေတဲ့ မြတ်မျိုးဆီ သုံးလေးလှမ်းစာ လျှောက်လာခဲ့ပါသည်။

"ဟဲ့ ... ဝီရ၊ နင့်မှာ ပိုက်ဆံဘယ်လောက်ပါလဲဟင်"

"ဘာလုပ်ဖို့လဲ၊ နည်းနည်းပဲပါတယ်"

"အဲဒီနည်းနည်းက ဘယ်လောက်လဲ"

"နှစ်ထောင်"

"အတော်ပဲ၊ ငါ့ကို အဲဒီနှစ်ထောင် ပေးလိုက်ပါဟယ်၊ နော် ... နော်"

"ဘာလုပ်ဖို့လဲ"





"ရုံးက ဟိုမိန်းမကို မခံချင်လို့ပေါ့၊ ငါ သူ့ဆီက လဆိုင်းပေးနဲ့ အိတ်တစ်လုံး ဝယ်ထားတာလေ၊ လတိုင်းပေးလာတာပဲ၊ ဒီလ နောက်ဆုံးပါပဲ၊ အဲဒါ ငါက တစ်ထောင်ပဲ ယူထားဦးလို့၊ ငါ အိမ်အတွက် ဒီနေ့ ဝယ်သွားစရာရှိလို့ ပြောတာကို ပွတ်ကျွတ် ပွတ်ကျွတ် လာလုပ်နေတယ်၊ အမြင်ကကတ်တယ်၊ မျက်နှာငယ်တော့ မခံနိုင်ဘူး၊ နှစ်ထောင်ကျန်တာ ဒီနေ့ပဲ ပေးလိုက်တော့မယ်၊ ငါ့ကို အဲဒီနှစ်ထောင်ပေး"

ဝီရသည် လကုန်ကာနီးရက်မို့ ပိုက်ဆံမရှိလှတော့တာ အမှန်ပင်။ ခုနောက်ပိုင်းရက်တွေ သူနဲ့ စိုးပိုင် လက်ဖက်ရည်တောင် မသောက်ဖြစ်တော့။ အမေ့ကို ပေးပြီးသားထဲကလည်း ပြန်တောင်းမသုံးချင်၍ သူ့အိတ်ထဲမှာ ပိုက်ဆံနှစ်ထောင့်သုံးရာပဲ နောက်ဆုံးကျန်တော့တာ။ လမကုန်မချင်း လမ်းစရိတ် ကားခတွေ ရှိသေးသည်။

မြတ်မျိုး ဒီလိုတောင်းတိုင်း သူ့ဆီက ချေးတာမဟုတ်၊ ယူသုံးလိုက်တာသာမို့ ပြန်ရစရာက မရှိ။ နှစ်ထောင်ပေးလိုက်ရင် သူ့မှာ သုံးရာပဲ ကျန်တော့မည်။ သူ့ကိုယ်သူ ပြန်စဉ်းစားကြည့်တော့ သူဟာ ရည်းစားကို ပိုက်ဆံနှစ်ထောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ နမြောနေတဲ့သူ့ အဖြစ်ကို ရောက်နေတာမို့ သူ့ကိုယ်သူလည်း ရှက်သွားပါသည်။

"ဟဲ့ ... ဟဲ့ ... ဝီရ"

"ဘာလဲ"

"ဟိုဘက်နားကနေ ငါ့ကို ပြုံးကြည့်နေတဲ့ အမျိုးသမီးက ဘယ်သူလဲ၊ အပြာဝမ်းဆက်နဲ့လေ၊ နင့်ကိုလည်း ကြည့်တယ်၊ မျက်တောင်တောင် မခတ်ဘူး"

မြတ်မျိုး မကြည်နူးကို ဆိုလိုတာကို လှည့်မကြည့်ဘဲ ဝီရ သိပါသည်။

"သူ့ဟာသူ ဘယ်သူဖြစ်ဖြစ်ပေါ့၊ ဘယ်သိမလဲ"

"တအားကြည့်နေတာနော်"

"ကြည့်ပစေပေါ့ဟာ၊ ကဲ ... ကဲ ... ရော့ဟာ နှစ်ထောင်"

ဝီရသည် ရှပ်အင်္ကျီအိတ်မှ ပိုက်ဆံနှစ်ထောင်ကို နှိုက်ကာ မြတ်မျိုးကို ကမ်းပေးလိုက်ပါသည်။ ကြည်နူးသည် ဝီရတို့ကို လှမ်းကြည့်နေရင်း ကောင်မလေးပုံစံကို အလကားနေရင်း ဘာမဆိုင် ညာမဆိုင် ကြည့်မရ ဖြစ်နေမိဆဲ ဝီရပေးတဲ့ ပိုက်ဆံထောင်တန်နှစ်ရွက်ကို ရှပ်ခနဲ ဆွဲယူလိုက်ဟန်ကို မြင်လျှင် ပို တောင်မှ မျက်စိစပါးမွေး စူးမိသည်။





ကိုယ့်ကိုလည်း ထိုကောင်မလေးက ကွက်ကြည့် ကွက်ကြည့် လှမ်းလှမ်းလုပ်နေတာမို့ အလိုလိုပင် ဝီရနဲ့ ကိုယ်နဲ့ ရင်းနှီးမှုရှိကြောင်း သိစေချင်လာမိကာ၊ မရည်ရွယ်မိခင် လွှတ်ခနဲ နှင့် ...

"ကိုဝီရ ... ဒီမှာ ငွေရှင်းမဲ့သူတွေ ရှိတယ်"

မြတ်မျိုးသည် အံ့အားသင့်သွားပြီး ဝီရမျက်နှာကို မှန်တေတေ ကြည့်လိုက်ရင်း ...

"ငါ မပြန်သေးဘူး၊ စောင့်နေဦးမယ်"

ဝီရသည် ကောင်တာဘက်လှည့်၍ ငွေရှင်းမည့် ဝယ်သူတွေကို ငွေယူခြင်း အမ်းခြင်း လုပ်ရပါသည်။ မြတ်မျိုးသည် ဆိုင်ထဲထိ မယောင်မလည် ဝင်လာကာ မဂ္ဂဇင်းအသစ်တချို့ကို ကောက်ကိုင်ကြည့်နေရင်း ဝီရထံ လူရှင်းသည်နှင့် ...

"ဝီရ ... ငါ့ကို မိတ်ဆက်ပေးစမ်းပါ"

"ဟာ ... ဘယ်သူနဲ့လဲ"

"ဟိုအစ်မကြီးနဲ့၊ နင် မသိသလို လိမ်တယ်လေ၊ သူက နင့်ကို နာမည်တပ်ပြီး စကားပြောတယ်၊ အဲဒါဘယ်သူလဲ"

"အသိပေါ့ဟာ"

"နာမည် ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် မြတ်မျိုး ဇွတ်ကျတာကို သိသူပီပီ၊ ပီတီတို့ရှေ့၌ အကျယ်အကျယ်တွေ ဖြစ်ပွားမှာ မလိုလားသည်နှင့် ...

"မကြည်နူးတဲ့"

"နာမည်က တယ်ဆန်းပါလား"

ထိုစဉ်မှာပင် ပီတီသည် စာအုပ်တချို့ပိုက်ကာ ဝီရရှိရာကောင်တာသို့ လာတင်လိုက်ရင်း ...

"ကိုကို ... ဒါတွေ ပီတီ ယူမယ်"

"အင်း ... အင်း"

မြတ်မျိုးသည် မျက်ခုံးတွေ မြင့်တက်သွားရကာ ...

"ပီတီ ... ဒါက ပီတီလား"

ပီတီသည် မြတ်မျိုးကို မျက်လုံးဝိုင်းလေးနှင့် ငဲ့ကြည့်ကာ ခေါင်းညိတ်ပြရင်း ဝီရဘက်လှည့်၍ အဖြေရှာသလို မေးခွန်းမျက်ဝန်းလေးနှင့် ကြည့်နေပါသည်။

"နေကောင်းသွားပြီလား ပီတီ"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အစ်မ၊ ကိုကို ဒီအစ်မက ဘယ်သူလဲ"

မြတ်မျိုးသည် "ကိုကို"ဆိုတဲ့ အခေါ်အဝေါ်ကြောင့် ရှုံ့မဲ့သွားချင်သော မျက်နှာကို ဟန်ဆောင်ကာ ...





"တို့က မြတ်မျိုးတဲ့၊ ဝီရ ချစ်သူပါ၊ ညီမအကြောင်းကို ဝီရ ပြောပြလို့ သိနေတာလေ"

ပီတီသည် တုန်လှုပ်သွားတဲ့ မျက်နှာနှင့် ဝီရကို တစ်လှည့်၊ မြတ်မျိုးကိုတစ်လှည့် ကြည့်မိသည်။ အနားတိုးကပ်လာတဲ့ ကြည်နူးသည်လည်း မြတ်မျိုး စကားကိုကြားကာ အံ့အားတသင့် ဖြစ်မိသည်။ ဝီရ ချစ်သူတဲ့။ ပါးစပ်ရဲလိုက်တာ။ ထိုကောင်မလေးပုံစံကို ကြည်နူး နည်းနည်းမှမကြိုက်။ မျက်လုံးတွေကိုလည်း မကြိုက်။ ဝီရက မပြည့်စုံ မချမ်းသာပေမဲ့ သန့်ပြန့်ကြည်လင် ချောမောသော ရုပ်ရည်နှင့် အဆင့်အတန်းရှိတဲ့ ပုံသဏ္ဌာန်ထွက်နေတဲ့သူပါ။ ထိုကောင်မလေးကတော့ ကုမ္ပဏီယူနီဖောင်းနီညိုရောင်က ဟောင်းနွမ်းစ ပြုကာ မပြည့်စုံမှန်း သိသာသော်လည်း ရုပ်ဆင်းသွင်ပြင်က ဘာတွေ ညစ်နေတယ်မသိ၊ အဆင့်အတန်းနိမ့်တယ်လို့သာ အလိုလိုထင်နေမိပါသည်။ ဝီရနဲ့မတန်။ ဘေးလူအဖြစ် ရိုးရိုးမှတ်ချက် ချရလျှင် ဝီရဘက်က နာပါသည်။

ဝီရ မျက်နှာမှာ အနည်းငယ် နီမြန်းရိပ် သမ်းချင်လာကာ မျက်လုံးများက ခုနလို ကြည်စင်သန့်ရှင်းကာ တည့်တည့်ရင်ဆိုင်မရှိတော့ဘဲ ခပ်လွှဲလွှဲ ဖြစ်နေသည်။

"တို့ကလည်း ခင်စာတတ်ပါတယ်၊ နောက်မှ ဝီရနဲ့အတူတူ အိမ်လာလည်ရဦးမယ်၊ လာလည်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ပီတိသည် ခပ်တုံ့တုံ့လေးနှင့် ...

"ဟုတ်ကဲ့ ... ရပါတယ် အစ်မ"

"ဩော် ... ဒါဖြင့် ဒီအစ်မက ပီတိရဲ့အစ်မ ထင်တယ်"

"ဟုတ်ကဲ့ ... ပီတိ အစ်မပါ"

"တို့ကို မှတ်ထားနော်၊ တို့ကိုလည်း ဝီရကို ခင်မင်ရင်းနှီးသလိုပဲ သဘောထားပေါ့၊ အခု စာအုပ်လာဝယ်တာပေါ့"

"ဟုတ်ကဲ့၊ ကိုကိုဝီရကိုလည်း မတွေ့တာကြာလို့ လာတွေ့တာပါ"

ကြည်နူးက စကားဝင်ဖြတ်ကာ ...

"ကဲ ... ပီတိ၊ သွားစို့ ... သွားစို့၊ ကိုဝီရ ငွေတွက်လိုက်ပါဦး"

ဝီရသည် တိတ်ဆိတ်စွာပင် ပီတိ ယူထားတဲ့စာအုပ်တို့ရဲ့ တန်ဖိုးကို ငုံ့တွက်နေလိုက်ပါသည်။ ပီတိရဲ့ စာစာချိုချို အသံကလေးဟာ တိတ်ကျသွားပြီး မျက်နှာကလေးကလည်း တစ်မျိုးလေး ဖြစ်နေပါသည်။

"ခုနစ်ထောင့်ငါးရာ ကျတယ် မကြည်နူး"

ကြည်နူးက သိန်းနားကပ် တန်ဖိုးကြီးသည့် လိပ်ကျောက်မြီးသားရေ ပိုက်ဆံအိတ်ကို ထောက်ခနဲဖွင့်ကာ ပိုက်ဆံ ခုနစ်ထောင့်ငါးရာကို ခပ်သွက်သွက် ထုတ်ချပြီး ...




"သွားစို့ ... ပီတိ"

ဝီရကိုပင် နှုတ်မဆက်တော့။ ပီတိမှာ "သွားပြီ ကိုကိုဝီရ"လို့ ကသောကမျော ပြောရစ်ရကာ မမ လက်ဆွဲခေါ်ရာ ပါသွားပါသည်။ မြတ်မျိုး မျက်လုံးထဲက အရိပ်အယောင် အချိုးအချိုတ် အမိပ္ပာယ်တွေကို ရပ်မိသဘောပေါက်တဲ့ ကြည်နူးသည် သူ့ညီမကို တမင်မဏ္ဍာပ်အိုင် တက်ပြလိုက်တာဟု နားလည်ကာ တစ်လမ်းလုံး ဒေါပွလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com







## ၉

"သိပ်ရှက်စရာ ကောင်းတာပဲ"

မမကို ပီတိက ငေးကြည့်နေမိသည်။ ပီတိကတော့ မရှက်မိပါ။ ဝမ်းသာနည်းနေသည်။

"နင် မရှက်ဘူးလားဟင် ပီတိ"

ကြည်နူးက ပီတိရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းက ထပ်မေးပြန်သည်။

"ဘာကို ရှက်ရမှာလဲ မမ၊ ပီတိ ဘာလုပ်လို့လဲ"

"နင် မလုပ်ဘူး၊ ဟိုက ပြောသွားတာကို ပြောနေတာ၊ တို့က မြတ်မျိုးပါတဲ့၊ ဝီရ ချစ်သူပါတဲ့"

"အဲဒါ ဘာဖြစ်လဲ မမရယ်၊ သူ့ချစ်သူမို့ သူပြောတာပဲ"

www.burmeseclassic.com



"ဟဲ့ ... စကားပြောဆိုတဲ့အခါ မျက်နှာပေး အမူအရာနဲ့ လေယူလေသိမ်းက အရေးအကြီးဆုံး၊ ဒီစကားလုံးကိုပဲ လေသံအမျိုးမျိုး မျက်နှာပေးအမျိုးမျိုး ပြောင်းပြောရင် အဓိပ္ပာယ်အမျိုးမျိုး ထွက်တယ်၊ ဒီကောင်မလေး ပြောသွားတဲ့ လေသံက နင် သိထားဖို့ လိုတယ်၊ မှတ်ထားဆိုတဲ့ အသံမျိုး အဓိပ္ပာယ်မျိုး"

"အဲဒီတော့ ဘာဖြစ်လဲလို့"

"ဘာဖြစ်ရမလဲ၊ နင့်မျက်နှာပေါ်မှာ ဇီရကို ပတ်သက်မဲ့ အရိပ်အယောင်မျိုး သူ တွေ့သွားလို့ တမင်ပြောတာ"

ပီတိက စုပုပ်ပုပ် လုပ်နေပါသည်။ ဝမ်းနည်းနေရတဲ့ အထဲ မမစကားက သူ့ရင်ထဲကို ပိုထိခိုက်စေသည်။

"ရွာမဲ့ရုပ်မျိုး၊ ကြမ်းမဲ့ရုပ်မျိုး၊ တော်ပါပြီ ညီမလေးရယ်၊ ဇီရနဲ့ ဆက်ရင်းနှီးသွားဖို့ စိတ်မကူးပါနဲ့တော့၊ ကျေးဇူးကြီးတာက တစ်ပိုင်းပဲ၊ ကိုယ်လည်း သူကျေးဇူးပြုတာနဲ့ တန်အောင် သူ့ကို ကြည့်ရှုစောင့်ရှောက်ပြီးပြီ၊ တော်ပြီ၊ နောက် ဖုန်းလည်းမပြောနဲ့၊ တွေ့လည်းမတွေ့နဲ့"

မမ ပြောတာကတော့ လွယ်လွယ်ကလေးပင်။ ပီတိသည် "ဘာဖြစ်လဲ၊ ပီတိတို့က ရိုးရိုးခင်မင်မှာပဲ၊ သူ့ဟာသူ ရည်းစားရှိရှိ" စသဖြင့်တောင် ပြန်မပြောနိုင်။ ကိုကိုဇီရမှာ ရည်း





စားရှိတယ်တဲ့ ဆိုတဲ့ အသိက မယုံချင်အောင်၊ လက်မခံချင်အောင် လှုကို ဖိစီးထုထောင်းလိုက်၍ ရင်ထဲ မွမွကြေသွားသလို ဟိုက်ခနဲ ခံစားနေရပါသည်။

"သူလိုဟာကများ ငါ့ညီမကို ဒီလေသံ ဒီမျက်နှာပေးနဲ့၊ အမယ်လေး ... နာလိုက်တာ၊ နစ်နာလိုက်တာ ပီတိရယ်"

ကြည်နူးသည် ဆတ်ဆတ်ခါနေပါသည်။ ဘယ်လို နိုင်းယှဉ်လို့မှ ခြေဖျားမမီတဲ့ မိန်းမတစ်ယောက်က သူ့ညီမကို သူမရဲ့ရည်းစားနှင့် ငြိသွားမှာစိုးရိမ်တွန့်တိုနေဟန်နှင့် သတိပေးတာလိုလို အသိပေးတာလိုလို ပြောသွားလိုက်တာ။

ကိုယ့်မှာ ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ခံလိုက်ရတဲ့ ပုံစံမျိုး။

"ကိုကိုဇီရကလည်း အဲဒီပုံစံမျိုးကိုများ သွားကြိုက်ရသေးတယ်"

"ဟဲ့ ... သူ့ဟာသူ ဘာပုံကြိုက်ကြိုက် နင်နဲ့မဆိုင်ဘူး ပီတိရဲ့"

"မလိုက်ဖက်လို့ ပြောတာပါ၊ ကိုကိုဇီရက အေးအေးမြမြလေး၊ သူက ပွပွလောင်လောင်"

"နင်တို့ ငါတို့ကို ဘယ်လိုအဆင့်က ဘယ်လိုဂုဏ်ဒြပ်မျိုးနဲ့ဆိုတာလည်း မျှော်မှန်းတတ်မှာတောင် မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုတောင် ပီတိအစ်မထင်တယ် ဆိုပြီး မျက်ခုံးပင့်ကြည့်လိုက်သေးတယ်၊ သူနဲ့များ ပြဿနာရှုပ်ရှုင်းရရင် ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်မလဲ၊ ဝီရနဲ့ ပတ်သက်စရာ မရှိရင် ဒီမိန်းမကို လှည့်ကြည့်နေစရာတောင် မလိုဘူး၊ အဲဒါကြောင့် ဝီရကို လုံးဝမပတ်သက်နဲ့တော့"

"အဲဒါ မှန်ရဲ့လား မမ"

ပီတိက လေသံပျော့ပျော့နှင့် စောဒကတက်သည်။

"ဘာကို ပြောတာလဲ"

"သူ့အင်္ဂါ အစိတ်အပိုင်း တစ်ခုကို ခပ်တည်တည်နဲ့ အပိုင်ယူထားပြီး သူ့ကို လုံးဝမပတ်သက်ဘဲ နေရမယ် ဆိုရင် မှန်ပါ့မလား"

"ခြော် ... သာမန်အခြေအနေဆိုရင် ဘာအရေးလဲ၊ ပတ်သက်ခင်မင်ပေါ့၊ သူ့မှာ ဒီလို တိုနေ ထွာနေ စွာနေတဲ့ ရည်းစားတစ်ယောက် ရှိနေတာ၊ ဒီထက်ဆိုးတာမျိုး အပြောအဆိုခံရမှာ နင် မရှက်ဘူးလား ပီတိ၊ သူ့အဖို့ကတော့ ဝီရလို အမျိုးသားလေးကို ရထားတာတောင် လွန်လှပြီကွာ ဝီရက ပိုက်ဆံမရှိပေမဲ့ အဆင့်အတန်း ရှိသေးတယ် သူက ... အင်း ... သူများကို ချိုးဖဲ့ မပြောချင်ပါဘူး မပတ်သက်နဲ့တော့၊ ဒါပဲ"





ပီတိသည် မေးလေးထောက်၍ ပြတင်းပေါက်မှ ခြံထဲသို့ ငေးကြည့်ငြိမ်သက်နေသည်။

"ငါကလည်း ဒီမှာနေတာ မဟုတ်ဘူးနော်၊ တစ်ခါတစ်ခါမှ ရောက်တာ၊ ငါ မသိအောင် ဝီရကို ဆက်သွယ်မနေနဲ့၊ ကောင်းကောင်းနေ၊ ဖေဖေကတော့ နင့်ကိုဆိုရင် ဘာမှပြောတာ မဟုတ်ဘူး၊ အလိုလိုက်ဖို့ပဲ သိတာ၊ အဲဒါကို နင် အခွင့်ကောင်း ယူမနေနဲ့ ပီတိ"

ဒါဖြင့် ပြီးသွားပြီလား။ ပီတိနဲ့ ကိုကိုဝီရတို့ရဲ့ ခင်မင်ပတ်သက်မှုက ဆုံးခန်းတိုင်သွားပြီလား။ ကိုကိုဝီရမှာလည်း ချစ်သူရှိနေပြီး အဲဒီချစ်သူကလည်း တခြားမိန်းကလေးတွေနဲ့ လုံးဝအပတ်သက် မခံချင်တဲ့ပုံ။ ပီတိသည် ကလေးဆန်ဆန်နှင့် "ကိုကိုရယ် ... သူ့များ ဘာကိုကြည့်ပြီး ချစ်တာလဲ"လို့ မေးကြည့်လိုက်ချင်စိတ် ပေါက်နေသည်။

ကိုကိုဝီရနဲ့ ယှဉ်လိုက်တော့ ရုပ်ရည်ချင်းလည်း မိုးနဲ့မြေ။ ဖြူစင်ရှင်းသန့်နေတဲ့ ကိုကိုဝီရ ရုပ်က အဆင့်အတန်းမြင့်ပြီး အသားညိုညို မျက်လုံးပြူးပြူးနဲ့ မျက်နှာကို အတော်ခြယ်သထားတဲ့ အဲဒီအမျိုးသမီးရုပ်က အဆင့်အတန်း မမြင့်ပါ။

စိတ်ကောင်းရှိမဲ့ပုံလည်း မရ။ မျက်လုံးကြည့်ပုံက မငြိမ်သက်ပဲ တလှစ်လှစ်နှင့် ဟိုပြေးသည်ပြေး ရွေ့လျားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင် ထိုမျက်လုံးက ဝင့်ရသေးသည်။ နှုတ်ခမ်းတွန့်ပုံက မခိုးမခန့်။ အပေါ်နှုတ်ခမ်းရဲ့ အလယ်ကောင်မှာ အဖုအသီးချွန်ချွန်ပါနေ၍ ကြက်တူရွေးနှုတ်သီးနဲ့တူတဲ့ နှုတ်ခမ်းမျိုး။ စွာရင်စွာ မစွာရင် ပလီပလာ။ ထိုအဖုနှင့် နှုတ်ခမ်းကို တချို့သောမင်းသမီးတွေလို အလှကားနေရင်း စူထော်ထော် အပြင်ထုတ်ထားသေးသည်။ ကလေးလေးတွေလုပ်တဲ့ နှုတ်ခမ်းမျိုး၊ အပျိုကြီးတွေက လိုက်လုပ်ထားတာသည် ကလေးကလား ရွံစရာနှင့် စိတ်ပျက်ဖို့ကောင်းသည်။

ပြီးတော့ ရုပ်က ကိုတိုဝီရကို အနိုင်ကျင့်မဲ့ရုပ်ပါ။ ကိုကိုဝီရက နူးညံ့ငြိမ်းချမ်းတာနဲ့တော့ သူချည်းပဲ ငုံ့ခံနေရမှာပါ။

မေးလေးထောက်ကာ ညှိုးနွမ်းနေတဲ့ ညီမရဲ့မျက်နှာကို ကြည့်ပြီး ကြည်နူး စိတ်မကောင်းပေ။ သူ့ညီမ ဒီလောက်ထိဖြစ်နေမှတော့ အဆက်ဖြတ်ကြတာပဲ ကောင်းသည်။ နေမြင့်လေအရှုံးရင့်လေ ဖြစ်နေမှာ။ သို့သော် ပီတိ မပြောနှင့် ကြည်နူးပင်လျှင် ဝီရနှင့် ဟိုအမျိုးသမီးကို မအပ်စပ် မထိုက်တန်ဘူးလို့သာစိတ်မှာခံစားနေရသည်။

"ငိုင်မနေပါနဲ့ ညီမလေးရယ်၊ လီမှာပါတယ်နော်၊ ကိုယ်ကမိန်းကလေးမို့လား၊ သူများ ပြောစရာမဖြစ်အောင် နေနိုင်မှတော်ကြာ (---)ကုမ္ပဏီပိုင်ရှင်ကြီး ဦးထင်ကျော်သမီး





ပီတိ ဆိုတာကလေ ငါ့ရည်းစားကို လိုက်ကြိုက်နေတာဆိုတာမျိုး ဟိုမိန်းမက လုပ်ကြံအတင်းပြောချင် ပြောနေမှာ၊ ကိုယ်မဟုတ်ဘဲ ဘယ်လောက်နစ်နာလဲ၊ ဘယ်လောက်အသည်းယားဖို့ ကောင်းမလဲ"

ကိုယ်မဟုတ်ဘဲ ဆိုတဲ့ စကားက လုံးစေ့ပတ်စေ့မမှန်ဘူး ထင်ပါရဲ့ မမရယ်။ လိုက်ကြိုက်နေတာလို့ မဟုတ်ရင်တောင်မှ ရင်ထဲကတော့ တိတ်တိတ်ကလေး ကြိုက်နေ ချစ်နေမိတာပဲ မဟုတ်လား။

* * *

ကားပေါ်က ဆင်းကာ ပလက်ဖောင်းပေါ် ရပ်လိုက်ကြရင်း မြတ်မျိုးက တိုက်ကြီးရဲ့ ပထမထပ်ကို လက်ညှိုးညွှန်ပြလိုက်သည်။

"အဲဒီ ပထမထပ် အခန်းပဲ ဆရာ၊ အခုတော့ ဆရာကနေရာသိရုံဆိုလို့၊ အခန်းကို ကြည့်ချင်ရင်တော့ နောက်တစ်ရက်မှ ကျွန်မသူငယ်ချင်းဆီ အခန်းသော့တောင်းပြီးပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလမ်းမကြီးမှာဆိုတော့ မဆိုးပါဘူး၊ အခန်းကလည်း ပေအစိတ်နော်"

"ဟုတ်ကဲ့ ဆရာ"

အခုပါလာတဲ့ ကိုနိုင်ထွန်းအောင်ဟာ မြတ်မျိုးတို့ မန်နေဂျာနှင့် သူငယ်ချင်းဖြစ်ကာ ရုံးခန်းကို မကြာမကြာ လာနေကျ။ နိုင်ငံခြားက ပြန်လာတာ သိပ်မကြာလှသေးတဲ့သူဖြစ်ပြီး အင်တာနက်ကဖေးတစ်ခုဖွင့်ဖို့ အခန်းရှာနေသံကြား၍ ပွဲခရလို ရငြား မြတ်မျိုးက သူသိတဲ့ အခန်းတစ်ခန်းရှိကြောင်း ပြောရာ သူက လိုက်ပြဖို့ ခေါ်လာတာပင်။

ဒီအခန်းက မြတ်မျိုးရဲ့ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ ကြီးတော်ပိုင်သော အခန်းဖြစ်သည်။

"အင်း ... အပြင်က ကြည့်တာတော့ နေရာအကွက်အကွင်းရော အခန်းအနေအထား တိုက်အနေအထားရော မဆိုးပါဘူး"

"ဟုတ်ကဲ့ ဆရာ"

"ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့၊ ကျွန်တော်က မြတ်မျိုးတို့ရဲ့ ဆရာမှ မဟုတ်ဘဲ၊ နာမည်ပဲခေါ်လို့ ရပါတယ် မြတ်မျိုး"

"ဟုတ်ကဲ့ ... ကိုနိုင်ထွန်းအောင်"





"ဒီအခန်းငှားဖြစ်ရင် မမြတ်မျိုး ပွဲခရမှာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မနဲ့ ကျွန်မသူငယ်ချင်း နှစ်ယောက်ပေါ့၊ တခြားတော့ မရှိတော့ဘူး"

"ခင်ဗျားကိုလည်း ပွဲခရစေချင်ပါတယ်၊ ကျွန်တော် နက်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါဖြစ်ဖြစ် အခန်းကို သော့ဖွင့်ပြီး ကြည့်မယ်၊ မမြတ်မျိုး သော့ယူထားပြီး ကျွန်တော့်ကို ဖုန်းဆက်ချိန်းလိုက်လေ"

"ဟုတ်ကဲ့"

"အပြင်အနေအထားအရတော့ သဘောကျပါတယ်၊ ကဲ ... ဒါဖြင့် ပြန်စို့၊ ရုံးကို ပြန်ပို့ပေးခဲ့မယ်"

"မပို့ပေးခဲ့နဲ့တော့ ကိုနိုင်ထွန်းအောင်၊ ကျွန်မ ဒီနားမှာ ဝယ်စရာလေးရှိလို့ ဝင်ဝယ်လိုက်ပါဦးမယ်"

"စောင့်ပေးရမလား"

"မစောင့်ပေးပါနဲ့ရှင်၊ ရပါတယ်"

"ဒါဖြင့် ကျွန်တော် သွားပြီ"

နိုင်ထွန်းအောင်က သူ့ရဲ့ ဆူပါဆလွန်းကားပေါ် ပြန်တက်ကာ နှုတ်ဆက်ထွက်သွားပါသည်။ မြတ်မျိုးက မလှမ်းမကမ်းမှာ ရပ်ထားတဲ့ မှာ့ခ်တူးကားကြီးဆီ တစ်ချက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားဆီလျှောက်လာခဲ့လိုက်ပါသည်။ သူတို့ကား ဒီရှေ့ဝင်ရပ်လိုက်ကတည်းက မှာခ်တူးကို မြင်တာ။ ဒီကားကိုလည်း နံပါတ်ပါတွဲ၍ ဟိုးတစ်နေ့ကတည်းက မြတ်မျိုး မြင်ပြီးသား မှတ်မိပြီးသား။

ခုလည်းပဲ နောက်ခန်းမှာ ထိုင်နေတဲ့ ပီတိကို သူ ပလက်ဖောင်းပေါ် ဆင်းကတည်းက လှမ်းမြင်သည်။

မြတ်မျိုး ကားဆီ လျှောက်လာနေတာကိုကြည့်ပြီး ပီတိက ရင်တောင်တဒိတ်ဒိတ် ခုန်လာသည်။ သူလည်း မြတ်မျိုးကို ကားပေါ်မှ ဆင်းလိုက်ကတည်းက လှမ်းတွေ့သည်။ လူတစ်ယောက်နှင့် ကားပေါ်က တွဲဆင်းလာကာ ပလက်ဖောင်းပေါ်ရပ်ပြီး တိုက်ခန်းတစ်ခန်းကို မော့ကြည့် စကားပြောနေကြတာကို လှမ်းကြည့်နေမိတာ။

ခုတော့ သူကလည်း ကိုယ့်ကိုမြင်တာမို့ ထင်သည်။ ကားအနား ရောက်လာလေပြီ။ ပီတိက မြတ်မျိုး လျှောက်လာကတည်းက မျက်နှာကို လွှဲထားလိုက်သည်။ မြတ်မျိုးက ကားနားကပ်လာကာ နောက်ခန်းမှန်ကို လက်ဆစ်လေးနှင့် နှစ်ချက်ခေါက်ရင်း ...

"ဟိတ် ... ပီတိ မဟုတ်လား"





ပီတိက လှည့်မကြည့်လို့ မရ၍ လှည့်ကြည့်လိုက်ရင်း ခုမှမြင်သလို "ဩော်"ဟု လုပ်လိုက်ရသည်။ သူက နှုတ်ဆက်ရုံ မဟုတ်ဘဲ အက်ရပ်နေ၍ မကောင်းတတ်သည်ဖြစ်ရာ ပီတိက ကားတံခါးဖွင့်၍ ဆင်းလိုက်ပါသည်။ ကားမှန်ပဲ ချလိုက်ရင် သူက ဘာတွေ ပြောဆိုမယ်မသိ၊ ဦးဖြိုး အားလုံးကြားကုန်ဦးမည်။

"မမြင်ချင်ယောင် ဆောင်နေတာပေါ့လေ"

"မဟုတ်ပါဘူး"

"ခုနကတည်းက တွေ့တယ်၊ တို့ လှမ်းတွေ့တုန်း တို့ကို ပီတိက ကြည့်နေတာ"

"ဟုတ်တယ်၊ မြင်တော့ မြင်တယ်၊ မမြတ်မျိုး ဟုတ်,မဟုတ် သိပ်မသေချာလို့ လူမှားနေမှာစိုးလို့ မခေါ်တာ"

"အမယ် ... ဟိုတစ်ခေါက်ကတွေ့တဲ့ ဒီယူနီဖောင်းနဲ့ပဲ တွေ့တာတောင်လေ၊ မသေချာဘူးလား"

ပီတိသည် ရိုသလို လုပ်နေတဲ့ မြတ်မျိုးကို မကြည့်လင်စိတ်အခံနှင့် ...

"မသိဘူးလေ၊ တခြားလူကြီးတစ်ယောက်နဲ့ တွဲလာတော့ ဟုတ်ရဲ့လားလို့ပေါ့၊ မမြတ်မျိုးဘေးမှာ ယောကျ်ားတစ်ယောက်တွေ့ရင် ကိုကိုဝီရပဲ ဖြစ်မယ်ထင်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... အမယ်၊ နှက်တယ်၊ ရိတယ်ပေါ့ ဟားဟား၊ အဲဒါတို့မန်နေဂျာရဲ့သူငယ်ချင်း၊ အခန်းငှားချင်တာရှိလို့ တို့သိတဲ့အခန်းကို လိုက်ပြပေးတာ၊ ပွဲခရမလားလို့ ကြိုကြိုက်သလို ပွဲစားလုပ်တာလေ၊ ကိစ္စရှိလို့ လူတစ်ယောက်နဲ့တွဲတာပဲ၊ ဝီရကလွဲရင် ဘယ်သူနဲ့မှ မတွဲရတော့ဘူးလို့တော့ ဘယ်ဟုတ်ပါ့မလဲ"

ပီတိက မစုပုပ်မိအောင် မျက်နှာလေးကို ခပ်မှန်မှန်လေး တည်ထားပါသည်။

"ဒီနားမှာ ကားရပ်ပြီး ဘာလုပ်နေတာလဲ ပီတိရဲ့"

ပီတိက တိုက်တစ်တိုက်ရဲ့ အပေါ်ထပ်ဆီ မေးငေါ့ပြလိုက်ရင်း ...

"အဲဒီကျူရှင်က ဆရာမတစ်ယောက်ဆီ လာတာ၊ သူ့ဆီက စာအုပ်ယူစရာရှိလို့၊ သူက သူ့ကျူရှင်ဆင်းချိန် အောက်မှာစောင့်ဖို့ ချိန်းထားတာ၊ ပီတိက စောနေလို့"

"သြော်"

မြတ်မိုးက သူ့ကို တည့်တည့်မကြည့်ဘဲ မျက်လုံးခပ်လွှဲလွှဲပြောနေတဲ့ ပီတိကို စေ့စေ့ကြည့်ရင်း ...

"ဟိုဘက်လမ်းမှာ ဝီရတို့ စာအုပ်ဆိုင်လေ၊ မသွားဘူးလား"





"မသွားပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

အဖြေလာသွားတာကို ပီတိက နောင်တရသည်။ ကိုကို့ကို ပီတိ ရှောင်နေတာကို ဒီမြတ်မိုးတော့ မသိစေချင်ပါဘူး။

"အချိန်မရလို့"

"ဒီမှာလည်း စောင့်နေရတဲ့တူတူ"

"တော်ကြာ ဆရာမနဲ့ လွဲသွားမှာစိုးလို့"

"ဒါဖြင့် ပြီးရင် ဝင်လိုက်ပေါ့"

ပီတိက မြတ်မိုးကို ရှုံ့ရှုံ့တစ်ချက် ကြည့်လိုက်ရင်း မခံချင်စွာ ...

"အင်း ... ဝင်ရင်လည်း ဝင်ဦးမယ်၊ ပီတိလိုချင်တဲ့ စာအုပ်တွေ ရှိသေးတယ်"

ပီတိရဲ့ ပမာမခန့်ပုံကို မြတ်မိုးက ရယ်လည်းရယ်ချင်၊ အမြင်လည်း ကတ်သွားပါသည်။ မြတ်မိုး အမြင်မှာ ကလေးလေးတစ်ယောက်ပုံ ပီပီသာရှိသော ပီတိဟာ သူ စကားနဲ့ ကလိချင်တိုင်းကလိရင် ငိုမဲ့မဲ့ ဖြစ်နေမဲ့သူလို့ ထင်နေတာ။ သူကလည်း အလာကြီးပါလား။ ခပ်တင်းတင်းလေးနဲ့ တစ်ခွန်းမခံ ဖက်တတ်သားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်ဝယ်ချင်တိုင်း မြို့ထဲလာတာပဲလား၊ ပီတိတို့အိမ်နဲ့ဆိုရင် လှည်းတန်းတို့ မြေနီကုန်းတို့က နီးနေတာပဲ၊ အဲဒီမှာလည်း စာအုပ်ဆိုင်တွေ ပေါတာပဲ"

"နီးတာ ဝေးတာက ဘာအရေးလဲ၊ ပီတိက ကားပေါ်ထိုင်စီးလာပြီး အချိန်တန် ရောက်သွားတာပဲလေ၊ ပီတိက ဘာပဲဝယ်ဝယ် မုန့်ပဲဝယ်စားစား ကိုယ့်စိတ်ကို နှစ်လိုမှုပေးနိုင်တဲ့ နေရာကိုပဲ သွားဝယ်တာပဲ၊ ခံစားလို့ရတဲ့ နေရာပေါ့"

"ဩော် ... ဟုတ်လား၊ ဝီရတို့ ဆိုင်ကိုတော့ ခံစားလို့ရမှာပေါ့နော်"

"ရတာယ်၊ ကိုကိုဝီရ တစ်ယောက်လုံး ရှိနေတာပဲ၊ တခြားအစိမ်းသက်သက်ဆိုင်တွေလိုတော့ ဘယ်ဟုတ်မလဲ"

"ဝီရကလည်း ဘယ်ဆိုးလို့လဲနော်၊ သူက ဒီလိုသာဆွဲဆောင်နိုင်စွမ်းရှိပြီး ဝယ်သူတွေ ပိုလာနေကြမယ်ဆိုရင် သူ့ဆိုင်ရှင်က သူ့ကို ဘိုးနပ်စ်တောင် ပေးသင့်နေပြီ၊ ဝီရကလည်း ဘယ်ဆိုးလို့လဲ၊ ချောတတ်သားပဲ ထင်တယ်"

"ကိုကိုဝီရက မချောတတ်ပါဘူး၊ ချောသာ ချောတတ်ရင် သူ့လိုလူမျိုးမှာ မိန်းကလေးတွေ ဝိုင်းနေမှာပေါ့၊ မမြတ်မျိုးက သူ့ချစ်သူဆိုပြီး သူ့အကြောင်း မသိဘူးလား"





မြတ်မျိုးက ခပ်မဲ့မဲ့ ပြုံးလိုက်ရင်း ...

"ဒါဆိုရင်တော့ ပီတိဆီ သူ မဆက်သွယ်ပါဘူး၊ ဖုန်းလည်း မဆက်ပါဘူးလို့ တို့ကိုပြောတဲ့ သူ့စကားက အမှန်ပေါ့နော်၊ ပီတိကိုလည်း မချောဘူးပေါ့"

ပီတိ မျက်နှာလေး နီမြန်းသွားပါသည်။ အပြင်စထွက်တဲ့နေ့က ဝီရတို့စာအုပ်ဆိုင် ရောက်ပြီးကတည်းက မမစကားကြောင့်ရော ပီတိကိုယ်တိုင်ရဲ့ ဆင်ခြင်ဆုံးဖြတ်မှုကြောင့်ရော ကိုကိုဝီရဆီ ပီတိ မဆက်သွယ်ခဲ့တော့တာမှ ပါ။ အဲဒီရှေ့က တစ်ရက်ခြားလောက် ဖုန်းဆက်ဖြစ်နေတာကိုပင် ရပ်လိုက်ပါသည်။

စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ဖြစ်ပွားမလာစေချင်ဘူးလေ။ သူ့ချစ်သူဆိုတဲ့ မိန်းမကိုလည်း ဘာပဲဖြစ်ဖြစ် ထည့်တွက်ပေးရပါမည်။ အဲသလို ချုပ်တည်းရပ်သိမ်းနေလိုက်ရတဲ့အတွက် ပီတိ ရင်ထဲမှာ ခုထိ နာကျင်နေဆဲဖြစ်သည်။ စားစား သွားသွား သတိရတယ် ဆိုတာမျိုးဟာ ဒါကိုပဲခေါ်တာ ဖြစ်မည်။

ပီတိ ညှိုးမှိုင်တာကို ဖေဖေမင် ရိပ်မိကာ ပီတိ နေမကောင်းဘူးလားလို့ တဖွဖွ မေးနေတတ်သည်။

"ပီတိကို ချောစရာမလိုဘူး၊ ပီတိနဲ့ ကိုကိုဝီရက ရင်းနှီးခင်မင်ပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ … ဟုတ်လား၊ ဟိုးအရင်တုန်းကတည်းကလား၊ တို့က ကျောက်ကပ်ပေးခါနီးကျမှ သိကြတာထင်လို့"

တမင် ရိသဲ့သဲ့ ဟန်ဆောင်မေးတာမှန်း သိပါသည်။

"ကျောက်ကပ်ပေးမှပဲ စ,သိတာပါ မမြတ်မျိုးရဲ့+ ဒါပေမဲ့ ရင်းနှီးမှု အတိုင်းအတာက အချိန်ကာလနဲ့ မဆိုင်ပါဘူး၊ မမြတ်မျိုး စဉ်းစားကြည့်လေ၊ ကိုကိုဝီရနဲ့ ပီတိက ကမ္ဘာပေါ်မှာ အရင်းနှီးဆုံး အပတ်သက်ဆုံး ဆိုမယ်ဆို ဆိုလို့ရတာပဲ၊ အင်္ဂါအစိတ်အပိုင်း တစ်မျိုးတည်းကို တစ်ယောက်တစ်ဝက် ခွဲဝေပိုင်ဆိုင်ထားကြတယ်၊ ကိုကိုဝီရ ပိုင်တဲ့ ကျောက်ကပ်က ပီတိကိုယ်ထဲ ရောက်နေတယ်၊ ပီတိရဲ့ ကိုယ်ထဲက ကိုကိုဝီရရဲ့ ကျောက်ကပ်တစ်လုံးက ဘယ်တော့မှ ပြန်ထွက်သွားမှာမှ မဟုတ်တော့ဘဲ …

ဟိုမှာ ပီတိဆရာမ ဆင်းလာပြီ၊ ပီတိ သွားလိုက်ဦးမယ်"

ပီတိက စကားလည်းဖြတ်၊ တိုက်လှေကားတစ်ခုမှ ဆင်းလာသော ကျောင်းသူကျောင်းသား အုပ်စုထဲ အတူပါလာတဲ့ သူ့ဆရာမဆီ သွက်သွက်ကလေး လှမ်းသွားပါသည်။ ဆရာမနှင့် စကားရပ်ပြောနေပြီဖြစ်တဲ့ ပီတိကို လှမ်းကြည့်ရင်း မြတ်မျိုး မျက်နှာက မကျေမချမ်း ကျန်ရစ်သည်။





သူကများ … လူပုံကြည့်တော့ ပျော့ညွတ်ညွတ်နဲ့။ လူကို အနိုင်နဲ့ပိုင်းပြီး ပြောသွားလိုက်တာ။ သူ့ကိုယ်ထဲမှာ ဝီရ ကျောက်ကပ်ရှိတော့ ငါက ဘာလုပ်ရမှာလဲ။ ဂရုမစိုက်ပါဘူး။ မခံချင်အောင် ပြောသွားပေမဲ့ မခံချင် မဖြစ်ပါဘူး။ ဒီကျောက်ကပ် အတွက် တန်ရာတန်ကြေး ရလိုက်တာကမှ အကောင်အထည် ရုပ်ဒြပ်ရှိတာ။

ကိုယ့်ရည်းစားဟာ အိမ်ခန်းငှားနေရတဲ့ အခြေအနေမှ သူပိုင်အခန်း ရှိသွားတဲ့ အနေအထားကို ရောက်သွားတာကမှ မြတ်မျိုးအဖို့ စိတ်ဝင်စားမှု ပိုစေပါသေးသည်။

* * *

"ပိုင်တယ်ကွာ၊ မင်းကောင်မလေးက ခေတော့ မခေဘူးကွ၊ ဟား ဟား … သဘောကျလိုက်တာကွာ"

စိုးပိုင်နှင့် ဝီရ ကားဂိတ်မှ အိမ်သို့လမ်းလျှောက်လာရင်း စိုးပိုင်က နေ့လယ်ကအကြောင်းတွေ ပြောပြလာတာဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝီရက သူတို့စာပေတိုက်မှ ကိုဦး ထုတ်ဝေမည့် စာအုပ်တစ်အုပ်အတွက် အဖုံးဖလင် အတွင်းဖလင်တွေ အပ်ထားတာ သွားရွေးနေစဉ် ဖြစ်ပါသည်။

ဝီရ အပြင်သွားနေခိုက် မြတ်မျိုး တစ်ယောက် ဒေါ်ကြီးမောကြီးနှင့် ရောက်လာကာ ဝီရ မရှိတော့ စိုးပိုင်ကိုပဲ ပီတိနဲ့ တွေ့တဲ့အကြောင်း ပြောပြသွားတာ ဖြစ်သည်။

“ကလေးလိုလို ဘာလိုလိုနဲ့ အတော်လူပါးဝတဲ့ ကောင်မလေးတဲ့၊ ဟား ဟား၊ ငါကတောင် နင်လည်း ပါးစပ်ပါတာပဲ နိုင်အောင်ပြန်ပြောပေါ့လို့ တို့ထောင်လိုက်သေးတယ်”

“မြှောက်မပေးစမ်းပါနဲ့ စိုးပိုင်ရာ”

“ငါက ဝီရ ရည်းစားဖြစ်ပြီး သူ ကြွားပြီးပြောသွားတာကို ငုတ်တုတ်ကြီး ခံလိုက်ရတယ်တဲ့၊ ဖြစ်နိုင်ရင် သူ့ဗိုက်ထဲက မင်းရဲ့ကျောက်ကပ်ကိုတောင် ပြန်ခွဲထုတ်ယူပစ်လိုက်ချင်တယ်တဲ့၊ ဒီကျောက်ကပ်ကြောင့် မင်းနဲ့ သူနဲ့သာ အပတ်သက်ဆုံး အရင်းနှီးဆုံးလို့ ပြောနိုင်နေတာတဲ့၊ တော်တော်လာတဲ့ဟာမ၊ ဘာညာနဲ့ ဒေါ်တွေကိုပွလို့၊ ငါလည်း သူ ခံလိုက်ရတဲ့ ဓာတ်လမ်းဆိုတော့ တဟားဟားနဲ့ စိတ်ရှည်လက်ရှည် နားထောင်ပေးလိုက်တယ်”





“သူ့ကို ပြန်ပြောမယ်မထင်လို့ ရုတ်တရက်မို့သာ မြတ်မျိုး ဘာပြောရမှန်းမသိ ခံလိုက်ရတာနေမှာပါ၊ တကယ်တမ်း ယှဉ်ပြောရင် မြတ်မျိုးက ပိုပါးစပ်ရဲတာကွ၊ ပိုလည်းပြောတတ်တာ”

“နောက်တစ်ခါ တွေ့လို့ကတော့ ငါ့အကြောင်းကို သိဦးမယ်လို့လည်း ကြိမ်းဝါးသွားသေးတယ်၊ ငါက ရယ်ချည်းရယ်နေတော့ ငါ့ကိုလည်း ဒေါ်တွေပွသွားသေးတယ်”

“မင်းကလည်း ... ဒါတောင် ထပ်ဆွပေးလိုက်သေးတယ်”

ဝီရတို့ စာအုပ်ဆိုင်မှာ လာဆုံကြတဲ့ နေ့တုန်းက မြတ်မျိုးဟာ သူ့ကိုရစ်သလား မပြောပါနဲ့တော့၊ ချောသလိုလို ပြောလိုက်၊ ခြောက်သလိုလို ပြောလိုက်။ သူ့ရှေ့ကို ဓာတ်လမ်းဆက်မိလို့ကတော့ မြတ်မျိုးဟာ ဒီဘက်ကိုမနိုင်ရင် ဟိုဘက်မှာ ပြဿနာသွားရှာမဲ့သူမျိုး ဖြစ်သည်။

အဲဒါတစ်ခုကို တွက်ဆ၍ ပီတိကို မဆက်သွယ်ပါဘူးလို့ မြတ်မျိုးကို သူ ကတိပေးလိုက်ကာ တကယ်လည်း မဆက်သွယ်ဘဲ နေခဲ့ပါသည်။ ပီတိဘက်ကလည်း ဆက်သွယ်မလာခဲ့တော့။ မကြည်နူးက တားမြစ်မည် ထင်သည်။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



မကြည်နူး မျက်နှာပျက်သွားပြီး မနှစ်မြို့တဲ့ အရိပ်အယောင် ဖြစ်သွားတာကို ဝိရ သိပါသည်။

ပီတိလေးကတော့ စွဲမိစွဲရာနှင့် သူ့ကို တန်းတန်းစွဲ သံယောဇဉ်ကြီးနေတာကို ဝိရ အသိဖြစ်ရာ ခုလောက်ဆိုရင် သူ့ထံ ဆက်သွယ်ချင်လှတဲ့ ဆန္ဒကို အောင့်အည်းချုပ်တည်းရင်း တပိန်ပိန် တလိန်လိန် ဖြစ်နေလုပြီ။ ဒါကို သူ သိနေ ယုံနေသည်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင်လည်း အဲဒီအတိုင်းထက် ပိုအားပဲရှိသည်၊ မလျော့ဘူး မဟုတ်လား။

ကိုယ့်အပေါ် ချည်နှောင်ငြိတွယ်လာတဲ့ မိန်းကလေးတစ်ယောက်အပေါ် စောစောစီးစီး ပြန်ပြီးငြိလိုက်မိတာ၊ အားနာစိတ်ကြောင့် တင်းတင်းမနေလိုက်မိတာ၊ နောက်ဆုတ်လိုက်ရမှာကို စော်ကားရာကျမှာစိုးပြီး အလိုက်အသင့် မျှောကာနေလိုက်မိတာတွေဟာ ခုချိန်မှာ နှောင်တရစရာတွေပင်။

သူကိုယ်တိုင်ကပါ ချစ်သူရည်းစားတွေလို လက်ခံနားလည်ထားလိုက်ပြီးမှ ခုမှ ဘွာခတ်ဖို့ရာကလည်း တစ်ဖက်သားမိန်းကလေးကို မလေးစား မညှာတာလွန်းရာ ကျမည်ဖြစ်ကာ ဤသို့ ဘွာခတ်ဖို့ကိုလည်း ဝိရက ယောကျ်ားတစ်ယောက်အဖို့ ရှက်စရာကောင်းတဲ့ အပြုအမူလို့ပဲ ယူဆမိသည်။





ဒီတော့ သူ ဘာမှမလုပ်နိုင်ပါ။ ဒီတိုင်း နေရုံသာ။

"ဟုတ်တယ်ကွ၊ မင်းမြတ်မျိုးက ငြိမ်ခံမဲ့စရိုက်မှ မဟုတ်တာ၊ ခုလောက်ရှိ နောက်တစ်ခါတွေ့ရင် ဘာတွေဖိပြောလိုက်မယ် စာစီနေလောက်ပြီ"

"ပီတိကို အဲသလို တစ်ခုခု သွားပြောမှာမျိုးတော့ မဖြစ်စေချင်ဘူးကွာ၊ ခုဆို သူလည်း ငါ့ဆီ ဖုန်းမဆက်ဘူး၊ သူလည်း ဆင်ခြင်နေပါရက်နဲ့ ဘာအပြစ်မှမရှိဘဲနဲ့ အပြောဆို အစွပ်စွဲ ခံရရင် သနားစရာ ဘယ်လောက် ကောင်းလဲကွာ"

"အင်း ... အဆုံးသတ်တော့ ဒါတွေဟာ မင်းအပြစ်ပဲများတာ ဝိရ"

ဝိရက နှုတ်ဆိတ်နေသည်။

"ဆေးရုံပေါ်မှာ မင်း သူ့ကို ဆက်ဆံခဲ့တဲ့ အပြုအမူ၊ အမူအရာတွေမှာ မြတ်နိုးတဲ့ ကြင်နာတဲ့ အရိပ်အယောင်တွေ ပြည့်နေခဲ့ သိသာနေခဲ့မှာပဲ"

"ငါ တမင်မပြပါဘူး စိုးပိုင်ရာ"

"တမင်မပြလည်း မင်း ခံစားချက်တွေက အရှိန်အဟုန် ပြင်းထန်နေရင် အလိုလိုပေါ်ပြီး သိသာနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တွေ့တိုင်း စကားပြောတိုင်း အဲသလို ပေါ်လွင်သိသာသွားမှာစိုးလို့ကိုပဲ ငါ အခုစိတ်ပြတ်ပြတ်နဲ့ အဆက်အသွယ် ဖြတ်ဘားတာပေါ့"

"မင်းကို ငါ ပြောမယ် ဝိရ"

"အင်း"

"မင်း ဘယ်လိုနည်းနဲ့ပဲ ရည်းစားရှိသွား ရှိသွားပေါ့ကွာ ရည်းစားရှိတယ်ဆိုတဲ့ အသိနဲ့ နောက်ထပ် ကောင်မလေးတစ်ယောက်အပေါ် စိတ်မတိမ်းညွတ်သင့်ဘူး၊ ရည်းစားကိုလည်း သစ္စာရှိသင့်တယ်ဆိုတဲ့ ခံယူချက်ဟာ ယေဘုယျအားဖြင့်တော့ အင်မတန်ကောင်းတဲ့ စောင့်ထိန်းခြင်းမျိုးပါပဲ ...

ဒါပေမဲ့ အခါခပ်သိမ်းတိုင်း အခြေအနေတိုင်းအတွက် မှန်ပါ့မလားလို့ မင်း တစ်ဖက်က စဉ်းစားကြည့်ပါဦး"

"မင်းကလည်းကွာ"

"မြတ်မျိုးကို သစ္စာမရှိနဲ့လို့ ငါ ပြောနေတာမဟုတ်ဘူး မင်း ကိုယ့်ကိုယ်ကိုယ် ဝေဖန်စမ်းပါ၊ မင်းကို မြတ်မျိုး အခွင့်အရေးပေးတာ ပလူးပလဲလုပ်တာ၊ နီးစပ်မှုတွေ ဖန်တီးပေါက်ဖွားလာတာအပေါ် မင်း သူ့ကိုအားနာပြီး လိုက်လျောသလိုကြီး နေခဲ့ရင်းနဲ့ ရည်းစားဖြစ်ခဲ့ရပြီ၊ အဲဒါ





တစ်ကြိမ်အမှား၊ မင်းလည်း နှစ်နှစ်ကာကာ မချစ်ဘဲ လိုလိုလားလား မတောင့်တဘဲ ကောင်မလေးတစ်ယောက်ကို ရည်းစားအဖြစ် အားနာပါးနာ လက်ခံလိုက်လို့ မင်း အခုကျဉ်းထဲကျပ်ထဲ ရောက်နေရတယ်၊ တကယ်ဖြစ်လာတဲ့ သံယောဇဉ်ကို ဖြတ်နေရတယ်"

"ဖြစ်မိမှတော့ ..."

"အဲဒီ ဖြစ်မိမှတော့ ဆိုတာကို မကြိုက်ဘူး၊ ဖြစ်မိတာက မကောင်းရင် မှားရင် အပြစ်ရှိရင် ပြင်ရမှာပဲ"

"ဒါတွေကို သီအိုရီပိုင်းအနေနဲ့ ငါသဘောပေါက်တယ်၊ လက်တွေ့ကျတော့ မြတ်မျိုးဟာ မိန်းကလေးတစ်ယောက်ကွ၊ သူ့ဘက်မှာ ရည်းစားပျက် ဆိုတဲ့ ..."

"အေး ... မင်း အားနာပြန်တယ် မဟုတ်လား၊ မင်းကတော့ တကယ်မချစ်လို့ ဖြတ်လိုက်မှာပဲ၊ တစ်ဖက်သားမိန်းကလေးမှာ အပြစ်မရှိဘဲ ရည်းစားတစ်ခါပျက် ဖြစ်ရရှာတော့မယ်လို့ မင်း အားနာနေပြီးတော့ မထူးပါဘူးဆိုပြီး စိတ်လျှော့နေနေပြန်ပြီ ဝိရ ...

ပဌမတစ်ခါကို မင်း အခုချိန်ကျမှ နောင်တတွေ ရနေသလို၊ ခုချိန်ကကိစ္စကိုလည်း မကြာခင် မင်း နောင်တ ရလာဦးမှာပါ၊ သစ္စာရှိချင်တာ တစ်ခုတည်းသက်သက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုယ်မင်းလည်း ညှဉ်းဆဲတယ်၊ မြတ်မျိုး အပေါ်လည်း လိမ်ညာလှည့်စားရာ ကျတယ်”

“သူ နစ်နာအောင်မှ မဟုတ်ဘဲ”

“ကဲ ... ဒါဖြင့် မင်း မြတ်မျိုးကို လက်ထပ်မလား ပြော”

“ဒါတော့ အချိန်တွေ ရှိပါသေးတယ်ကွာ”

“အချိန်ရှိတာတွေ မရှိတာတွေ ထည့်မပြောနဲ့၊ မင်းလည်း အသက်အစိတ်၊ အလုပ်နဲ့ အကိုင်နဲ့၊ အခုဆို အိမ်ပိုင်နဲ့၊ မြတ်မျိုးလည်း အသက်အစိတ်၊ အလုပ်နဲ့ အကိုင်နဲ့၊ လက်ထပ်ကြမယ်ဆိုရင် ရနေပြီ၊ မင်း ဘာလို့လက်ထပ်စကား မပြောသေးလဲ၊ ရည်းစားထားပြီး ချစ်ပြီးရင် ရပ်ထားလို့ မရဘူးလေ၊ တစ်နေ့ ယူရမယ်၊ ဘယ်တော့ယူမလဲ ပြော”

“တစ်နေ့နေ့တော့ ယူရမှာပေါ့ကွာ”

“အသံကိုက စိတ်ပျက်သံကြီးနဲ့၊ ဖြစ်နိုင်ရင် မင်း မယူချင်ပါဘူး၊ မင်းမှ မြတ်မျိုးကို မချစ်ဘဲ၊ မင်း မညာပါနဲ့”

ဝီရိ နှုတ်ဆိတ်နေသည်။

“ကိုယ်စိတ်မပါတဲ့ အလုပ်တစ်ခုကို အားနာပါးနာ လုပ်လိုက်ရတယ်ဆိုတဲ့ အထဲမှာ လက်ထပ်ခြင်းကတော့ မပါသင့်ဘူးပေါ့ကွာ၊ တစ်သက်လုံး ပေါင်းသင်းနေထိုင်သွား





ရမဲ့ကိစ္စပါ၊ မင်း အခုအားနာပြီး ဇွတ်မှိတ်လိုက်ရင် တစ်ချိန်ကျ ခက်မယ်၊ သူ့ကို ဒီအခြေအနေမှာ မင်း နောက်ဆုတ်တာ ရှောင်ဖယ်တာ သူ့မှာလည်း ဘာမှသိပ်မထိခိုက်နိုင်ဘူး၊ နောင်တစ်ချိန်ကျမှ လက်ထပ်ပြီးမှ မင်းနောက်ဆုတ်ရင် ပိုပြီး သူ့အတွက် ဆိုးဝါးတယ် ...

အဲဒီကျမှ နောက်မဆုတ်တော့ပါဘူးလို့လည်း မင်း ဇွတ်မင်  နဲ့၊ မသေမချင်း တစ်ဘဝလုံးကိစ္စ၊ လက်ထပ်ပြီးမှ အဲဒီမိန်းမကို မင်း စိတ်ကုန်တယ်၊ စိတ်မပါဘူးဆိုရင် သူရော မင်းရော ဘဝဟာ တစ်သက်လုံး သာယာစရာအကြောင်းမရှိဘူး”

“ငါ မြတ်မျိုးကို ဖြတ်ရမယ်လို့ မင်း ဆိုလိုနေတာလား”

“မှန်တယ် ဝီရ၊ တကယ်မချစ်ရင် ဖြတ်ရမယ်၊ တကယ်ချစ်ပါတယ် ဆိုရင်တော့ ဘာဖြတ်စရာလိုသလဲ၊ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် တစ်သက်မှာ တစ်ယောက်မကချစ်ခွင့်ရှိပါတယ်၊ ရည်းစားဦးနဲ့ ကွဲတယ်ဆိုတာလည်း မထူးဆန်းပါဘူး ဝီရရာ၊ လူတစ်ရာမှာ ရှစ်ဆယ်ကျော်ဟာ ရည်းစားဦးနဲ့ ကွဲကြပါတယ်၊ မြတ်မျိုး တစ်ယောက်တည်းကျမှ ထူးပြီးနစ်နာသွားတဲ့ကိစ္စလည်း မဟုတ်ပါဘူး၊ မင်း

www.burmeseclassic.com



သူ့ကို ဖွတ်မိုတ်လက်ထပ်ရင်သာ သူ့အဖို့ တစ်ဘဝလုံး နစ်နာမယ်”

စိုးပိုင်ပြောတဲ့ စကားတွေအားလုံးကို သဘောတရား အရတော့ ဝိရ အားလုံးကို သိရှိသဘောပေါက်ပြီးသားပင်။ သူလည်း ဒီအတိုင်းပဲ အကြိမ်ကြိမ် တွေးဖူးသည်။ တကယ်တမ်း ကြီးမားတဲ့ပြဿနာ မရှိဘဲ၊ လက်ရှိရည်းစားကို တိခနဲ ဖြတ်ဖို့ရာမှာ သူ့ရဲ့တစ်ဖက်သား နစ်နာမှာစိုးတဲ့ ထောက်ထားအားနာမှုက ဟန့်တားနှောင့်ယှက် နေပါသည်။

နောက်တစ်ခုက သူ သတ္တိနည်းတာ။ ပတ်ဝန်းကျင်က အထင်မှားမှာ၊ အထင်သေးမှာ၊ သူ သိက္ခာကျဆင်းရမှာတို့အတွက် သူ့မှာ သတ္တိနည်းပါးနေပါသည်။

ကိုယ်နဲ့ အဆင့်အတန်းချင်း ကွာခြားလှတဲ့ ကိုယ့်ထက် အစစမြင့်မားသာလွန်တဲ့ မိန်းကလေးတစ်ယောက်ကို သူ ရိုးရိုးသားသား နှစ်နှစ်ကာကာ ချစ်မိတာကို လူအများအမြင်၌ ကြည်ကြည်လင်လင် နားလည်နိုင်ဖို့ ခက်လိမ့်မည်။

အဓိကအားဖြင့် ပီတိရဲ့ မိဘဆွေမျိုးတွေ သူ့ကို အထင်လွဲမှာကို သူ အစိုးရိမ်ဆုံး အရှက်ဆုံး။ သူ့ကိုအထင်လွဲကာ အထင်သေးကြမည် ဆိုရင်တော့ လူမမြင်ဖူးခင်ကတည်းက စေတနာပြတ်စွာ ပေးလှူကူညီဖို့ ဆုံးဖြတ်ခဲ့တဲ့ သူ့ရဲ့အဖြူစင်





ဆုံးသော အလှူဒါနဟာ အလကား သဲထဲရေသွန် ဖြစ်သွားရလိမ့်မည်။

နောက်ဆုံးတော့ “မင်းပြောသလို အားလုံးက မလွယ်ကူပါဘူး စိုးပိုင်ရာ”လို့သာ စိတ်ပျက်အားလျော့စွာ ညည်းညူမိသည်။


✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com







## ၁၀

"အဲဒီလူကို တွေ့တွေ့နေတာ လေးငါးကြိမ် ရှိပြီဟဲ့၊ ငါတို့ နှစ်ယောက်က ကျောင်းစောစောရောက်တယ် မဟုတ်လား၊ ရောက်ရင်လည်း ကဲင်တင်း အရင်ထိုင်ကြတော့ ကဲင်တင်းထဲမှာ ဟိုးအတွင်းဘက်နားမှာ ထိုင်နေတဲ့သူ့ကို တွေ့နေတာပေါ့"

"ချောချော သန့်သန့်လေး ဆိုတော့ သတိပြုမိတာပေါ့ဟယ်"

သရဖီနှင့် ခင်ဇာလီ တစ်ယောက်တစ်လှည့် ပြောနေတာကို ပီတိက မျက်ခုံးလေးပင့်၍ နားထောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုတောင် ကောင်လေး ချောချောလေးဆိုပြီး ပြမလို့၊ နင်က အမြဲနောက်ကျမှ ကျောင်းရောက်တော့ နင်မရောက်ခင် ငါတို့က ကဲင်တင်းကထ,ပြီး ကျောင်းခန်းထဲဝင်ပြီ။ အဲဒါနဲ့ကို မပြဖြစ်တာ"

"စိတ်ထဲကတော့ ဘယ်သူ့ကို လာလာကြည့်နေလဲ မသိဘူးလို့ အလိုလို ထင်တာ၊ ကျောင်းကမဟုတ်မှန်းလည်း သိတာကိုး"

"အဲဒါ ဒီနေ့မှ အဖြေပေါ်တာပဲ"

"အေးဟဲ့။ နင် ဒီနေ့ စောရောက်လာတော့ ငါတို့ နင့်ကို ကဲင်တင်းကနေ လက်ခုပ်တီး လှမ်းခေါ်တာ သူရှိနေလို့ဟဲ့၊ သူ့ကိုပြမလို့၊ ဘာရယ်မဟုတ်ဘူးပေါ့ဟယ်၊ သူ့ပုံစံလေးက ကြည်လင်ပြီး ရှင်းသန့်သန့်လေး၊ နူးညံ့အေးဆေးတဲ့ပုံလေး၊ သူ့ကိုမြင်ရတာ တကယ်ရင်အေးတယ်၊ အဲဒါ နင်လည်းမြင်ဖူးအောင်ဆိုပြီး ပြမလို့ပဲ"

"နင်လည်း ကဲင်တင်းဆီ လျှောက်လာရော၊ သူ ပျာယာကို ခတ်သွားတာပဲ၊ ထိုင်ချည် ထ,ချည်နဲ့၊ နင်တွေ့သွားမှာစိုးလို့ ပျာနေတာ သေချာတယ်၊ ငါတို့လည်း အံ့အားသင့်နေတာပေါ့၊ နောက်တော့ နင်လည်း ကဲင်တင်းဆီရောက်





လာရော သူက ဝုန်းခနဲထပြီး မုန့်ဟင်းခါးဆိုင်ရဲ့ နောက်ဘက်ထဲကို လှစ်ခနဲ ဝင်ပုန်းနေလိုက်တော့တာ၊ ရှာလို့ကို မတွေ့တော့ဘူး"

"သူ ဘယ်နားပုန်းနေလဲလို့ ထ,တောင်ရှာကြည့်ချင်တာ၊ သိသွားမှာ စိုးလို့သာ၊ လူမိသွားတယ် ဆိုရင် ဘယ်ကောင်းမလဲ၊ သေချာပါတယ် ပီတိရဲ့၊ နင့်ကို လာလာစောင့်ကြည့်တာပဲ သေချာတယ်၊ နင်သိတဲ့သူထဲကလည်း ဖြစ်လိမ့်မယ်၊ သူ့ကို မြင်ရင် နင် သိမှာမို့လို့ သူ ပုန်းတာပေါ့"

"နေ့တိုင်းလည်း မဟုတ်ဘူးဟဲ့၊ တစ်ခါတလေမှ"

"ငါတို့ မနက်စော အတန်းရှိတဲ့ရက်နော် ဖာလီ၊ အဲဒီရက်မျိုးတွေမှာ တွေ့တာ"

ပီတိသည် တစ်ယောက်တစ်ခွန်းကို တစ်လှည့်စီနားထောင်ရင်း မျက်စိထဲ ကိုကိုဝီရ တစ်ယောက်တည်းကိုသာပဲ မြင်ယောင်လာပါသည်။ မနက်စော အတန်းရှိတဲ့ရက်တွေဆိုမှ သူ အလုပ်မသွားခင်မိမှာမို့ ဖြစ်မှာပေါ့။ ပီတိတို့ရဲ့ အတန်းချိန်တွေကိုတော့ ကျောင်းမှာ ဌာနမှာ လာစုံစမ်းရင် ဘယ်ရက် ဘယ်အချိန်ဆိုတာ သိနိုင်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတစ်ယောက်ယောက်သာဆို သူ့ လာစောင့်ကြည့်နေတာကို ပီတိ သိအောင်တောင် တမင်တကာ ပြုမူရမှာပင်။ မမြင်အောင် ပုန်းပစ်လိုက်ရတာဟာ ကိုကိုဝီရ ဖြစ်နေလို့ကလွဲပြီး ဘာများဖြစ်နိုင်မလဲ။

"ရှပ်အင်္ကျီ လက်တိုလေးတွေနဲ့ ပုဆိုးမှောင်မှောင်လေးနဲ့လား"

"အေး၊ ဟယ် ... ကြည့်စမ်း၊ ဒါဖြင့် ပီတိ သိတယ်ပေါ့"

"ငါ မသိပါဘူး၊ ဖြစ်နိုင်တဲ့ တစ်ယောက်ကို စဉ်းစားပြီး မေးကြည့်တာပါ၊ အသားဖြူဖြူ အရပ်ရှည်ရှည်၊ ဆံပင်ခပ်စင်းစင်းလေးတွေနဲ့"

"အင်း ... ဟုတ်တယ်၊ ဒါဖြင့် ဖြစ်နိုင်တဲ့ လူတစ်ယောက် ပီတိမှာ ရှိတယ်ပေါ့"

"အင်း"

"သူက ဘာဖြစ်လို့ ပီတိ မမြင်အောင် ပုန်းလိုက်ရတာလဲ"

"သူက အဲဒီလိုပဲ၊ သူ့အကြောင်းနဲ့ သူပေါ့ သရဖီရယ်"

"မဆိုးဘူး သိလား၊ ခပ်မိမိလေး၊ ကြင်နာတတ်တဲ့ရုပ်လေး ပီတိရဲ့၊ ဒီနေ့မနက် နင်ရောက်လာတော့ ဖြစ်သွားတဲ့ရုပ်လေးက ပြုံးပြုံးပျာပျာနဲ့ ဘယ်လိုလေးမှန်း မသိဘူး"





"ကွဲင်တင်းထဲမှာတုန်းကတည်းက ပြောလိုက်ရောပေါ့ဟယ်"

"ခုလို နင်သိမယ်လည်း မထင်လို့၊ ပြီးတော့ နင်ကလည်း ကွဲင်တင်းမှာ ထိုင်မှမထိုင်တော့တာ၊ နင်လာတာနဲ့ ဘာမှ မစားဘူးဆိုတာနဲ့ ငါတို့လည်း တစ်ခါတည်း ထ,ထွက်လာကြတာဆိုတော့"

သေချာပါတယ်။ ပီတိမှာ တခြားဘယ်သူမှ မရှိပါဘူး။ ချူချူချာချာလေးနဲ့ အိမ်တွင်းပုန်းရတာများတဲ့ ကောင်မလေးတစ်ယောက်ဖြစ်တဲ့ ပီတိမှာ နလုံးသားရေးရာနဲ့ ပတ်သက်တဲ့ ဘာအတွေ့အကြုံမှလဲ မရှိ။ နောက်ကနေ တကောက်ကောက်လိုက်တဲ့အထိလောက် ပတ်သက်တဲ့သူကိုပဲ မရှိတာပါ။

ပီတိ မသိအောင် ကိုကိုဝီရ ကျောင်းကိုလာပြီး တိတ်တိတ်ကလေး လာခိုးကြည့်ရှိုးမှန်လျှင် အဲဒါဟာ ဘာကြောင့်လဲ။ ရိုးရိုးပုံမှန်အနေအထားနဲ့ဆိုရင် တွေ့ချင်တဲ့အခါ အိမ်ကိုလည်း လာလည်လိုက်လို့ ရနေတာမျိုးပါ။ ဖေဖေကတောင် သေချာကျွေးမွေးညှဉ့်ခံလိုက်ပါလိမ့်ဦးမည်။

ပီတိကို တွေ့လည်းတွေ့ချင်၊ အဲသလို တွေ့ချင်တာကိုလည်း ပီတိ မသိစေချင်။ အဲသလိုလား ကိုကိုရယ်။ ပီတိသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဘဲ ဆွေးဆွေးမြည့်မြည့် ဖြစ်နေပါသည်။ နောက်နေ့တွေတော့ ကျောင်းကို စောစောရောက်အောင် လာကြည့်မိသည်။

ဖေဖေက အပြင်စာတွေ မစားစေတာမို့ ကင်တင်းထိုင်လေ့ အရင်ကမရှိခဲ့ပေမဲ့ ခုတော့ ကင်တင်းကို သရဖီတို့နှင့် အတူထိုင်ဖြစ်သည်။ ဘာမှမစား ဘာမှမသောက်ဘဲ ရေသန့်ဘူးပဲ မှာသောက်ကာ ကင်တင်းမှာထိုင်ကာ မျှော်ပါသော်လည်း သူက ရောက်မလာပြန်။

သရဖီတို့ စကားအရ နေ့တိုင်းလာတာတော့လည်း မဟုတ်ပြန်။ ရက်တွေခြားပြီးမှ တစ်ခေါက်ရောက်လာတတ်တာ ဆို၍ ဒီတစ်ခေါက် ဘယ်တော့လောက် လာဦးမလဲ မမှန်းဆတတ်။ ပီတိ စောင့်ကြည့်နေတာကို သိလို့ပဲများ မလာဘူးလား။

ပီတိဆီ လာပြီးရင် သူ့အလုပ်ကို သွားရမှာပင်။ သူနေတဲ့ မြို့ထဲကနေ ဒီဘက်တက္ကသိုလ်ရိပ်သာလမ်းကို အဝေးကြီးလာ၊ ပီတိကို ခဏတဖြုတ် ချောင်းကြည့်ပြီးရင် သူ အလုပ်ရှိရာမြို့ထဲဆီ တမျှော်တခေါ်ပြန်။ ပင်ပန်းလိုက်တာ ကိုကိုရယ်။ ပြီးတော့ ဘတ်စ်ကားစီးပြီးလာရတာ။ အပြန် ဒီကနေ မြို့ထဲဘက် ကားက ကျပ်ပါဘိသနဲ့။





ပီတိသည် မျှော်ပါတယ်ဆိုမှ မျှော်တဲ့သူက ရောက်မလာ၍ သေချာချင်တာကြောင့် အိန္ဒိယ၊ မဒရပ်ဆေးရုံကြီးပေါ်က ဓာတ်ပုံတချို့ကို ကျောင်းယူလာကာ သရဖီနှင့်ခင်ဓာလီကို ပြသည်။

"ဒီလူလား"

"ဟယ်၊ အင်းပေါ့ … သူပဲ၊ သူရော ပီတိရော ဆေးရုံဝတ်စုံကြီးတွေနဲ့ပါလား၊ အဲဒါ ဘယ်တုန်းကလဲ"

သရဖီနှင့် ခင်ဓာလီဟာ ဒီနှစ် ကျောင်းပြန်အပ်မှ ကျောင်းတက်မှတွဲရတဲ့ သူငယ်ချင်းတွေမို့ ပီတိ အကြောင်း သေချာမသိကြပါ။ သူတို့မေးတော့မှ ကိုကိုဝီရ ပေးတဲ့ ကျောက်ကပ်တစ်လုံးနှင့် ပီတိဟာ အသက်ရှင်သန်နေရတာဖြစ်ကြောင်း ဓာတ်လမ်းပမာကို သူတို့ကို ပြောပြရပါသည်။

လွမ်းမောစရာ ပုံပြင်ဆန်ဆန် ဓာတ်လမ်းကလေးကို နားဆင်ပြီးလျှင် သရဖီနှင့် ခင်ဓာလီပင် ငေးမှိုင်သွားပါလေသည်။

"ဓာတ်လမ်းလေးက ရင်မောစရာ လွမ်းစရာလေး ပီတိရယ်၊ နင်ကလည်း သူ့ကို ချောင်းစရာလိုလို့လားဟယ်"

"သူ့မှာ ချစ်သူရှိတယ်ဆိုတော့ ငါ မဆက်သွယ်တော့ဘူးပေါ့ ဓာလီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟယ်"

"ငါ သူ့ကို ချစ်တယ်လေ"

ပီတိသည် ပြောရင်း တကယ်ပဲ ဝမ်းနည်းကာ မျက်ရည် လည်လာသည်။

"သူ့မှာလည်းချစ်သူရှိတဲ့နောက်တော့ ငါ နောက်ဆုတ်နေရမှာပေါ့"

"ဒါပေမဲ့ သူလည်း နင့်ကို ချစ်မယ်ထင်ပါတယ် ပီတိရယ်၊ နို့မို့ရင် နင့်ကို ဘယ်လာအပင်ပန်းခံ ချောင်းကြည့်ပါ့မလဲ၊ နင့်ကို တွေ့ချင်လို့သာ တိတ်တိတ်လေး လာကြည့်တာပေါ့"

"သူ့မှာ ရည်းစားရှိတာကိုး၊ ငါ ရှောင်မနေလို့ ရမလား၊ ပြီးတော့ သူ့ရည်းစားက ငါနဲ့ ရင်းနှီးမှာကို သဘောမကျဘူး"

"အင်းပေါ့လေ၊ သူ့ဘက်ကလည်း ဒီလိုပဲရှိမှာပေါ့၊ ဒါပေမဲ့ သူကလည်း သူ့ရည်းစားတစ်ယောက်ကိုပဲ ချစ်နေမယ်ဆိုရင် နင့်ကို ဒီလိုလာကြည့်နေမှာ မဟုတ်ဘူး"

"ကိုကို့ကို စိတ်မပြတ်သားဘူး၊ စိတ်နှစ်ခွ ဖြစ်နေတယ်လို့ သတ်မှတ်ရမှာလားဟင်"





"အင်း ... မပြောတတ်တော့ဘူးဟယ်၊ ဒါပေမဲ့ သူ နင့်ကို သံယောဇဉ်ရှိတာတော့ သေချာတယ်၊ ဒီမာတ်ပုံထဲက နင့်ကို ပြုံးပြီးကြည့်နေတဲ့ မျက်နှာလေးကို ကြည့်လိုက်စမ်း၊ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုလည်း သစ္စာမရှိဘူးလို့ မဝေဖန်ရက်ပါဘူး"

သရဖီက ညှိုးနေတဲ့ ပီတိ မျက်နှာကို ကြည့်ရင်း ...

"ဒါပေမဲ့ နင့်အဖြစ်က ပျော်စရာလေး ပီတိရဲ့၊ ကံကောင်းတာပေါ့၊ ကိုယ်ချစ်တဲ့လူတစ်ယောက်ရဲ့ ကျောက်ကပ်ကို နင့်ကိုယ်ထဲမှာလေ၊ ဘယ်ချစ်သူမျိုးဆီကမှ မရနိုင်တဲ့ လက်ဆောင်မျိုး သူ့ဆီက နင်ရထားတာလေ ပီတိရဲ့၊ သူ့ရည်းစားဆိုတဲ့ မိန်းကလေးတောင်မှ သူ့ဆီက ဒီလို ရမထားဘူး"

ဒီတော့မှ ပီတိ မျက်နှာကလေး အနည်းငယ်အရောင်တောက်ပလာပါသည်။ မျှော်သူပေါ်မလာတဲ့ ကျောင်းတက်ရက်တချို့ကို ကျော်ဖြတ်လာပြီးတဲ့နောက် တစ်နေ့မှာတော့ ပီတိတို့ သူငယ်ချင်းသုံးယောက် စာအုပ်ချုပ်တဲ့ ဆိုင်တစ်ခုဆီ လာကြရပါသည်။

သူတို့သုံးယောက်လုံး ဒီကနေလှမ်းဖြေဖို့စီစဉ်ကြိုးစားနေတဲ့ စာမေးပွဲတစ်ခုအတွက် စာတမ်းတိုလေးတွေရေး၍



www.burmeseclassic.com

www.burmeseclassic.com



သံရုံးကတစ်ဆင့် တင်ဖို့ရှိသည်။ ထိုစာတမ်းတို့ကို စာအုပ်ချုပ်ရ မည်။ အနှောင့်ကို ကော်ကပ်ချုပ်နည်းနှင့် ချုပ်ရိုးပေါက်မပါဘဲ ချုပ်လို့ရတဲ့ဆိုင်ဆိုပြီး ခင်ဇာလီသိတဲ့ ဆိုင်တစ်ဆိုင်ဆီ လာခဲ့ကြ တာပင်။

ဆိုင်အတွင်းဘက်ထဲ ဝင်ထိုင်ပြီး သူတို့လိုချင်တဲ့ အခြေအနေ အနေအထားတွေ ပြောပြမှာကြားနေဆဲ၊ ဆိုင်ရှေ့ကို တောင်းအေ့စ်ကားတစ်စီး ဆိုက်ရပ်လာခဲ့တာ ဖြစ်သည်။ ပီတိတို့ နှင့် စကားပြော အလုပ်လက်ခံနေတဲ့ ဆိုင်ရှင်က ...

"ကိုဦးဆီကလားဟေ့၊ ဒီညာဘက်ခြမ်းက စာအုပ်စည်းတွေ တင်မယ်၊ စိုးမြင့်ရေ ... လုပ်လိုက်ပါဦး"

စိုးမြင့်ဆိုတဲ့သူက စာအုပ်စည်းတွေဆွဲကာ သယ်ကာ ကားပေါ်တစ်စည်းပြီးတစ်စည်း တင်နေတဲ့အထိ အပြင်ဘက်ကို ပီတိ သေချာမကြည့်မိသေး။ ကြည့်မိရင် မြင်မည်။ အပြင်ကသာ ပီတိတို့ရဲ့ အတွင်းဘက်ထဲအထိ ရတ်တရက်မြင်ဖို့ ခဲယဉ်းတာ။ တစ်ချက်မှာ မမျှော်လင့်ဘဲ ပီတိ ခေါင်းကလေးလှည့်ကာ စာအုပ် စည်းအပုံဘက် ကြည့်မိခိုက်၊ စာအုပ်နှစ်စည်း အထပ်လိုက်ကို သယ်ယူသွားတဲ့သူဟာ ဝီရ ဖြစ်နေတာ အံ့အားတသင့် တွေ့လိုက် ရတာပင်။





"ဟင် ... ကိုကို"

ပီတိ ထံမှ လွှတ်ခနဲ ထွက်သွားတဲ့ အသံကြောင့် သရဖီတို့လည်း ငဲ့ကြည့်ကာ ...

"ဟယ် ... ဇာလီ ... ဇာလီ၊ ဟိုမှာ ဟိုတစ်ယောက်"

"အဲ ... သူပဲ ပီတိ၊ သူပဲဟဲ့"

ပီတိသည် ခုံမှာထိုင်နေရာမှ အပြေးထွက်သွားကာ တောင်းအေ့စ်ကား နောက်ဖုံးထဲ ကိုယ်ကိုင်းပြီး စာအုပ်စည်းတွေ နေရာချနေတဲ့ ဝီရ အင်္ကျီစကို ဆွဲလိုက်သည်။

"ကိုကို"

"ဟာ ... ပီတိ"

ပီတိသည် တွေ့လိုက်ရလို့ ဝမ်းသာသွားတာရော ဝမ်းနည်းခြင်းတစ်မျိုးရော စုပေါင်းကာ ဝမ်းနည်းဝမ်းသာ မျက်ရည် လည်လာပြီး ...

"ကိုကိုကို ဒါမျိုးတွေ မသယ်ပါနဲ့၊ မမ,ပါနဲ့လို့ ပီတိ မှာ ထားတယ် မဟုတ်လားဟင်"

ဝီရသည် နဖူးက ချွေးတွေကိုသုတ်ကာ ပြုံးလိုက်ပါ သည်။ ပုဆိုးတိုတို ချွေးသံတရွှဲရွှဲနှင့် ဝီရပုံစံကိုကြည့်ကာ ပီတိ ရင်ထဲ နာကျင်ရသည်။ ခုန စာအုပ်နှစ်စည်းကို ရင်မှာကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အောက်က ပင့်မ,သယ်ယူသွားပုံမှာ ကိုယ်ကို နောက်ဘက်ယိုင်ပြီး အားစိုက်သယ်ထားရတာ သိသာအောင် ခြေလှမ်းတွေပင် ဆတ်တောက်နေခဲ့သည်။

"အလေးကြီးပဲ၊ ဒါတွေ ဒီလောက်လေးတာ"

ဆိုင်က သယ်တင်ပေးနေတဲ့ အလုပ်သမားလေး နှစ်ယောက်က ပီတိကို တအံ့တသြ အကဲခတ်သွားကြပါသည်။ သူတို့အဖို့ကတော့ ယောကျ်ားတစ်ယောက်ပဲ စာအုပ်ထုပ်လေး သယ်တာများလို့ ပီတိကို ပိုလှတယ်ထင်ရင် ထင်မှာပေါ့။

"ဒီမှာ ကိုကို လုပ်နေတာ၊ ဒီလိုပဲ အမြဲသယ်နေရတာပေါ့၊ ဟုတ်လားဟင်"

"မဟုတ်ပါဘူး ပီတိရယ်၊ ကိုဦး ပြောဖူးသားပဲ မဟုတ်လား၊ ကျွန်တော်က ကောင်တာမှာပဲ ထိုင်နေရတာ များတာပါ၊ တစ်ခါတစ်ရံ လိုအပ်လွန်းမှပါ၊ ခုလည်း ဆိုင်မှာ ကောင်လေးနှစ်ယောက်တောင် ခွင့်ယူလို့ ကျွန်တော် လိုက်လာရတာ"

"ဒီကလူတွေလည်း သယ်ပေးနေသားပဲ မဟုတ်လား"

"ဒါပေမဲ့ ကိုယ့်တိုက်က စာအုပ်တွေဆိုတော့ ကိုယ်က လက်ပိုက်ပြီး ဘေးကနေ အေးအေးဆေးဆေး ရပ်ကြည့်





နေတော့ မကောင်းဘူးပေါ့ ပီတိရဲ့၊ သူတို့က အကုန်လုံးလို သယ်ပေးတာပါ၊ ကျွန်တော်က ဖိန့်လေးနဲ့ နည်းနည်းပဲ ဝင်သယ်တာပါ"

"သူတို့က သူတို့လေ၊ ကိုကို အဲသလို လေးလေးပင်ပင် ပင်ပင်ပန်းပန်းတွေ လုပ်နေတာ တွေ့ရရင် ပီတိ စိတ်မကောင်းဘူး၊ ငိုချင်တယ်"

"ဩော် ... ဘာမှ မဖြစ်ပါနဲ့ ပီတိရယ်၊ ကျွန်တော်က ကိုယ့်အခြေအနေ ကိုယ်ကြည့်ပြီး လုပ်နေတာပါ"

"ဟင့်အင်း ... ကိုကို ခုနသယ်သွားတာ သိပ်လေးမှန်း လမ်းလျှောက်သွားပုံ ကြည့်တာနဲ့ သိသာတယ်၊ ကိုကို အဲဒီဆိုင်မှာ အလုပ်မလုပ်ပါနဲ့တော့လားဟင်"

ဝီရက ခေါင်းမော့၍ ရယ်မောပစ်လိုက်ပါသည်။ ကလေးနှယ် မသိတတ်လိုက်လေခြင်း ပီတိရယ်။ ဒီခေတ်ကြီးထဲ သင့်သင့်တန်တန် လခတစ်ခုရတဲ့ အလုပ်တစ်ခုရှိဖို့ လွယ်တာမှတ်လို့။ ဝီရရဲ့လခက မဆိုးပါ။ လုပ်တာလည်းကြာ၊ ကိုဦးကလည်း သဘောကျလို့ သူများဆိုင်တွေက ခေါ်မသွားအောင် လခကိုတိုးတိုးပေးနေလို့သာ။

"ပီတိရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချစ်လိုက်တာကွယ်"ဆိုတဲ့ နောက်ဆက်တွဲကိုတော့ ရင်ထဲမှာပဲ အော်ဟစ်ပစ်လိုက်ပါသည်။ ပါးစပ်က ဖွင့်ဟလို့ မဖြစ်ပါ။

"ပီတီ အကောင်းပြောနေတာ ကိုကို၊ အလေးအနက် ပြောနေတာ၊ ကိုကိုက ရယ်နေတယ်"

"သြော် ... ပီတီရယ်၊ အလုပ်ကထွက်ဖို့က ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အလုပ်တစ်ခု ရဖို့က မလွယ်ဘူး ပီတီရဲ့၊ အလုပ်ရှိမှ လခလေး အသင့်အတင့်ကောင်းမှ ကျွန်တော်တို့သား အမိ ထမင်းစားလောက်မှာလေ"

ဝီရ ပြောပုံကြောင့် ပီတီ ရင်ထဲ ကြေကွဲသွားပါသည်။ ပီတီတို့မှာ ပိုက်ဆံရှိသေးရဲ့လား၊ ပိုက်ဆံလောက်ပါ့မလား ဆိုတာမျိုး တစ်ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ရဖူးပေမဲ့ ကိုကို့ခမျာ တော့ မကြာမကြာ စဉ်းစားဖူးမှာပင်။

"စိတ်မကောင်း မဖြစ်ပါနဲ့ ပီတီရဲ့၊ ကျွန်တော် အမြဲ ဒီလို သယ်ပိုးနေရတာလည်း မဟုတ်ပါဘူး၊ တကယ်ပါ၊ သယ်ပြီဆို ပီတီနဲ့ လာလာကြုံနေရတယ်၊ ဟင်း ဟင်း၊ ကဲ ... အခုလည်း သူတို့ သယ်လိုက်ကြတာ စာအုပ်တွေကုန်ပါပြီ"





ပီတီက အလုပ်နဲ့ပတ်သက်ပြီး ဆက်ပြောမနေတော့ပါ။ စိတ်ထဲမှာသာ တေးမှတ်ထားလိုက်ပြီးနောက် ...

"ကိုကို ... ပီတီတို့ကျောင်းကို လာသလား"

ရုတ်တရက် ဖွင့်မေးချလိုက်ပါသည်။

ဝီရသည် အံ့အားသင့်သွားပြီး အမှန်အတိုင်း ဖြေရကောင်းမလား၊ ညာပြောရ ကောင်းမလား စဉ်းစားရပါသည်။ တစ်ဝက်အမှန် တစ်ဝက်မှသာသုံးပြီးဖြေတာ ကောင်းမှာလို့ယူဆကာ ...

"အင်း ... လာတယ်"

"ကိုကို ဘာလာလုပ်တာလဲဟင်"

ပီတီ မျက်လုံးလေးက ခုနရစ်ဝဲခဲ့တဲ့မျက်ရည် မကုန်သေးဘဲ အရည်လည်ကာနေသည်။

"ကျွန်တော် အဲဒီက ဆရာ ဆရာမတချို့နဲ့တွေ့ဖို့ လာလာစောင့်တာ၊ ကိုဦးက အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့ စာအုပ်တွေရော၊ တခြား ဘာသာစကားပြော စာအုပ်တွေရော ထုတ်ဖို့ အစီအစဉ်ရှိလို့၊ ဆရာ ဆရာမတချို့နဲ့ ဆွေးနွေးဖို့ရှိတာနဲ့"

"သူကိုယ်တိုင် မဆွေးနွေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ရှေ့ပြေးပါ၊ ဆရာတွေ ဆရာမတွေအားတဲ့ အချိန် မေးပေး ညှိပေးဖို့လောက်ပါပဲ"

"အဲဒီအတွက် ဘယ်နှခါတောင် လာရတာလဲ"

"နှစ်ခါ သုံးခါပေါ့"

ပီတိက ဝီရကို စိုက်ကြည့်နေသည်။

ခဏနေမှ ...

"ဒီကျောင်းမှာ ပီတိ တက်နေတာ ကိုကို သိသားပဲ မဟုတ်လား"

"အင်း ... ဒါပေမဲ့ ပီတိ အတန်းတက်နေမှာပဲလို့"

"ကိုကို လာတာ ကျောင်းမတက်ခင် မနက်စောစောကြီး တွေပါ"

"ပီတိကို ကျွန်တော် လှမ်းမတွေ့မိတာ စိတ်မဆိုးနဲ့နော် ပီတိ"

"ကိုကို့ကို ပီတိ စိတ်မဆိုးပါဘူး၊ စိတ်ဆိုးစရာလည်း မရှိဘူး၊ ဒါပေမဲ့ ပီတိ စိတ်မကောင်းဘူး"

"ပီတိကလည်း အရမ်းစိတ်မကောင်း ဖြစ်တတ်တာပဲကိုး၊ ကျွန်တော်နဲ့ ပတ်သက်တာတွေ စဉ်းစားပြီး စိတ်မကောင်း မဖြစ်ပါနဲ့ ပီတိရယ်၊ ပီတိ ပင်ပန်းပါတယ်"





ပီတိသည် အထဲက ထွက်လာကာ အနားရောက်လာသော သရဖီနှင့် ခင်ဇာလီကို ဝီရနှင့် မိတ်ဆက်ပေးလိုက်ပါသည်။ ဝီရကိစ္စရော ပီတိတို့ကိစ္စရော ပြီးနေပြီမို့ သွားကြတော့ဖို့ပဲ ရှိတော့သည်။ ပီတိသည် ကိုကိုဝီရ မျက်နှာကို တမေ့တမော အားပါးတရကြည့်ရင်း ...

"ကိုကိုတကယ်လို့ ပီတိကို တွေ့ချင်တယ်ဆိုရင် ဖုန်းဆက် ချင်တယ်ဆိုရင် လာတွေ့လို့ ဖုန်းဆက်လို့ ရပါတယ်၊ ပီတိက မမမြတ်မျိုး မကြိုက်မှာစိုးလို့သာ မလာတာပါ ကိုကို"

ဝီရ ရင်ထဲ နာကျင်ရပါသည်။


ೋ ೋ ೋ



www.burmeseclassic.com

www.burmeseclassic.com







## ၁၁

ပြောစရာရှိတယ်ဆိုတဲ့ ကိုဦးရဲ့စကားကို ဝီရ စောင့်နေရသည်။ ကိုဦးရဲ့ သီးသန့်အခန်းငယ်ထဲမှာ ဖြစ်ပါသည်။ ကိုဦး ပုံစံက စကားစ,ရှာရ ခက်နေသလိုပင်။

"အေးကွာ"

"ဟုတ်ကဲ့ ပြောပါ ကိုဦး၊ ကျွန်တော် အမှားတစ်ခုခုများ လုပ်မိတာရှိလို့လား ခင်ဗျာ"

"ဟာ ... မရှိပါဘူးကွာ၊ ငါလည်း ဘယ်လိုပြောရမှန်းမသိဘဲ စိတ်တောင် တော်တော်ညစ်နေတယ်၊ မင်းက ဆိုင်ကိစ္စရော စာအုပ်ထုတ်တဲ့ အပိုင်းရော အတော်တတ်သိ ကျွမ်းကျင်နေပြီကွ၊ တခြားအလုပ်သမားတွေ ဝန်ထမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်နဲ့ပြောင်း ခြောက်လနဲ့ပြောင်းနဲ့ အစက ပြန်သင်ပြရ၊ နားလည်အောင် ပြောပြရတာတွေ ငါက သိပ်စိတ်ရှုပ်တာ၊ အားလုံး ကျွမ်းကျင်နေပြီး လုပ်တတ်တာ မင်းလောက်ပဲရှိတာ"

"ဟုတ်ကဲ့"

"လိုရင်း ပြောရရင်ကွာ၊ မင်းကို တခြားက အလုပ်ပေးချင်လို့ ခေါ်နေတယ်"

"ခင်ဗျာ ...၊ ဘယ်ကလဲ ကိုဦး၊ ကျွန်တော် တခြားလည်း ဟိုဟိုဒီဒီ အလုပ်လျှောက်ထားတာမျိုး မလုပ်ပါဘူး"

"မင်းက မလုပ်ပေမဲ့ ဟိုက သူ့ဟာသူ ခေါ်နေတာကွ၊ ကိုလတ် ...၊ ကိုလတ်ရဲ့ ယောက္ခမကြီးပေါ့ကွာ၊ သူကပြောတာဆိုတော့ ကိုလတ်လည်း စိတ်ရှုပ်ရှုပ်နဲ့ လာပြောရတာပေါ့၊ ငါ့ကိုလည်း သူက အားနာ၊ ငါကလည်း သူ့ပြန်အားနာ ဖြစ်နေကြတယ်"

"ကိုလတ်ယောက္ခမက ..."

"ဟိုကောင်မလေး အဖေပေါ့ကွာ၊ ကိုလတ်က ပွင့်ပွင့်ကြီး မပြောပေမဲ့ ငါအဓိပ္ပာယ်ပေါက်လိုက်တာတော့ အဲဒီကောင်မလေး ပီတိက ပြောလို့ သူ့အဖေကလည်း ပြောရတာ"

"ဘာကိုများလဲ ကိုဦး"





"မင်းကို ဦးထင်ကျော်က သူ့လုပ်ငန်းထဲမှာ အလုပ်ခန့်ချင်တယ်"

"ခင်ဗျာ"

"အေး ...၊ သူ့မှာက လုပ်ငန်းတွေ အများကြီးဆိုတော့ကွာ၊ ဘယ်နေရာမှာလဲတော့ အတိအကျ မသိဘူး၊ မင်းကို ခေါ်ခန့်ချင်တယ်၊ အဲဒါ ငါ့ဆီကနေ မင်းကိုတောင်း၊ အကျိုးအကြောင်းပြောပြ ဆိုပြီး ဦးထင်ကျော်က ကိုလတ်ကို ပရက်ရှာပေးတော့ ကိုလတ်လည်း အားနာပါးနာနဲ့ ငါ့ကို လာပြောရတာပေါ့"

"ကျွန်တော်မှ မလုပ်ချင်တာပဲ ကိုဦးရ"

"မင်း ဒီလိုပဲ ပြောမယ်လို့ ငါ သိပါတယ်၊ ဒါပေမဲ့ မင်းကို လွှတ်ပေးလိုက်မှ ကောင်းမယ်လို့တောင် ငါတွေးမိတယ်၊ ကိုလတ်နဲ့က သူငယ်ချင်းတွေဆိုပေမဲ့ သူက ငါ့ကို မကြာမကြာ ကူညီတယ်၊ ငါက ကူညီရတာ မရှိသလောက်ပဲ၊ ဒီဆိုင်စ,တော့လည်း ငါငွေမပြည့်တော့ သူ့ကို သုံးပုံတစ်ပုံ ပါရမယ်ဆိုပြီး အဝင်းဆွဲထည့်ထားတာ၊ သူ သိပ်စိတ်မပါသော်လည်း ကူညီခဲ့တယ်ကွ၊ တခြားကျေးဇူးတွေလည်း ရှိဖူးသေးတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုဟာက သူ့ယောက္ခမစကားဆိုတော့ သူလည်း ငြင်းဆန်ရခက်၊ ငါ့ကိုလည်း အားနာပေါ့ကွာ၊ မင်းက ငါ့ဆီမှာပဲ မြဲမြဲနဲ့ ကြာနေပြီဆိုတာလည်း သူသိတာကိုး၊ ငါ အားကိုးရတယ်ဆိုတာလည်း သူ နားလည်တယ်"

ဝီရက တစ်ထိုင်တည်းပဲ ဆုံးဖြတ်လိုက်ပါသည်။

"ကျွန်တော် မသွားချင်ပါဘူး ကိုဦး၊ ကျွန်တော် ဒီမှာပဲ လုပ်ချင်ပါတယ်"

"ဒီစကား ကြားရတာ ဝမ်းသာပါတယ်ကွာ၊ ငါ့မှာကတော့ ကိုလတ်ကို မင်းကို မပေးနိုင်ဘူးလို့ ပြောရခက်တယ်"

"ကျွန်တော်က မသွားဘူး၊ လွှတ်လို့မရတာလို့သာ ပြောလိုက်ပါ ကိုဦး"

"ဘာဖြစ်လို့ မင်းကမသွားချင်တာလဲ၊ ငါ့ဘက်က အားလုံး မင်းကို ဖွင့်ပြောဖို့ တာဝန်ရှိတယ်၊ ဦးထင်ကျော်ဟာ မင်းကို ဒီလခထက် မနည်းတဲ့အပြင် ပိုတောင်ပေးချင်ပေးမဲ့ သဘောရှိတယ်၊ သူတို့က ကုမ္ပဏီကြီးဆိုတော့ ငါတို့ပေးနိုင်တဲ့ လခမျိုးနဲ့တော့ ဘယ်ယှဉ်နိုင်မလဲကွာ"

"ဒါကိုလည်း ကျွန်တော် သဘောပေါက်ပြီးသားပါ၊ ဒါပေမဲ့ ကျွန်တော်ကိုက မသွားချင်တာပါ"





"ဘာဖြစ်လို့လဲ"

"ကိုဦးကိုတော့ ရှင်းပြရခက်ပါတယ်၊ မသွားချင်ရတဲ့ အကြောင်းရင်းထဲမှာ သိမ်မွေ့တဲ့ စိတ်ခံစားချက်တွေပါပါတဲ့အတွက်၊ ဘယ်လိုပြောရမှန်း မသိပါဘူး ကိုဦး၊ သာမန်အားဖြင့်တော့ လခပိုလာမဲ့အလုပ်ဆိုရင် လူတိုင်း သဘောကျမှာပါ၊ ကျွန်တော်လည်း သဘောကျတဲ့သူပါပဲ၊ ဒါပေမဲ့ ခုဟာက ဦးထင်ကျော် ဖြစ်နေတော့"

"ဦးထင်ကျော်က ဘာဖြစ်လို့လဲ"

"ဦးထင်ကျော်က ကျွန်တော့်ကျောက်ကပ်အတွက် ကျေးဇူးဆပ်တာမှာ လိုအပ်တာထက်တောင် ပိုတာဝန်ကျေပြီးပါပြီ ကိုဦး"

"ခုဟာကတော့ ဦးထင်ကျော်က ကျေးဇူးဆပ်ချင်တာထက်ကို သူ့သမီးအငယ် ပီတိက တောင်းဆိုတာကွ၊ ကိုလတ် ပြောတယ်၊ ကောင်မလေးက သူ့အဖေကို အတော်နားပူ နားဆာ ဂျီတိုက်တာတဲ့၊ ဒီမှာ လုပ်နေတာ မင်းအတွက် ပင်ပန်းစေတယ်ပေါ့၊ ငါလည်း မင်းကို ပြောထားသားနဲ့ ဝီရရာ၊ ဆရာဝန်ပြောသလို အလေးအပင်တွေ ဝင်မမ,ပါနဲ့ လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦးလည်း ပြောထားပါတယ်၊ တစ်ခါတလေကျတော့ အဲဒါကို သတိမရဘဲ မြန်မြန်အလုပ်တွင်ဖို့ဖောနဲ့ မ,လိုက်မိ၊ သယ်လိုက်မိတာလေးတွေတော့ ရှိပါတယ်၊ ပီတိကလည်း အဲဒါမျိုးကို တိုက်တိုက်ဆိုင်ဆိုင်ကြုံပြီး တွေ့သွားလို့ပါ"

"ကောင်မလေးလည်း မင်းကို အတော်သံယောဇဉ်ကြီးတဲ့ပုံ ရရှာပါတယ်၊ ကျေးဇူးရှင်လို့ အပြီးသတ်မှတ်ထားတာ ပေါ့ကွာ၊ မနေ့ကမှ ကိုလတ်ကပြောတော့ ပီတိရဲ့အခြေအနေက ဒီကျောက်ကပ်သာ မရရင် ကြာကြာကို ဆက်မနေရတော့မှာတဲ့၊ ဒီကျောက်ကပ်ကြောင့်သာ အသက်ဆက်ရှင်သန်ခွင့်ရတာ အမှန်တဲ့"

"ဒီနေရာမှာ သူတို့မဟုတ်ဘဲ တခြားတစ်ယောက် ချို့ချို့တဲ့တဲ့ထဲကဆိုလည်း ကျွန်တော်ကတော့ လှူဖြစ်မှာပါပဲ ကိုဦး၊ လှူချင်စိတ်ကို ရှိခဲ့တာပါ၊ သူတို့ကတော့ တအားကျေးဇူးတင်တာပေါ့လေ၊ ဒီအတွက် ပီတိက ကျွန်တော့်ကို ကျေးဇူးရှင်လို့ သတ်မှတ်ရာကနေ လိုတာထက်ပိုပြီး ဂရုတစိုက် သံယောဇဉ်ပိုလာတယ်၊ သူ့အဖေကိုတောင် ပူဆာတောင်းဆိုတယ်ဆိုတော့ သူ ဘယ်လောက်ထိ ကျွန်တော့်





ကို စေတနာထားတယ် ဆိုတာလည်း ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါတွေကို ကျွန်တော်က တစ်သက်လုံး စောင့်ပြီး ခံစားနေဖို့ လိပ်ပြာမသန့်ပါဘူး ကိုဦး၊ လိုတာထက်ပိုတဲ့ အခွင့်အရေးတွေ ပေးဆပ်မှုတွေကို မယူရက်တဲ့ သဘောပါ၊ ပြီးတော့ ... ပြီးတော့ ... သူတို့အသိုင်းအဝိုင်းထဲကို ကျွန်တော် တိုးမဝင်သွားချင်ပါဘူး ကိုဦး"

ဝီရရဲ့ မျက်နှာကို ကိုဦးက အကြာကြီး အကဲခတ်လျက် ရှိပါသည်။ သူလည်း တချို့သော အခြေအနေကလေးတွေကိုတော့ စိတ်ထဲ ထင်မြင်နေမိသည်။ ဝီရ စကားထဲက "သိမ်မွေ့တဲ့ စိတ်ခံစားချက်"ဆိုတာတွေကိုလည်း အကြွမ်းဖျဉ်း နားလည်သဘောပေါက်မိသည်။

ဝီရမှာ ရည်းစားရှိပြီး ထိုရည်းစားဟာ မြတ်မျိုးဆိုတာကိုလည်း ဆိုင်ကို အမြဲလာနေတဲ့ မြတ်မျိုးကြောင့်ပင် ကိုဦးသိရှိထားပြီးဖြစ်သည်။

"ကိုဦးကိုမို့ အရှင်းဆုံး ပြောပြရရင် ပီတိရဲ့သံယောဇဉ်တွေကို ကျွန်တော်က အတတ်နိုင်ဆုံး ဖြတ်တောက်ဖို့ ကြိုးစားချင်တာပါ"

"သြော် ... အင်းလေ ... မင်းမှာကလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုဦး စိတ်ထဲ မြတ်မိုးကြောင့်လို့ ထင်ရင်လည်း ထင်သွားပါစေတော့။

“ရှင်သန်ခွင့်ပေးဖို့ မသင့်တဲ့ အဲဒီသံယောဇဉ်တွေ ရင့်သန်လာလေလေ၊ ပီတိက ဒီထက်တောင်းဆို ပူဆာစရာတွေ များလာလေ ဖြစ်လာမှာမျိုးကို ကျွန်တော် မလိုလားပါဘူး ကိုဦး၊ ကျွန်တော်နဲ့ သူတို့က ရေစက်ပါလို့ ခုလိုနည်းနဲ့ ပတ်သက်ခဲ့ရပေမဲ့ အဝေးကြီးပါ၊ အဝေးကြီးမှာပါ ကိုဦး”

စကားဆုံးလျှင် ခေါင်းငုံ့သွားသော ဝီရ မျက်နှာကို ကိုဦးက စာနာစွာကြည့်နေမိပါသည်။ ဝီရကိုယ်တိုင် ပီတိ အပေါ် သံယောဇဉ်ကြီးမားလွန်းလှပုံရတာကိုလည်း ကိုဦး သိနေပါသည်။ သူတို့ကိစ္စက ရှေ့တိုး နောက်ဆုတ် အကြပ်ရခက်သည့် ကိစ္စကြီးပင်။

“ငါနားလည်ပြီ၊ ကိုလတ်ကို ပြောလိုက်မယ်ကွာ၊ မင်းက ဘယ်လိုလွှတ်လွှတ် မရဘူးလို့၊ မသွားဘူးပဲ ငြင်းတယ်လို့”

“ဟုတ်ကဲ့”

“ငါ့အတွက်ကတော့ ဝမ်းသာကျေနပ်စရာပေါ့ကွာ၊ မတတ်သာရင်သာ မင်းကို နှမြောမြောနဲ့ ကြားကပေးပစ်ရမှာ၊ တတ်နိုင်ရင် ငါက ဘယ်လက်လွှတ်ခံချင်မလဲ”





“ဟုတ်ကဲ့၊ ကျွန်တော်လည်း ကိုဦးဆီမှာ လုပ်ရတာပျော်ပါတယ်၊ ကိုဦးကလည်း ကျွန်တော့်ကို အဖေတုန်းကကော ကျွန်တော့်ကိစ္စရောမှာ အရမ်းနားလည်ပေးပြီး ကူညီခဲ့တာပါပဲ၊ ဒီမှာပဲ ကျွန်တော် လုပ်ချင်ပါတယ်”

“အေး … ငါ ကိုလတ်ကို ပြောတာပေါ့ကွာ၊ ဒါပေမဲ့ သူတို့က ဘယ်လိုပြောမယ်တော့ မသိသေးဘူးကွ၊ ကိုလတ်အဖို့ကလည်း အကျဉ်းအကျပ်ကွ၊ ယောက္ခမနဲ့ ခယ်မက ဖိအားပေးနေတာဆိုတော့”

ဝီရက အလုပ်ကို လက်မခံဘဲ ငြင်းပယ်တဲ့သတင်းစကားသည် ကိုဦးမှ တစ်ဆင့် ကိုလတ်၊ ကိုလတ်မှ တစ်ဆင့် ဦးထင်ကျော်တို့ သားအဖတွေဆီ တစ်ဆင့်ဆင့် ရောက်သွားခဲ့ပါသည်။ ပီတိသည် ထိုသတင်းစကားကြောင့် ဝမ်းတွေနည်းလျက်ရှိသည်။

“ဖေဖေလည်း ခေါ်တာပဲ၊ သူက မလာတော့ ဘယ်တတ်နိုင်မလဲ သမီး”

ကြည်နူးက …

“သူကလည်း ဒီကခေါ်နေရင် လာသင့်ပါတယ်၊ သူ့အတွက် ပိုကောင်းတာ လုပ်ပေးမဲ့ဟာပဲကို”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကြည်နူး၊ ဝီရက သူ့အတွက် တမင်တကာ ကောင်းအောင် ဆောင်ရွက်ပေးတာမို့လို့ကို မလာတာ၊ သူ့အလုပ်ရှင်ကို ကြည့်တာလည်း တစ်ကြောင်း၊ ဒါက ရာနှုန်းနည်းပါတယ် အဓိက,က အခွင့်အရေးရသလို မယူတာ ကြည်နူးရဲ့၊ ချီးကျူးဖို့တောင် ကောင်းတာပါ"

ကိုလတ်က သူ့မိန်းမကို နားချရသည်။ ဦးထင်ကျော်သည်လည်း ကိုလတ် နားလည်သလိုပင် နားလည်ပါသည်။

"ဖေဖေ့မှာ သူ့ကိုမှ တကူးတက အလုပ်ခေါ်ခန့်နေရလောက်အောင် သူ့မှာ ထူးခြားပြီး သူတစ်ယောက်ပဲမှ လုပ်နိုင်တဲ့ အရည်အချင်းရှိနေလို့ မဟုတ်ဘူးဆိုတာ သူ နားလည်တာ၊ တမင်တကာ သူ့ကို နေရိပ်ထဲ အဲကွန်းထဲ ငြိမ်းငြိမ်းကလေး ခေါ်ထည့်ထားဖို့ အစီအစဉ်ပဲဆိုတာ သူ သဘောပေါက်တယ်၊ သူ ကောင်းဖို့သက်သက် ဖန်တီးပေးတာ ဆိုတာ သူ နားလည်နေတယ်၊ အဲဒီအခွင့်အရေးကို မယူသင့်ဘူး ထင်လို့ သူ ငြင်းတာပါ ...

သူ ငြင်းတာဟာ သဘောကျဖို့ ကောင်းပါတယ်။ သမီးလေး ပီတိ အနေနဲ့ရော၊ ဖေဖေ့ အနေနဲ့ပါ ကိုယ့်သမီး ကျေးဇူးရှင်အသက်သခင်ကို မြှင့်တင်ပေးဖို့သက်သက် ဒီလိုကမ်းလှမ်းတာပဲ၊ သူ့အနေနဲ့ ယောကျ်ားကောင်းတစ်





ယောက်၊ ကိုယ်ပိုင်မာနလေးရှိတဲ့ လူတစ်ယောက်အနေနဲ့ ဒါကို လက်မခံချင်တာ အပြစ်ဆိုစရာ မဟုတ်ပါဘူး၊ ချီးမွမ်းစရာပါ"

"ကိုဦးကလည်း သူ့ကို သက်သောင့်သက်သာပဲ ထားတာပါ ပီတိရဲ့၊ သူ့တာဝန်ထဲမှာ ဒီသယ်တာပိုးတာတွေလည်း မပါပါဘူး၊ သူ ကိုယ်တိုင်က မနေတတ်လို့ ရံဖန်ရံခါ ဝင်လုပ်လိုက်တာမျိုးလောက်ပဲ ရှိတာပါ၊ ခုဆိုရင်ပဲ ကိုဦးက သူ့ကို ပိုပြီးတော့တောင်မှ ဂရုစိုက် စောင့်ကြည့်ပေးဦးမှာ၊ ဒီမှာ သယ်ရ ထမ်းရတယ်၊ ပင်ပန်းတယ်ဆိုတဲ့ သဘောနဲ့ ညည်းက ခေါ်ယူချင်တာ ဆိုတာကို သူ သိတော့ မသယ်ရ မထမ်းရပါကြောင်းလည်း ငါ့ကို ဖြေရှင်းရှာတယ်၊ ခုဆို ပိုတောင် သူ သတိထားဦးမှာ"

"သမီးအဖို့က ဝီရ အပေါ် သံယောဇဉ်ကြီးလို့ ကျေးဇူးတင်လို့ ကိုယ့်ဘက်က တတ်နိုင်တာ ကူညီပံ့ပိုးပေးချင်တဲ့ သဘောနဲ့ သက်သောင့်သက်သာ အလုပ်ကို ခေါ်ပေးချင်တာ၊ ဖေဖေကလည်း သမီးကျေးဇူးရှင်မို့ သမီးအလိုကို လိုက်ရတာ၊ ဒါပေမဲ့ သူ့ရဲ့ ဒီအလုပ်လောက်ဟာ ယောကျ်ားတစ်ယောက်အတွက် ပင်ပန်းဆင်းရဲနေတယ် မခေါ်ပါဘူး သမီး၊ သူသူငါငါ လုပ်နိုင်နေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူက သူများထက်ထူးပြီး ချို့ယွင်းချက်ရှိတဲ့သူမို့ပါ ဖေဖေ၊ အဲဒါကြောင့် သမီးက စိတ်ပူလို့ပါ"

ဟန်မဆောင်တတ်တဲ့သူလေး ပီတိရဲ့ ရင်ထဲကို အားလုံးပင် တိုးလျှိုပေါက် မြင်နိုင်နေကြရပါသည်။ ဝီရ အပေါ် ပီတိ သံယောဇဉ်တွေ အကြင်နာတွေ ပိုနေတာဟာ ဘွားဘွားကြီး ပေါ်နေတော့တာပင်။ ဒီအတွက် အားပေး အားမြှောက်လည်း မပြု၊ ကန့်ကွက်တားမြစ်လည်း မပြုဘဲ အားလုံးဟာ အလိုက်သင့် အလျှားသင့်လေးသာ သတိထား စောင့်ကြည့်ပေးနေကြတဲ့ အနေအထား။

ပီတိဆိုတာ ငယ်ကတည်းက အားလုံး အလိုလိုက် ဖူးဖူးမှုတ်ထားရတဲ့ ချူချာသူကလေးမို့ ပီတိ ဆန္ဒကိုဆို တတ်နိုင်သမျှ ဖြစ်နိုင်သမျှတော့ ဝိုင်းဝန်းဖြည့်ဆည်းပေးလေ့ ရှိကြတာ အစဉ်အလာပင်။

ခုကိစ္စကတော့ ကာယကံရှင် ကိုကိုဝီရကမှ လက်မခံဘဲ၊ ဘယ်လိုမှ မတတ်နိုင်တဲ့ကိစ္စမို့ဆိုတာ ပီတိလည်း နားလည်သည်။ သို့ပေမဲ့ ပီတိ လက်မခံချင်သေးပါ။ ကိုကို့ကို ပင်ပန်းဆင်းရဲနေမှာ ပီတိမှ မကြည့်ရက်တာ။

ဖေဖေက ဒီလောက်ဟာ သူသူငါငါ ယောကျ်ားတွေတိုင်း လုပ်နေကြတဲ့ အလုပ်ပါလို့ ဆိုပေမဲ့ အဲဒီယောက်ျားတွေ





ဟာ ကိုကိုဝီရ မဟုတ်။ ကိုကိုဝီရ အတွက်ပဲ ပီတိစိတ်ဝင်စားသည်။ ဖေဖေ့ကို ဆင်ခြေကန်လို့ ရရင်တော့ "သူတို့ သူ့တို့တွေက ကျောက်ကပ်နှစ်လုံးနဲ့ အပြည့်အစုံနဲ့ လုပ်ကိုင်နေကြတာလေ"လို့ စောဒကတက်ချင်သေးသည်။

ကိုယ်ချစ်မြတ်နိုးတဲ့ သူကိုတော့ အကြင်နာပိုမိမြဲ မဟုတ်လား။

သူ့ဘဝတစ်သက်လုံး ဒီကျောက်ကပ်တစ်လုံးတည်းနဲ့ ဆက်လက်ရှင်သန် နေထိုင်သွားမည့် ကိုကို့ကို အတတ်နိုင်ဆုံး အေးချမ်းညင်သာတဲ့ အလုပ်မျိုးပဲ လုပ်စေချင်တာ ပီတိရဲ့ဆေတနာပဲပေါ့။ တစ်ခုခု အမှားအယွင်း အဖြစ်မခံနိုင်ခြင်းဟာ ပီတိရဲ့ စိုးရိမ်သောကပဲပေါ့။

ပီတိသည် ကိုကိုဝီရကို ဘယ်လိုနည်းလမ်းနှင့်ပြောလျှင် လက်ခံမလဲ စဉ်းစားသည်။ အဲဒီနောက်တော့ ပီတိသည် ကိုယ့်တစ်ကိုယ်တော် ဆုံးဖြတ်ချက်နှင့်ကိုယ် စုံစမ်းမေးမြန်းပြီး ကုမ္ပဏီရုံးခန်းတစ်ခုရှေ့သို့ ဦးဖြိုးနှင့်အတူ ရောက်လာခဲ့ပါသည်။ တွေ့ချင်သူအမည်နှင့် ခေါ်ယူလိုက်၍ မကြာခင် မြတ်မျိုး ထွက်လာကာ ...

"ဟင် ... ပီတိပါလား၊ ဘာကိစ္စလဲ၊ တို့ရုံးကို ဘယ်လိုလုပ်သိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမြတ်မျိုးတို့ ယူနီဖောင်းအရောင်ကို စုံစမ်းပြီး လျှောက်မေးတာပေါ့၊ ကိစ္စကတော့ မမြတ်မျိုးကို ပီတိ ပြောစရာရှိလို့"

⁂ ⁂ ⁂

မြတ်မျိုးက ခြေဖျားလေးကိုလှုပ်ကာ ဝီရကို အကဲခတ်နေပါသည်။ ဝီရက မျက်ခုံးတွန့်တွန့်နှင့် ...

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

"ဘာပြန်ပြောရမလဲ၊ အေးလေ ... ပြောပေးကြည့်မယ်လို့ပေါ့"

"ပြောပေးကြည့်မနေနဲ့၊ ငါ မလုပ်ချင်ပါဘူး"

"အဲဒါကိုပဲ ငါက အံ့သြနေတာပေါ့၊ ငါကတော့ သူတို့ဒီလို နင့်ကိုခေါ်တာ ခုမှသိလို့၊ ငါ့စိတ်ထင် နင် ဝမ်းသာအားရ ပြောင်းလုပ်လိမ့်မယ်ပဲ မှတ်နေတာ"

ဝီရက ခေါင်းကို ခါယမ်းလိုက်ပါသည်။

"ငါဆိုရင်တော့ လုပ်မှာပဲ"





"နင်က နင်ပဲ၊ ငါက ငါပဲ၊ နေပါဦး၊ နင်ပဲ သဝန်တိုသလေး ဘာလေး ညာလေးနဲ့ ငါ့ကို ပီတိအဖေဆီ အလုပ်ဝင်စေချင်တာက ဘာသဘောလဲ"

"ဘာသဘောရမှာလဲဟဲ့၊ နင်လည်း သက်သာမယ်၊ ပြီးတော့ သူတို့ရဲ့ပေးစကားတွေက မြင့်တယ်၊ နင် အနည်းဆုံး ကိုဦးဆိုင်က လခထက် နှစ်ဆလောက်တော့ ရမှာသေချာတယ် ဝီရရဲ့"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"နင်က ဘာလို့ ဘုမှတ်နေရတာလဲ၊ ဘာတွေ စိတ်တိုနေတာလဲ"

စိတ်တိုနေတာတော့ မဟုတ်။ စိတ်မချမ်းမြေ့နေတာပါ။ သူ့တို့ဘက်က စေတနာနဲ့ ခေါ်ယူတဲ့ကိစ္စကို ငြင်းပယ်လိုက်တဲ့ သူတစ်ယောက်အဖြစ်၊ ပီတိရဲ့အဖေဟာ သူ့အပေါ်နားမလည်ဘဲ စိတ်ကွက်ကောင်း ကွက်နိုင်ပါသည်။ ပီတိနဲ့ နီးစပ်သော ပရဝုဏ်တစ်ခုတည်းမှာ သူ မနေချင်ဘဲ နေပါ့မလား။

သူ့အခြေအနေနဲ့သူ ငြင်းပယ်လိုက်ရတဲ့ အဖြစ်ကိုပဲ သူ စိတ်မချမ်းမြေ့နိုင်အောင် ပြန်ဖြစ်နေတာပါ။ တကယ်လို့များ ... တကယ်လို့များ သူ့မှာ မြတ်မျိုး ဆိုတဲ့ ရည်းစားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေဘူးဆိုရင် သူဟာ တစ်ထိုင်တည်း အဖြေမပေးဘဲ ဒီကိစ္စကို လက်ခံစဉ်းစားဖြစ်ရင် စဉ်းစားဖြစ်ပါဦးမည်။

ဘယ်လိုမှ ရှေ့တိုးလို့မရတဲ့ အနေအထားနဲ့ သူ့မှာ ပီတိထံ ဘာကြောင့် နီးနီးကပ်ကပ်ရောက်အောင် သွားဖို့လိုသလဲ။ ပြီးတော့ အများကြီးပေါ့။ ဘယ်သူ့ကိုမှ ဖွင့်ပြောလို့မရတဲ့ အတွေးတွေ သူ့မှာတစ်ပုံကြီး။ တကယ်လို့များ သူဟာ ပီတိနှင့် ပတ်သက်ပြီး မျှော်လင့်ချက်တွေ အရဲစွန့်မှုတွေ ရှိချင်လာသည် ဆိုရင်တောင် ဦးထင်ကျော် လက်အောက် မျက်မှောက်ရောက် နေတော့ အရိပ်နေနေ အခက်ချိုးချိုး ဘဝကို ရောက်သွားရမှာ ပေါ့။

"ဒီကောင်မလေးက နင့်ကို ကြိုက်နေတယ်ဟဲ့ ဝီရရဲ့၊ သေချာတယ်"

ဝီရက မြတ်မျိုးကို မနှစ်သက်သလို ကြည့်လိုက် ရင်း ...

"နင် လျှောက်ပြောမနေပါနဲ့ မြတ်မျိုးရာ"

"သြော် ... မြွေမြွေချင်းပါဟဲ့၊ ခြေမြင်ပါတယ်၊ ပီတိက နင့်ကို ပျော်ဝင်နစ်မြုပ် ကျဆုံးနေတာမှ အရှုံးအမူးပဲ"

"မပြောပါနဲ့ဆိုဟာ"





"သူ့ကို နင် ပြန်ကြိုက်ချင်မှ ကြိုက်လို့ရတာပဲ၊ ကိုယ်စိတ် မဝင်စားရင် ဘာမှဖြစ်တာမှ မဟုတ်တာ၊ သူ စိတ်ဝင်စား လို့ပေးတဲ့ အကူအညီကိုတော့ ယူလိုက်ပေါ့ဟဲ့၊ ကိုယ်က တောင်းဆိုတာမှ မဟုတ်ဘဲ၊ သူက အလိုလိုပေးတာပဲဟာ၊ ကိုယ်က အခွင့်အရေး တောင်းယူမှသာ ရှက်စရာဖြစ်ရင် ဖြစ်မှာပါ၊ အခုက သူပေးလို့ ယူတာပဲ၊ ဘာဖြစ်လဲ"

"ဟာ ... တော်ပါတော့ဟာ၊ နင် ဒါတွေပြောနေတာကို ကြားရတာကိုက ရှက်စရာ ကောင်းနေပြီ၊ ငါရှက်နေပြီ၊ နင်ကော ဒီလိုတွေးတာကို မရှက်ဘူးလား"

"မရှက်ပါဘူး၊ ဘာရှက်စရာရှိလဲ၊ မသထာရေစာကို တရရ တောင်းယူနေတာ မဟုတ်ဘူး၊ သိပ်ပေးချင်နေတဲ့ဟာကို လက်ခံတာပဲဟာ"

"ဒီမှာ မြတ်မျိုး၊ ပေးတိုင်းယူစရာ မလိုဘူး၊ အခွင့်အရေး ပေးတိုင်း ယူနေရင် လူအထင်သေးတယ်၊ အလကားလို ချင်တဲ့သူ ဖြစ်တယ်၊ နောင်ကျတော့ အခွင့်အရေးပေးတဲ့သူ ကိုယ်တိုင်ကိုက အထင်ပြန်သေးလာတတ်တယ်"

"သြော် ... နင်က အဓိက,ကတော့ ပီတိ အထင်သေးမှာ ကို မလိုချင်တဲ့သဘောကြောင့် ငြင်းတာပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မိသားတစ်စုလုံး အထင်သေးမှာကို စိုးတယ်၊ ငါ့ရဲ့စေတနာ၊ ငါ့ရဲ့အလှူဒါန၊ အရောင်ဆိုးခံရမှာ စိုးတယ်၊ အခုတောင်မှ လွန်နေပါပြီဟာ၊ ဒီအခန်းလဲပေး၊ အမေ့မျက်လုံးကိုလည်း ခွဲပေးတာ လွန်နေပါပြီ၊ ပိုနေပါပြီ၊ ငါ့ဆန္ဒအတိုင်းဆိုရင် သူတို့ အမေ့မျက်လုံး ခွဲပေးတာကို ကျေနပ်ဝမ်းသာပြီး လက်ခံလိုက်ပြီးရင် တော်ပြီ၊ ဒီအခန်းကိုတောင် မယူချင်ဘူး၊ စေတနာ စော်ကားရာကျမှာစိုးလို့ ပြန်မပြောဝံ့ဘဲ လက်ခံလိုက်ရတာ၊ ဒါ အမှန်အတိုင်းပဲ"

"နင်ဟာလေ ... သိပ်ဖင်ခေါင်းကျယ်ချင်တယ်၊ ဆန်မရှိ အစားကြီးဆိုတာ နင်ပဲသိလား၊ မာနကလည်း ရှိသေး"

"အဲဒါ ဘာဖြစ်လဲ၊ ရှိသင့်တဲ့ မာနလေး ငါထားတာ၊ မာနထောင်လွှားနေတာ မဟုတ်ဘူး"

"အဲဒါ ဘာဖြစ်ရမလဲ၊ တော်ပေါ့ဟဲ့၊ လခတစ်သိန်း အနည်းဆုံးရမဲ့အလုပ်ကို ငြင်းပစ်တာ နင်ပဲရှိမယ်၊ နင် ငွေအလကားယူမှာ ကျနေတာပဲ၊ သူတို့ အလုပ်ကို လုပ်ပေးနေဦးမှာပဲ"

"ငါ သူတို့ရဲ့ ဝန်ထမ်းလည်း မဖြစ်ချင်ပါဘူး"

"နင်က ဘာဖြစ်ချင်တာလဲ၊ ပီတိရဲ့ရည်းစားပဲ ဖြစ်ချင်တာပေါ့၊ ဟုတ်လား"





ဝီရသည် စိတ်တိုလာကာ ထိုင်ရာမှထ,ပြီး ဝရန်တာဘက် ထွက်လာခဲ့သည်။ မြတ်မျိုးက နောက်က လိုက်လာကာ ...

"ဒါ ဘာဖြစ်တာလဲ၊ အနာပေါ် တုတ်ကျတာလား"

"မြတ်မျိုး ... နင် ပြဿနာလိုက်မရှာနဲ့ဟာ၊ အေးအေးဆေးဆေး နေပါရစေ"

"ပြဿနာရှာနေတာ မဟုတ်ဘူး၊ ပြောပြနေတာ၊ နင့်မှာ နင် လုပ်ကျွေးရတဲ့ အမေလည်းရှိတယ်၊ နင် တစ်နေ့မိန်းမကိုလည်း လုပ်ကျွေးရဦးမှာပဲ"

မြတ်မျိုး စကားက သူ့ရင်ကို အောင့်သွားစေသည်။

"အဲဒီတော့ ဒီထက် လခကောင်းတာဟာ မကောင်းဘူးလား၊ အကောင်းလည်း ပြောပြရသေးတယ်၊ ချောင်ချောင်လည်လည် ပိုရှိတာပေါ့ဟဲ့၊ ဒီမှာ ... ငါ ပြောပြမယ်၊ ငါတောင် အလုပ်ပြောင်းမလို့ သိရဲ့လား"

"ဘယ်ကိုလဲ"

"အင်တာနက်ကဖေးတစ်ခုကို"

"လခ ပိုကောင်းလို့လား၊ နင် ဘယ်တုန်းက လျှောက်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလျှောက်ပါဘူး၊ ငါတို့မန်နေဂျာရဲ့ သူငယ်ချင်းလုပ်တာ၊ သူ လုပ်ဖို့အခန်းကို ငါ ရှာပေးလို့ ဟိုးတလောက ငါတောင် ပွဲခရသေးတယ်လေ"

"အင်း"

"အဲဒါ အခု ဖွင့်ဖို့ အသင့်ဖြစ်သလောက်ရှိပြီ၊ အခန်းရှာပေးရင်း ငါနဲ့လည်း ရင်းနှီးပါတယ်၊ အခု သူက ငါ့ကို သူ့ဆီပြောင်းလုပ်ပါတဲ့၊ ငါက ကွန်ပျူတာလည်း နားလည်၊ ရုံးအလုပ်သဘောလည်း ကျွမ်းပြီးသားဆိုတော့ သူက လူသစ်ခေါ်ရမှာထက်စာရင် တတ်ပြီးသားလူကို ခေါ်ချင်တာပေါ့၊ အရင်လခထက် ပိုပေးမယ်တဲ့၊ ငါ့ကို ကုမ္ပဏီကနေထွက်ခဲ့ခိုင်းတယ်"

"ဟာ ... နင်ကလည်း လခပိုရဖို့ပဲ ကြည့်နေ၊ ဟိုကအခြေခိုင်နေတဲ့ ကုမ္ပဏီ၊ သူ့အင်တာနက်ကဖေးက အောင်မြင်မလားမသိ၊ မအောင်မြင်မလားမသိ၊ တော်ကြာ တစ်နှစ်လောက်ကြာ ပိတ်လိုက်ရရင် ဘယ်လိုလုပ်မလဲ၊ အဲဒီကျမှ အလုပ်လက်မဲ့ဖြစ်ရော၊ ကိုယ်အဆင်ပြေနေတဲ့နေရာ၊ ကိုယ့်အပေါ်လည်း ကောင်းနေတဲ့နေရာမှာ ဖင်မြဲမြဲ လုပ်စမ်းပါဟာ" --





"ဒီကိုလည်း ငါ တခြားက ရွှေ့လာတာပါပဲဟာ၊ ဖြစ်မလာသေးတာကို မျှော်တွေးပူပန်နေရင် ဘာမှအလုပ်မဖြစ်ဘူး၊ လောလောဆယ် ဒီက လခလည်းပိုမယ်၊ လုပ်ရတာလည်း ပိုသက်သာမယ်၊ ငါ လာမယ်လို့ ပြောထားပြီးသား၊ သူ့ဆိုင်က နောက်လဆန်းမှ ဖွင့်မှာမို့လို့"

"ပြီးရောဟာ၊ နင့်သဘောပဲ"

"အဲဒါကြောင့် နင့်ကိုလည်း ..."

"ငါ့ကို ဘာမှလာမပြောနဲ့"

"အဲဒါဆိုလည်း ပြီးရော၊ ငါလည်း မပြောဘူး၊ နင်လည်း ငါ့ကို မပြောနဲ့"

ဝီရက မျက်နှာကို ရှုံ့မဲ့ပြပြီး ထွက်သွားတဲ့ မြတ်မျိုးကို စိတ်မသက်မသာ ကြည့်မိသည်။


*** *** ***



www.burmeseclassic.com

www.burmeseclassic.com







## ၁၂

ပီတိတို့ သူငယ်ချင်းသုံးယောက် ဖူဂျီဟောက်စ် ကော်ဖီဆိုင်ကလေးထဲ လှမ်းဝင်လိုက်သည် ဆိုရင်ပင် မြတ်မျိုးကို ပီတိ ဘွားခနဲ လှမ်းမြင်လိုက်ရပါ၏။ ရုံးအဝတ်အစားနဲ့လည်း မဟုတ်၊ အပြင်အဝတ်အစားနှင့်ပင်။ ပုံမှန်အားဖြင့် ရုံးတက်ရမဲ့ အချိန်မှာ ဖူဂျီဟောက်စ်လို ဆိုင်မျိုးထဲကို ယောကျာ်းတစ်ယောက် နှင့် အတူရောက်နေသဖြင့် ပီတိ အံ့အားသင့်ရသည်။

မြတ်မျိုးကလည်း ပီတိကို လှမ်းတွေ့လိုက်၍ အံ့အား သင့်သလို ဖြစ်သွားကာ အနည်းငယ် ရှိုးတိုးရှန့်တန့် မှုပျက်သွား ပါသည်။ ပီတိက မြင်ဖူးသည် ထင်မိသော အမျိုးသားကို အကဲ ခတ်ကြည့်ရင်း တစ်ခါက သူ ပွဲစားလုပ်တယ်ဆိုပြီး အခန်းတစ် ခန်းကို လိုက်ပြစဉ်က လူဆိုတာ မှတ်မိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မျိုးက သူ့ရဲ့မှုပျက်လှုပ်ရှားသွားမှုကို ချက်ချင်းပဲဟန်ဆောင်ထိန်းနိုင်ကာ သူက အရင်စ,ပြုံးပြရင်း ...

"ပီတိပါလား ... ကော်ဖီ လာသောက်လား"

"ဟုတ်ကဲ့"

ပီတိက မပြုံးနိုင်ဘဲ နှစ်ယောက်တည်း စိတ်အေးလက်အေး အတူစားသောက်နေတဲ့ သူတို့ကို ရိုင်းချင်လည်းရိုင်း အကဲဆက်ခတ်နေမိကာ ...

"မမြတ်မျိုး ရုံးမှုတက်ဘူးလား"

"တို့ ခွင့်ယူထားတယ်"

ပီတိသည် တမင်တကာပင် ...

"ကိုကိုရော"

မြတ်မျိုးက မျက်ခုံးပင့်ကာ ...

"ဒီအချိန်ဆို ထုံးစံအတိုင်း သူ့အလုပ် သူ့ဆိုင်မှာပဲ ရှိမှာပေါ့၊ တို့ကိုမေးလို့ ဘယ်သိပါ့မလဲ၊ အပြင်ထွက်ပြီး စာအုပ်ထုပ်တွေ အလေးအပင်တွေ မ,ပြီးသယ်ပြီး အလုပ်ရှုပ်ရင်လည်း ရှုပ်နေမှာပေါ့"

တခြားလူတစ်ယောက်ရှေ့မှာ ဒီလိုမေးတဲ့အတွက် မြတ်မျိုးက စိတ်ဆိုးဟန် ရှိလေသည်။ အလေးအပင် သယ်တာမ,တာတွေပါ မဆီမဆိုင် ထည့်ပြောလာရင်း ပီတိကို ကလိသည်။





ထို့နောက် သူ့ဘေးကလူဘက် လှည့်၍ ...

"ကိုနိုင် ... သူက မြတ်မျိုးသူငယ်ချင်း ဝီရ ကျောက်ကပ်တစ်လုံး လှူထားတယ်ဆိုတဲ့ ကောင်မလေးပေါ့၊ ပီတိတဲ့၊ ပီတိ ... ဒါ တို့ရဲ့အလုပ်ရှင်အသစ် ဖြစ်တော့မဲ့ ဦးနိုင်ထွန်းအောင်"

"ဪ"

နိုင်ထွန်းအောင် ဆိုသူက ပီတိကို ခေါင်းဆတ်ပြီး ပြရင်း တစ်ဆက်တည်း ...

"ခဏနော် မြတ်မျိုး၊ ကိုယ် တွိုင်းလက် ခဏဝင်လိုက်ဦးမယ်"

နေရာက ထ,သွားပါသည်။ ပီတိသည် မြတ်မျိုးကိုသာ မကျေမချမ်း ရပ်ကြည့်နေသည်။ သရဖီတို့ စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်ကြရာဆီသို့ မလိုက်နိုင်သေးပါ။ ကိုကို့ကွယ်ရာမှာ လူတစ်ယောက်နှင့် ဒီလိုပုံစံတွေ့ရတာကို မကျေနပ်နိုင်။

နှစ်ယောက်တည်းလည်းဖြစ်၊ မျက်နှာတွေပေါ်ကရင်းနှီးပတ်သက်မှုတွေကလည်း သိသာ၊ တမင်ချိန်းထွက်ကာလာစားကြတာပင်။ ပီတိကို စာအုပ်ဆိုင်မှာ စ,တွေ့ဖူးချင်းချင်း "ဝီရ ချစ်သူပါ"လို့ မဏ္ဍပ်တိုင်တက်ပြခဲ့သူက ခုတော့ "မြတ်မျိုးသူငယ်ချင်း ဝီရ" ဖြစ်သွားရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့ ကိစ္စကို တို့လည်း ဝီရကို နားချပါတယ်"

မြတ်မျိုး စကားက ပီတိ စိတ်ဝင်စားတဲ့စကားမို့ ပီတိက ချက်ချင်း မျက်လုံးလေး အရောင်ပြောင်းကာ ...

"ကိုကိုက ဘာတဲ့လဲဟင်"

"မင်းကိုကိုက မလုပ်ဘူးတဲ့၊ ယတိပြတ်ပဲ"

"ဘာဖြစ်လို့တဲ့လဲ မမြတ်မျိုးရယ်"

"သူက တစ်မျိုးလေ၊ လူက ဘာမှမဟုတ်ပေမဲ့ မာနက အကြီးသား၊ သူ့ကောင်းရာကောင်းကြောင်း၊ သူ သက်သာရာ သက်သာကြောင်း၊ သူ့ကိုတမင်ကြည့်ရှုစောင့်ရှောက်တဲ့ သဘောမျိုး ခေါ်ပေးတဲ့အလုပ်ကို သူ လက်မခံနိုင်ဘူးတဲ့၊ လခတွေလည်း အလကားမိုပေးပြီး လိုအပ်လို့ မဟုတ်ဘဲ သူ့ကို သနားလို့ပေးတဲ့ အလုပ်မျိုး မဟုတ်လား"

"လခတွေက ဖေဖေ့ဆီမှာ ဒီလိုပဲ ကောင်းပါတယ်၊ ပြီးတော့ သနားလို့ပေးတာလည်း မဟုတ်ဘူး၊ သူနဲ့သင့်တော်တဲ့ နေရာမျိုးမှာ လုပ်နိုင်ဖို့ ကူညီတဲ့သဘောပါပဲ"

"ဒါပေမဲ့ သူက တစ်မျိုး ပီတိရေ့၊ ပီတိတို့ဆီက ရတာတွေ များနေပြီတဲ့၊ လိုတာထက်လည်း ပိုနေပြီတဲ့၊ ဘာမှ ထပ်မယူသင့်တော့ဘူးတဲ့၊ မင်းရဲ့ကိုကိုက ဦးအမှန်တရား





ကြီး၊ ဦးသစ္စာရှင်ကြီး၊ တို့ တိုက်တွန်းတာပဲ၊ သူ့ဘဝမြင့်မားရာ မြင့်မားကြောင်းလည်း ဖြစ်ရဲ့သားနဲ့ တမင်ကိုမလာတာ ...

ပီတိ တိုက်တွန်းခိုင်းတာ အောင်မြင်အောင် မလုပ်နိုင်လို့ ဆောရီးပါပဲ၊ စိတ်တောင် မကောင်းဘူး၊ တို့သာဆိုရင် လာမှာပါ၊ အခုတောင် တို့လည်း ရုံးပြောင်းတော့မှာ၊ ခုနက ကိုနိုင့်ဆီကိုပေါ့၊ နောက်ကို ဟိုရုံးကို ပီတိမလာနဲ့တော့၊ တို့ မရှိတော့ဘူး ...

ကိုနိုင်ရဲ့ဆိုင်မှာ ပြောင်းလုပ်တော့မယ်၊ သူကလည်း လိုလိုလားလား ခေါ်ယူတယ်၊ လခလည်း ပိုတယ်လေ၊ အဲကွန်းခန်းထဲမှာ အဆင့်လည်း မြင့်သွားတယ်၊ ဘာဖြစ်လဲ ကိုယ့်ဘဝ တိုးတက်ရာ တိုးတက်ကြောင်းပဲ၊ သူက ဒါကိုတောင် ဝေဖန်ချင်နေတာ၊ တို့က အဝေဖန်မခံလို့သာ ...

ခေါ်လို့မရလည်း ပစ်ထားလိုက်ပေါ့၊ သူ့ကို သိပ်စိုးရိမ်ပူပန် သံယောဇဉ်ကြီးမနေနဲ့၊ သူက စာအုပ်ကြီးသမား ပီတိရဲ့၊ ရှေးရိုးတွေးနဲ့၊ ခပ်တုံးတုံးပါ၊ ကိုယ့်တက်လမ်းအတွက် တလှစ်လှစ် အမြင်ပါးမနေဘူး၊ တို့တောင် စိတ်ပျက်ပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ပီတိသည် ကိုယ့်ရည်းစားအတင်းကို ကွယ်ရာမှာ တခြားမိန်းကလေးထံ ဖွင့်ချနေတဲ့ မြတ်မျိုးကိုပဲ အသည်းယားလာကာ ...

"အဲဒါ စိတ်ပျက်စရာ မဟုတ်ပါဘူး၊ စာအုပ်ကြီးသမားဆိုတာ ဘ၀မှာ အမှားလည်း နည်းတတ်ပါတယ်၊ ကိုယ့်တက်လမ်းချည်းပဲ ကြည့်မနေတာဟာလည်း လောဘနည်းတာ ရောင့်ရဲတာ တစ်မျိုးပဲ၊ ကိုယ်မြင့်မားဖို့လမ်းကိုပဲ မျှော်နေတာထက်စာရင် ကိုကို့မှာ၀ါဒက သိက္ခာရှိပါတယ်"

"ဘုရားရေ ... ဆတ်ဆတ်ထိ မခံပါလား၊ ဟုတ်လား၊ သိက္ခာရှိသလား၊ တို့လို ကိုယ့်တက်လမ်းပဲ ကိုယ်ကြည့်နေတဲ့သူမျိုးကတော့ သိက္ခာမရှိဘူးလို့ ၀ေဖန်ချင်လို့လား၊ ၀ေဖန်စမ်းပါလေ၊ တို့က စိတ်မဆိုးပါဘူး၊ ပီတိလည်း အဲဒီသိက္ခာရှိရှိ လူတစ်ယောက်ကို အမြဲကိုးကွယ်နေနိုင်ပါစေ"

"ပီတိက ကိုကို့ကို အသက်သခင်အဖြစ် ကိုးကွယ်ပြီးသားပါ မမြတ်မျိုး၊ မမြတ်မျိုးသာ ကိုယ့်ချစ်သူ ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ ကိုးကွယ်တတ်ပါစေ"

"တို့လား၊ ဟင့်အင်း ... တို့ကတော့ ဘယ်သူ့မှ ကိုးကွယ် မနေနိုင်ပါဘူး၊ ကိုယ်ရဖို့တောင် ကိုယ်မသိတဲ့ ဝီရကိုတော့





ပိုတောင် စိတ်ပျက်သေးတယ်၊ မင်းကတော့ အင်မတန်ကို လေးစားချစ်ခင် ကြည်ညိုမှန်း သိပါတယ်၊ ရှင်းရှင်းပြောရရင် ဝီရက ဘို့ကို ခေါက်ခဲ့ပြီး မင်းဆီ ချဉ်းကပ်ရမှာ"

ပီတိသည် မျက်နှာနီမြန်းကာ မြတ်မျိုးကို စူးစူးရဲရဲ ကြည့်နေမိသည်။

"ဟုတ်တယ်၊ ရည်းစားဖြစ်ပြီး တို့က အဲလိုပဲ ပြောပစ်လိုက်တော့မယ်၊ လမ်းကြီးခင်းထားတာမှ ဖြောင့်ဖြူးပျူးပြန့်နေတာ၊ မလျှောက်တတ်ဘူး၊ တို့ကတော့ မြေကြီးလမ်းပေါ်ကနေ ပန်းခင်းလမ်းပေါ် ရောက်ခွင့်ရရင် တက်လျှောက်ရမှာပဲ၊ ပန်းခင်းလမ်းပေါ်ကနေ ရွှေချထားတဲ့လမ်းကို လျှောက်ခွင့်သာရင် ကူးလျှောက်ရမှာပဲ၊ ရွှေချတဲ့လမ်းပေါ်ကနေ စိန်စီတဲ့လမ်းပေါ်ကိုလည်း ကူးလို့ရရင် ကူးဦးမှာပဲ ...

လခအရမ်းကောင်းမဲ့ အလုပ်ကြီးတစ်ခုကို လက်လွှတ်ပစ်တဲ့ လူမျိုးကို ဘယ်မိန်းမက လက်ထပ်ဖို့ စဉ်းစားရဲမလဲ၊ သူ့ကို ထိုင်ကိုးကွယ်ပြီး ထမင်းမ၀တ၀ စားနေရမှာမျိုးတော့ စိတ်မ၀င်စားပါဘူး"

ပီတိသည် ဒီလိုလူမျိုးနှင့်ဆုံမှ ကိုကို့ကို မှိုချိုးမှိုစ်ချိုး ပြောနေတဲ့ မြတ်မျိုးကြောင့် အသားလေးတွေပင် ဆတ်ဆတ်တုန်ချင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီလိုလူကို ဘာလို့ ချစ်သူအဖြစ် လက်ခံခဲ့သေးလဲ"

"ဟား ဟား ... တကယ်တော့ တို့က လက်ခံထားတယ်တောင် ပြောမရပါဘူး ပီတီရယ်၊ သူက လက်ခံတယ်ဆိုမှ ဟုတ်တုတ်တုတ်၊ သူ့ခမျာ တို့ပိုက်ကွန်မှာ အားနာပါးနာ လာငြိသွားတာပါ၊ တကယ်ပါ၊ ဒီရဟာ ခုချိန်ထိ တို့ကို ရည်းစားစကား ချစ်စကားတောင် တစ်ခွန်းမှ မပြောခဲ့ဖူးသေးပါဘူး၊ တို့အဖို့ကလည်း အဲဒီအချိန်က ပူဆာလို့ရတဲ့သူ၊ သူပဲ ရင်းရင်းနှီးနှီး ရှိခဲ့တာကိုး၊ အမြင်လည်း မကျယ်သေးဘူးလေ၊ ခုတော့ တကယ်ပါပဲ၊ တို့ သူ့ကို စိတ်ပျက်လာတယ်၊ သူ့ကိုယူမိရင် တို့ရောက်ချင်တဲ့ အနေအထားလောက် ရောက်ဖို့ကို မမြင်ဘူး၊ သူက တို့လို မိန်းမတစ်ယောက်အတွက် အားမရစရာ ကောင်းလောက်အောင် ဖြူစင်လွန်းပါတယ် ...

ပြီးတော့ တို့ ထင်ပါတယ်လေ၊ တို့ကို သူက တကယ်တမ်း နှစ်နှစ်ကာကာ မြတ်နိုးခဲ့ရတာ မဟုတ်တော့လည်း တို့အတွက် ကြိုးစားချင်စိတ် မထက်သန်ဘူးနဲ့တူပါရဲ့၊ တို့က စိတ်ထဲရှိသလိုပြောတတ်တော့ ပီတီ နားဝင်ဆိုးရင် ဆိုးမှာပေါ့လေ၊ ရည်းစားတစ်ယောက် ထားမိတာနဲ့





ပဲ အဲဒီတစ်ယောက်နဲ့ အဆင်မပြေလည်း ဖွတ်မိတ်လက်တွဲ သစ္စာရှိနေရမယ်ဆိုတဲ့ မူမျိုး တို့မှာတော့ မရှိဘူး၊ ဝီရမှာပဲ ရှိတယ် ...

သူ တို့ကို မနှစ်မြို့ပါဘူး၊ အထင်လည်း မကြီးပါဘူး၊ သိတာပေါ့၊ ခုနောက်ပိုင်းမှာ ပိုဆိုးလာတယ်၊ သူလည်း တို့ကို စိတ်ပျက်၊ တို့လည်း သူ့ကိုစိတ်ပျက်နေရင် သစ္စာရှိဖို့ တစ်ခုတည်းအတွက် ဖွတ်မိတ်လက်တွဲနေလို့ ရပါ့မလား၊ ဝီရ တန်ဖိုးထားနေတာက တစ်ယောက်၊ တို့ ရိပ်မိပါတယ် ...

ဒါပေမဲ့ သူက တို့ကို မိန်းကလေး တစ်ယောက်အပေါ် စာနာသက်ညှာရမယ်၊ မရက်စက်ရဘူးဆိုတဲ့ အသိတရားကြီး လက်ကိုင်ထားပြီး လမ်းမခွဲတာ ...

စိတ်မကောင်းပါဘူး ပီတီရယ်၊ တို့ကတော့ လိုအပ်လာရင် သင့်တယ်ထင်ရင် ပိုကောင်းမယ် ယူဆရင် သူ့ကို လမ်းခွဲရမှာပဲ၊ ပြောပြထားတာပါ"

ပီတီသည် မြတ်မျိုးကို မျက်လုံးပြူးနှင့်ပဲ စိုက်ကြည့်နားထောင်နေမိသည်။ ဘာမှပြန်မပြောမိ။ နောက်ထဲကနေ "ကိုနိုင်" ဆိုတဲ့သူ ပြန်ထွက်လာ၍ မြတ်မျိုးရဲ့ စားပွဲအနားမှ လှည့်ထွက်လာခဲ့ရတဲ့တိုင် ပီတီ ရင်ထဲ လှိုင်းပုတ်ခံရသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မျိုးကို အပြစ်ပဲ တင်ရမှာလား၊ ဘာပဲပြောရမှာလဲ မသိတော့။ ပွင့်လင်း တဲ့တိုးကျလှတဲ့ စကားတွေကြောင့် အငိုက်မိနေခဲ့မိသည်။ ကိုကို့ကို သူ လမ်းခွဲမသွားပါစေနဲ့ ဆုတောင်းရမှာလား၊ လမ်းခွဲသွားပါစေ ဆုတောင်းရမှာလား၊ မတွေးတတ်နိုင်တော့ပေ။

ဳ ဳ ဳ

ပီတိသည် မမြတ်မျိုး နည်းလမ်းနှင့် မရတော့ ဝီရုတို့အိမ်ကို လိုက်သွားကာ ဝီရအမေနှင့် တွေ့ဆုံပါသည်။ ပီတိမှန်းသိလျှင် ဝီရအမေသည် အလွန်အံ့အားတသင့် ဝမ်းသာနေကာ ...

"အမယ်လေး ... တွေ့ရတာ ဝမ်းသာလိုက်တာ သမီးရယ်၊ သမီးလေး ကျန်းမာချမ်းသာကြောင်းလည်း အန်တီနေ့တိုင်း ဆုတောင်းပေးပါတယ်၊ ငါ့သမီးက ချစ်စရာလေးပါလား၊ နေကောင်းတယ်နော် သမီး၊ အခု တစ်ယောက်တည်းလာသလား"





ရွှန်းရွှန်းဝေ ဖော်ရွေကာ ရင်ထဲကလာတဲ့ စေတနာ မေတ္တာစကား အစစ်တွေမှန်း သိသာတဲ့ အပြောအဆိုတို့နှင့် ကိုကိုဝီရအမေကို ပီတိလည်း မြင်မြင်ချင်း ချစ်ခင်မိပါသည်။ ရိုးသားအေးချမ်းပြီး မာန်မာန အဆိပ်အတောက်ကင်းမဲ့ကာ နဂိုစိတ်ရင်းကောင်းလှတဲ့ ကိုကိုဝီရအမေ့ကို ပီတိလာရခြင်းအကြောင်းရင်းကို ပီတိက လေးလေးစားစား ပွင့်ပွင့်လင်းလင်း ရှင်းပြပါသည်။

အဓိကချုပ်သော် ကိုကို့ကို ဖေဖေ့အလုပ်မှာ ဝင်လုပ်ဖို့ တိုက်တွန်းပါ ဆိုတာပင်။ ဝီရရဲ့ အမေသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီးလျှင် ...

"သမီးလေးရယ် ... သမီးတို့ ကိုယ်တိုင်က ဒီလို လိုလိုလားလား ခေါ်ယူတဲ့ဟာ အန်တီ့အနေနဲ့တော့ ကိုယ့်သားအတွက် လခလည်းကောင်း၊ သက်သောင့်သက်သာလည်းဖြစ်၊ ဂုဏ်သရေရှိ အသိုင်းအဝိုင်းကြီးထဲလည်းဖြစ် ဆိုတော့ မသွားစေချင် ဘယ်ရှိပါ့မလဲ၊ အတိုင်းထက် အလွန်ပေါ့ကွယ် ...

ဒါပေမဲ့ အန်တီကလေ အန်တီ့သားလေး လုပ်ကိုင်ရှာဖွေကျွေးတာကို စားနေတာပါ၊ အမေကို လုပ်ကျွေးနေတဲ့သား ဆိုတော့ သူ လုပ်ရကိုင်ရတဲ့ အလုပ်အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ စိတ်ချမ်းသာမှု စိတ်လွတ်လပ်မှု ရှိစေချင်ပါတယ်၊ စိတ်ညစ်ညစ်နဲ့ စိတ်ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ လုပ်ကိုင်နေရတဲ့ အလုပ်မျိုး မဖြစ်စေချင်ပါဘူး၊ သမီးတို့ဘက်ကတော့ စေတနာ မေတ္တာနဲ့ ခေါ်ယူတယ်ဆိုတာ အန်တီ နားလည်ပါတယ်၊ သားလည်း နားလည်မှာပါ၊ ဒါပေမဲ့ သူက တစ်ဖက်သားကို သူ့အတွက် ဝန်ပိုမှာ၊ သူ့ဘက်က အခွင့်ရေးယူရာကျမှာမျိုး အလွန်စိုးရိမ်တတ်တဲ့ လူကလေးကွယ့် ...

ဟိုတစ်နေ့က မြတ်မျိုး သူ့ကိုပြောတာ၊ သူပြန်ပြောနေတာတွေလည်း အန်တီ ကြားပါတယ်၊ သားက သူ့အပေါ် သမီးလေးတို့ဘက်က လိုအပ်တာထက် ပိုတာဝန်ကျေပြီးပါပြီလို့ ယုံကြည်တယ်ကွယ့်၊ သမီးလေး စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အန်တီ့အနေနဲ့ သူ လက်ခံအောင်ပြောဖို့ ခက်ပါတယ် သမီး"

"အန်တီ ... ကိုကိုဝီရက သူတို့ဆိုင်မှာ စာအုပ်တွေ ဘာတွေ အလေးအလဲတွေလည်း သယ်နေတယ်ဆိုတာ အန်တီ သိရဲ့လား၊ ကိုကို့ ကျန်းမာရေး၊ ကိုကိုရေရှည်ခံနိုင်ရည်ရှိဖို့၊ ကိုကို့အခြေအနေအပေါ် ဒဏ်မဖြစ်ဖို့တွေအတွက် အန်တီ မစိုးရိမ်ဘူးလားဟင်"





"အန်တီက အမေပါ သမီးရယ်၊ သူ့မှာ အထိအခိုက် အန္တရာယ် ဘယ်ရှိစေချင်ပါ့မလဲ"

"ဒါဖြင့် တိုက်တွန်းပေးပါ အန်တီရယ်၊ သူ ငြိမ်းငြိမ်းချမ်းချမ်း နေရာတစ်ခုခုမှာ အလုပ်လုပ်နေမှ ပီတိ စိတ်ချမှာ၊ ပီတိ စိတ်ချမ်းသာနိုင်မှာပါ အန်တီ"

"သမီးလေးရယ် ... အန်တီ ပြောကြည့်ပါ့မယ်၊ ဆုံးဖြတ်တာကတော့ ဝီရ သဘောပါ၊ သမီးလေးကိုလည်း ကျေးဇူး အများကြီး တင်ပါတယ်"

ကိုကို့အိမ်မှ ပြန်လာခဲ့ပြီးလျှင် ပီတိသည် ကိုကိုတို့ စာအုပ်ဆိုင်ရှေ့က နှစ်ပတ်လောက် ကားဖြတ်မောင်းလိုက်ပါသေးသည်။ ပထမတစ်ခေါက်မှာ ဝီရဟာ ဆိုင်ဝင်ပေါက်ကျယ်ကြီး အဝနားက စားပွဲမှာ ရှိနေတာ မြင်ရသော်လည်း နောက်တစ်ခေါက်မှာတော့ ဆိုင်ရှေ့ ကားတစ်စီးဆီက အထုပ်တချို့ကို အထဲထိ သယ်တာ မဟုတ်ဘဲ တစ်ယောက်နဲ့တစ်ယောက် လက်ဆင့်ကမ်းနေပါသည်။

ပီတိသည် ဝမ်းလည်းနည်း ဒေါသလည်းထွက်၍ ပလက်ဖောင်းပေါ် ဆင်းရပ်ကာ ပါလာသောဟဲန်းဒ်ဖုန်းနှင့် စာအုပ်ဆိုင်ကို ဖုန်းခေါ်လိုက်ပါသည်။ နာမည်ကိုတော့ စိုးပိုင်နာမည်တပ်၍ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ကျွန်တော် စိုးပိုင်ပါ ခင်ဗျာ"

"ကိုစိုးပိုင် ... ပီတိပါ၊ ကိုကို စာအုပ်တွေ သယ်နေပြန်ပြီ၊ ပီတိ မြင်နေရတယ် သိလား"

ကရုဏာဒေါသောနှင့် ပီတိ အသံက တုန်၍အသက်ရှူသံပြင်းနေသည်။

"ခင်ဗျာ ... မပီတိ ဘယ်နားရောက်နေလို့လဲ"

"ရှေ့က ခုလေးတင်ပဲ ဖြတ်သွားတယ်၊ တွေ့လိုက်တိုင်း ကိုကိုဝီရက ဒီလိုပဲ အလေးအပင် သယ်နေတော့တာပဲ၊ ကိုစိုးပိုင် ကူမပြောပေးတော့ဘူးလားဟင်"

"ဟိုလေ ... အခုက လက်ဆင့်ကမ်း သယ်တာပါ"

"လက်ဆင့်ပဲကမ်းကမ်းလေ၊ အလေးမ,ရင် ဗိုက်မှာအားစိုက်ရတာပဲ၊ ဒါတွေကို စိတ်မချမ်းသာလို့ ဖေဖေ့ကုမ္ပဏီလာပါဆိုတာလည်း ပြောလို့မရဘူး၊ ခုပဲ ကိုကို့အမေဆီက ပြန်လာတယ်၊ ဆိုင်ရှေ့က ဖြတ်ကြည့်တာ ကိုကို သယ်နေတာ တွေ့ရတော့တာပဲ"

"မပီတိတွေ့တဲ့ အချိန်က တိုက်ဆိုင်တတ်လွန်းတာလည်း ပါပါတယ်၊ ဒီတစ်နေ့လုံး ဝီရ ဒီတစ်ချက်လေးပဲ ဝင်မ,တာပါ ခင်ဗျာ"





"မ,စရာကလည်း ဒီတစ်ချက်မှာပဲ ပေါ်လာလိုက်တာ မဟုတ်လား"

"ဘယ်ဟုတ်မလဲ ခင်ဗျာ၊ စာအုပ်ဆိုင်ဆိုတာ တစ်နေ့တစ်နေ့ တိုက်ပေါင်းစုံက လာဖြန့်တဲ့ စာအုပ်တွေ၊ တရစပ်ဝင်လာနေတာပါ၊ ပြီးတော့ ကိုယ့်တိုက်ကထုတ်မဲ့ စာအုပ်တွေအတွက် စက္ကူထုပ်တွေ၊ စာဖောင်အထုပ်တွေ၊ အဖုံးကတ်တွေ၊ စာအုပ်ချုပ်ပြီးဖြစ်ပြီး အဆင့်တွေ အမြဲပဲ အဝင်အထွက် ရှိနေတာပါ၊ နေ့တိုင်း နေ့တိုင်း သယ်ပိုးရမဲ့ကိစ္စတွေ လေးငါးဆယ်ကြိမ် ရှိပါတယ်"

"ဘုရားရေ ... ပီတိ ထင်တာထက် ဆိုးနေပါလား ကိုစိုးပိုင်ရယ်၊ ကိုကို့ကို အဲဒီလိုနေရာမှာ လုပ်နေဖို့ ပီတိ စိတ်မအေးပါဘူး၊ ဖေဖေ့ဆီကို ပြောင်းလုပ်ဖို့ ကူမပြောပေးတော့ဘူးလား ကိုစိုးပိုင်ရယ်"

"ကျွန်တော် သူ့ကို တိုက်တွန်းပါသေးတယ် မပီတိ၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ သူ ခံစားရတဲ့ ခံစားချက်ကို နားလည်ပေးပြီး ဆက်မတိုက်တွန်းတာပါ"

"ကိုကိုက ဘာတွေခံစားရလို့လဲဟင်"

"ဒါတွေက အဖြေပေးဖို့ ကျယ်ပြန့်လွန်းအား ကြီးပါတယ်၊ ကျွန်တော်ကတစ်ဆင့် ပြောပြတော့လည်း ကာယကံရှင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ သူ့စိတ်ထဲရှိတဲ့အတိုင်း ထပ်တူမဖြစ်နိုင်ပါဘူး၊ မပီတိတို့သားအဖရဲ့ ကမ်းလှမ်းမှုကို သူ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပြီး ဘယ်လောက်ထိ ကြည်နူးပီတိဖြစ်တယ်ဆိုတာ ပြောပြလို့မလုံလောက်ပါဘူး၊ ခင်ဗျားအပေါ် သူ အမြဲအလေးထားတယ် သံယောဇဉ်ကြီးတယ် ဆိုတာတော့ ယုံပါ"

ပီတိသည် ရင်ထဲ တသိမ့်သိမ့် ပူနွေးပြီး ဘာဆက်ပြောရမည်ကိုတော့ မတွေးတတ်တော့ပေ။

* * *





## ၁၃

ပီတိကို သူ မတွေ့တာ လနဲ့ပင်ချီပြီး ကြာမြင့်ခဲ့ပြီ။ သူ ကျောင်းကိုလာတာ ပီတိ သိသွားပြီးကတည်းက သူ ကျောင်းကိုလည်း မသွားဖြစ်တော့။ ပီတိ မျက်နှာလေးကို မြင်ချင်တဲ့စိတ်၊ လွမ်းဆွတ်တဲ့စိတ်တွေနဲ့ သူ့ရင်ထဲ အမြဲတမ်း မာလပ်ကာ နာကျင်နေပါသည်။ ခပ်ဝေးဝေးပဲ နေလိုက်တော့မယ်လို့ ဆုံးဖြတ်ပြီး ဝေးဝေးနေကြည့်ပြီးတဲ့ နောက်ကျမှ သူ ပီတိကို ဘယ်လောက်ထိ ချစ်မြတ်နိုး တွယ်တာနေတယ်ဆိုတာ သူ့ကိုယ့်သူ သိရပါသည်။

သူ ဘယ်လောက် ခံစားနေရတာ သူ အသိဆုံး။ အချစ်ဆိုတာရဲ့ အဓိပ္ပာယ် အနှစ်သာရကို ခုတော့ သူ လေးလေး



www.burmeseclassic.com

www.burmeseclassic.com



နက်နက် သိပေပြီ။ ရင်ထဲနှင့်အောင်၊ အသည်းထဲနှင့်အောင် သည်းသည်းထန်ထန် ခံစားချစ်ရသော ဤမိန်းကလေးကို တကယ်တော့ နေ့စဉ်နှင့်အမျှ သူ တွေ့လိုလှသည်။

ဆန္ဒတို့ကို ထိန်းချုပ်ရသည်မှာ ပင်ပန်းဆင်းရဲလှ၍ ဝီရသည် အအိပ်အစားပင် ပျက်လာပါသည်။ မတွေ့လက်စ ဝေးကွာလက်စနဲ့ မတွေ့တော့ဘဲ နေနေလိုက်တော့မယ်လေ။

"သား ခုတလော နေကောင်းရဲ့လား"

အမေက သူ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ ပူပန်စွာ ဖွင့်မေးရတဲ့အထိ ဖြစ်သည်။

"နေကောင်းပါတယ် အမေရဲ့"

"အလုပ်ထဲရော အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် အမေရယ်၊ အမေ ဘာဖြစ်လို့ နေရင်းထိုင်ရင်း စိုးရိမ်နေရတာလဲ"

"နေရင်းထိုင်ရင်း မလိုအပ်ဘဲ စိုးရိမ်နေတာ မဟုတ်ဘူးသား။ သား အစားလည်းပျက်တယ်၊ ညကျလည်း မင်းအိပ်မပျော်ဘဲ ဟိုလှည့်ဒီလှည့် ချိုးချိုးချွတ်ချွတ်နဲ့ အမေဒီဘက်ခန်းက ကြားနေရတယ်၊ အစားအသောက်ပျက် အအိပ်ပျက်နဲ့ဆိုတော့ သားပုံစံက ညှိုးပြီးနွမ်းချုံးနေတယ်သား၊ မယုံရင် စိုးပိုင်ကို မေးကြည့်ဦး"





"ဟုတ်တယ် ဝီရ ... မင်း ကျသွားတာ သိသာနေတယ်"

စိုးပိုင်က ထမင်းစားနေရာမှ ဝင်ပြောသည်။ သုံးယောက်အတူ ထမင်းဝိုင်းမှာ စားကြရင်း တို့ကနန်း ဆိတ်ကနန်းနှင့် ဝီရ အရင်ဆုံး ထ,သွားလေ့ရှိမြဲမို့ သူက ပြီးနေပြီ။

"အလုပ်မှာလည်း ဘာမှမဖြစ်ဘူးဆိုရင် ပီတိ ပြောသွားသလိုများ ဆိုင်မှာ သယ်နေ မ,နေရတာတွေက မင်းအတွက်ဒဏ်ဖြစ်နေလား သားရယ်"

"အာ ... မဟုတ်ပါဘူး အမေရယ်၊ မဖြစ်စလောက်လေး သယ်တာ မ,တာပါ၊ ဘာမှမဖြစ်ပါဘူး အမေရယ်"

"ဒါဖြင့်ရင်လည်း ဆရာဝန်လေး ဘာလေး ပြကြည့်ပါဦးလား သား၊ ဘာပဲဖြစ်ဖြစ် ကိုယ်က လူသာမန်လို မဟုတ်ဘဲ ကျောက်ကပ်တစ်ဖက် မရှိဘူးဆိုတော့၊ ကိုယ်ဗဟုသုတမရှိလို့ မသိလိုက်ဘဲ ကိုယ့်ကို ထိခိုက်နေတာမျိုး၊ ကိုယ်အနေအထိုင် မှားယွင်းနေတာမျိုး ဘာများရှိမလဲ၊ အထဲမှာ ဘာတွေများ ဖြစ်နေသလဲ စစ်ဆေးကြည့်ဖို့ပေါ့ သားရယ်"

ဝီရက အမေ့ကို ပြုံးကြည့်ရင်း

"အမေက အလကားနေရင်း သိပ်စိတ်ပူနေတာကိုး၊ ကျွန်တော့် တကယ်ဘာမှမဖြစ်ပါဘူး အမေရဲ့၊ ခုတလော စား



www.burmeseclassic.com

www.burmeseclassic.com



လို့ သောက်လို့လည်း သိပ်မကောင်းလို့ပါ၊ **လူကတော့** ကျန်းမာပါတယ်”

“ကျန်းမာတယ် ဆိုပေမဲ့ သားကို မတွေ့တာကြာနေတဲ့သူ တွေ ခုနေ ပြန်တွေ့ရင် အံ့အားတသင့်တောင် ဖြစ်နိုင်တယ်၊ သိသိသာသာကို ချုံးကျနေတယ်”

သူ့ကိုယ်သူလည်း အံ့သြရသည်။ အစားနည်းတယ် ဆိုပေမဲ့လည်း ဗိုက်ဆာလောင်နေလောက်အောင် မစားဖြစ်တာ မဟုတ်။ အိပ်မပျော်ဘူး ဆိုတာကလည်း ညလုံးပေါက်မှ မဟုတ်တာ။ မှေးခနဲပျော် ဖျတ်ခနဲနိုး ဖြစ်နေတာသာ။ ဤမျှနှင့် **ဘာ** ကြောင့် ဤမျှလောက် ချုံးသွားရသလဲ။ တကယ်တော့ **သူ့ကို** Stress များစွာ ဖိစီးနေတာမျိုး ဖြစ်သည်။

စိတ်ဖိစီးမှုကြောင့် စိတ်ဓာတ်ကျချင်သလိုလို **ဖြစ်ကာ** လူက မပျော်ရွှင် မလန်းဆန်း။ စားချင်စိတ်လည်း သိပ်မရှိ၊ **အိပ်** ချင်စိတ်လည်း သိပ်မရှိ။ စိတ်ရဲ့ဖိစီးထိခိုက်မှုဟာ လူတစ်ယောက်ကို **ဤမျှ**လောက်အထိကို အသွင်ပြောင်းလဲ ကျဆင်းစေသည်။

“ဘာမှမဖြစ်ဘူး ဆိုပေမဲ့ ဆရာဝန်လေး ဘာလေး ပြပါ ဦးလား သား၊ ကိုယ်က မခံစားရပေမဲ့ အတွင်းက ဖောက် ပြန်နေရင် အခက်ကွယ်၊ ငါ့သားကြည့်ရတာ အမေ စိတ်





မချမ်းသာဘူး၊ အမေ့မှာ သားမျက်နှာ အရိပ်ကြည့်နေရတာ ပါ သားရယ်”

စိုးပိုင်က ပြောရင်း စိတ်ထိခိုက်လာပုံရသည့် ဝီရ **အမေကို** စိတ်လက်ပေါ့ပါးစေခြင်းငှာ ...

“အမေ့သားက ခမဲလိုနေတာပါဗျာ၊ ဆေးနဲ့မတွေ့သေးတာ၊ ဆေးကိုတွေ့လိုက်ရင် ကောင်းသွားမယ်”

“အေးဟဲ့ ... ခုတလော မြတ်မျိုး အလာကျဲပါလား၊ ပေါ် မလာတာ တစ်ပတ်ဆယ်ရက်တောင် ရှိပါပေါ့လား၊ ခါတိုင်း နေ့တိုင်း မဟုတ်တောင် ရုံးသွားရုံးပြန် ရက်ခြားဝင်လာနေ တတ်တာ၊ ပြဿနာဖြစ်ကြလို့လား”

အမေက လမ်းလွှဲလိုက်သွားပြန်လေပြီ။

“မြတ်မျိုးနဲ့ မဆိုင်ပါဘူး အမေရာ၊ မြတ်မျိုးတော့ အမေ့ သားက မလာလေ နားအေးလေပါ၊ မတ,လိုက်ပါနဲ့၊ သူ ဒီထက်ဆိုးသွားမှာ”

“ဟင် ... ဒါဖြင့် မင်းက ခမဲလိုတယ် ဆေးလိုတယ်နဲ့ ဘယ်သူ့ကို ပြောနေတာလဲ စိုးပိုင်ရဲ့”

“အလကား အမေ၊ ဒီကောင် စိုးပိုင် စကားကိုများ အတည်လုပ်လို့ အမေကလည်း”



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် သူ့ကိုတွေ့တဲ့လူတိုင်းက ဝီရ နေကောင်းရဲ့လား၊ အံ့အားတသင့် မေးကြပါသည်။ ပါးရိုးများ သွယ်ကျသွားကာ မျက်လုံးတစ်ဝိုက်ကလည်း သိသာစွာ ချိုင့်လာသည်။ အိပ်ရေးပျက်တဲ့အတွက် မျက်နှာအသားအရေမှာ ဘုတွေ ဝက်ခြံတွေ ထွက်စပြုကာ အသားအရေ ကြည်ကြည်လင်လင် မရှိ။

ကိုဦးက ပြော၊ လုပ်ဖော်ကိုင်ဖက်တွေက ပြော၊ လမ်းတွေ့တဲ့ မိတ်ဆွေတွေက ပြော။ သူဟာ သိသိသာသာ ချုံးကျနေတာ သေချာနေပါတော့သည်။ သူ့အတွက် လိုအပ်သည်မှာ စိတ်ချမ်းသာမှုပါပဲ။ စိတ်ချမ်းသာရလျှင် လူဆိုတာ အလိုလိုနေရင်း အသားအရည် ကြည်လင်စိုပြည်သည်၊ တင်းတင်းရင်းရင်း ရှိသည်၊ ရွှင်လန်းသွက်လက်နေ၍ ကျန်းမာရေးနှင့် ပြည့်စုံပုံပေါက်နေတာပင်။

သူ့စိတ်ကို ချမ်းသာလန်းဆန်းစေမဲ့သူဟာ ပီတိတစ်ယောက်ပဲရှိသည်။ တွေ့ချင်ပါလျက် မတွေ့ရ၊ မြင်ချင်ပါလျက် မမြင်ရ၊ ဆက်သွယ်ချင်ပါလျက် မဆက်သွယ်ရဘဲ အောင့်အည်းချုပ်တည်း ထားရသည်တို့ကို တစ်ရက်တလေ တစ်ကြိမ်တခါလောက်တော့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ဖွင့်လွှတ်ပေးလိုက်ရ ကောင်းမလား၊ နေလက်စနှင့် ပိုနေနိုင်သွားအောင် နေမြဲတိုင်း နေလိုက်ရင်ကောင်းမလား။





သူ့ကိုယ်သူ အလကားနေရင်း ဘာကြောင့် ညှဉ်းဆဲထားဖို့ လိုအပ်သနည်းရယ်လို့ စိတ်လိုက်မာန်ပါနှင့် ပီတိတို့ကျောင်းကို နံနက်စောစောတစ်ရက် သူ ရောက်သွားမိတဲ့အခါမှာတော့ ခါတိုင်းလို ကဲင်တင်းထဲ မထိုင်ရဲပေ။ သူ့ကို ပီတိသူငယ်ချင်းလေးတွေက ကောင်းကောင်းသိနေပြီမို့ ပီတိ ပြန်မသိစေချင်တဲ့သူဟာ ကားပါကင်အနားက ခပ်ကွယ်ကွယ် ပန်းကုန်းကလေးတစ်ခုအနား ဒုက္ခခံကာ ကွယ်ပြီး ရပ်နေပါသည်။

ကားပါကင်ဆီကိုလည်း ပီတိရဲ့ကား လာပြီလား ကြည့်၊ ပီတိတို့ အတန်းတွေဘက်ဆီကိုလည်း ကြည့်နှင့် ကျောင်းတက်ချိန်လောက်ရောက်တော့ စာသင်ခန်းတွေဘက် ခပ်ဖြည်းဖြည်း လျှောက်ဝင်သွားတဲ့ ပီတိရဲ့ ငိုင်တိုင်တိုင်ဟန်ကလေးကို လှမ်းတွေ့လိုက်ရပါသည်။ သူရပ်နေရာကနေ လှမ်းမမြင်ရတော့ဘဲ ကွယ်ပျောက်တဲ့အထိ ရပ်ကြည့်နေမိပြီး သူ့ရင်ထဲ တသိမ့်သိမ့် လှုပ်ရှားခုန်နွေးနေသည်။

မမြင်ရတော့မှ သူ ပြန်ထွက်ဖို့ ပီတိတို့ကား ရှိမရှိ လှမ်းကြည့်တဲ့အခါ ကားကို မတွေ့ရတော့တဲ့အတွက် ဝီရက ကားပါကင်ဘက်ကိုပဲ လျှောက်ထွက်လာခဲ့ပါသည်။ ပီတိရဲ့ မာ့ခ်တူးကားကို သူ သိနေတာမို့ စိတ်ချလက်ချပင် ကားတွေရပ်ထားတဲ့ အနားက ဖြတ်အလျှောက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝိရ"

အသံတစ်ခုက ဝိရကို တုန်သွားစေသည်။ ဝိရ အလန့်တဖျပ်နှင့် ငုံ့လာတဲ့ခေါင်းကို မော့ကြည့်လိုက်လျှင် ...

"ဟာ ... မကြည်နူး"

ကြည်နူးက ပုံစံတစ်မျိုးပျက်ကာ ညှင်းသိုးသိုးလို ဖြစ်နေတဲ့ ဝိရကို ကြည့်နေပါသည်။ ကြည်နူးသည် သူ့စိတ်တွင် ဝိရကို အမြဲထာဝရ ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ထားမည် ဖြစ်သော်လည်း ကိုယ့်ညီမရဲ့ ပိုကဲလွန်ကျူးလှတဲ့ သံယောဇဉ်ကို သိတဲ့သူပီပီ မလိုလားတဲ့စိတ်လည်းပဲ ရင်ထဲအနည်းအကျဉ်း ရှိပေသည်။

"ကိုဝိရ ဘယ်ကိုလာတာလဲ"

"ဟို ... ဟို ... ကျွန်တော် ... ဒီကိုပဲ၊ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ဖို့ရှိလို့၊ မကြည်နူး ပီတိကို လိုက်ပို့တာလား၊ ဦးဖြိုးကော"

"နိုင်ငံခြားက အမျိုးဝမ်းကွဲတွေလာတာ ဦးဖြိုး ကားပေးထားရတယ်လေ၊ အဲဒါကြောင့် ဒီနေ့မှ ကျွန်မ လာပို့တာပါ၊ ခါတိုင်း ကိုဝိရ ဒီကိုလာနေကျလား"

"ဟင့်အင်း ... လာနေကျ မဟုတ်ပါဘူး"





ကြည်နူးစိတ်တွင် ပီတိရဲ့ကျောင်းကို လာလာပြီး ဝိရ လာစောင့်တွေ့နေကျများလား သံသယမကင်း ဖြစ်လိုက်မိကာ မျက်ခုံးလေးပါ တွန့်သွားပါသည်။ "တို့က ဝိရ ချစ်သူပါ" ဆိုတဲ့ အသံကို ချက်ချင်းပဲ ပြန်ကြားယောင်လာပြီး စိတ်က တိုချင်ချင် ရှိလာတဲ့အခါ သူ့ညီမကို လာလာတွေ့နေသလား ထင်တဲ့ ဝိရရဲ့ အပြုအမူကို မနှစ်မသက် ဖြစ်သွားရရင်း ...

"ကိုဝိရ ... ပီတီဆီ လာတာလား"

"ဟို ... မ ... မဟုတ်ပါဘူး မကြည်နူး"

"ဒါဖြင့် ဘယ်သူ့ဆီလာတာလဲ"

"မိတ်ဆွေတစ်ယောက်ဆီပါ"

"သူနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပါပြီ"

မတွေ့ရသေးဘူး ဆိုရင် သူ့ရှေ့မှောက်မှာ ကျောင်းထဲဆက်ဝင်သွားဖို့ တာဝန်ရှိလာမည်မို့ပင်။

"ကိုဝိရ ဟိုပန်းကုန်းကလေးနားက ထွက်လာတာပဲ၊ မထွက်လာခင်ကလည်း အဲဒီနားမှာ လူတစ်ယောက် ရပ်နေတာမြင်တယ်၊ ကိုဝိရမှန်းသာ မသိတာ၊ ဘယ်မိတ်ဆွေကိုမှ ကိုဝိရ မတွေ့ရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝီရသည် သူ့ကို တရားခံစစ် စစ်ဆေးတော့မည့်ပုံနှင့် ရူးရူးရဲရဲ ရှိနေသော ကြည်နူးကို နာနာကျင်ကျင်နှင့် ရင်ဆိုင်ကြည့်လိုက်ပါသည်။ ယောကျ်ားတစ်ယောက် တန်မဲ့နှင့် ဖွံ့ဖွံ့ ဖာတ်လမ်းဆင်ပြီး ပလိစီချောက်ချက်တွေ တရှည်တလျားတော့ လိမ်ညာပြောမနေချင်ပါဘူး။ ညာတာဆိုရင်တောင် တုံးတိညာရတာက တော်သေးသည်။ ဖွံ့ဖွံ့ပြီး ညာပြောရမှာကျတော့ ရှက်စရာကောင်းလှသည်။

"ဟုတ်ကဲ့ မကြည်နူး၊ ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ရသေးပါဘူး၊ မိတ်ဆွေတစ်ယောက်နဲ့တွေ့ဖို့ လာတယ်ဆိုတာလည်း မဟုတ်ပါဘူး၊ ကျွန်တော် ဒီကျောင်းကို လာချင်တဲ့စိတ် မထိန်းနိုင်လို့ ထွက်လာတာပါ၊ ပီတိ ဟိုဘက်ကို လျှောက်သွားတာ မြင်ပြီးပြီမို့လို့ ပြန်တော့မှာပါ"

ကြည်နူးက ဝီရကို စိုက်ကြည့်နေရင်း ...

"ရှင် ... အမြဲလာလား"

"မလာပါဘူး မကြည်နူး၊ မလာတာလည်း ကြာလှပါပြီ၊ ဒီနေ့တော့ ကျွန်တော် ... ကျွန်တော် ဘာရယ်လဲ မဟုတ်ပါဘူး"

ဝီရ အသံ တိုးတိမ်သွားပါသည်။





"ဖေဖေ့ကုမ္ပဏီကို လာဖို့ကော ရှင် လက်ခံထားလား"

"ကျွန်တော် မလာပါဘူး"

"ပီတိက ရှင့်အိမ်ကိုတောင် သွားခဲ့တယ်လို့ ဦးဖြိုးဆီက သိရတယ်"

"ကျွန်တော့်အမေဆီ လာပြောတယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်တော် မလာဖို့ဘဲ ဆုံးဖြတ်ထားပါတယ်၊ ဦးဆီမှာ အလုပ်ဝင်လုပ်ခြင်းအားဖြင့် ရေရှည်မှာ ဘယ်သူ့အတွက်မှ ကောင်းဖို့မရှိဘဲ မလိုလားအပ်တဲ့ စိတ်မချမ်းသာမှုတွေ ဖြစ်ရမှာကိုပဲမြင်လို့ ကျွန်တော် မလာတာပါ မကြည်နူး၊ ဘယ်အရာကို ဘယ်လိုစောင့်ထိန်းသင့်တယ်ဆိုတဲ့ အသိစိတ်ဓာတ် ကျွန်တော့်မှာ ရှိပါတယ်၊ ကျောင်းကိုလည်း ကျွန်တော် နောက်ထပ်မလာတော့ဘူးလို့ ရည်ရွယ်ထားပါတယ်၊ ဒီနေ့အဖို့တော့ ကျွန်တော့်စိတ်ကို ကျွန်တော် ဆုံးမလို့ မရဘဲ ..."

ကြည်နူးသည် သက်ပြင်းတစ်ချက် ချမိရင်း ...

"မဖြစ်သင့်တာ မဖြစ်တာ၊ မလုပ်သင့်တာ မလုပ်တာ အကောင်းဆုံးပါပဲ ကိုဝီရ၊ ကျွန်မအဖို့က ဒီညီမလေး စိတ်ဆင်းရဲရတဲ့ အဖြစ်မျိုးကို ဘယ်တော့မှ မကြုံစေချင်ဘူး၊ ကိုဝီရ သဘောပေါက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆေးအသစ်နဲ့ မွှေးနေတဲ့ ရုံးခန်းသစ်ထဲမှာ ကွန်ပျူတာတွေကြားထိုင်ပြီး အင်တာနက်ကတစ်ဆင့် သတင်းတွေ ရှာဖွေ၊ မှာတ်ပုံတွေ ရှာဖွေ။ ခုမှစ,လုပ်တာဖြစ်၍ အကျွမ်းကျင်ကြီး မဟုတ်နိုင်သေးတဲ့အတွက် ဇီရိယအရာကို ပိုပြီးစိုက်ထုတ်ရသည်။ လှူရောစိတ်ပါ နစ်မြှုပ်၍ ခွန်အားထည့်ထားရသည်။

တစ်ပတ်တစ်ခါ အလျင်မီအောင် ဂျာနယ်တစ်စောင် စီစဉ်ရသည်မှာ အစပိုင်းကာလဖြစ်၍ ချာလပတ်ယမ်းနေပါသည်။ နဂိုကမှ အအိပ်ပျက် အစားပျက်တဲ့ ဝီရမှာ စိတ်ဝင်စားခြင်းကြီးစွာ အလုပ်ထဲ နစ်မြှုပ်နေ၍ ပို၍တောင် အအိပ်အနေ အစား အသောက် ပျက်နေပါသည်။

ညဆိုလည်း အပြန်မိုးချုပ်။ ဖောင်ပိတ်ရက်တို့ဆို အိမ်မပြန်ဘဲ တိုက်မှာပင် အိပ်လိုက်ရသည်။ သို့ပေမဲ့ ဝီရ စိတ်၌ မပင်ပန်း။ စိတ်လေလွင့်စရာပင် အချိန်အားမရှိ၍ တစ်မျိုးကျေနပ်နေပါသည်။ အရင်က အချိန်တိုင်း ခေါင်းထဲ ရင်ထဲ ဝင်လာနေတဲ့ ပီတိကိုတောင်မှ အတော်အသင့် မေ့မေ့ပျောက်ပျောက် ရှိနိုင်တာမို့ သူ့အတွက် ကောင်းပါသည်။

သူ့ကိုယ်သူ အလုပ်နှင့် ပိနေတာကိုပဲ ဝီရကသဘော ကျနေသည်။ ပီတိကိုချည်း သတိရမနေချင်တဲ့ သူ့အတွက် အခန့်သင့်ပင်။ သူ့မှာ အချိန်အားဆိုတာ လုံးဝကို မရှိတော့တာ။





အချိန်ပြည့် လုပ်စရာရှိနေသည်။ သွားစရာ လာစရာ ပြေးစရာ လွှားစရာတို့အတွက် ကိုဦးက ကားတစ်စီး သီးသန့်ထားထားပေးတဲ့အတွက် တပင်တပန်းမရှိ။ အချိန်ပြည့်လိုပင် အဲကွန်းနှင့် အေးမြနေတဲ့ ဂျာနယ်တိုက် ရုံးခန်းထဲမှာ စားပွဲမှာပဲ ထိုင်နေရတာပါ။

ထိုင်ရလွန်းလို့တောင် ညောင်းပါသေးသည်။ အကြောအချဉ်ဆန့်ဖို့ တကူးတကတောင် ထ,လျှောက်ပေးရသည်။ ဂျာနယ်အတွက် ကိုဦး အသစ်ခေါ်ထားတဲ့ သူတွေဟာလည်း အရင်က တည်းက စာပေလောကကြီးထဲမှာ မြင်ဖူး သိဖူးပြီးသား၊ မရင်းနှီးပေမဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်လာတော့ အလိုလို ရင်းနှီးကျွမ်းဝင်လာသည်။ အလုပ်ခွင်မှာ စိတ်ချမ်းသာ လူချမ်းသာလည်း ရှိနေပါလျက် အလုပ်လည်း မပင်ပန်းပါဘဲလျက် ပီတိကိုလည်း အချိန်ပြည့် တရစပ် လွမ်းဆွတ်နာကျင်နေချိန် မရှိပါဘဲလျက် ဝီရ နေထိုင်မကောင်းချင်သလို မအီမသာ ဖြစ်ဖြစ်နေသည်။

စိုးပိုင်က ...

"ဟေ့ကောင် ဝီရ၊ မင်းက တိုက်မှာ တစ်ပတ်ကိုနှစ်ရက်လောက် ညအိပ်နေပြီး အဲသလို ညပါနေ်တဲ့အခါလည်း တစ်ညလုံးပေါက် တစ်မှေးမှ မမှေးဘူးထင်တယ်၊ တစ်ခါတလေ ငါကိုပါ ကိုဦး လွှတ်အိပ်ခိုင်းလို့ ငါပါ လာအိပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောပေါက်ပါတယ်"

"ရှင် နေလို့ကော ကောင်းရဲ့လား ကိုဝီရ၊ ရှင့်ကိုကြည့်ရတာ ကောင်းကောင်း နေမကောင်းသလို ဖြစ်နေသလိုပဲ"

"ကျွန်တော် နေကောင်းပါတယ်၊ ကျွန်တော် သွားလိုက်ဦးမယ် မကြည်နူး၊ ဒီကနေ ဆိုင်ကိုတန်းသွားရမှာမို့လို့ပါ"

ဝီရ ထွက်သွားတာကို ကြည်နူး အတန်ကြာရပ်ကြည့်ကျန်ရစ်ခဲ့ပါသည်။

*** *** ***

ကိုဦးမှာ ဂျာနယ်တစ်စောင် ထုတ်ဝေခွင့် ကျလာတဲ့အတွက် ရုံးခန်းအသစ်တစ်ခု ငှားရမ်းကာ ဂျာနယ်တိုက်အဖြစ် သီးသန့်ထားသည်။

"ဝီရ ... မင်းကို ဂျာနယ်ပိုင်းအတွက် ငါ တာဝန်ပေးလိုက်တော့မယ်၊ ဒီစာအုပ်ဆိုင်ကို မင်း မလာနဲ့တော့၊ ဂျာနယ်တစ်စောင်ထွက်ဖို့ကိစ္စက အသေးစိတ်လုပ်ငန်းတွေ များမယ်၊ မင်း အလုပ်တော့ ပိုများမယ်၊ ဒါပေမဲ့ လေးလေး





ပင်ပင်ကိစ္စ ဘာမှမရှိတော့ဘူး၊ မင်းလည်း မဂ္ဂဇင်းဂျာနယ်လုပ်ဖို့ စိတ်ဝင်စားတယ် ဝါသနာပါတယ်ဆိုတာ ငါ့ကိုပြောဖူးတယ်၊ ကြိုးစားပြီး လုပ်ပေါ့ကွာ၊ မင်းကို ငါလခလည်း တိုးပေးမယ်၊ ဂျာနယ်ဆိုတာက စမ်းထုတ်ကြည့်ရဦးမယ်၊ အခြေအနေမဟန်လို့ မပြောကောင်း မဆိုကောင်း ရပ်ပစ်ရမယ်ဆိုလည်း ငါ မဂ္ဂဇင်း တင်ထားတာရှိတယ်၊ တဖြည်းဖြည်း ဆက်လုပ်သွားမှာပဲ၊ မင်းကို အဲဒီဘက်ခြမ်းမှာပဲ ငါ ခိုင်းသွားတော့မယ်"

ကိုဦးရဲ့ အားတက်သရော ပြောဆိုတဲ့ စကားတို့မှာ ဝီရလည်း တက်ကြွစိတ်ဖြစ်လာပါသည်။ ဂျာနယ်မဂ္ဂဇင်း လုပ်ရတာက ရိုးရိုးစာအုပ်ဆိုင် စာအုပ်တိုက်တစ်တိုက်မှာ လုပ်ရတာနှင့် မတူပါ။ စိတ်ကူးနှင့် ဖန်တီးတီထွင်မှုတွေ၊ အားထုတ်ဆန်းသစ်ရမှုတွေ အများကြီးပါသည်။ စိတ်လှုပ်ရှားစရာ စိတ်ဝင်စားစရာ ပိုကောင်းသည်။

ဝီရသည် အဲဒါမျိုး ဖန်တီးအားထုတ်ချင်နေတာကြာပြီ။ ဆိုင်မှာ သမားရိုးကျ စာအုပ်ရောင်းနေ ဝယ်နေရတာထက် ထူးထူးခြားခြားကလေးလည်း လုပ်ချင်နေပါသည်။ ပြီးတော့ ကိုဦးလုပ်မည့် ဂျာနယ်က သူ ဝါသနာမပါတဲ့ ပေါ့ပ်ဂျာနယ် မဟုတ်။ သတင်းဂျာနယ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညတွေဆိုရင်တော့ မင်း လုံးဝခဏတဖြုတ်အိပ်တာ မမြင်ဘူး"

"ငါ စိတ်လည်း ဝင်စားတာရော၊ အစပိုင်းကာလဆိုတော့ ဟာသွားတာ ချို့ယွင်းသွားတာ့ မရှိစေချင်ဇောနဲ့ရော၊ စိတ်ကိုပါနေတာကွ၊ ဖောင်ပိတ်ပြီး နောက်တစ်ရက်ဆို တစ်နေကုန် အိမ်မှာနားလို့ရတာပဲ"

"နားလို့ရပေမဲ့ မင်း အိမ်ပြန်နားရင် ခဏတဖြုတ်ပဲလေ၊ ခဏနေတာနဲ့ မနေနိုင်လို့ တိုက်ကိုထွက်သွားပြီး ရုံးခန်းထဲ တစ်ယောက်တည်း ကွန်ပျူတာဖွင့် အင်တာနက်ကြည့်နေတာပဲဟာ"

အိမ်မှာ အဲသလို ပြန်နားလိုက်ရင် တစ်ပတ်လုံး လွှမ်းဖို့ အချိန်မရခဲ့တဲ့ ပီတိကိုသာ အင်နဲ့အားနဲ့ လွှမ်းဆွတ်လာတတ်တာမို့ အလုပ်ထဲမှာကို စိတ်ရောကိုယ်ပါ ပစ်ထည့်ထားချင်တာပင်။

"ငါ သိပ်စိတ်ပါလက်ပါ စိတ်ဝင်စားနေလို့ပါ"

"စိတ်ဝင်စားတိုင်းလည်း စိတ်အလို မလိုက်နဲ့လေ ဝီရ၊ မင်းရုပ်က ကြက်စွပ်ပြုတ်ဖတ်ရုပ် ထွက်နေပြီ"

"ဟုတ်တယ် သား၊ ကိုယ့်ကိုယ်ကိုယ် သတိထား ဂရုစိုက်ဦးကွယ်"





"ဖြူဖတ်ဖြူရော်နဲ့ လူကလည်း ပိန်ပြီး ဝေါင်းစင်းစင်း၊ တစ်ချိန်လုံး ကွန်ပျူတာနဲ့ နားပန်းလုံးနေရတော့ မျက်ကြောတွေလည်းသေလို့၊ ဘာရုပ်ထွက်နေမှန်းကို မသိပါဘူးကွာ၊ ဒီထက်နည်းနည်း ထပ်ပိန်ကျသွားရင်တော့ မင်းကို လူတွေက အေအိုင်ဒီအက်စ်ပဲ ထင်တော့မှာ"

"အဟား ဟား"

ဝီရက ရယ်မောလိုက်ပေမဲ့ ကိုယ့်ကိုယ်ကိုယ်လည်း နည်းနည်းတော့ သတိပြုမိသည်။ လူက မူးတူးတူး မိုက်တိုက်တိုက်ဖြစ်ချင်နေတာ။ မောဟိုက်သလိုလို အသက်ရှူလို့ မကောင်းသလိုလို။ နေမကောင်း ဖြစ်ခဲ့တဲ့သူမို့ သေချာမပြောတတ်ပေမဲ့ လူက ပေါ့ပေါ့ပါးပါးမရှိ နောက်ကျိကျိ ဖြစ်နေတာ အမှန်ပင်။

"အေးပါ၊ ငါ သေချာနားပါဦးမယ်၊ ခုတလောတော့ မင်းသိတဲ့အတိုင်း ဆူနာမီသတင်းတွေက မိနစ်တိုင်း စက္ကန့်တိုင်း အသစ်အသစ် ဝင်နေတာကွ"

"သူများနိုင်ငံက ဆူနာမီသတင်းကိုချည်း မင်း စိတ်ဝင်စားနေ၊ အဲဒီမနက်က ငလျင်ပြင်းပြင်းကြီး ခပ်ကြာကြာလှုပ်လိုက်တော့ မင်း ထမင်းစားပွဲနားမှာ မိုက်ခနဲဖြစ်ပြီး လဲကျတာ မှတ်မိသေးတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဒီငလျင်လှုပ်ပုံကြီးက တစ်မျိုးကြီးနော်၊ ငါက တိုက်တိုက်ဆိုင်ဆိုင် ကုလားထိုင်ကအထမို့ မဟန်နိုင်ဘဲ လဲသွားတာပါကွ၊ လူတိုင်း ယိမ်းထိုးသွားတာပါပဲ၊ အမေဆိုရင် ကြက်ဥကိုဖောက်ပြီး ရှေ့က မီးဖိုပေါ်က ဆီအိုးထဲ ထည့်ချလိုက်တာ လူက နောက်ယိုင်သွားပြီး ကြက်ဥက ဒယ်အိုးထဲ မဝင်ဘဲ မီးဖိုအုတ်ခုံပေါ် ဘတ်ခနဲ ကျတာလေ ဟား ဟား"

ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး စိတ်ထင်လို့ ဖြစ်မှာပါလို့သာ ဝီရက နေမိသည်။ စိုးပိုင်တို့ အမေတို့ ဘေးလူတွေ ပြောလွန်းတော့ သူလည်း သူ့ကိုယ်သူ တစ်ခုခုများလား ပိုထင်ချင်လာတာ နေမှာပေါ့။ ဒီလိုပဲ နေလာရင်း ဂျာနယ်သက်တမ်း နှစ်လကျော်ကျော် ကြာလာတဲ့ တစ်ရက်မှာတော့ ...

ခေါင်းထဲက လည်တည်တည် ရိပ်တိတ်တိတ် အန်ချင်သလို ကစ်မျိုးကြီး မအီမသာ ဖြစ်လာတဲ့ ဝီရသည် ဂျာနယ်ရုံးခန်းနဲ့ မလှမ်းမကမ်းလေးက ကြံရည်သည်ဆီ ကြံရည်ကို သံပရာစိတ်လေးညှစ်ပြီး တစ်ခွက်မှာသောက်ဖို့ ထိုင်ရာကထ၊ အေးမြနေတဲ့ ရုံးခန်းရဲ့ မှန်တံခါးကို တွန်းဖွင့်ကာ ပလက်ဖောင်းပေါ် အထွက် အပြင်ဘက်က နေပူကျဲကျဲနဲ့ ရုတ်တရက် အထိတွေ့မှာ သူ့ကိုယ်သူ ဘာဖြစ်သွားတယ် ဘာမှမသိလိုက်ဘဲ





ခေါက်ခနဲ ခွေပျော့ဖတ်ကာ အဝတ်စုတ်ဖတ်တစ်ခု ပစ်ချလိုက်သလို ပလက်ဖောင်းပေါ် အရုပ်ကြိုးပြတ် ပစ်စလက်ခတ် ပုံကျသွားခဲ့ပါသည်။

"ဟာ ... ဝီရ ... ဝီရ"

ခေါ်သံတွေလည်း ကြားတော့ ကြားသား။ သတိမလစ်တလစ်နှင့် လူက လှုပ်ကိုမလှုပ်နိုင်တာ။ လက်ချောင်းလေးတစ်ချောင်းမျှကိုပင် မလှုပ်နိုင်ဘဲ သူတို့ မ,ရင်မ,သလို မွေ့ရင်မွေ့သလို ပျော့တိပျော့ဖတ် ပါသွားနေရကာ၊ ခုချိန်မှာ သူ့ခေါင်းပေါ် ရေခဲရေအေးအေး တစ်ပုံးလောက်နှင့် ပက်လောင်းပစ်လိုက်တာကို လိုချင်နေကာ ခဏကြာမှ သတိလစ်သွားခဲ့ပါသည်။


ஃ ஃ ஃ



www.burmeseclassic.com

www.burmeseclassic.com







## ၁၄

"သမီးလေး ... နွမ်းနယ်လိုက်တာကွယ်၊ နေကောင်းရဲ့လား"

ဦးထင်ကျော်က အိပ်ခန်းထဲက ခုတင်ပေါ် ပုံ့ပုံ့ကလေး လှဲနေသော ပိတိ နဖူးကို စမ်းကာ မေးပါသည်။

"နေတော့ ကောင်းပါတယ် ဖေဖေ"

"ဒါဖြင့် ဘာဖြစ်နေသလဲ သမီး၊ ဦးဖြိုးကို မေးကြည့်မှ သမီး ဒီနေ့ရော မနေ့ကရော ကျောင်းမသွားဘူးဆိုတာ သိတယ်၊ မနေ့က ဖေဖေ ပြန်ရောက်တော့ သမီးလေးက တီဗီကြည့်နေတာဆိုတော့ နေကောင်းနေတယ်ပဲထင်ပြီး ဘာမှ မမေးမိဘူးပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ပြန်ရောက်တော့ သမီးလေးကို မတွေ့တာနဲ့ ဒေါ်စို မေးကြည့်မှ ဒီနေ့ ကျောင်းမသွားဘူးတဲ့၊ ဦးဖြိုးကို မေးတော့လည်း မနေ့ကလည်း မသွားဘူး၊ ဟိုးရှေ့ရက်ခြား တုန်းကလည်း တစ်ရက် မသွားဘူး၊ သမီး ဘာဖြစ်လို့ လဲ"

"လူက နုံးတုံးတုံးကြီးနဲ့ ဘာမှလဲ မလုပ်ရဘဲနဲ့ ခြေကုန် လက်ပန်းကျပြီး မောနေသလို ဖြစ်ဖြစ်နေတာပါ ဖေဖေ"

"ဟိုအရင် အော်ပရေးရှင်း မလုပ်ခင်က သမီးမောနေသလို မျိုးလား"

"အဲဒီတုန်းကလည်း တစ်မျိုး၊ အခုက ရင်ထဲမှာ ဆတ်ဆတ် ဆတ်ဆတ်နဲ့ အသက်ရှူရတာပဲ အားမရသလိုလို၊ တစ်ခါ တလေမှ ဖြစ်တာပါ ဖေဖေ"

"တစ်ခါတလေဆိုပြီး ပေါ့လို့ ဘယ်ရမလဲ သမီး"

"စိတ်လည်းမပျော်လို့ ထိုင်းမှိုင်းနေတာနဲ့ တူပါတယ် ဖေဖေရယ်"

"သမီး စိတ်က ဘာဖြစ်လို့ မပျော်ဘူးလဲ၊ ဖေဖေ့ကိုပြော မှပေါ့၊ သမီး ဘာဖြစ်ချင်လဲ၊ ဘာခံစားနေရလဲ"

"ပီတိ အားလုံးကို ငြီးငွေ့နေတယ် ဖေဖေ၊ ဘာကိုမှလဲ မကြည့်ချင် မမြင်ချင်ဘူး၊ ဘာသံမှလဲ မကြားချင်ဘူး၊





ကိုယ့်ဘာသာ တစ်ယောက်တည်း ကုပ်ပြီးတော့ပဲ တိတ် တိတ်ဆိတ်ဆိတ် ထိုင်နေချင်တယ်"

ဦးထင်ကျော်က ပီတိကို စိုက်ကြည့်နေရင်း ...

"သမီးလေး ခရီးထွက်ချင်လား၊ ဘိချ်တစ်ခုခုပေါ့၊ ချောင်း သာတို့ ငွေဆောင်တို့"

"မထွက်ချင်ဘူး ဖေဖေ၊ ပင်ပန်းတယ်"

"သမီး ဆရာဝန်တော့ ပြန်ပြရမယ်"

"ဘယ်သူနဲ့ ပြရဦးမှာလဲ ဖေဖေ၊ ဆရာဝန် ပြရတာ၊ ဆေး ကုရတာ၊ ဆေးရုံတက်ရတာတွေကို ပီတိ မုန်းလှပါပြီ"

"မုန်းပေမဲ့လည်း နေမကောင်းရင်တော့ ဆရာဝန် ပြရမှာ ပေါ့ သမီးရယ်"

"နေမကောင်းတာတော့ မဟုတ်ဘူး ထင်[illegible]တယ် ဖေဖေ"

ဦးထင်ကျော်က ပီတိ မျက်နှာလေးကို ငြိမ်သက် စွာ ကြည့်နေမိသည်။ အသက်ရှည်ရှည် ရှင်သန်နိုင်ရန် မနည်း ကိုယ့်ဘက်ကိုလု ဆေးကုသထားရတဲ့ ဒီသမီးလေး လူကျန်းမာ စိတ်ချမ်းသာနေမှ သူလည်း စိတ်လက်ချမ်းသာနိုင်မှာပါ။ ပီတိကို ကြည့်ရသည်မှာ စိတ်ဓာတ်လည်း ကျဆင်းပြီး စိတ်ဆင်းရဲနေရတဲ့ ပုံလည်း ပေါက်နေသည်။ မပျော်မရွှင်နိုင်တာက ဆေးကုက ပြန် လာအပြီး မကြာခင်ကတည်းကပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာကာစကတော့ သူ အပြင်ထွက်ခွင့်ရမည့်ရက်ကို လက်ချိုးရေတွက်ကာ မျှော်လင့်ချက်နှင့်မို့ သမီးက တက်ကြွလန်းဆန်းနေခဲ့သည်။ အဲဒီရဲ့နောက်မှ တဖြည်းဖြည်း တစ်စစ မပျော်မရွှင် နွမ်းနယ်ညှိုးချုံးလာခဲ့တာ။ ဘယ်အရာက များ သမီးရဲ့စိတ်ကို ဖိစီးလောင်မြိုက်နေစေသနည်း။

"ခြံထဲဆင်းပြီး လမ်းလေး ဘာလေး လျှောက်မလားသမီး"

"ဟင့်အင်း ဖေဖေ"

"ဘုရားလေး ဘာလေး သွားမလား"

"ဟင့်အင်း"

"သမီး ဘယ်သွားချင်လဲ၊ ဘာလုပ်ချင်လဲ"

သမီး ကိုကိုဝီရနဲ့ တွေ့ချင်တယ် ဖေဖေလို့ အဖေတစ်ယောက်ကို သိလိုများ ပြောထွက်ရပ့ါ။ ကိုကို့ကို သတိရသည်။ ကိုကိုနှင့် တွေ့ချင် စကားပြောချင်သည်။ ဟိုးအရင်ကတော့ ကိုကို့အိမ်အောက်ထပ်ကို ဖုန်းခေါ်လိုက်ပြီး ကိုကို့ကို ခေါ်ပေးခိုင်း၍ မကြာမကြာ ဖုန်းစကားပြောခဲ့ဖူးပါရဲ့။

ပီတိက ဆက်တာများများ။ ကိုကိုက ဆက်တာနည်းနည်း။ အခု ကိုကိုက ပီတိကို တမင်တကာ ရှောင်ကိုရှောင်တာမှန်း သိတဲ့အခါ ပီတိ ဘယ်လိုအစွမ်းနဲ့ ကိုကို့ဆီ ဖုန်းဆက်ရမလဲ။





ပီတိကို မတွေ့ဘဲ စကားမပြောရဘဲ နေနိုင်လို့ နေနေတဲ့သူကို ပီတိက မနေနိုင် မထိုင်နိုင် ဆက်သွယ်သင့်သလား။ ကိုကို့မှာ မြတ်မျိုး ဆိုတဲ့ ရည်းစားတစ်ယောက် မရှိဘူးဆိုရင်တော့ ပီတိ ဆက်သွယ်နေမိပါဦးမည်။ ခုတော့ ... ကိုကို့မှာက ရည်းစားနဲ့တဲ့။ ပြီးတော့ ပီတိကိုတွေ့ဖို့ ကြိုးကိုမကြိုးစားတော့တာ။

သူ့ကျန်းမာရေးအတွက် ဖေဖေ့အလုပ်ဆီကို လာဖို့ အကြိမ်ကြိမ် လှူအဆင့်ဆင့်နဲ့ ခေါ်တာကိုပင် ငြင်းနိုင်အားတဲ့ ကိုကို။ လုံးဝယတိပြတ် အပြတ်ဖြတ်ထားတဲ့ သဘောပင်။

"သမီး ... ဝီရ အတွက်ကော စိတ်မအေး လက်မအေး ဖြစ်နေလား"

ဖေဖေက ရုတ်တရက် ဤသို့ ဖွင့်မေးလိုက်လျှင် ပီတိသည် ရှက်ခြင်း ဝမ်းနည်းခြင်းတို့နှင့် မျက်နှာကို ခေါင်းအုံးဘက်ပို၍လှည့်ကာ အပ်ထားလိုက်မိပါသည်။ ယောကျ်ားလေးတစ်ယောက်အတွက် သည်းလွန်း ပိုလွန်းရာ ကျနေမလားလို့ ဖေဖေ့ကို ရှက်ပါသည်။

"ဝီရနဲ့ ဖေဖေ မဒရပ်ဆေးရုံမှာ တစ်လလောက် နီးစပ်မှုဝ ဆက်ဆံလိုက်ရတာပဲ၊ သူကိုယ်တိုင် အော်ပရေးရှင်းလုပ် ကျောက်ကပ်ထုတ်ထားရတဲ့ လူနာဘဝမှာတောင် သူ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို အကြောင့်ကြမပေးချင်၊ ဝန်မပိုစေချင်တဲ့ သူငယ်လေးမျိုးပဲ သမီး ...

သမီး နေကောင်းအောင်တော့ ဆရာဝန်အရင်ပြရဦးမယ်၊ နောက်တော့ သမီးလည်း နေကောင်းရင် ဖေဖေကိုယ်တိုင် သူနဲ့တွေ့ပြီး သူ့ကို ကမ်းလှမ်းဦးမှာပါ၊ ဖေဖေကိုယ်တိုင် သူ့ရေရှည်ကျန်းမာရေးကို ထောက်ပြပြီး ခေါ်ကြည့်ပါဦးမယ် သမီးရဲ့”

ပီတိသည် မျက်နှာကို ခေါင်းအုံးမှခွာကာ ဝမ်းသာအားရနှင့် ...

“တကယ်လား ဖေဖေ”

“တကယ်ပေါ့ သမီးရဲ့၊ သူက ဖေဖေရဲ့သမီးလေးနဲ့ ကြာကြာရှည်ရှည် အတူနေခွင့်ရအောင် လုပ်ပေးထားတဲ့သူပဲ”

“ဖေဖေ ခေါ်ရင်တော့ ကိုကိုက လာမှာ၊ သူ လာမှာပါ ဖေဖေ”

* * *





ယခင်က ပြခဲ့သော ဆီးနှင့်ကျောက်ကပ်ပါရဂူနှင့် အရင်ပြန်ပြသည်။ သမားတော်ကြီးက ...

“ထရန်စ်ပလန့်တ် လုပ်ထားတဲ့ ကျောက်ကပ်အခြေအနေက သိပ်ကောင်းပါတယ်၊ ကျောက်ကပ်နဲ့ ပတ်သက်ပြီး ဘာချို့ယွင်းချက်မှ ရှိမနေပါဘူး၊ သမီး ဖြစ်နေတာကိုကြည့်ပြီး အကြံပေးချင်တာကတော့ နှလုံးပါရဂူနဲ့ တစ်ချက်ပြကြည့်ပါ၊ နှလုံးများ သိပ်မကောင်းဘူးလား၊ ဆပ်စ်ပက်က် ဖြစ်တယ်၊ ကျွန်တော်က နှလုံးကို စပါယ်ရှယ်လိုက်စ် လုပ်မထားတော့ သိပ်မကောင်းဘူး ဆိုတာပဲ ပြောနိုင်တယ်လေ၊ အသေးစိတ် လိုအပ်တဲ့ ဆေးကုသမှုက နှလုံးအထူးကုနဲ့ပြမှ အတိအကျ ပေါ်လာမယ်”

ဆီးနှင့်ကျောက်ကပ်ပါရဂူရဲ့ အကြံပြုချက်အတိုင်း နှလုံးရောဂါအထူးကုသမားတော်ကြီးတစ်ဦးနှင့် ပီတိကို ထပ်ပြပါသည်။ နှလုံးနှင့် ပတ်သက်ပြီး စမ်းသပ်စစ်ဆေးစရာတွေအားလုံး စစ်၊ ရိုက်စရာ ဓာတ်မှန်မျိုးစုံတွေ ရိုက်ပြီးလျှင် အဖြေပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသွေးကြော ကျဉ်းနေတယ်"

ဦးထင်ကျော်မှာ ဟိုက်ခနဲ ခံစားလိုက်ရပါတော့သည်။ ဒီသမီး အငယ်လေးမှာမှပဲ တစ်မျိုးပြီးတစ်မျိုး ဖြစ်ရလေခြင်း။

"ဆရာကြီး ခွဲစိတ်ဖို့တွေ ဘာတွေများ"

"လောလောဆယ်တော့ ဒီမှာ သူ့နှလုံးသွေးကြောတွေကို ရိုက်ထားတဲ့ အက်ခ်ိုးကာဒီယိုဂရပ်ဖ်မှတ်တမ်းထဲမှာ ခွဲစိတ်ပြီး သွေးကြောချဲ့ရလောက်အောင်တော့ မဟုတ်သေးဘူး၊ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် သတိထား ဂရုတစိုက်နေရမဲ့ အခြေအနေပဲ၊ လောလောဆယ် အနေအထားလောက်ကတော့ သိပ်ကြီး စိုးရိမ်စရာ အခြေအနေမျိုး မဟုတ်သေးပါဘူး၊ ထုံးစံအတိုင်းပေါ့လေ၊ နှလုံးရောဂါဝေဒနာသည်ဆိုတာတော့ လူပင်ပန်း စိတ်ပင်ပန်း မခံဖို့၊ စိတ်ဖိစီးမှု မခံစားရဖို့၊ နားနားနေနေ နေဖို့ အစားအသောက် ဆင်ခြင်ဖို့ စသဖြင့် လိုအပ်တာပေါ့ ...

အခု ကလေးက မောတယ်၊ အသက်ရှူလည်း မကောင်းဘူး၊ ရင်ဘတ်မှာလည်း ချက်စ်ပိန်းနဲ့ နည်းနည်း ရနေတယ်၊ သူ့ကိုရိုက်ကြည့်ဖို့ တစ်ခုတော့ ကျန်တယ်ဗျ၊ အဲန်ဂျီယိုဂရမ်မ် ဆိုတာ၊ အဲဒါကကျတော့ သွေးကြောတွေထဲကို ဆေးသွင်းပြီး ရိုက်ရတာ ...





ဒီတော့ လောလောဆယ်မှာ သူ့ကို ဆေးရုံခဏတင်ထားပေါ့၊ ကျွန်တော် နည်းနည်းစောင့်ကြည့်ပြီး လိုအပ်ရင်လည်း အဲန်ဂျီယိုဂရမ်မ်ကို ရိုက်မယ်၊ မလိုအပ်ရင်လည်း မရိုက်သေးဘူးပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ပီတိသည် စိတ်ချမ်းချမ်းသာသာ မရှိရတဲ့အထဲ ဒီဆေးရုံတက်ရတဲ့ အလုပ်ကြီးကို လုပ်ရဦးမည်ဆို၍ စိတ်ညစ်လှသည်။ သို့ပေမဲ့ ဘာများ တတ်နိုင်မှာနည်း။ ကျန်းမာရေးအတွက် လိုအပ်တယ်ဆိုရင် လုပ်ရမှာပဲပေါ့။ ဦးထင်ကျော်ရော အတူပါလာတဲ့ မမကြည်နူးပါ ပီတိကို အလယ်မှာထား၍ ထွေးထွေးဖက်ဖက် ယုယုယယနှင့် ကားထဲမှာ အားလုံး တိတ်ဆိတ်ကာ ပါလာကြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လှေကားထဲ လှမ်းဝင်လိုက်သော ကြည်နူးသည် ဓာတ်လှေကားထဲ ရှိနှင့်နေတဲ့ မျက်နှာများထဲ သူသိတဲ့မျက်နှာ တစ်ခုကိုမြင်လျှင် စိုက်စိုက်လေး သေချာအောင် ထပ်ကြည့်လိုက်ပါမိပါသည်။ ကြည်နူးရဲ့ အကြည့်ကြောင့် ကိုနိုင်ရဲ့လက်ကောက်ဝတ်နားကို တွဲဆုပ်ကိုင်ထားတဲ့ မြတ်မျိုးရဲ့လက်ကို ယောင်ကန်းကန်း အမ်းတမ်းတမ်းနှင့် မြတ်မျိုးက လွှတ်လိုက်မိပြီးလျှင် ...

"ဩော် ... မကြည်နူး မဟုတ်လား"

"ဟုတ်တယ်၊ မြတ်မျိုး ဆိုတာ မဟုတ်လား"

"ဟုတ်တယ်ရှင့်"

ကြည်နူးက မြတ်မျိုး လက်တွဲဖြုတ်လိုက်တဲ့ ခပ်သန့်သန့်လူကို တစ်ချက်ထပ်ကြည့်လိုက်မိသည်။

"မကြည်နူး ... ဘယ်သူ ဘာဖြစ်လို့ ..."

ကြည်နူးလက်က ပလတ်စတစ်ခြင်းက သတင်းမေးလာပုံသက်သက် မဟုတ်ကြောင်း ပြသနေတာမို့ မြတ်မျိုးကမေးလိုက်မိပါသည်။ ကြည်နူးသည် စိတ်မပါ့တပါနှင့်ပင် ...





"ပီတိလေ"

"ဟင် ... ပီတိ ဘာဖြစ်လို့လဲ"

"ပီတိ ဆေးရုံတင်ထားရပြန်ပြီ မြတ်မျိုးရဲ့"

ရင်ထဲက ခင်မင်စိတ် မရှိလှသော်ငြား ပီတိအတွက် ရတက်မအေးချိန်မို့ ညည်းညည်းညူညူကလေး ပြောလိုက်မိပါသည်။

"ဟင် ... ကျောက်ကပ်ပဲလား"

"ကျောက်ကပ် မဟုတ်ဘူး၊ ခုတစ်ခါကျတော့ နှလုံးမကောင်းပြန်ဘူး မြတ်မျိုးရယ်၊ နှလုံးသွေးကြောကျဉ်းတယ်၊ လောလောဆယ် ဆေးရုံခဏတက်နေပါဆိုလို့၊ မြတ်မျိုးကော ဘယ်ကိုလာတာလဲ"

"မြတ်မျိုးက ကိုနိုင့် မိတ်ဆွေတစ်ယောက်ကို သတင်းမေးလာတာပါ၊ ဒါ ကိုနိုင်ထွန်းအောင်တဲ့၊ မြတ်မျိုးတို့ ဘော့စ်ပါပဲ"

ဘော့စ်ချည်းသက်သက်မှန်ရင် လက်တွဲထားစရာလိုလားဟဲ့ဟု သိပ်ကြည့်မရတဲ့ အခံနှင့် ကြည်နူးက တိတ်တခိုးမဲ့ရွဲ့ချင်မိပါသည်။ ဓာတ်လှေကားက မြေညီမှာ တံခါးပွင့်သွားပြီမို့ အပြင်ထွက်လာကြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပီတိက ဘယ်အထပ်မှာလဲဟင်"

"ခု တို့ဝင်လာတဲ့အထပ်၊ ခြောက်ထပ်ပေါ့"

"မြတ်မျိုး တစ်ချက်လောက် သတင်းဝင်မေးဦးမယ်"

"နေပါစေ၊ ရပါတယ်၊ အောက်ရောက်နေပြီးမှ"

"ဓာတ်လှေကားနဲ့ပဲ ပြန်တက်သွားလိုက်မှာပေါ့၊ ခဏပဲဟာ၊ ပီတိ ပင်ပန်းနေရင် စကားကြာကြာ မပြောပါဘူး၊ ဝင်နှုတ်ဆက်ရုံပဲပေါ့"

မြတ်မျိုးရဲ့ သူ့သဘောသူဆောင်တဲ့ ဟန်ပန်ကို ကြည်နူးက တားမြစ်မနေချင်ခဲ့တော့ဘဲ မြတ်မျိုးတို့ ဓာတ်လှေကားထဲ ပြန်ဝင်ဖို့ ရပ်စောင့်ကျန်ရစ်တာကို ကျောခိုင်းပြီးမှ ပြန်လှည့်မိကာ ...

"မြတ်မျိုး"

"ရှင် ... မကြည်နူး"

"ဟိုလေ ... ဝီရနဲ့ တွေ့သေးလား"

"မြတ်မျိုး ဝီရဆီ မရောက်ဖြစ်ဘူး၊ ကြာပါပြီ"

မြတ်မျိုး မျက်နှာဟန်ပန်ကလည်း တစ်မျိုး။ အေး ကလူကလည်း ရှိနေတာမို့ ကြည်နူးမှာ နှိုက်နှိုက်ချွတ်ချွတ်တော့ မမေးသာ။

"ဩော် ... တို့က တွေ့ဖြစ်စရာများ ရှိလားလို့ပါ"





"မကြည်နူး ဘာမှာချင်လို့လဲ"

"မှာချင်တာတော့လည်း မဟုတ်ပါဘူး၊ ပီတိ ဆေးရုံတက်နေရတာ သူသိဦးမှာ မဟုတ်ဘူးလို့ တွေးမိတာပါ၊ သူနဲ့လည်း မတွေ့တာ ကြာလှပြီလေ"

"မြတ်မျိုး ဝီရကို သွားပြောပေးမယ်လေ"

"နေပါစေတော့၊ တကူးတက သွားနေရဦးမယ်၊ တွေ့စရာကိစ္စ မရှိရင် ထားလိုက်ပါတော့"

"ရတယ်၊ မြတ်မျိုး သက်သက်ပဲ သွားပြောပေးမယ်၊ ပီတိ ဆေးရုံတက်နေရတယ်ဆိုတာ သိရင် ဝီရ သိပ်စိတ်ပူသွားမှာပါ၊ သူလည်း အခြေအနေသိချင် သတင်းမေးချင်မှာပဲ၊ လာချင်မှာပဲ၊ သေချာပါတယ်"

ကြည်နူးက မြတ်မျိုးကို စေ့စေ့ကြည့်ကာ ခေါင်းပဲ မသိမသာ ညိတ်ပြလိုက်ပါတော့သည်။

အပေါ်ထပ်ကို ပြန်တက်လာတဲ့ မြတ်မျိုးသည် ပီတိ အခန်းကိုမေးကာ ကိုနိုင့်ကို အခန်းပြင်၌ ထားရစ်ပြီး အခန်းထဲ အသာအယာ ဝင်လာခဲ့သည်။ ခုတင်ဘေးမှာ ပီတိရဲ့ အဖေ ဦးထင်ကျော်ဟု ဓာတ်ပုံတွေထဲမှာ မြင်ဖူးပြီးသား အမျိုးသားကြီးက ရှိနေကာ မြတ်မျိုး ဝင်လာတာမြင်လျှင် ပီတိသူငယ်ချင်း ထင်ပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



“လာ … လာ … သမီး၊ လာပါ”

အဆင့်အတန်း မြင့်သလောက် ရည်မွန်သိမ်မွေ့၍ သဘောကောင်းပုံရသော လူကြီးဖြစ်သည်။ အဖေဖြစ်သူ အသံကြောင့် မျက်စိမှေးမှိတ်ထားသော ပီတိက မျက်လုံးပွင့်လာကာ…

“ဟင် … မမြတ်မျိုး”

“ဟုတ်တယ် ပီတိ၊ အခုပဲ အောက်ဆင်းရင်း မကြည်နူးနဲ့ တွေ့လို့ သတင်းသိရတာနဲ့ ပြန်တက်လာတာ”

“တစ်ယောက်တည်းလားဟင်”

ဝီရကို မျှော်လင့်တာလား မိန်းကလေးရယ်။ ဝီရနဲ့ တို့နဲ့ မတွေ့တာ ကြာပဲကြာလှပါပြီ။ မမျှော်လင့်ဘဲ ကိုနိုင်က သူ့ကို ချစ်ရေးဆိုလာကတည်းကပေါ့။ ကိုနိုင့်လို ပြည့်စုံကြွယ်ဝတဲ့ စိတ်သဘောကောင်းတဲ့ သူတစ်ဦးက မြတ်မျိုးကို ချစ်လှပါတယ် ဆိုသောအခါ မြတ်မျိုးကဲ့သို့သော မိန်းကလေးမျိုးအဖို့ ငြင်းဖယ်ရန် ဘယ်လိုများ စိတ်ကူးလို့ ရမည်နည်း။

သူလိုချင်တဲ့ ပြည့်စုံတဲ့ဘဝ၊ မြင့်မားတဲ့ဘဝ၊ လိုချင်တာ ဝယ်နိုင်တဲ့ဘဝ၊ ချစ်သူရဲ့ အချစ်စစ်ကိုရတဲ့ဘဝ။ ဤဘဝမျိုး ရောက်ရဖို့ကို အတန်တန် စိတ်ကူးယဉ်ဖူးတာ။ ကိုနိုင့်ကို မြတ်မျိုးက ဘယ်ခွန်အားမျိုးနဲ့မှ မငြင်းနိုင်ပါ။





ရက်အနည်းငယ် စဉ်းစားပြီး လက်ခံခေါင်းညိတ် အဖြေပေးခဲ့တာပင် အတော်လေး ကြာပြီ။

“တစ်ယောက်တည်း မဟုတ်ဘူး ပီတိ၊ ကိုနိုင် ပါတယ်”

ပီတိ မျက်လုံးလေးက မြတ်မျိုးကို အဖြေရှာသလို ငေးကြည့်နေပါသည်။

“တို့ ကိုနိုင့်ကို လက်ခံလိုက်တယ်”

“ဟင်”

“ဝီရနဲ့ တို့နဲ့ မတွေ့တာ အတော်ကြာလှပြီ၊ တို့ဟာနဲ့တို့ မျက်နှာပူတာနဲ့ မသွားဖြစ်ဘူး ဆိုပါတော့၊ ဒါပေမဲ့ ဒီညနေပဲ သွားတွေ့လိုက်မယ်နော်၊ ပီတိ ဆေးရုံတက်ရတာ သူ ဘယ်သိမလဲ၊ သူ့ကို သွားပြောပြပေးမယ်”

ပီတိသည် ဘာမှန်းမပြောတတ်တဲ့ ခံစားချက်နှင့် မျက်ရည်လည်ကာ ရင်ထဲ နင့်လာသည်။ မြတ်မျိုး စကားကို ဘယ်လိုတုံ့ပြန်ရမလဲ မသိပေ။

“တို့ ထင်ပါတယ်၊ ဝီရ လာတွေ့ရင် ပီတိရောဂါ တစ်ဝက်သက်သာမှာပါ”

ဒီစကားမှာ အရိအသွဲ့ အထေ့အငေါ့ ပါတယ်လို့ ပီတိ မထင်။ သူ ထကယ် ရိုးရိုးပြောတာလို့သာ ယုံကြည်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း သိသိချင်း ပြေးလာမှာ တို့သိတယ်၊ ပီတီ နေကောင်းအောင်နေ၊ တို့ သွားမယ်"

"ဟုတ်ကဲ့"

မြတ်မျိုးက ဦးထင်ကျော်ကို ပြုံး၍ ခေါင်းညွှတ်နှုတ်ဆက်ကာ အခန်းထဲက မြန်မြန်ပဲ ပြန်ထွက်လာပါသည်။ ဒီက အပြန်ဆိုရင် ဝီရအိမ် ဝင်လိုက်ရင် အချိန်သင့်ပါပဲ။ ဝီရ ပြန်ရောက်လောက်သည်။ မရောက်သေးလည်း စိုးပိုင်တို့ ဒေါ်ဒေါ်တို့ကို မှာရစ်ခဲ့လို့လည်း ရသည်။

* * *

မြတ်မျိုးသည် ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်းတော့လည်း ဖြစ်နေသေးသည့် ဝီရကို သူ့ဘက်က အခြေအနေ အနေအထားတို့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြော အသိပေးဖို့၊ တောင်းပန်စကား ဆိုလိုက်ဖို့ပါ ရည်ရွယ်ထားပါသည်။ သူ သိနေသည်မှာ သူ အခုလို ကိုနိုင်ထွန်းအောင်ကို လက်ခံလိုက်တယ်ဆိုတဲ့အတွက် ဝီရမှာ အသည်းကွဲတာမျိုး၊ ထိခိုက် ခံစားရတာမျိုး၊ လုံးဝရှိမှာ မဟုတ် ဆိုတာကိုပင်။





အလိုအလျောက် မတော်တဆ အလိုက်အထိုက်ဆိုသလို သူတို့နှစ်ယောက်ဟာ ရည်းစားတွေလို အများသတ်မှတ်ဖို့ ဖြစ်လာခဲ့တာကိုက မြတ်မျိုးဘက်က အခြေအနေ ဖန်တီးခဲ့တာကြောင့်ဆိုတာ မြတ်မျိုးက ကိုယ်တိုင်ပင် ကောင်းကောင်းနားလည်ထားပါသည်။

ဖြူဖြူစင်စင် အတီးအတ အားနာပါးနာ ရှိတတ်လွန်းတဲ့ ဝီရရဲ့ ရင်ထဲမှာ သူ့အတွက် ထောက်ထားငဲ့ညှာမှုနှင့် နောက်ဆုတ်ဖို့ ရုန်းထွက်ဖို့ ယောက်ျားတစ်ယောက်အနေနဲ့ ခက်ခဲနေတဲ့ စာနာမှုသက်သက်သာ ရှိနေကြောင်းကိုလည်း မြတ်မျိုး သဘောပေါက်ပြီးပင် ဖြစ်သည်။

အဲဒီအပြင် ဝီရတစ်ယောက် သူ့ကျောက်ကပ်ကို ပေးလှူခဲ့ရတဲ့ မိန်းကလေးအပေါ် အလွန်တရာ မြတ်နိုးမှုနှင့် မထွေးနိုင် မအန်နိုင် ရှိနေတာကိုလည်း အတုံးအအ, မဟုတ်တဲ့ မြတ်မျိုးက ကောင်းကောင်းကြီး သိပါသည်။ သူ့ဆီက ဒီလိုဝန်ခံစကားမျိုး ထွက်လာတဲ့အတွက် ဝီရ ဝမ်းတောင်သာပေလိမ့်ဦးမည် ဆိုတာ ရိပ်မိယုံကြည်နေခြင်းကလည်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထွက်ဖို့ကို ပိုမိုရဲတင်းစေသည်။

"ဝီရ ဆေးရုံတင်ထားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးပိုင်စကားက မြတ်မျိုးကို ဆောင့်တွန်းခံလိုက်ရသလို အလန့်တကြား ဖြစ်သွားစေသည်။

"ဟင် … ဝီရ ဘာဖြစ်လို့လဲ၊ ဘယ်တုန်းကလဲ"

"ဒီနေ့ နေ့လယ်ပဲ၊ သူ့အလုပ်ရုံးခန်းမှာပဲ မူးလဲပြီး သတိလစ်သွားလို့ ပွေ့ချီပြီး နီးတဲ့ဆေးခန်းလေးကိုပဲ ပြေးပြကာ၊ အဲဒီဆေးခန်းလေးမှာပဲ တင်ထားခဲ့တယ်"

"ဘာဖြစ်လို့ မူးလဲတာလဲဟင်၊ ပီတိ စိုးရိမ်တကြီး ဖြစ်နေသလို သူလှူထားတဲ့ ကျောက်ကပ်ကြောင့် …"

"အဲဒါနဲ့တော့ မဆိုင်ဘူး၊ ဒါပေမဲ့ သူလိုလူမျိုးအနေနဲ့က ကျောက်ကပ်တစ်လုံး ထုတ်ထားတာ လေးငါးလပဲ ရှိသေးတဲ့ ဒီလိုအချိန်မျိုးမှာ အအိပ်မှန် အစားမှန် ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပြီး ကိုယ့်ကိုယ်ကိုယ် နေကောင်းနေအောင် ဖစ်ထိဖြစ်နေအောင် သတိထားပြီးတော့ နေရမှာလေ …

ဝီရက တေတေပေပေနေတယ်၊ သူ့မှာ အခုတလော စိတ်ဖိစီးမှု များနေတာပါပဲ၊ မပျော်မရွှင်တာ စိတ်မချမ်းမသာတာတွေနဲ့ စိတ်မှာဒဏ်ဖြစ်နေတော့ အအိပ်ပျက် အစားပျက်၊ ခုတလောက အလုပ်လည်း တအားများတယ်၊





လူပင်ပန်း စိတ်ပင်ပန်းပေါ့၊ ဆေးခန်းမှာ ပရက်ရှာချိန်တော့ ပရက်ရှာက တအားကြီးကို ကျနေတယ်၊ အဲဒါကြောင့် ဆရာဝန်က အိမ်မပြန်နဲ့ဆိုပြီး ဆွဲတင်ထားလိုက်တာ …

ခုတော့ သူ့ကို ဒရစ်ပ်တွေတော့ သွင်းနေတာပဲ၊ နှစ်ရက်လောက်တော့ ဆေးခန်းမှာ တင်ထားလိုက်ပါဆိုတာနဲ့"

မြတ်မျိုးသည် သက်ပြင်းတစ်ချက် ချရင်း …

"အင်း … တော်ပါသေးရဲ့၊ ရောဂါအကြီးကြီးတော့ မဟုတ်ဘူးပေါ့၊ ငါ သွားကြည့်ချင်လိုက်တာ၊ သူ့ကို ငါပြောစရာတွေလည်း ရှိတယ်"

"ခု … ခဏနေရင် ငါသွားမလို့ဘဲ၊ နင် လိုက်ချင်ရင်တော့ လိုက်ပေါ့၊ ဒါပေမဲ့ သူ စိတ်ရှုပ်စရာတွေတော့ နားပူနားဆာတွေ လျှောက်ပြောမနေနဲ့ပေါ့"

"သူ စိတ်ရှုပ်အောင်လုပ်စရာ ငါ့မှာဘာမှမရှိပါဘူး စိုးပိုင်ရာ၊ သူ စိတ်ချမ်းသာစရာပဲ ရှိတယ်"

စိုးပိုင် ထမင်းစားတာကို စောင့်ပြီး ဝီရအမေ လုပ်ပေးလိုက်သည့် ကြက်သားပေါင်းစွပ်ပြုတ်ချိုင့်ကို ယူကာ နှစ်ယောက်သား ထွက်လာခဲ့ပါသည်။ ဝီရအမေက စောစောပိုင်းကမှ ပြန်ခဲ့တာမို့ ညနေပြန်မလိုက်တော့ပါ။ မြတ်မျိုးက သူ့အိမ်အားက

www.burmeseclassic.com



အခန်းကိုလည်း ဖုန်းဆက်၍ အပြန် နည်းနည်း နောက်ကျမဲ့အကြောင်း အိမ်ကို ပြောရသေးသည်။

အရေးပေါ် လူနာဆယ်ယောက်စာလောက်သာဆေးရုံတင်ထားဖို့ လူနာခန်းရှိသည့် မြို့ထဲက ဆေးခန်းအလတ်စားလေးတစ်ခုကို သူတို့ရောက်ခဲ့ကြသည်။ သူတို့ရောက်ချိန်မှာ ဝီရ နိုးနေ၍ ဒရစ်ပ်ကျတော့ သွင်းနေသည်။

ဝီရက မြတ်မျိုး ပါလာတာကို အံ့အားသင့်နေသည်။ မြတ်မျိုး မလာတာ ကြာလှပြီပဲ။ မတွေ့ရတာ အတော်ကြာပြီကို ခုမှပဲ စဉ်းစားမိကာ ပျောက်နေတဲ့ ကာလတွေတုန်းက သတိတရ မရှိ မေ့လျော့နေခဲ့တာကို ဝီရက အားနာသလိုလို ဖြစ်နေမိပါသေးသည်။

"နင် အရင်ကုမ္ပဏီက ပြောင်းသွားပြီလား၊ အဆင်ကော ပြေလား"

"အဆင်ပြေပါတယ်၊ ရိုးရိုးလည်း အဆင်ပြေတယ်၊ ဆန်းဆန်းလည်း အဆင်ပြေတယ်၊ ဝီရ … ငါ ဒီစကားတစ်ခွန်း ပြောလိုက်လို့ နင် ရောဂါတိုးမသွားဘူး ဆိုတာ ငါသိပါတယ်၊ စိတ်ပေါ့ပြီးတော့တောင် ရောဂါတစ်ဝက်သက်သာသွားနိုင်တယ်၊ ငါတို့ ရည်းစားအဖြစ်က ပြတ်စဲကြရအောင် သူငယ်ချင်းတွေပဲပေါ့"





ဝီရက အံ့အားသင့်နေကာ စိုးပိုင်ကတော့ သူပြောချင်ရာ ပြောတတ်တဲ့ မြတ်မျိုးကို ဝမ်းသာစိတ်တစ်ဝက်နှင့်ပင် အမြင်ကတ်ရသေးသည်။

"ရည်းစားအဖြစ်က ပြတ်စဲရအောင်သာ ပြောရတယ်၊ တကယ်တမ်းကျတော့ အမျှားကသာ ငါတို့ကို ရည်းစားတွေလို သတ်မှတ်ထားပေမဲ့ နင့်အဖို့တော့ မရန်းသာမလှုပ်သာ အီလည်လည် အားနာနာနဲ့ ရေစုန်မျောပြီး ပါလာတာက လွဲရင် ငါ့ကို ချစ်တယ်လို့လည်း တစ်ခွန်းမှ မပြောခဲ့ဖူးသလို ငါ့အပေါ် ချစ်စိတ်လည်း တစ်စက်မှ မရှိဘူးဆိုတာ ငါ သိပါတယ် ဝီရရဲ့"

"အာ … နင်ကလည်း၊ နင့်ကို ငါ ခင်ပါတယ်"

"ငါက စ,ပြတ်စကား ပြောနေတာတောင် နင်က အားနာနေပြန်ပြီ၊ ဘယ့်နှယ်လဲ နည်းနည်း စိတ်ပေါ့သွားသလား"

"နင်ကလည်းဟာ"

"ပိုစိတ်ချမ်းသာအောင် နားထောင်ဦး၊ နင့်ကို ငါက နင်နဲ့ ပီတိ အသီးသီး သိပ်ခံစားနေကြရတဲ့အတွက် ရှောင်ပေးတာလို့ လုံးဝနာမည်ကောင်း မယူဘူးနော်၊ နာမည်ဆိုးပဲ ယူပါ့မယ်၊ ငါ … ငါ့အလုပ်ရှင်နဲ့ ချစ်သူဖြစ်သွားပြီ၊

www.burmeseclassic.com



တကယ်ဖြစ်တာ၊ သူက ငါ့ကို တကယ့်ကို လိုလိုလားလား မြတ်မြတ်နိုးနိုးနဲ့ အချစ်ကို တောင်းခံတာ"

"ဩော် ... ဒီလိုကြီးလား"

"အေး"

"ဒါ ... ဒါပေမဲ့ဟာ၊ ငါနဲ့ ပီတီ အသီးသီးခံစားနေကြရတယ် ဆိုတာကတော့ နင့် ထင်နေတာပါ၊ ငါလည်း ငါ့ဟာနဲ့ငါ အလုပ်တွေများပြီး ..."

ဝီရသည် မြတ်မျိုး ချစ်သူရသွားတဲ့အတွက် တကယ်ပဲ ပျော်ကာ နည်းနည်းတောင် ရှင်လန်းလာတာ အမှန်ပင်။ သူ့ဘက်ကစပြီး ဖြတ်စရာမလိုတဲ့ အခြေအနေ ဖြစ်လာတာကိုပင် ကျေးဇူးတင် ဝမ်းသာလုံး ဆို့နေပါသည်။

"နင် အလကားနေ မျိုးသိပ်ဖုံးကွယ် မနေပါနဲ့ ဝီရရယ်၊ အလကားနေရင်း နောက်ဆုတ်ဖို့ ရှောင်ဖို့ မဖြစ်နိုင်ဘူး ထင်ဖို့ပဲ နင် ရှေ့ဆုံးတင်မနေနဲ့၊ နင့်စိတ်ထဲမှာ ပီတီကို ရှောင်ဖယ်ပြီး နေလိုက်ရင် အားလုံးအတွက် ကောင်းမယ် ထင်လိုက်ရင် မှားမှာပဲ၊ နင့် ပီတီဟာ နင့်ကို အလွန်အမင်း စွဲလမ်းချစ်နေတာ ငါ မိန်းမချင်း သိပါတယ်ဟာ၊ နင့်ကိုယ် နင် ပီတီအတွက် စိတ်စေတနာကောင်း ထားလှပြီဆိုပြီး





ရှောင်ပေးရတာကို ဂုဏ်ယူမနေနဲ့၊ အခု ပီတီ ဆေးရုံတင်ထားရတယ်"

"ဘာ"

"ဟုတ်ကောင် ... ဟုတ်ကောင်၊ မြတ်မျိုးရာ နင်ကလည်း ဒိုင်းခနဲနဲ့ဟာ"

ဝီရ ဝုန်းခနဲ ခုတင်ပေါ်က လူးထလိုက်တာမို့ လက်က ပိုက်တန်းလန်းပါ လှုပ်ယမ်း၍ တိုင်ထောင်ထားတဲ့ ဆေးအိတ်ပါ ပြုတ်ကျမတတ်။ စိုးပိုင်က ကမန်းကတန်း ဖမ်းကိုင်ထားပေးရင်း ...

"ဟုတ်ကောင် ဝီရ၊ လှဲနေစမ်း၊ မင်းကို နှစ်ရက်လောက်တော့ လုံးဝလှဲနေ နားနေ၊ စားကောင်းသောက်ဖွယ် အားရှိတာတွေ စားနေရမယ်လို့ မှာထားတယ်၊ လမ်းထ,မလျှောက်နဲ့လည်း ပြောထားတယ်လေ"

"လမ်းမလျှောက်ပါဘူးကွာ၊ လန့်သွားလို့ ထ,ပဲထိုင်တာပါ"

"မရဘူး၊ ပြန်လှဲနေ"

"အေးပါဟဲ့၊ လှဲပြီး ဇိမ်နဲ့နစ်ထောင်စမ်းပါ၊ ငါ ဒီနေ့ လူနာသတင်းမေးသွားရင်း မကြည်နူးနဲ့တွေ့လို့ ပီတီ ဆေးရုံတင်ထားရတာသိပြီး ဝင်ကြည့်ခဲ့သေးတယ်၊ ပီတီ ..."

www.burmeseclassic.com



"ပီတီ ဘာဖြစ်တာလဲ … ဘာဖြစ်လို့လဲ"

"နှလုံးရောဂါတဲ့ဟဲ့၊ နှလုံးသွေးကြောကျဉ်းတာတဲ့၊ ခွဲဖို့ပြုဖို့တော့ လောလောဆယ် မလိုသေးဘူး၊ ငါ့ကိုတွေ့တာနဲ့ သူ့မျက်လုံးလေးက နင့်ကို တန်းရှာတော့တာပဲ၊ ပီတီလည်း သနားပါတယ်ဟယ်၊ သူ စိတ်ချမ်းသာအောင်လည်း ငါ ပြောခဲ့ပါတယ်၊ ငါ ရည်းစားအသစ် ထားလိုက်ပြီလို့ ဟဲ ဟဲ"

"နင်ကလည်းဟာ"

"ဘာ နင်ကလည်းဟာလဲ၊ သူ့ရင်ထဲကို ငါ မြင်နိုင်မှန်း ဟိုးအရင်ကတည်းက သူ သိပြီးသားပါ၊ နင် အလကားနေ အားနာမနေနဲ့၊ နင် မသိသေးဘူး၊ နင့်ကိုသွားပြောပေးမယ် လွှတ်လိုက်မယ်လို့ ငါ ပြောခဲ့တယ်"

"သူ နေသာထိုင်သာ သက်သက်သာသာ ရှိရဲ့လား၊ အခြေအနေ ဆိုးနေလား"

"မဆိုးဘူး ထင်ပါတယ်၊ လှဲနေတာပါပဲ၊ ဘာပိုက် ဘာစက်မှ တပ်ဆင်ထားရတာလည်း မရှိဘူး၊ နင် မြန်မြန် အားရှိအောင် နာလန်ထအောင်လုပ်ပြီး ပီတီဆီ သွားလိုက်ပါဦး …





မကြည်နူး ကိုယ်တိုင်ကိုက နင် ရောက်လာဖို့ ပီတီကို လာကြည့်ဖို့ လိုလားနေတာပါ၊ သူ့အဖေကြီးကတော့ အစကတည်းက သူ့သမီးလေး လူကျန်းမာ စိတ်ချမ်းသာ ရှိဖို့ အရေးအကြီးဆုံးဆိုတဲ့ လူကြီးပဲ၊ သူ့အဖေ ခေါ်နေတာ လည်း တကယ်တော့ နင် သွားသင့်ပါတယ်ဟာ …

မက်မောတာတွေ၊ မမက်မောတာတွေ၊ အခွင့်အရေး ယူတာတွေ ပေးတာတွေ၊ သာတာတွေ နာတာတွေ၊ နင် လျှောက်စဉ်းစားနေစရာ မလိုဘူး၊ ဘယ်သူမှလဲ မစဉ်းစားကြဘူး ဝီရ၊ ဖြူစင်တဲ့ နင်တို့ရဲ့ ချစ်ခြင်းမေတ္တာလေးတစ်ခုကိုပဲ စိတ်သန့်သန့်နဲ့ ရှေ့ရှုတွေးစမ်းပါ၊ နင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဒီလောက် ရူးရူးမူးမူး ချစ်နေကြရဲ့နဲ့ ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြတာဟာ အဓိပ္ပာယ်ရှိသလား"

ဝီရ ရင်ထဲတွင် တစိမ့်စိမ့် တဖျပ်ဖျပ်နှင့် ခံစားချက်လှိုင်းကြက်ခွပ်များစွာ ရိုက်ခတ်တုန်ခါလို့ နေသည်။

www.burmeseclassic.com



တစ်ခွဲသော နံနက်ခင်း ပီတိ အိပ်ရာမှ နိုးလာလာချင်းမှာတော့ သူ့ရဲ့ လှူနာခန်း တစ်ခုလုံးဟာ ပန်းရနံ့တို့နှင့် မွှေးပျံ့နေကာ နှင်းဆီပန်းဖြူဖြူတို့ဟာလည်း အခန်းထဲ နေရာအနှံ့ ပန်းအိုးမျိုးစုံနှင့် ဝေဝေဆာဆာ လှလှပပ။

ထိုပန်းတို့ကို ယူဆောင်လာခဲ့သော ပန်းတို့ရဲ့ ပိုင်ရှင်သခင်ဟာလည်း သူ့ရဲ့ ခုတင်ခြေရင်းမှာရပ်ကာ သူ့ရဲ့ နိုးထ,အလာကို မျက်တောင်မခတ် စက္ကန့်မလပ် ငေးစိုက်စောင့်စားလို့ နေတာပါလား။

"ကိုကို" လို့ တမြတ်တနိုး ခပ်တိုးတိုးနှင့် ရေရွတ်လိုက်မိကာ ရင်တစ်ခွင်လုံးကို စိတ်ချမ်းသာခြင်းပြည့်လျှမ်းလွှမ်းခြုံလျက် တစ်မျက်နှာလုံးကိုတော့ ချစ်စဖွယ် ပီတိပြုံးကလေးက ဖုံးလွှမ်းသွားခဲ့ရပါသည်။

❀ ❀ ❀

လမင်းမိုမို

[illegible]